အမျိုးသားပညာဝန်

ဦးမိုးကျား

ငါးရှဉ်ငါးဆယ်ကောက်နှတ်ချက်များ

ဒုတိယတွဲ

အမျိုးသားပညာဝန်
၈ ဝ
ဦးဖုံးကျား

ငါးရှောင်ငါးဆယ်
ကောက်နုတ်ချက်များ(၃)

ပါမုခ်
(ဘဝ)

ပြည်ထောင်စု၊ကားပြုပြင်ရေးညွှန်ကြားရေးဦးစီးဌာန
၂ စဉ်ဖြစ်
အမှတ် ....
ရက်စွဲ..... ....
ယာဉ်ကားသုံးစာရင်းဌာန

ငါးရှဉ်းငါးဆယ်ကောက်နှုတ်ချက်များ(၃)

ဒုတိယအကြိမ်၊ ၁၉၉၉ ဒီဇင်ဘာ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၄၇/ ၉၉(၁၀)နှင့် စာမူခွင့်ပြုချက်အမှတ် ၄၂၃/ ၉၉(၈)တို့အရ ဒေါ်နယ်လီ(ခေါ်)ဒေါ်ခင်လေးတင့် (၀၂၅၅၇၀)၊ အမျိုးသမီးဂုဏ်ရည်စာပေ၊ ၄၁/ ၁၉၁၊ သရဖီလမ်း၊ ဒဂုံမြို့သစ် မြောက်ပိုင်းကထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏာ က ပုံနှိပ်သည်။

စာအုပ်ချုပ် ဇော်ဝမ်း

တန်ဖိုး [redacted] ကျပ်

ပါရမီစာပေ

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၅၊ ဈေးအရှေလမ်း၊ ထားဝယ်

မာတိကာ

ဒုကနိပါတ်

၉၁။ ရာဇောဝါဒဇာတ်။ ။ အကျင့်သီလနှင့် ပြည့်စုံသော ဗာရာဏသီမင်း ... ၉
၉၂။ သူကရဇာတ်။ ။ အကြံဉီးသဖြင့် ခြေသုံ့ကိုနှိုင်သောဝက်... ၁၃
၉၃။ အလီနစိတ္တဇာတ်။ ။ အလီနစိတ္တမင်းသား ... ၁၅
၉၄။ ဂုဏာဇာတ်။ ။ ကျေးဇူးကိုသိတတ်သောခြသေ့ ... ၁၉
၉၅။ သုဟနုဇာတ်။ ။ မြင်းကြမ်းနှစ်ကောင် ... ၂၃
၉၆။ မောရဇာတ်။ ။ ဒေါင်းမင်းဇာတ် ... ၂၅
၉၇။ သကုဏဂ္ဃိဇာတ်။ ။ သိမ်းငှက်နှင့် ဘီလုံးငှက်တို့ ... ၂၉
၉၈။ အရကဇာတ်။ ။ မေတ္တာ၏အကျိုးကျေးဇူးများ ... ၃၀
၉၉။ ဒဒ္ဒရဇာတ်။ ။ ခြသေ့ကိုတုသော မြေခွေး ... ၃၂
၁၀၀။ ဒုဇ္ဇိယမဂ္ဂဇဇာတ်။ ။ ယုတ်မာသောမျောက် ... ၃၃
၁၀၁။ ကာဠာယမုဒ္ဓိဇာတ်။ ။ ပြောင်းတစ်စေ့ကြောင့် ပြောင်းတစ်ဆုပ်ဆုံးသောမျောက် ... ၃၅
၁၀၂။ တိန္ဒုကဇာတ်။ ။ ဥာဏ်ကောင်းသောမျောက် ... ၃၈
၁၀၃။ အသဒိသဇာတ်။ ။ လေးအတတ်၌ တစ်ဖက်ကမ်း ခပ်သော အသဒိသမင်းသား ... ၃၈
၁၀၄။ သဂ်ါမာဝစရဇာတ်။ ။ ညီတော်မင်းနန်ရှတ်ခန်းနှင့် ဆုံးမလွယ်သောဆင် ... ၄၂
၁၀၅။ ဝါလောဒကဇာတ်။ ။ အမျိုးယုတ်တို့သည် အသံပြုတတ်ခြင်း ... ၄၅
၁၀၆။ စိရိဒတ္တဇာတ်။ ။ အတုမြင် အတတ်သင်ခြင်း ... ၄၇
၁၀၇။ ဒဓိဝါဟနဇာတ်။ ။ ဒဓိဝါဟနမင်း ... ၄၈
၁၀၈။ သီဟစမ္မဇာတ်။ ။ ခြသေ့ယောင်ဆောင်သော မြည်း ... ၅၂

၁၀၉။ ရူဟကဇာတ်။ ။ တင့်တယ်စေလိုမျှ အရှက်ကွဲသော ရူဟကပုဏ္ဏား ... ၅၃

၁၁၀။ စူဠပဒုမဇာတ်။ ။ ပဒုမမင်းသား ... ၅၄

၁၁၁။ မဏိစောရဇာတ်။ ။ သူတော်ကောင်းကို နတ်ကောင်းမခြင်း ... ၅၈

၁၁၂။ ကေဠိသီလဇာတ်။ ။ အိုခြင်းကို မနှစ်သက်သောမင်း ... ၆၀

၁၁၃။ ဂဂ်ဏ်ယဇာတ်။ ။ အလှပြိုင်သောငါးတို့ ... ၆၂

၁၁၄။ ကုရုမဂ်မိဂဇာတ်။ ။ သမင်၊ လိပ်၊ ခေါက်ရှာဌက် မိတ်ဆွေသုံးဦး ... ၆၄

၁၁၅။ အဿကဇာတ်။ ။ အဿကမင်း ... ၆၆

၁၁၆။ သုသုမာယဇာတ်။ ။ မျောက်နှင့် မိကျောင်း ... ၆၈

၁၁၇။ သောမဒတ္တဇာတ်။ ။ ထုံထိုင်းသောသူ ... ၇၀

၁၁၈။ ကစ္ဆပဇာတ်။ ။ စကားများ၍ ပျက်စီးရသောလိပ် ... ၇၂

၁၁၉။ ကုဋဝါဏိဇာတ်။ ။ သံကိုကြွက်စား၊ သားကိုစွန်ချီ ဟူသောစကား ... ၇၅

၁၂၀။ ဓမ္မဓဇဇာတ်။ ။ ဓမ္မဓဇပုရောဟိတ် ... ၇၇

၁၂၁။ စူဠနန္ဒိယဇာတ်။ ။ အမိကိုမြတ်နိုးသော နန္ဒိယမျောက် တို့နှင့် ယုတ်မာသော မုဆိုး ... ၈၀

၁၂၂။ ဥပါဟနဇာတ်။ ။ ဆရာကို အံတုမ၍ ပျက်စီးရခြင်း... ၈၃

၁၂၃။ ဂိဏာဂုဏဇာတ်။ ။ အထင်မှားသော သူငယ်မ ... ၈၅

၁၂၄။ ဟရိတ-မဏ္ဍူကဇာတ်။ ။ မိမိအရပ်၌ မိမိအားရှိခြင်း... ၈၇

၁၂၅။ မဟာပိဂ်လဇာတ်။ ။ ဆိုးတောသော မဟာပိဂ်လမင်း... ၈၈

၁၂၆။ သဗ္ဗဒါဋ္ဌိဇာတ်။ ။ မာနကြောင့် ပျက်စီးရသောမြွေခွေး... ၉၀

၁၂၇။ ဂုတ္တိလဇာတ်။ ။ ဂုတ္တိလနှင့် မုသိလ ... ၉၃

၁၂၈။ ကိံသုကောပမဇာတ်။ ။ ပေါက်ပင်ဥပမာ ... ၉၇

တိကနိပါတ်

၁၂၉။ တိလမုဋ္ဌိဇာတ်။ ။ နှမ်းခိုးရှိစားသောမင်းသား ... ၉၉
၁၃၀။ မဏိကဏ္ဌဇာတ်။ ။ တောင်းလျှင် မုန်းတတ်ခြင်း ... ၁၀၁
၁၃၁။ ကုဏ္ဍကသိန္ဓဝဇာတ်။ ။ မြင်းလိမ္မာ ... ၁၀၃
၁၃၂။ ဇရဒပါနဇာတ်။ ။ တန်ဆေး လွန်ဘေး ... ၁၀၇
၁၃၃။ ဂါမဏိစန္ဒဇာတ်။ ။ ပညာရှိသော အာဒါသမုခမင်း... ၁၀၉
၁၃၄။ တိရိဋ္ဌိဝစ္ဆဇာတ်။ ။ ကျေးဇူးသိတတ်သောမင်း ... ၁၁၇
၁၃၅။ ပဒုမဇာတ်။ ။ အမှန်ကိုဆို၍ ကြာပန်းရခြင်း ... ၁၁၉
၁၃၆။ သုဇာတာဇာတ်။ ။ သုဇာတာ ... ၁၂၁
၁၃၇။ ဥလူကဇာတ်။ ။ ကျီးနှင့်ခင်ပုတ်တို့၏ ကမ္ဘာရန် ... ၁၂၄
၁၃၈။ ဗျုဋ္ဌဇာတ်။ ။ ရက္ခစိုးနှင့် ကျားတို့ ... ၁၂၅
၁၃၉။ သတပတ္တဇာတ်။ ။ မိတ်ဆွေကိုရန်သူ၊
ရန်သူကို မိတ်ဆွေထင်သော လုလင် ... ၁၂၇
၁၄၀။ အဇ္ဇုန္နရဇာတ်။ ။ အဇ္ဇုန္နရ သရက်သီး ... ၁၂၉
၁၄၁။ ဝမုကိသုကရဇာတ်။ ။ စစ်မှုဋ္ဌလိမ္မာသောဝက် ... ၁၃၃
၁၄၂။ သိရိဇာတ်။ ။ ကျက်သရေ ... ၁၃၈
၁၄၃။ မဏိဃံသဇာတ်။ ။ပတ္တမြားမှန်လျှင် ညွှန်မနစ်ခြင်း... ၁၄၁
၁၄၄။ မစ္ဆဒ္ဒါနဇာတ်။ ။ ကောက်ကျစ်သော ကုန်သည် ... ၁၄၄
၁၄၅။ နာနာဆန္ဒဇာတ်။ ။ နက္ခတ်ကိုသိသော ပုဏ္ဏား ... ၁၄၆
၁၄၆။ သုရာယဇ္ဇဇာတ်။ ။ သုရာအတွက် ပျက်စီးရသော
လုလင် ... ၁၄၈
၁၄၇။ သုပတ္တဇာတ်။ ။ သုမုခကျီး ... ၁၅၀
၁၄၈။ ဧမ္မုခါဒကဇာတ်။ ။ အချင်းချင်းချီးမွမ်းဂုဏ်တင်ကြသော
ကျီးနှင့် မြေခွေး ... ၁၅၃
၁၄၉။ ဥဒုမ္ဗရဇာတ်။ ။ လှည့်စားသော မျောက် ... ၁၅၄
၁၅၀။ ဝကဇာတ်။ ။ သီလကြောင် သစ်ကျုတ် ... ၁၅၆

စတုကနိပါတ်

၁၅၁။ မဟာအသရောဟာဇာတ်။ ။ ကျေးဇူးသိတတ်သောမင်း... ၁၅၈
၁၅၂။ သီလဝီမံသဇာတ်။ ။ သီလနှင့်ပြည့်စုံသဖြင့် သမီးကညာရခြင်း ... ၁၆၁
၁၅၃။ သုဇာတာဇာတ်။ ။ ဆီးသီးသည် မိဖုရားသုဇာတာ... ၁၆၃
၁၅၄။ သံကုဏ္ဍဇာတ်။ ။ ကျေးဇူးမဲ့သော ခြသေ့ ... ၁၆၅
၁၅၅။ ဆဝဇာတ်။ ။ ပညာကို အနိမ့်မှနေ၍ သင်ယူအပ်ခြင်း... ၁၆၆
၁၅၆။ ခန္ဓိဝါဒီဇာတ်။ ။ ခန္ဓိဝါဒရှင်ရသေ့ ... ၁၆၈
၁၅၇။ လောဟကုမ္ဘိဇာတ်။ ။ ဒု၊ သ၊ နု၊ သော ... ၁၇၁
၁၅၈။ သဗ္ဗမံသလာဘဇာတ်။ ။ အမဲတောင်းသော သူဌေးသားလေးယောက်တို့ ... ၁၇၅
၁၅၉။ သသပဏ္ဍိတဇာတ်။ ။ ယုန်မင်းဝတ္ထု ... ၁၇၆
၁၆၀။ ဒုဒ္ဒုဘဇာတ်။ ။ မြေပြိုသည်ထင်၍ ပြေးသောယုန်ငယ်... ၁၇၉
၁၆၁။ ဗြဟ္မဒတ္တဇာတ်။ ။ အလိုနည်းသောရဟန်း ... ၁၈၂
၁၆၂။ စမ္မသာဋကဇာတ်။ ။ သားရေဝတ်ပရိဗိုဇ် ... ၁၈၄
၁၆၃။ ကဏ္ဏာရဇာတ်။ ။ ကဏ္ဏာရနတ်ပန်းနှင့် မုသားဆိုသော ပုဏ္ဏား ... ၁၈၅
၁၆၄။ ကာဠဇာဟုဇာတ်။ ။ လောကခံတရားရှစ်ပါး ... ၁၈၉
၁၆၅။ ကောကာလိကဇာတ်။ ။ နှုတ်မစောင့်သဖြင့် ပျက်စီးရသော ဥသြငယ် ... ၁၉၁
၁၆၆။ ရာဇောဝါဒဇာတ်။ ... ၁၉၃
၁၆၇။ ထုသဇာတ်။ ။ အသက်ကိုကယ်သော ဂါထာများ... ၁၉၅
၁၆၈။ ဗာဝေရုဇာတ်။ ။ ဒေါင်းမရောက်မီ ကျီးအဖိုးတန်ခြင်း... ၁၉၈
၁၆၉။ ဝိသယှဇာတ်။ ။ အလှူသည်သော ဝိသယှသူဌေး ... ၁၉၉
၁၇၀။ ကေသဝဇာတ်။ ။ မြိန်ရာဟင်းကောင်း ... ၂၀၂
၁၇၁။ သန္ဓိဗေဒဇာတ်။ ။ ကုန်းတိုက်တတ်သောမြွေခွေး ... ၂၀၄

ပဌကနိပါတ်

၁၇၂။ သုဇာတဇာတ်။ ။ ပညာရှိသုဇာတ ... ၂၈၆
၁၇၃။ ဝေနသာခဇာတ်။ ။ ကြမ်းကြုတ်သောမင်း ... ၂၀၇
၁၇၄။ ဥရဂဇာတ်။ ။ တရားပြည့်သော အိမ်သားတစ်စုတို့ ... ၂၇၉
၁၇၅။ လဋ္ဌကိဝဇာတ်။ ။ ဆင်နှင့် နံစုပ်ငှက် ... ၂၁၃
၁၇၆။ စူဠဓမ္မပါလဇာတ်။ ။ ဓမ္မပါလဇာတ် ... ၂၁၅
၁၇၇။ ဝဏ္ဏာရောဟဇာတ်။ ။ ကုန်းတိုက်သောမြေခွေး ... ၂၁ဈ
၁၇၈။ သာဠိယဇာတ်။ ။ လှည့်ဖျားသောဆရာ ... ၂၂၀
၁၇၉။ စူဠဓနုဂ္ဂဟဇာတ်။ ။ သူခိုးဓားရိုးကမ်းဆိုသောစကား ... ၂၂၁

ဆက္ကနိပါတ်

၁၈၀။ အဝါရိယဇာတ်။ ။ ဒေါသကြီးသော ကူးတို့သမား ... ၂၂၅
၁၈၁။ နေရုဇာတ်။ ။ နေရုတောင် ... ၂၂ဈ
၁၈၂။ မိဂါလောပဇာတ်။ ။ အဖစကားကို နားထောင်၍
ပျက်စီးရသော လင်းတ ... ၂၂ဉ
၁၈၃။ ခရပုတ္တဇာတ်။ ။ မိန်းမအလိုသို့ လိုက်မှားမိသောမင်း ... ၂၃၁
၁၈၄။ သူစီဇာတ်။ ။ ထူးဆန်းအံ့သြဖွယ်ကောင်းသောအပ် ... ၂၃၄
၁၈၅။ သုဝဏ္ဏကက္ကဋဇာတ်။ ။ ရွှေပုစွန်လုံး ... ၂၃၇
၁၈၆။ သိဃ်ပုပ္ဖဇာတ်။ ။ ကြာနုံ့ကိုနမ်းသောရဟန်း ... ၂၄၀

သတ္တကနိပါတ်

၁၈၇။ မနောဇဇာတ်။ ။ အဆွေခင်ပွန်းယုတ်ကြောင့်
ပျက်စီးရသောခြင်္သေ့ ... ၂၄၁
၁၈၈။ သုတနုဇာတ်။ ။ အမိကိုလုပ်ကျွေးသောလုလင် ... ၂၄၃

၁၈၉။ ဂိဠ္ဓဇာတ်။ ။ မိဘကိုလုပ်ကျွေးသော လင်းတ ... ၂၄၇

၁၉၀။ ဒဗ္ဗပုပ္ဖဇာတ်။ ။ မြေခွေးနှင့် ဖျံနှစ်ကောင်တို့ ... ၂၄၈

၁၉၁။ ဝဏ္ဏုကဇာတ်။ ။ ခဲခက်ခြင်းသုံးမျိုး ... ၂၅၀

၁၉၂။ မဟာကပိဇာတ်။ ။ မိမိ၏ငယ်သားတို့၏အကျိုးကို ဆောင်သော မျောက်မင်း ... ၂၅၃

၁၉၃။ ကောဋ္ဌသိမ္ဗလိဇာတ်။ ။ နောင်ရေးကိုမြင်သော လက်ပံပင်စောင့်နတ် ... ၂၅၆

အဋ္ဌကနိပါတ်

၁၉၄။ ကစ္စာနိဇာတ်။ ။ ချွေးမနှင့် ယောကျ္ဃမ ... ၂၅၈

ဒုတိယပိုင်း

ဒုကနိပါတ်

၉၁။ ရာဇောဝါဒဇာတ် ၁

(ရာဇ = မင်း။ သြဝါဒ = ဆုံးမခြင်း။)

အကျင့်သီလနှင့် ပြည့်စုံသော ဗာရာဏသီမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့၌ ကောသလမင်းကြီးသည် မတရားသဖြင့် ဆုံးဖြတ်ထားသော အမှုတစ်ခုကို တရားသဖြင့်ဖြစ်အောင် ဆုံးဖြတ်ပြီးလျှင် မြတ်စွာဘုရားထံတော်သို့ လာရောက်၍ ထိုအမှုဆုံးဖြတ်ရခြင်းကို လျှောက်ပေ၏။

မြတ်စွာဘုရားကလည်း အသင်မင်းကြီး အမှုကို တရားသဖြင့် ဆုံးဖြတ်ခြင်းသည် ကောင်းလှစွာ၏။ ယခု အသင်မင်းကြီးမှာ ငါဘုရား၏ အဆုံးအမတော်ကိုရ၍ ထိုသို့ဆုံးဖြတ် ကျင့်ဆောင်နိုင်ခြင်းသည် အံ့ဖွယ်မဟုတ်သေး။ ရှေးမင်းတို့သည် ဤသို့ ပညာရှိစကားကို မနာရဘဲလျက် ဖြောင့်မှန်စွာ ဆုံးဖြတ်ကျင့်ဆောင်နိုင်ကြခြင်းသည်သာလျှင် စင်စစ် အံ့ဖွယ်ရှိပေသတည်းဟု မင်းကြီး တောင်းပန်အပ်သည့်အတိုင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ အကျင့်သီလ ပညာနှင့် ပြည့်စုံသော ဗာရာဏသီမင်းတစ်ပါးသည် အဂတိတရား မလိုက်စားဘဲ တရားသဖြင့် မှန်ကန်တည်ကြည်စွာ တရားဆုံးဖြတ်လေ့ရှိ၏။ သို့ကြောင့်လည်း အမတ်တို့သည် တရားသဖြင့် ဆုံးဖြတ်ကြ၏။ သို့ကြောင့်လည်း ကောက်တကျစ်တရား တွေ့တတ်ကုန်သော သူတို့သည် မရှိ

ဖြစ်ကုန်၏။ သို့ကြောင့်လည်း တရားရုံးတို့၌ အမှုသည်တို့ မရှိဖြစ်ကုန်၏။ အမတ် တရားသူကြီးတို့သည် တစ်နေ့လုံး ရုံး၌နေကုန်သော်လည်း တရားစွဲဆိုရန် တစ်ဦးတစ်ယောက်မျှ မလာသည်ဖြစ်၍ ပြန်ကြရကုန်၏။ စင်စစ်သော်ကား တရားရုံးသည် အလျဉ်းမလိုသောအဖြစ်သို့ ရောက်လေ၏။

ထိုအခါ ဗာရာဏသီမင်းသည် ငါ၏အုပ်ချုပ် ဆုံးဖြတ် ကျင့်ဆောင်မှုတို့၌ အကယ်၍အပြစ်ဆိုဖွယ်ရှိသေးလျှင် ပြုပြင်နိုင်ရန် ငါ၏အပြစ်ကျေးဇူးမဲ့ကို ပြောဆိုသောသူကို လိုက်လံရှာဖွေ စုံစမ်းအံ့ဟု နန်းတွင်းနန်းပြင် မြို့တွင်းမြို့ပြင် မြို့လေးမျက်နှာရှိ ရပ်ရွာတို့၌ ရုပ်ဖျက်၍ လိုက်လံရှာဖွေရာ မိမိ၏အပြစ် ကျေးဇူးမဲ့စကားကို ဆိုသောသူတစ်ယောက်ကိုမျှ မတွေ့ရှိလေ။ ထို့နောက်မှ ဇနပုဒ်တောနယ်တို့၌ ရှာဦးအံ့ဟု ရထားစီး၍ ရထားထိန်းတစ်ယောက်နှင့်သာ မထင်ရှားသောအသွင်ဖြင့် ထွက်လာပြီးလျှင် ရှာဖွေပါသော်လည်း မတွေ့သည်နှင့် မြို့သို့ ရှေ့ရှုပြန်ခဲ့၏။

ထိုကာလ၌ ဗလီကမည်သော ကောသလမင်းကြီးသည်လည်း တရားသဖြင့် မင်းပြုသည်နှင့် ဗာရာဏသီမင်းကဲ့သို့ပင် မိမိ၏ အပြစ်ကျေးဇူးမဲ့စကားကို ဆိုသောသူ ရှာဖွေရန် ရထားဖြင့် လှည့်လည်လာသည်တွင် အဆိုပါမင်းနှစ်ပါးသည် တစ်ခုသောချိုင့်ဝှမ်းရာ လှည်းကြောင်းခရီး၌ ရင်ဆိုင်တွေ့ကြလေ၏။ ရထားရှောင်လွှဲစရာ နေရာမရှိသည်နှင့် ရှေးဦးစွာ ကောသလမင်း၏ရထားထိန်းက အို– ရထားထိန်း၊ အသင်၏ရထားကို ရှောင်လော့ဟုဆို၏။

အသင်၏ရထားကိုသာရှောင်လော့၊ ငါ၏ရထားထက်၌ ဗာရာဏသီမင်းကြီးပါ၏။

ငါ၏ရထားထက်၌လည်း ကောသလမင်းကြီးသည် ပါ၏။ သင်သာရှောင်လော့ဟု အသွားအပြန် ဆိုကြလေ၏။

ထိုအခါ ဗာရာဏသီမင်း၏ရထားထိန်းသည် အရှင် နှစ်ပါးလုံး မင်းချည်းသာဖြစ်၏။ အသို့ပြုအံ့နည်းဟု ကြံလျက် အရွယ်ကိုမေး၍ ငယ်သောမင်းက ရှောင်စေအံ့ဟု ဆုံးဖြတ်ပြီးလျှင် ကောသလမင်း၏ အသက်ကိုမေး၏။ မင်းနှစ်ပါး အသက်အရွယ်တူဖြစ်ကြောင်း သိကြရလေ၏။

ထို့နောက် ပြည်၏အကျယ်အဝန်း၊ ဗိုလ်ပါ၊ စည်းစိမ်ဥစ္စာ၊ အခြွေအရံ၊ ဇာတ်အနွယ် စသည်မေးမြန်းရာ မင်းနှစ်ပါး အတူဖြစ်ကြောင်း သိရပြန်၏။

ထိုအခါမှ အကျင့်သီလကိုမေးပြန်လေ၏။ ကောသလမင်း၏ ရထားထိန်းသည် မိမိမင်း၏ကျေးဇူးမဲ့ကိုပင် ကျေးဇူးဟု ပြလိုရကား။ အို– ရထားထိန်း ငါတို့၏ ကောသလမင်းကြီးသည်

ခက်ထန်သူကို ကြမ်းကြုတ်ခက်ထန်ခြင်းဖြင့်လည်းကောင်း၊
နူးညံ့သူကို နူးညံ့ခြင်းဖြင့်လည်းကောင်း၊
ကောင်းသူကို ကောင်းသဖြင့်လည်းကောင်း၊
မကောင်းသူကို မကောင်းသဖြင့်လည်းကောင်း

အောင်စေအပ်၏။ ဤကား ငါတို့မင်းကြီး၏ ဂုဏ်ကျေးဇူးတို့တည်း။ ရထားကို ရှောင်လော့ဟု ဆို၏။

ဗာရာဏသီမင်း၏ ရထားထိန်းကလည်း အချင်း– ဤအကျင့်မျိုးကို ဂုဏ်ကျေးဇူးဟု ခေါ်သလော။ စင်စစ်သော်ကား ကျေးဇူးမဲ့တို့တည်း။ ငါ့အရှင်၏ ဂုဏ်ကျေးဇူးသစ်တို့ကို နာဉီးလော့။ ငါတို့၏ ဗာရာဏသီမင်းကြီးသည်

အမျက်ဒေါသကြီးသူကို ကောင်းသဖြင့်လည်းကောင်း၊
မကောင်းသူကို ကောင်းသဖြင့်လည်းကောင်း၊
စေးနဲ့သူကို ပေးကမ်းခြင်းဖြင့်လည်းကောင်း၊
မမှန်ဆိုတတ်သူကို အမှန်ဆိုခြင်းဖြင့်လည်းကောင်း

အောင်စေအပ်၏။ ဤကား ငါတို့မင်းကြီး၏ ဂုဏ်ကျေးဇူးတို့တည်း။ သင်၏ရထားကို ရှောင်လော့ဟု ဆိုလေ၏။

ထိုအခါမှ ကောသလမင်းနှင့်တကွ ရထားထိန်းတို့သည်ရထားမှ ဆင်းသက်၍ မြင်းကိုချုတ်ပြီးလျှင် မိမိတို့၏ရထားကိုဖယ်၍ ဗာရာဏသီမင်းအား လမ်းကို ပေးကုန်၏။

ဗာရာဏသီမင်းလည်း ကောသလမင်းအား မိမိ၏အကျင့်မျိုးကို လိုက်နာပြုကျင့်ရန် အဆုံးအမ ပေးလိုက်၏။ ကောသလမင်းသည်လည်း နာယူကျင့်ဆောင်သဖြင့် ကောင်းရာသို့ လားလေသတည်း။

ဇာတ်ပေါင်းသော်–

ကောသလမင်းကြီး၏ ရထားထိန်းသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
ဗာရာဏသီမင်း၏ ရထားထိန်းသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ကောသလမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ဗာရာဏသီမင်းသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၉၂။ သူကရဇာတ် ၃
(သူကရ = ဝက်)

အကြီဦးသဖြင့် ခြသေ့ကိုနိုင်သော ဝက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သော် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် တရားစကားမေးဖြေဆွေးနွေး၍နေကြသည်ကို ပရိသတ်တို့သည် နာယူလျက်နေကြကုန်၏။

ထိုပရိသတ်တွင် မထေရ်အိုတစ်ပါးသည် ဤပရိသတ်အလယ်တွင် ရှင်သာရိပုတ္တရာအား နောက်နှယ်လျက် ပုစ္ဆာပြဿနာမေးရသော် လူအပေါင်းတို့က ငါ့အား အကြားအမြင်များသော ရဟန်းဟု ထင်မှတ်ကြသည်ဟု လျှောက်ခိုန်းခြင်းကို ပြုလတ္တံ့ဟု ကြံတွေးမိ၍ ရှင်သာရိပုတ္တရာအား မေးမြန်းရန် အခွင့်တောင်းလေ၏။

ရှင်သာရိပုတ္တရာသည်ကား ထိုမထေရ်အို၏ အတွင်းသဘောယုတ်ကို သိသည်နှင့် တစ်စုံတစ်ရာမဆိုဘဲ အခြားတစ်ပါးသို့ ထသွားလေ၏။ ရှင်မောဂ္ဂလာန်သည် လိုက်သွားလေ၏။

ထိုအခါ လူတို့သည် ဤရဟန်းအိုကား ငါတို့တရားနာခြင်းကို လာရောက်ဖျက်ဆီးလေသည်၊ ဖမ်းကြကုန်ဟုဆို၍ လိုက်ကြလေလျှင် ထိုရဟန်းအိုသည် ကြောက်လန့်တကြား ပြေးလေသော် ကျောင်းစွန်တွင်ရှိသော ကျင်ကြီးတွင်းသို့ကျ၍ မစင်အလူးလူး လိမ်းကျံလေ၏။

ထိုအကြောင်းကို ဒါယကာတို့လျှောက်၍ မြတ်စွာဘုရား ကြားသိတော်မူလျှင် ဤရဟန်းသည် ရှေးကလည်း မစင်လူးကပ်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသရောအခါ ဟိမဝန္တာအရပ် ဂူတစ်ခု၌ ခြသေ့တစ်ကောင်သည် နေ၏။ ထိုဂူအနီးရှိ အိုင်တစ်အိုင်ကို အမှီပြု၍ များစွာသောဝက်တို့သည် နေကုန်၏။ အနီးအနားတွင် ရသေ့တို့လည်း ရှိနေကြကုန်၏ ။

တစ်နေ့၌ ခြသေ့သည် အစာရှာရာမှ အပြန်တွင် ဝက်တစ်ကောင်ကို တွေ့လေလျှင် ဤဝက်ကို နောက်တစ်နေ့မှစား၏။ ယနေ့ငါ့ကိုမြင်သော် ဤလမ်းဖြင့် တစ်ဖန်လာလိမ့်မည်မဟုတ်ဟု စိုးရိမ်သောကြောင့် အခြားလမ်းတစ်ဖက်ဖြင့် ရှောင်ကွင်း၍သွား၏။

ဝက်သည်ကား ခြသေ့သည် ကြောက်၍ပြေးသည်ဟု ထင်မှတ်သဖြင့် အချင်းခြသေ့ အခြေလေးချောင်းသတ္တဝါချင်းဖြစ်လျက် အဘယ်

ကြောင့် ကြောက်၍ပြေးသနည်း။ ပြန်ခဲ့ဦးလော့၊ ငါတို့စစ်ထိုးကြအံ့ဟု ဆိုဏ်။ ခြသေ့်ကလည်း ပြုံးရယ်လျက် အချင်းဝက်– ယနေ့ စစ်မထိုးသေး။ ယနေ့မှ ငါးရက်မြောက်သောနေ့၌ သင်နှင့်စစ်ထိုးအံ့ဟုဆို၍ ဖဲလေဏ်။

ထိုအခါ ဝက်သည် ခြသေ့်နှင့် စစ်ထိုးရပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ မိမိ၏ဆွေမျိုးများအား ပြောကြားလေ၏။ ဆွေမျိုးတို့သည်ကား ကြောက်လန့်လျက် သင်သည် မိမိ၏အစွမ်းကိုမသိဘဲ ခြသေ့်နှင့် စစ်ထိုးမည်ပြုဘိ၏။ ခြသေ့်သည် ငါတို့တစ်မျိုးလုံးကို ဖျက်ဆီးတော့မည်ကား မလွဲတည်းဟု ဆိုကြကုန်၏။

ထိုအခါမှ ဝက်သည် အလွန်ကြောက်လန့်လျက် ယခုသော် မည်သို့ပြုရပါအံ့နည်းဟု မေးလေ၏။ ဝက်တို့ကလည်း အချင်း– ရသေ့တို့၏ ကျင်ကြီးစွန့်ရာသို့သွား၍ သင့်ကိုယ်ကို မစင်တို့ဖြင့် ပိုင်ပိုင်နိုင်နိုင် လူးကျုံ့ပြီးလျှင် ခြသေ့်နှင့်တိုက်သောအခါ ခြသေ့်၏ လေညှာကရပ်လော့။ ခြသေ့်တို့သည် စင်ကြယ်သောသဘောရှိ၏။ သင်၏ ပုပ်နံ့သောကိုယ်နံ့ကြောင့် သင့်ကိုအနိုင်ပေး၍သွားလတ္တံ့ဟု ဆို၏။

၇ ရက်မြောက်သောနေ့၌ ဝက်သည် ထိုအစီအရင်အတိုင်း ပြု၍လာခဲ့၏။ ထိုအခါ ခြသေ့်က အချင်းဝက်– သင်သည် အကြံကောင်းလေ၏။ ယခုမူကား သင့်ကို ငါ၏ပါးစပ်ဖြင့် ကိုက်သတ်ရန် မဆိုထားဘိ၊ ငါ၏ခြေဖျားမျှဖြင့်လည်း သင့်ကိုယ်ကို မထိလိုပြီ။ သင်သာအနိုင်ယူပါတော့ဟုဆို၍ ပြန်လေ၏။

ဝက်သည်လည်း ခြသေ့်ကိုနိုင်ခဲ့ကြောင်း ပြန်ကြားသော် ဆွေမျိုးတို့က ခြသေ့်သည် တစ်နေ့နေ့၌ ငါတို့ကို လာရောက်သတ်စားမည်ကား မချွတ်တည်းဟု ကြောက်လန့်ကြသည်နှင့် အရပ်တစ်ပါးသို့ ပြေးသွားကြကုန်လေသတည်း။

ဇာတ်ပေါင်းသော်-
ဝက်သည် ရဟန်းအို ဖြစ်လာ၏။
ခြသေ့သည် ဘုရား ဖြစ်လာ၏။

❑

ဒုကနိပါတ်

၉၃။ အလီနစိတ္တဇာတ် ၆

(အလီန = မတွန့်တိုသော၊ မကြောက်ရွံ့သော၊ စိတ္တံ = စိတ်။)

အလီနစိတ္တာမင်းသားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဝိရိယလုံ့လလျော့သော ရဟန်းတစ်ပါးအား ချစ်သား- ယခု အဘယ်ကြောင့် လုံ့လကိုလျော့သနည်း။ ရှေးက သင်၏လုံ့လဖြင့် ငယ်စွာသော သူငယ်အား မင်းအဖြစ်ကိုယူ၍ ပေးဖူးပြီမဟုတ်လောဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမြို့မှ အတန်ငယ်ဝေးသော အရပ် မြစ်ညာ၌ လက်သမားတို့ အလုပ်လုပ်နေကြရာ ဆင်တစ်ကောင်သည် ခြေ၌ ရှားငတ်စူးသဖြင့် ဖူးဖူးယောင်၍ ပြည်တွယ်လေလျှင် ပြင်းစွာနာကျင်သည်နှင့် လက်သမားတို့ထံသို့ အကူအညီရရန် လာရောက်၍ အနီး၌ဝပ်၏။

လက်သမားတို့ ကုမ ပေးရ်ျပျောက်လျှင် ဆင်သည် ကျေးဇူးဆပ်သည့်အနေနှင့် သစ်ထုတ်ရာ သစ်ရွေးရာတို့၌ ကူညီခြင်း၊ လွှ၊ ဆောက်၊ ပဲကွပ် စသည်တို့ကို သယ်ယူပေးခြင်းတို့ကိုပြုသည့်အပြင်

မိမိအိုသောအခါ မိမိ၏သားဖြစ်သော အာဇာနည်ဆင်ဖြူငယ်ကို လက်သမားတို့အား ပေးၗသွားလေ၏။ ထိုဆင်ဖြူငယ်သည် လက်သမားတို့ အလုပ်လုပ်ရာ၌ အမျိုးမျိုးကူညီ၏။ လက်သမားတို့လည်း နေ့တိုင်းထမင်းဆုပ်များပေးၗ ကျွေးမွေးကြီးပြင်းလေ၏။ ထိုဆင်ဖြူငယ်သည် လက်သမားတို့၏ သားငယ်သမီးငယ်များနှင့် ကစားဖက်လည်းဖြစ်၏။ အာဇာနည်ဖြစ်သော ဆင်၊မြင်း၊ လူသူ စသည်တို့သည် ရေ၌ ကျင်ကြီး ကျင်ငယ် စွန့်လွှတ်မရှိ။ ထိုဆင်ဖြူငယ်သည်လည်း အာဇာနည်ဖြစ်ၗ ကုန်းထက်၌သာ စွန့်၏။ တစ်ခါသော် မိုးကြီးစွာရွာသဖြင့် မြစ်ညာက ထိုဆင်ငယ်၏ ဆင်ချေးခြောက်တို့သည် မြစ်တွင်မျောသွားၗ ဗာရာဏသီမြို့ဆိပ် ချုံတစ်ခုတွင် ငြိနေလေ၏။

ထိုအခါ ဗာရာဏသီမင်း၏ ဆင်တို့ကို ရေချသည်ရှိသော် အာဇာနည်ဆင်ချေး၏ အနံ့နံခြင်းကြောင့် ဆင်တစ်စီးမျှ ရေသို့မဆင်းဝံ့ဘဲ အမြီးကိုထောင်ၗသာ ပြေးကြကုန်၏။ ဆင်ဆရာတို့စုံစမ်းၗ အကြောင်းအရင်းကိုသိရသော် ထိုဆင်ချေးတို့ကို ဆယ်ယူ၊ ရေဖျော်၊ ဆင်တို့ကိုယ်ထက်၌ သွန်းလေလျှင် ကိုယ်တို့သည် မွှေးကြိုင်ကုန်ၗ မြစ်သို့သက်ကြလေ၏။

ဆင်ဆရာတို့သည် မင်းကြီးအား မြစ်ညာ၌ ဆင်ဖြူတော်ရှိကြောင်း လျှောက်ကြသည့်အတိုင်း မင်းကြီးသည် မြစ်ညာသို့ဆန်ၗ လိုက်လံရှာဖွေရာ လက်သမားတို့ထံ၌ တွေ့ရှိလေ၏။ မင်းကြီးသည် ဆင်ဖြူကိုဆောင်ရာ ဆင်ဖြူတော်မလိုက်လိုၗ လက်သမားတို့အားများစွာသော ပစ္စည်းဥစ္စာတို့ကိုပေးမှ ဆောင်ရာသို့လိုက်လေ၏။

နန်းတော်သို့ရောက်သော် ပြည်ကိုထက်ဝက်ပေးလျက် ကြီးကျယ်စွာ ချီးမြှောက်ၗ မဂ်လာဆင်တော်အရာ၌ထား၏။ ထိုဆင်ရောက်သောကာလမှစၗ ဧမ္ဗုဒ္ဒီပ်ကျွန်းအလုံးသည် ဗာရာဏသီမင်းသို့ ညွှတ်ကြသည်သာ ဖြစ်ကုန်၏။

ကာလအတန်ကြာ၍ မိဖုရားကြီး၌ ကိုယ်ဝန်ရသောအခါ မင်းကြီး သေလွန်လေ၏။ ထိုသေသည့်အကြောင်းကို မင်္ဂလာဆင်တော်အား နလုံးကွဲမည်စိုး၍ မပြောကြားဘဲ နေကြကုန်၏။

ထိုအခါ ကောသလမင်းသည် ဗာရာဏသီမင်း ကွယ်လွန်ကြောင်း ဆက်ခံမည့်သူမရှိကြောင်းတို့ကို ကြားသိလျှင် ဗာရာဏသီမြို့ကို သိမ်းယူရန် ဝန်းရံလာလေ၏။ ထိုအခါ မှူးမတ်တို့သည် မြို့တံခါးပိတ်၍ ကောသလမင်းကြီးအား ဤသို့ ကြားရောက်၏။ အကျွန်ုပ်တို့၏မင်းမိဖုရား၌ ရင်မှာသောကိုယ်ဝန်ရှိရာ ဤနေ့မှ ၇ ရက်မြောက်သောနေ့၌ ဖွားမြင်လတ္တံ့။ ထိုမွေးဖွားသူသည် ဘုန်းတန်ခိုးကြီးမားရဲရင့်မည်ဟု ပညာရှိတို့ အဟောအပြောရှိ၏။ အကယ်၍ သားယောကျ်ား ဖွားမြင်အုံ့။ တိုင်းပြည်ကိုမပေးဘဲ စစ်ထိုးပါမည်။ သို့ကြောင့် ၇ ရက်စောင့်ပါဦးဟု စေလိုက်လေ၏။ ကောသလမင်းလည်း ဝန်ခံ၍စောင့်၏။

၇ ရက်မြောက်သောနေ့၌ သားတော်ကို ဖွားမြင်၏။ ထိုသို့ဖွားသောအခါ လူတို့ စိတ်ပျက်အားပျော့၍နေသည်ကို ရဲတင်းသောစိတ် ဖြစ်ပေါ်လာစေသည်နှင့် ထိုမင်းသားအား အလီနစိတ္တာဟု အမည်မည့်ကြကုန်၏။

ထိုဖွားသောနေ့မှစ၍ စစ်ထိုးကြသည်ရှိသော် ဗာရာဏသီစစ်သည်တို့ဘက်၌ အအုပ်အချုပ်ညံ့သည်ဖြစ်သောကြောင့် ဆုတ်နစ်၍လာလေ၏။ ထိုအခါ မှူးမတ်တို့က မိဖုရားသို့ကပ်၍ အကျွန်ုပ်တို့ရှုံးယောင်ရှိပါသည်။ ယခုအခါသော် မင်္ဂလာဆင်တော်အား အလုံးစုံပြောကြားရန်သင့်ပါပြီဟု လျှောက်ကြလေ၏။

မိဖုရားကြီးလည်း ဝန်ခံ၍ သားတော်ကို တန်ဆာဆင်စေပြီးလျှင် မှူးမတ်အပေါင်းနှင့်တကွ ဆင်တင်းကုပ်သို့သွား၍ သားတော်

ကို ဆင်ခြေရင်းခ္ခ သိပ်ထားပြီးမှ အရှင် သင်၏အဆွေတော်သည် အတန်ကြာကပင် သေလွန်လေပြီ။ သင် နှလုံးကွဲမည်စိုးရ၍ ငါတို့ မပြောကြားဘဲနေ၏။ ဤသူငယ်ကား သင့်အဆွေတော်၏သား တည်း။ ယခု ကောသလမင်းသည် မြို့ကိုဝန်းရံလာ၍ သင်၏သားနှင့် စစ်ထိုးရရာ ငါတို့၏စစ်သည် ဆုတ်နစ်ခဲ့၏။ သို့ကြောင့် အရှင့်သား ကို အရှင်သာစောင့်ရှောက်၍ မင်းအဖြစ်ကိုပေးပါလော့ဟု ဆိုလေ၏။

ဆင်မင်းလည်း သားတော်ကို နှာမောင်းဖြင့် သုံးသပ်ပြီးလျှင် ဦးကင်းခ္ခထား၍ ငိုယိုပြီးမှ သားတော်ကို မိဖုရားအား ပေးလိုက်၏။ ထို့နောက် ကောသလမင်းကို ဖမ်းအုံ့ဟု ဆင်တင်းကုပ်မှထွက်လေသော် အမတ်တို့သည် ချပ်မိန်ညို ဝတ်ကုန်၍ ဆင်မင်းအား တန်ဆာဆင်ပြီး လျှင် ဆင်ကို ခြံရံ၍ ထွက်ကြကုန်၏။

ဆင်မင်းသည် ကြိုးကြာသံနှင့်တူသောအသံကိုပြု၍ လူများ အား ထိတ်လန့်ပြေးစေပြီးမှ ဗိုလ်ထုကိုဖျက်ကာ ကောသလမင်းကို ဦးခေါင်းခ္ခဆွဲ၍ ဆောင်ယူခဲ့ပြီးလျှင် သားတော်ခြေရင်းခ္ခဝပ်စေ၏။ သတ်ရန်လာသောလူတို့ကို တားမြစ်ပြီးမှ မင်းသားသည် ငယ်သေး၏ ဟူ၍ မမှတ်လေနှင့် သတိဖြင့် ကောင်းစွာနေလေလော့ဟု ဆုံးမ၍ လွှတ်လိုက်၏။

ထိုနေ့မှစ၍ ဇမ္ဗုဒ္ဒီပ်ကျွန်းအလုံးသည် အလီနစိတ္တမင်းသား အား ခုံညားညွှတ်တွားလျက် မင်းသားသည်လည်း တရားသဖြင့် မင်းပြု၍ ကောင်းရာသို့လားလေသတည်း။

ဇာတ်ပေါင်းသော်-
မယ်တော်သည် မဟာမာယာ ဖြစ်လာ၏။
ခမည်းတော်သည် သုဒ္ဓေါဒန ဖြစ်လာ၏။
ဆင်ဖြူတော်သည် လုံ့လလျော့သောရဟန်း ဖြစ်လာ၏။

ဆင်ဖြူတော်၏အဖသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ကောသလမင်းသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
အလိန်စိတ္တမင်းသည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၉၄။ ဂုဏာဇာတ် ၇
(ဂုဏာ = ဂုဏ်ကျေးဇူး။)

ကျေးဇူးကိုသိတတ်သော ခြသေ့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကောသလမင်းသည် လက်ဆောင်ရသော တစ်ထည်လျှင် အဖိုးတစ်ထောင်ထိုက်သော ပုဆိုးတစ်ထောင်အနက် ငါးရာကို မိဖုရား မင်းမိန်းမငါးရာတို့အား ပေးတော်မူ၏။ ထိုငါးရာတို့လည်း မိမိတို့မဆင်မြန်းဘဲ နန်းတော်သို့ တရားဟောကြွလာသော အရှင်အာနန္ဒာအား ငါးရာလုံးလျှူလေ၏။

နောက်တစ်နေ့၌ မိဖုရားတို့သည် အဝတ်ဟောင်းတို့ကိုသာ ဝတ်၍ ခစားကြသည်ကို မင်းကြီး မြင်ရှိ မေးမြန်း အကြောင်းကို သိရလေ၏။

ထိုအခါ မင်းကြီးက မြတ်စွာဘုရားသည် ရဟန်းတို့အား သင်္ကန်းသုံးထည်သာ ခွင့်ပြုတော်မူ၏။ အာနန္ဒာမထေရ်သည် ပုဆိုးငါးရာလုံးကို အလှူခံသွားသည်မှာ ပုဆိုးကုန်သွယ်လိုသည် ဖြစ်မည် ငါထင်၏ဟု အမျက်ထွက်လျက် ကျောင်းတော်သို့ သွားပြီးလျှင် အရှင်အာနန္ဒာအား ဤသို့ မေးလျှောက်လေ၏။

အရှင်ဘုရား၊ မြတ်စွာဘုရားသည် ရဟန်းတို့အား သင်္ကန်းသုံးထည်သာ ခွင့်ပြုသည် မဟုတ်ပါလော။ အဘယ်အလို့ငှာ သင်္ကန်းငါးရာကို အလှူခံသွားပါသနည်း။

မြတ်သောမင်းကြီး၊ ဟုတ်၏။ သို့ရာတွင် သုံးထည်ထက်ပို၍ အလျှုခံခြင်းကိုကား တားမြစ်တော်မမူ။ သို့ကြောင့် ငါသည်လည်း အခြားသော သင်္ကန်းဆင်းရဲသော ရဟန်းတို့အား လျှုအံ့သောငှာ ထိုမျှကို အလျှုခံခြင်း ဖြစ်ပေသည်။ ငါ့အတွက်သက်သက်မဟုတ်တကား။

အရှင်ဘုရား ရဟန်းတို့သည် အရှင်ဘုရားထံမှ ပုဆိုးသစ်တို့ကို ရသော် သင်္ကန်းအဟောင်းတို့ကို အသိုပြုလေသနည်း။

မြတ်သောမင်းကြီး၊ ဒုကူဋ္ဌသင်္ကန်း (ပခုံးတွင် ခေါက်၍တင်သော သင်္ကန်းကြီး)ဟောင်းသော် ကိုယ်ဝတ်ပြု၏။

ကိုယ်ဝတ်ဟောင်းသော် အသိုပြုသနည်း။

ခါးဝတ် (သင်းပိုင်)ပြု၏။

ခါးဝတ်ဟောင်းသော် အသိုပြုသနည်း။

အိပ်ရာခင်းပြု၏။

အိပ်ရာခင်းဟောင်းသော် အသိုပြုသနည်း။

မြေအခင်းပြု၏။

မြေအခင်းဟောင်းသော် အသိုပြုသနည်း။

ခြေသုတ်ပြု၏။

ခြေသုတ်ဟောင်းသော် အသိုပြုသနည်း။

မြတ်သောမင်းကြီး၊ သဒ္ဓါ၍လျှုအပ်သောပစ္စည်းကို မပျက်စေအပ်။ သို့ကြောင့် ခြေသုတ်ဟောင်းကို ပဲကွပ်နှင့်စင်း၍ မြေနှင့်နယ်ပြီးမှ ကျောင်းတို့၌ မြေကျဉ်လိမ်းကျံခြင်းကို ပြုပေသည်ဟု မိန့်တော်မူ၏။

ထိုအခါ ကောသလမင်းကြီးသည် သြော်– ရဟန်းတော်တို့သည် လျှုအပ်သော သင်္ကန်းကို ခြေသုတ်ဖြစ်သည့်တိုင်အောင် အလဟဿ မပျက်စီးစေဘဲ အသုံးအဆောင်တစ်ခုခုသာလျှင် ဖြစ်စေတော်မူကြပေ၏ဟု နှစ်သက်ဝမ်းမြောက်ကြည်ညိုလျက် မိမိတွင်ကျန်သေးသော ပုဆိုးငါးရာကိုယူစေ၍ အရှင်အာနန္ဒာအား ထပ်မံလျှုပြီးမှ လက်ယာရစ်ရှိခိုး၍ ဖဲခွဲလေ၏။

အရှင်အာနန္ဒာသည် ပထမငါးရာကို သက်နိုးနွမ်းသော ရဟန်းတို့အား လျှစ်။ ဒုတိယငါးရာကို မိမိနှင့်အတူနေ တပည့်ငါးရာရှိသည့်အနက် အရှင်အာနန္ဒာအား အထူးသဖြင့် ဝတ်ကြီးဝတ်ငယ်ပြုလေ့ရှိသော တပည့်တစ်ပါးအားသာလျှင် ကျေးဇူးကို ထောက်၍ ပေးလှူတော်မူ၏။

ထိုတပည့်ငယ်သည်ကား မိမိချည်းမသုံးစွဲမူ၍ မိမိနှင့် ဆရာတူတပည့်ငါးရာတို့အား တစ်ထည်စီပေးလှူပြန်သည်နှင့် အလုံးစုံသော တပည့်တို့မှာ တစ်ထည်စီရကုန်၏။ ထိုတပည့်အပေါင်းတို့သည် မြတ်စွာဘုရားထံသို့ကပ်၍ အရှင်အာနန္ဒာသည် တပည့်ငါးရာအနက် တပည့်တစ်ပါးတည်းအားသာ ပုဆိုးသစ်ငါးရာလုံး ပေးလှူပါသည်။ ထိုတပည့်ကတစ်ဆင့် ဝေမှသာ အကျွန်ုပ်တို့ ရပါတော့သည်ဟု လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သားတို့– မျက်နှာလိုက်၍ပေးခြင်း မဟုတ်ပေ။ ထိုရဟန်းငယ်သည် အာနန္ဒာအား ထူးကဲသောသဒ္ဓါဖြင့် ဝတ်ကြီးဝတ်ငယ်ကို သင်တို့ထက် ပို၍ပြု၏။ ထိုကျေးဇူးကိုထောက်၍ ကျေးဇူးဆပ်သောအနေဖြင့် ပေးသည်ဖြစ်ရာ၏။ ချစ်သားတို့ သူတစ်ထူး၏ကျေးဇူးကို ပညာရှိသူတော်ကောင်းတို့သည် သိကုန်သည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ခြသေ့တစ်ကောင်သည် သမင်တစ်ကောင်ကို ပြေးခုန်၍ ဖမ်းရာ အရိုန်လွန်ပြီးလျှင် ရေအိုင်ဌာကျ၍ ညွှန်တွင်နစ်နေသည်နှင့် ၇ ရက်တိုင်တိုင် မတက်နိုင်ဘဲ အစာလည်းမစားရ ရှိလေ၏။ ထိုကာလဌ အစာရှာလာသော မြေခွေးတစ်ကောင်နှင့်တွေ့၍ ကယ်မရန် တောင်းပန်လေမှ မြေခွေးသည် ခြသေ့၏ ခြေလေးချောင်းပတ်လည်ရှိ ညွှန်တို့ကို ယက်ဖယ်၍ မြှောင်းလေးခုသွယ်ပြီးလျှင် ခြေလေးချောင်းရှိရာသို့ ရေဝင်စေလျက် ညွှန်ကိုပျော့အောင်ပြု၏။

ညွှန်ပျော့၍ ချောင်လာသောအခါ ခြသေ့၏ဝမ်းအောက်သို့ဝင်၍ အရှင်–လုံ့လပြု၍ အထက်သို့ ခုန်တက်လော့ဟုဆိုလျက် ဦးခေါင်း

ဖြင့် ခြသေ့ဝမ်းကို ရွက်မပေး၏။ ခြသေ့လည်း အဟုန်ဖြင့်ခုန်တက်၍ ညွှန်မှလွတ်လေ၏။

ထိုအခါ ခြသေ့သည် အလွန်ကျေးဇူးတင်လျက် ကျွဲတစ်ကောင်ကို သတ်ပြီးလျှင် အစွယ်ဖြင့် အသားတို့ကို ခွာပေး၍ မြေခွေးအား ရှေးဦးစွာ စားစေ၏။ ပြီးမှ မိမိစား၏။

ထို့နောက် ခြသေ့သည် မြေခွေးနှင့်တကွ မြေခွေးမကိုပါ မိမိ၏ ဂူသို့ခေါ်ဆောင်၍ ကောင်းစွာကျွေးမွေးထားပေ၏။ မကြာမီ ပေါက်ဖွားကြသော ခြသေ့ငယ် မြေခွေးငယ်တို့သည်လည်း သင့်မြတ်ချစ်ကြည် ရှိကြကုန်၏။

ကာလရှည်သော် ခြသေ့မသည် မြေခွေးတို့ကို ကျွေးမွေးထားခြင်း၏ အကြောင်းရင်းကို မသိသောကြောင့် မြေခွေးမနှင့် ခြသေ့တို့ကို ယုံမှားရှိလာ၍ မြေခွေးတို့အား မလိုမုန်းထားဖြစ်ပြီးလျှင် ခြသေ့ မရှိခိုက်တွင် မြေခွေးတို့အား ခြိမ်းခြောက်နှင်ထုတ်လေ၏။

ထိုအကြောင်းကို မြေခွေးမမှတစ်ဆင့် မြေခွေးသည် ကြား၍ ခြသေ့မင်းအား တိုင်ကြားလျက် ထွက်သွားတော့မည်ဟု ဆိုလေ၏။

ထိုအခါ ခြသေ့မင်းသည် ခြသေ့မအား ရှင်မ- ဤမြေခွေး၏ ကျေးဇူးသည် ငါ့အား ကြီးစွာ၏။ ငါသည် ညွှန်ဌနစ်၍ ၇ ရက်ပတ်လုံး မတက်နိုင်၊ အစာမစားရဘဲ ရှိနေသည်ကို မြေခွေးကယ်သောကြောင့် ငါ အသက်ရှင်ရ၏။ ဤမြေခွေးသည် ငါ၏အသက်ကိုပေးသော အဆွေခင်ပွန်းလည်းဖြစ်၏။ အဆွေအမျိုး မိတ်အပေါင်းအဖော်လည်းဖြစ်၏။ သို့ကြောင့် မြေခွေးတို့အား မထီမဲ့မြင်မပြုဘဲ ချစ်ကြည်လေးမြတ်ပါလေလော့ဟု ဆုံးမပေ၏။

ထိုအခါမှစ၍ ခြသေ့တို့နှင့် မြေခွေးတို့သည် တစ်ဖန် ညီညွတ်ချစ်ကြည်ကြလျက် အသက်ထက်ဆုံး ပေါင်းသင်းဆက်ဆံကြလေ၏။ အမျိုး ၇ ဆက်တိုင်အောင် မပျက်သောချစ်ခြင်းသည်ဖြစ်လေသတည်း။

ဇာတ်ပေါင်းသော်-
မြေခွေးသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ခြသေ့သည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၉၆။ သုဟာနုဇာတ် ၈

မြည်းကြမ်းနှစ်ကောင်အကြောင်း

ဧတဝန်ကျောင်းတော်၌ ကြမ်းကြုတ်ခက်ထန် နိုင်ထက်ကလူပြုတတ်သော ရဟန်းတစ်ပါးရှိ၏။ တောမှ ထိုသို့ကြမ်းကြုတ်သော ရဟန်းတစ်ပါးသည် ဧတဝန်ကျောင်းတော်သို့ လာရောက်သောအခါ သာမဏေရဟန်းတို့သည် ထိုရဟန်းနှစ်ပါး၏ သဘောကို သိကြ၍ ခိုက်ရန်ဖြစ်သည်ကို မြင်ရတော့အံ့ဟု ထိုနှစ်ပါးကို ဆုံပေးကြလေ၏။

ထိုကြမ်းကြုတ်သော ရဟန်းနှစ်ပါးတို့ တွေ့လေသော်ကား ချစ်ကြည်ဝမ်းမြောက်စွာ ပြောဆိုပြုမူ၏။ ခြေဆုပ်လက်နယ်ပြုကြ၏။ သာမဏေရဟန်းငယ်တို့လည်း ထိုရဟန်းနှစ်ပါးသည် သူတစ်ပါးအပေါ်၌သာ ကြမ်းကြုတ်၍ နိုင်ထက်ကလူပြုတတ်၏။ မိမိတို့အချင်းချင်းကား သင့်မြတ်ကြပေသည်ဟု ပြောဆိုကြ၏။ မြတ်စွာဘုရားကြားသော် ယခုသာမဟုတ် ရှေးကလည်း ဤသို့ပင်ဟု တောင်းပန်အပ်သည့်အတိုင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

- လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါး၌ ပညာရှိအမတ်တစ်ပါးရှိ၏။ ထိုမင်းသည် လောဘကြီးသည်ဖြစ်၍ မြင်းကုန်သည်တို့

ထံမှ မြင်းတို့ကိုဝယ်ရာတွင် ပညာရှိအမတ်တို့သည် မှန်ကန်သောအဖိုးတို့ဖြင့် ဆုံးဖြတ်သည်ကို သဘောမကျသည်နှင့် အခြားအမတ်တစ်ပါးကို ခေါ်ပြီးလျှင် အချင်းအမတ် အဖိုးဖြတ်လော့။ သို့ရာတွင် ရှေးဦးစွာ ငါ၏ မဟာသောဏမည်သော စဉ်းလဲကြမ်းကြုတ်သည့်မြင်းကို ရောင်းမြင်းတို့၏အတွင်းသို့ လွှတ်လော့။ မြင်းတို့ကို ကိုက်စေ၍ နာကျင်အားလျော့သောအခါ၌ အဖိုးကိုလျှော့၍ ဖြတ်ဆိုလေဟု ဆိုလေ၏။ အမတ်လည်း ဆိုတိုင်းပြု၏။

မြင်းကုန်သည်တို့သည် စိတ်မကျေနပ်သဖြင့် ပညာရှိအမတ်အား ကြားပေ၏။ ပညာရှိအမတ်လည်း သင်တို့အရပ်၌ စဉ်းလဲကြမ်းကြုတ်သော မြင်းရှိလျှင် သင်တို့တစ်ဖန်လာသောအခါ ဆောင်ယူခဲ့ကြလော့ဟု အကြံပေးလိုက်၏။

မြင်းကုန်သည်တို့လည်း နောက်တစ်ကြိမ်လာသောအခါ သုဟနုမည်သော မြင်းကြမ်းတစ်ကောင်ကို ဆောင်ယူခဲ့၏။ မင်းကြီးကခါတိုင်းကဲ့သို့ မဟာသောဏကို လွှတ်သောအခါ မြင်းကုန်သည်တို့ကလည်း သုဟနုကိုလွှတ်ပေ၏။ ထိုနှစ်ကောင်တွေ့ကြသော်ကား ချစ်ခင်ဝမ်းမြောက်စွာ တစ်ကောင်ကိုတစ်ကောင် လျက်၍နေကြကုန်၏။

မင်းကြီးမြင်သော် အံ့သြလျက် အကြောင်းကို ပညာရှိအမတ်အားမေး၏။ ပညာရှိအမတ်ကလည်း အရှင်မင်းကြီး ဤမြင်းနှစ်ကောင်သည် ကြမ်းကြုတ်ခက်ထန်၍ သူတစ်ပါးအပေါ်၌ နိုင်ထက်ကလူပြုတတ်သော အကျင့်ဆိုးရှိခြင်း၌ တူကြ၏။ ထို့ကြောင့် ချစ်ခင်သင့်မြတ်ကြပါသည်။ အရှင်မင်းကြီး၊ လောက၌ ကောင်းသောအကျင့်ဖြစ်စေ၊ ဆိုးသောအကျင့်ဖြစ်စေ အကျင့်ချင်းတူသောသူတို့သည် သင့်မြတ်ကြမြဲ ဖြစ်ပါသည်။ အရှင်မင်းကြီး၊ မင်းမည်သည်ကား သူတစ်ပါး၏ ပစ္စည်းကို မက်မောခြင်းကို မပြုအပ် ဖြစ်ပါသည်ဟု မင်းအားဆုံးမ၍ မြင်းတို့၏ မှန်ကန်သောအဖိုးကို ပေးစေလေသတည်း။

အသွင်မတူ အိမ်သူမဖြစ်
ဇာတ်ပေါင်းသော်–
မြင်းကြမ်းကြီးနှစ်စီးသည် ရဟန်းကြမ်းနှစ်ပါး ဖြစ်လာ၏။
ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၉၆။ မောရဇာတ် ၉
(မောရ = ဒေါင်း။)

ဒေါင်းမင်းဇာတ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မိန်းမတစ်ယောက်ကိုမြင်၍ စွဲလမ်းပြီးလျှင် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးအား ချစ်သား– မိန်းမမည်သည်ကား စင်ကြယ်သောသူကို ညစ်နွမ်းစေတတ်၏။ မြင့်မြတ်ကျော်စောသောသူကို နိမ့်ကျစေတတ်၏။ ငါ၏ စကား ထင်ရှားစိမ့်သောငှာ ရှေးအတိတ်ဇာတ်ကို ငါ ဟောအံ့ဟု မိန့်တော်မူ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေရှေးအခါ ပြည်ဗာရာ၌ ရာဇာဗြဟ္မဒတ် မင်းပြုလတ်သော် ဘုရားအလောင်းသည် ဥဒေါင်းမျိုး၌ဖြစ်၍ ရွှေအဆင်းကဲ့သို့ ရွှန်းဝင်းတင့်တယ် ရှုချင်ဖွယ် ကြည်ညိုဖွယ် ရှိ၏။ အတောင်အကြားတို့၌–နီနီထွေးထွေး ယုန်သွေးဟသ်ပဒါး ဆွတ်၍ထားသကဲ့သို့ အခြားအရေးတို့ဖြင့် အထူးတင့်တယ်ပေ၏။

ထိုရွှေဥဒေါင်းမင်းသည် တောင်သုံးထပ်တို့၏အတွင်းရှိ ဒဏ္ဍာကမည်သော ရွှေတောင်၌နေ၏။ နံနက်အခါ အစာရှာသွားမည်ရှိသော အခါ ထွက်လာသောနေမင်းကိုလည်းကောင်း၊ လွန်လေပြီးသောဘုရားရှင်တို့ကိုလည်းကောင်း ရှိခိုး၍ အစောင့်အရှောက် အရံအတားယူပြီးမှ အစာရှာထွက်၏။

ညချမ်းအခါ၌ ပြန်လာပြီးလျှင် ဝင်လေသောနေမင်းကိုလည်းကောင်း၊ မြတ်စွာဘုရားတို့ကိုလည်းကောင်း ရှိခိုး၍ အရံအတားယူပြီးမှ အိပ်၏။ ဤသို့လျှင် နေ့၌လည်းကောင်း၊ ည၌လည်းကောင်း ထိုပရိတ်အရံအတားကြောင့် အနည်းငယ်မျှသော ဘေးသည်မရှိ၊ ချမ်းသာစွာ နေရလေ၏။

တစ်နေ့၌ ဗာရာဏသီမင်း၏ ခေမာအမည်ရှိသော မိဖုရားသည် ရွှေအဆင်းရှိသော ဥဒေါင်းမင်း တရားဟောသည်ကို နာရသည်ဟု အိပ်မက်မြင်မက်၏။ နိုးကာလ အိပ်မက်ကို မင်းကြီးအားလျှောက်၍ ရွှေဥဒေါင်းမင်း၏တရားကို နာလိုပါသည်ဟု တောင်းပန်လေ၏။

မင်းကြီးလည်း ရွှေဥဒေါင်းရှိရာအရပ်ကို မေးမြန်းစုံစမ်းတော်မူရာ နောက်ဆုံး၌ မုဆိုးတစ်ယောက်က မိမိ၏အဖမသေမီက ဒဏ္ဍာကမည်သော ရွှေတောင်၌ရှိကြောင်း ပြောဖူးပါသည်ဟု လျှောက်လေ၏။ ထိုအခါ ထိုမုဆိုးကိုပင် အရှင်ဖမ်းယူခဲ့ရန် စေလွှတ်လိုက်လေ၏။

မုဆိုးလည်း သွားရောက်၍ ကျော့ကွင်းဖြင့်ထောင်ရာ ပရိတ်အရံအတား၏တန်ခိုးကြောင့် ကျော့ကွင်းကို နင်းလျက်နှင့် ကျော့ကွင်းမရွှေ့။ ဖမ်းခြင်းငှာ မတတ်နိုင်ဘဲ ထိုအရပ်၌ပင် ခုနစ်နှစ်ကြာလျှင် မုဆိုးသေရလေ၏။

ခေမာမိဖုရားသည်လည်း တောင့်တအပ်သော ရွှေဥဒေါင်းကို မရ၍ သေလေသည်နှင့် မင်းသည် ရွှေဥဒေါင်းအား အမျက်ထွက်၍ လာလတ္တံ့သောမင်းတို့ သတ်စေလိုသောကြောင့်။

ဟိမဝန္တာအရပ် ဒဏ္ဍကမည်သောရွှေတောင်၌ ရွှေအဆင်းရှိသော ဥဒေါင်းသည် နေ၏။ ထိုရွှေဥဒေါင်း၏ အသားကိုစားရသောသူတို့သည် မအိုမသေဖြစ်လတ္တံ့ဟု ရွှေပြားတွင်ရေး၍ ထားခဲ့လေ၏။

ထိုမင်းစုတေ၍ နောက်တက်သောမင်းသည် ထိုကမ္မည်းကို တွေ့လေလျှင် မုဆိုးတစ်ယောက်ကို လွှတ်ပြန်ရာ မဖမ်းနိုင်ဘဲ ထိုအရပ်တွင်ပင် သေလေ၏။ ဤနည်းဖြင့် မင်းခြောက်ဆက် လဲလေ၏။

ထိုအခါ ခုနစ်ဆက်မြောက်ဖြစ်သောမင်းသည် ကျွမ်းကျင်သော မုဆိုးတစ်ယောက်ကို စေလွှတ်လိုက်ပြန်၏။ ထိုမုဆိုးသည် သွားရောက်ဖမ်းဆီးရာ ကျော့ကွင်းကို နင်းလျက်နှင့် မမိုလေမှ သေချာစွာစုံစမ်းသည်တွင် အိပ်တန်းဆင်း အိပ်တန်းတက်တို့၌ ပရိတ်အရံအတားပြုသည်ကို သိရှိရလေသော် အဆင်းလှပသော ဒေါင်းမငယ်တစ်ကောင်ကို လက်ခုပ်တီးသံဖြင့် က အောင် လက်ဖျစ်တီးသံဖြင့်တွန်အောင် သင်ကြားပြီးမှ ရွှေဥဒေါင်းမင်း ပရိတ်အရံအတားမပြုမီ နံနက်စောစောကပင် ကျော့ကွင်းကို ထောင်ထား၍ ဒေါင်းမကို တွန်စေ၏။

ရွှေဥဒေါင်းမင်းသည် ဒေါင်းမ၏တွန်သံကိုကြားသော် ကိလေသာဖြင့် ကြင်ချစ်လာသည်ဖြစ်၍ ပြုနေကျပရိတ်အရံအတားကို မပြုနိုင်ဘဲ သွားလေလျှင် ကျော့ကွင်း၌ အတန်းသားမိလေ၏။

မင်းထံသို့ရောက်၍ ဖမ်းဆီးခြင်းအကြောင်းကို သိရသော် ရွှေဥဒေါင်းမင်းက အရှင်မင်းကြီး အကျွန်ုပ်အသားကိုစားရလျှင် မအိုမသေနေရမည်ဆိုသည်မှာ မဟုတ်နိုင်ရာ။ အကြောင်းသော်ကား အကျွန်ုပ်ကိုယ်တိုင်ပင်လျှင် အိုရ နာရ သေရဦးမည်ဖြစ်သောကြောင့်တည်းဟု ဆိုလေ၏။

တစ်ဖန် မင်းကြီးက ဥဒေါင်းမြတ်၊ သင်၏အဆင်းသည် ရွှေအဆင်းနှင့်တူ၏။ သို့ကြောင့် အသင်၏ ထူးမြတ်သောအသားကို စားရသော် မအိုမသေ နေရလတ္တံ့ဟု ဆိုပြန်၏။

မြတ်သောမင်းကြီး ရွှေအဆင်းရှိသည်မှာ အခြားကြောင့်မဟုတ် ရှေးက ငါသည် ဤမြို့၌ စကြဝဠာတေးမင်းဖြစ်စဉ် ပဋ္ဌသိလကို ကောင်းစွာစောင့်ခဲ့ဖူး၏။ သူတစ်ပါးတို့အားလည်း စောင့်စေဖူး၏။ ထိုအကျိုးဆက်ကြောင့် ငါ၌ ရွှေအဆင်းရှိပေသည်ဟု ဆိုလေ၏။

ထိုအခါ မင်းကြီးက သင်၏စကားကို အသို့လျှင် ငါတို့ယုံရအံ့နည်း။ သက်သေပြလော့ဟု ဆိုသော် ရွှေဥဒေါင်းမင်းက ငါသည် စကြဝဠာတေးမင်းဘဝက စီးသော ရတနာရထားသည် မဂ်လာရေကန်အတွင်း၌ မြုပ်ထား၏။ ဖော်စေလော့ဟု ဆို၏။ ဆိုသည့်အတိုင်းရမှ မင်းကြီး ယုံကြည်လေသတည်း။

ရွှေဥဒေါင်းမင်းသည် မင်းကြီးအား တရားဓမ္မဟောပြ၍ ပဋ္ဌသိလ၌ တည်စေ၏။ မင်းကကြည်ညိုရ၍ ဥဒေါင်းမင်းအား မင်းအဖြစ်ဖြင့် ပူဇော်ရာ ဥဒေါင်းမင်းက မင်းအဖြစ်ကို ပြန်၍ပေးအပ်ပြီးလျှင် ဒဏ္ဍာကရွှေတောင်သို့ ပြန်လေသတည်း။

မ ဘက်လိုက်၊ မိုက်ဖက်ပါ။
ဇာတ်ပေါင်းသော်–
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ရွှေဥဒေါင်းမင်းသည် ဘုရား ဖြစ်လာ၏။

❑

ဒုကနိပါတ်

၉၇။ သကုဏဂ္ဃိဇာတ် ၁၈
(သကုဏဂ္ဃိ = သိမ်းငှက်။)

သိမ်းနှင့် ဘီလုံးငှက်တို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မကျက်စားအပ်သော ကာမဂုဏ်ငါးပါးတို့၌ မကျက်စားသင့်ကြောင်း၊ ကျက်စားသော် ဘေးဖြစ်တတ်ကြောင်းကို ရဟန်းတို့အား အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဘီလုံးငှက်ငယ်တစ်ကောင်သည် မိမိကျက်စားနေကျနေရာမှ လွန်၍ အခြားအရပ်၌ ကျက်စားလေရာ သိမ်းငှက်တစ်ကောင်သည် ထိုးသုတ်ယူသွားလေ၏။ ထိုအခါ ဘီလုံးငှက်က ငါ့အရပ်မဟုတ်၍ သိမ်း၏ထိုးသုတ်ခြင်းကို ခံရ၏။ ငါ့အရပ်ဖြစ်ဘိမူကား ထိုးသုတ်နိုင်မည်မဟုတ်ဟု ငိုကြွေးမြည်တမ်းလေ၏။ ထိုအခါ သိမ်းငှက်က အသင်ဘီလုံးငှက် သင်၏အရပ်ကား အဘယ်နည်းဟုမေး၏။ ငါ့အရပ်ကား ထွန်စာခဲရှိရာ မြေပြင်တည်းဟုဆို၏။ သိန်းငှက်ကလည်း သင်၏အရပ်ကိုရသော်လည်း ငါ့လက်မှ လွတ်နိုင်မည်မဟုတ်၊ သင့်အရပ်သို့သွား၍ ခုခံလေလော့ဟု လွှတ်လိုက်၏။

ဘီလုံးငှက်သည် မိမိအရပ်သို့ရောက်လျှင် ကြီးသောမြေစိုင်ခဲပေါ်သို့တက်၍ရပ်လျက် သိမ်းငှက်၊ အသင်စွမ်းလျှင် လာလော့ဟုဆိုလေ၏။ ထိုအခါ သိမ်းငှက်သည် အဟုန်ပြင်းစွာဖြင့် ပျံဆင်းထိုးသုတ်သောခဏ၌ ဘီလုံးငှက်သည် မြေစိုင်ခဲပေါ်မှဆင်း၍ မြေစိုင်ခဲ၏အောက်အကြားသို့ ဝင်လေ၏။ သိမ်းငှက်သည်လည်း အရှိန်ကိုမသတ်နိုင်၍ မြေစိုင်ခဲနှင့် ရင်ကိုတိုက်မိသဖြင့် ရင်ကွဲ၍ သေလေသတည်း။

ဇာတ်ပေါင်းသော်...
သိမ်းသည် ဒေဝဒတ် ဖြစ်လာ၏။
ဘီလုံးငှက်သည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၉၈။ အရကဇာတ် ၁၉
(အရက = အရကမည်သောရသေ့)

မေတ္တာ၏ အကျိုးကျေးဇူးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မေတ္တာ၏အကျိုးတရားကို ဟောတော်မူအံ့သောငှာ ချစ်သားရဟန်းတို့ အစဉ်မပြတ် စေတနာနှင့် ပွားစေအပ်သော မေတ္တာ၏အကျိုးသည် တစ်ဆယ့်တစ်ပါး ရှိ၏။ ၎င်းတို့ကား

၁။ ချမ်းသာစွာ အိပ်ရခြင်း။
၂။ ချမ်းသာစွာ နိုးရခြင်း။
၃။ မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း။
၄။ လူတို့ ချစ်မြတ်နိုးခြင်း။
၅။ နတ်တို့ ချစ်မြတ်နိုးခြင်း။
၆။ နတ်တို့ စောင့်ရှောက်ခြင်း။
၇။ မီးမလောင်၊ အဆိပ်မသင့်၊ လက်နက်မစူးရှနိုင်ခြင်း။
၈။ စိတ်တည်ကြည်ခြင်း။
၉။ မျက်နှာအဆင်း အထူးသဖြင့် ကြည်လင်ခြင်း။

၁၀။ မတွေ့ဝေဘဲ သေရခြင်း။

၁၁။ အယုတ်သဖြင့် ဗြဟ္မာ့ပြည်သို့ လားရခြင်းတို့ ဖြစ်၏။

ချစ်သားတို့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို ပွားခြင်းအားဖြင့် အထက် အဆိုပါအကျိုး ဆယ့်တစ်ပါးကို ရနိုင်၏။ အကယ်၍ မဂ်ဖိုလ်ကို မရသော်လည်း အယုတ်သဖြင့် ဗြဟ္မာ့ပြည်ကို လားရကြောင်း ဇာတ်တော်ကား ဤသို့တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ အရဂမည်သော ရသေ့သည် မျှားစွာသော အခြွေအရံရသေ့တို့နှင့် ဟိမဝန္တာဌ်ခဲ့နေ၏။

ထိုအရဂဆရာသည် မိမိ၏တပည့်တို့အား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတို့ကို အစဉ်ပွားစေ၏။ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါတို့အား မိမိနှင့်ထပ်တူပြု၍ ရန်မရှိပါစေသတည်း။ ကြောင့်ကြမရှိပါစေသတည်း။ ဆင်းရဲမရှိပါစေသတည်း။ ချမ်းသာကြပါစေသတည်းဟု စေတနာနှင့် အဖန်ဖန်ပွားအပ်သည်ရှိသော် ဆိုခဲ့သောအကျိုးဆယ့်တစ်ပါးကို ရ၏။ အယုတ်သဖြင့် ဗြဟ္မာ့ပြည်သို့ လားနိုင်ကြောင်းများကို ဟောတော်မူ၏။

ဤသို့လျှင် အရဂရသေ့သည် တပည့်တို့အား မေတ္တာကို ပွားစေ၍ စုတေသော် ဗြဟ္မာ့ပြည်သို့ လားလေသတည်း။

ဇာတ်ပေါင်းသော်...

အရဂရသေ့သည် ဘုရား ဖြစ်လာ၏။

အခြွေအရံရသေ့တို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

❐

ဒုကနိပါတ်

၉၉။ ဒဒ္ဒရစာတ် ၂၂
(ဒဒ္ဒရ = ငွေတောင်)

ခြသေ့်ကိုတုသော မြေခွေးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အကြားအမြင်နှင့် ပြည့်စုံသော ရဟန်းတို့သည် သံဃာအလယ်၌ အသံဖြင့် ဟောအပ်သောတရားကို ဟောလေ့ရှိကြ၏။

ထိုအခါ ကောကာလိကမည်သော ရဟန်းတစ်ပါးသည် မိမိ၏ ညံ့ဖျင်းခြင်း အချည်းနှီးဖြစ်ခြင်းတို့ကိုမသိဘဲ ငါ့အား အလှည့်ပေးမူကား ငါလည်း အသံဖြင့် တရားဟောလို၏ဟု ထိုထိုအရပ်တို့၌ လှည့်လည်၍ ဆို၏။

ထိုအခါ ရဟန်းတို့သည် ကောကာလိကကို စုံစမ်းကြအံ့ဟု ကောကာလိကအား တရားဟောရန် အလှည့်ပေးကြ၏။ ကောကာလိကသည်လည်း သစ်လွင်တောက်ပြောင်သော သင်္ကန်းတို့ကို ဝတ်ရုံ၏။ တရားဟောမဏ္ဍပ်ရှိ ပလ္လင်ထက်သို့တက်ပြီးလျှင် ယပ်ကိုကိုင်ကာ တရားဟောအံ့ဟု နေ၏။ ပရိသတ်ကို ကြောက်သည်နှင့် ကောကာလိက၏ကိုယ်မှ ချွေးတို့သည် ထွက်ကုန်၏။ ဟောသောအခါ အသံတုန်တုန်ချိချိနှင့် ပထမပိုဒ်ကို ဟောပြီးလျှင် ရှေ့သို့မဆက်နိုင်ဘဲ တုန်လှုပ်ချောက်ချားလျက် ရှက်ကြောက်ကြီးစွာဖြင့် တရားပလ္လင်မှ ဆင်းပြေးလေ၏။

ထိုအခါ ရဟန်းတို့သည် ကောကာလိက၏ အချည်းနှီးဖြစ်ပုံကို ပြောကြသည်တွင် မြတ်စွာဘုရားက ယခုသာမဟုတ်။ ရှေးကလည်း ဤသို့ဖြစ်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ခြသေ့်မင်းသည် မိမိ၏အခြွေအရံတို့နှင့် ခြသေ့်သံကို ဟောက်၍ ကစားမြူးထူးကြရာ အနီးရှိမြေခွေးတစ်ကောင်သည်

လည်း ရောရှောင်ဟောင်လေ၏။ ထိုအခါ ခြသေ့တို့သည် ရုက်စနိုးရှိ ဆိတ်ဆိတ်နေကြကုန်၏။

ထိုအခါ ခြသေ့မင်း၏သားငယ်က ဖခင်၊ ငွေတောင်ကို ပဲ့တင်ထပ်စေ၍ ထူးခြားသောအသံကို ပြုလေသည်ကား အသူနည်းဟုမေးလျှင် ခြသေ့မင်းက ချစ်သား၊ သားမျိုးတို့တွင် ဂုဏ်မရှိသော မြေခွေးသည် ဟောင်၏။ ထိုမြေခွေး၏အမျိုးကို ရွံရှာကုန်သည်ဖြစ်၍ ခြသေ့တို့သည် ဆိတ်ဆိတ်နေကြခြင်းဖြစ်လေသည်ဟု ပြန်ပြောလေသတည်း။

ဇာတ်ပေါင်းသော်–
မြေခွေးသည် ကောကာလိက ဖြစ်လာ၏။
ခြသေ့မင်း၏သားသည် ရာဟုလာ ဖြစ်လာ၏။
ခြသေ့မင်းသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၀၀။ ဒုတိယမက္ကဋဇာတ် ၂၄

ယုတ်မာသော မျောက်အကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်၏ ကျေးဇူးမဲ့တတ်ခြင်းများ၊ အဆွေခင်ပွန်းတို့ကို ပြစ်မှားတတ်ခြင်းများနှင့်စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ တောအုပ်ကြီးအတွင်း လမ်းမကြီးအနီး၌ ရေတွင်းတစ်ခုရှိ၏။ ထိုရေတွင်းမှာ အတန်နက်သည်ဖြစ်သောကြောင့်

တိရစ္ဆာန်တို့ ဆင်းရ၍ မသောက်နိုင်ကြလေ။ ခရီးသွားတို့သည် ရေပုန်းဖြင့် ရေကိုင်၍ တစ်ခုသောကျင်းဌ ထည့်ပြီးလျှင် တိရစ္ဆာန်တို့အားပေးလေ့ရှိ၏။

တစ်ရံခါသော် နှစ်ရက်သုံးရက်မျှ လူအသွားအလာပြတ်သဖြင့် တိရစ္ဆာန်တို့သည် ရေမရလေကုန်။ ထိုတောမှ မျောက်တစ်ကောင်သည်လည်း ရေငတ်လှသဖြင့် ရေတွင်းအနီးသို့ လာရောက်ကြည့်ရှုနေလေ၏။

ထိုအခါ ခရီးသွားယောကျ်ားတစ်ယောက် ရောက်လာ၍ မျောက်ရေငတ်သည်ကို မြင်လျှင် ရေငင်၍ ထည့်ပေးပြီးမှ အနီးရှိသစ်ပင်ရိပ်ဌ လျောင်း၍နေလေ၏။

မျောက်သည်လည်း ထည့်ပေးသောရေကို နှစ်ခြိုက်စွာသောက်ပြီးလျှင် မနီးမဝေးမှနေ၍ ရုံ့မဲ့ဖောက်ပြန်သောမျက်နှာဖြင့် ထိုယောကျ်ားအား ခြောက်၍ပြလေ၏။

ထိုအခါ ယောကျ်ားက ဟယ်- မျောက်ယုတ် ရေပေးသော ကျေးဇူးရှင်ကို ခြောက်သလော။ ယုတ်မာသောသူအား ကျေးဇူးပြုရခြင်းသည် အကျိုးမဲ့သည်သာတည်းဟု ဆိုလေ၏။

မျောက်ကလည်း အို-ယောကျ်ား လောကဌ သီလရှိသော မျောက်သူတော်ကောင်းကို ကြားဖူး မြင်ဖူးသလော။ ယခု ခြောက်ပြီးရုံမျှဖြင့် ပြစ်မှားမှုမပြီးသေး။ သင်၏ဦးခေါင်းထက်သို့လည်း မစင်စွန့်လိုက်ရဦးအုံ့ဟုဆို၍ အကယ်စွန့်ပြီးလျှင် တောသို့ဝင်ပြေးလေသတည်း။

ဇာတ်ပေါင်းသော်-
မျောက်သည် ဒေဝဒတ် ဖြစ်လာ၏။
ယောကျ်ားသည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၀၁။ ကာဌာယမုဋ္ဌိဇာတ် ၂၆

(ကာဌာယ = ပြောင်းတစ်စေ့၊ ပြောင်းဆံ။ မုဋ္ဌိ = တစ်လက်ဆုပ်)

ပြောင်းတစ်စေ့ကြောင့် ပြောင်းတစ်ဆုပ်ဆုံးသော မျောက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီးသည် မိမိ၏တိုင်းစွန်၌ ပုန်ကန်ထကြွသည်ကို နှိမ်နင်းရန် စစ်ထိုးအပ်သည့် အခါမဟုတ်သော မိုးတွင်းကာလ၌ပင် ထွက်လာခဲ့၏။ မြတ်စွာဘုရား၏ ကျောင်းတော်အနီးသို့ရောက်သော် စစ်ချီထွက်သင့် မထွက်သင့် အကြံဉာဏ်ရလိုသောကြောင့် မြတ်စွာဘုရားထံသို့ ဝင်ခဲ့ရာ မြတ်စွာဘုရားက သင်မင်းကြီး၊ ရှေးမင်းတို့သည် စစ်ချီသွားသည်ရှိသော် ပညာရှိစကားကိုနာယူ၍ အခါမဟုတ်သည်၌ မသွားကြလေကုန်ဟု တောင်းပန်အပ်သည့်အတိုင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် တိုင်းစွန်၌ ထကြွ သည်ကို နှိမ်နင်းရန် မိုးအခါ ထွက်လာခဲ့၍ ဥယျာဉ်တစ်ခု၌ တပ်ချနေ၏။ ထိုအခါ မြင်းကျွေးရန်ထည့်ထားသော ပြောင်းစေ့တို့ကို ဥယျာဉ်ရှိ မျောက်တစ်ကောင်သည် ခံတွင်းအပြည့် လက်အပြည့်ယူပြီးလျှင် သစ်ပင်ပေါ်၌ စားနေစဉ် လက်မှပြောင်းတစ်စေ့ကျသည်ကို ခံတွင်းတွင်လည်းကောင်း၊ လက်တွင်လည်းကောင်း ရှိသော ပြောင်းစေ့အလုံးစုံကို စွန့်ပစ်ပြီးလျှင် ကျလာသော ပြောင်းတစ်စေ့ကိုသာ ဆင်းသက်၍ ရှာလေ၏။ မတွေ့နိုင်သည့်အဆုံး၌ သစ်ပင်ပေါ်သို့ ပြန်တက်၍ ဥစ္စာတစ်ထောင်ရှိုးသော ယောက်ျားကဲ့သို့ မသာယာသောမျက်နှာဖြင့် ထိုင်နေလေ၏။

ထိုအကြောင်းကို မင်းကြီးမြင်၍ ပညာရှိအမတ်အားမေးသော် အရှင်မင်းကြီး၊ ဤမျောက်မိုက်သည် ပြောင်းစေ့အလုံးစုံကိုပစ်၍ ပြောင်းတစ်စေ့ကိုသာ ရှာလေသည်။ အများကိုမကြည့်ဘဲ အနည်းကိုသာ ကြည့်သော သူမိုက်တို့သည် ဤသို့ရှုံးရမြဲတည်း။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့လည်း ပြောင်းတစ်စေ့အတွက် ပြောင်းလုံးစုံဆုံးသော ထိုမျောက်မိုက်ကဲ့သို့ မဖြစ်လေကောင်းဟု လျှောက်ပေ၏။

ထိုအခါ မင်းသည် ပညာရှိစကားကိုနာယူ၍ နန်းတော်သို့ ပြန်သွားလေ၏။ တိုင်းစွန်ခ္ဍ ထကြွသည်မှာလည်း မင်းကြီးထွက်လာသည်ဟု ကြားသဖြင့် ငြိမ်ဝပ်သွားလေသတည်း။

ဤဇာတ်တော်၏အဆုံးခ္ဍ ကောသလမင်းကြီးသည် နန်းတော်သို့ ပြန်သွား၏။ ထကြွသည်မှာလည်း မင်းကြီးထွက်လာသည်ဟု ကြားကာမျှဖြင့် ငြိမ်ဝပ်သွားလေသတည်း။

ဇာတ်ပေါင်းသော်–
ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၀၂။ တိန္ဒုကဇာတ် ၂၇
(တိန္ဒုက = တည်ပင်၊ တည်သီး။)

ဉာဏ်ကောင်းသော မျောက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းခ္ဍ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် မြတ်စွာဘုရား၏ ဉာဏ်တော်ကို ချီးမွမ်းကြရာ မြတ်စွာ

ဘုရားက ရေးနုစဉ်ကပင် ဥာဏ်ပညာကြီးကြောင်း၊ တောင်းပန်အပ်သည့် အတိုင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရေးသောအခါ မျောက်တစ်အုပ်သည် ရွာလယ်ရှိ တည်ပင်မှ တည်သီးကို စားလိုကြောင်း၊ မိမိတို့မျောက်မင်းအား အခွင့်ပန်ကြားသော် မျောက်မင်းက လူတို့မည်သည်ကား မာယာများကုန်၏။ မသွားသင့်ကြောင်းနှင့် တားမြစ်လေ၏။ တစ်ဖန် မျောက်တို့က အရှင်၊ လူတို့အိပ်ချိန် ညဉ့်သန်းခေါင်အခါ၌ ဘေးရှိမည်မဟုတ်ပါဟု မျောက်မင်းကို ပါ ပါအောင်ဆောင်၍ ရွာပြင် မနီးမဝေးရှိ ကျောက်ဖျာပေါ်တွင် လူတို့အိပ်ပျော်ချိန်ကာလ ငုံ့လင့်၍ အိပ်ကြကုန်၏။

လူတို့အိပ်ကြ၍ တက်ရောက်စားကြစဉ် ရွာသားတစ်ယောက်နိုး၍ တည်ပင်ထက်၌ မျောက်တို့ကိုမြင်လျှင် ရွာသားတို့အား နှိုးပြောကြားလေ၏။ ရွာသားတို့လည်း လေးမြား တုတ် ဓား စသည်စွဲကုန်လျက် မိုးလင်းမှ ဖမ်းယူမည်ဟု တည်ပင်ကို ဝန်းရံ၍ထားကြလေ၏။

မျောက်တို့လည်း ကြောက်လန့်ကုန်လျက် မကြံတတ်သည်နှင့် မျောက်မင်းသို့ ကပ်ကုန်၏။ မျောက်မင်းလည်း သင်တို့မကြောက်ကြလင့်။ ယခုလည်း သန်းခေါင်ချိန်မျှသာ ရှိသေး၏။ လူတို့မည်သည်ကား ကိစ္စများ၏။ ငါတို့ကို ဝန်းရံထားရသော ကိစ္စထက် ကြီးသော ကိစ္စ ပေါ်ပေါက်လာအံ့လော မသိနိုင်။ မစိုးရိမ်ကြလင့်၊ တည်သီးကိုသာ ဝအောင်စားကြလော့ဟု ဆိုလေ၏။

များမကြာမီ မျောက်တို့သည် စုရုံးကုန်သည်ရှိသော် မျောက်မင်း၏တူဖြစ်သော သေနကမည်သော မျောက်တစ်ကောင် မပါကြောင်းကို သိ၍ မျောက်မင်းက သင်တို့မစိုးရိမ်ကြလင့်။ သေနကသည် ငါတို့၏ ချမ်းသာခြင်းကို ပြုလတ္တံ့ဟု ဆိုလေ၏။

သေနကလည်း သွားကြသောကာလ၌ အိပ်ပျော်နေ၍ နောက်မှနိုးသည်ရှိသော် အစဉ်သဖြင့် လိုက်သွားရာ မျောက်အပေါင်းတို့ ဘေးရောက်နေသည်ကိုမြင်မှ ရွာစွန်ရှိအိမ်တစ်အိမ်မှ မီးစကိုဆွဲယူခဲ့ပြီး လျှင် လေညာမှ ရွာကို မီးတိုက်လေ၏။

လူတို့လည်း မျောက်တို့ကိုစွန့်၍ မီးသတ်ရန်ပြေးကြရလေ၏။ မျောက်တို့လည်း သေနကအတွက် တည်သီးတစ်လုံးစီ ယူခဲ့လေသတည်း။

ဇာတ်ပေါင်းသော်–
သေနကသည် သာကီဝင်မင်းမျိုး မဟာနာမ် ဖြစ်လာ၏။
မျောက်တို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
မျောက်မင်းသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၀၃။ အသဒိသဇာတ် ၃၁
(အသဒိသ = အတူမရှိသော)

လေးအတတ် တစ်ဖက်ကမ်းခပ်သော အသဒိသမင်းသားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် မြတ်စွာဘုရား၏ နိဗ္ဗာန်မပါရမီတော်ကို ချီးမွမ်းကြရာ မြတ်စွာဘုရားက ယခုသာ့မဟုတ် ရှေးကလည်း ထီးဖြူကိုစွန့်၍ တောထွက်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် နောင်တော် အသဒီသမင်းကို သူတစ်ပါးတို့၏ ကုန်းစကားဖြင့် ဖမ်းဆီး စေရာ အသဒီသမင်းသားသည် အရပ်တစ်ပါးသို့ ထွက်သွားလေ၏။

ထိုအသဒီသမင်းသားသည် တစ်ဆယ့်ရှစ်ပါးသောအတတ်တို့ကိုလည်းကောင်း၊ အထူးသဖြင့် လေးအတတ်ကိုလည်းကောင်း၊ တစ်ဖက်ကမ်းခပ်အောင်တတ်၏။ တိုင်းတစ်ပါးသို့ရောက်သော် မင်းထံ၌ လေးသမားအဖြစ်ဖြင့် အမှုတော်ထမ်း၍ တစ်နှစ်လျှင် တစ်သိန်းသော ဥစ္စာကိုရ၏။ ထိုသို့တစ်သိန်းပေးသည်ကို လေးသမားဟောင်းတို့က များလွန်းလှသည်ဟု ကဲ့ရဲ့ကြကုန်၏။

တစ်နေ့၌ မင်းကြီးသည် ဥယျာဉ်တော်သို့ထွက်၍ အေးမြသော သရက်ပင်ရိပ်အောက်၌ လျောင်းလျက်နေစဉ် အပင်ထက်၌ သရက်သီးခိုင်ကိုမြင်သော် လေးသမားတို့အား သရက်သီးခိုင်ကို မြားဖြင့်ကျစေအံ့လောဟု မေးတော်မူ၏။

လေးသမားဟောင်းတို့က အရှင်မင်းကြီး အကျွန်ုပ်တို့ တတ်နိုင်ပါ၏။ အကျွန်ုပ်တို့၏ အစွမ်းကို အရှင်မင်းကြီး မြင်ဖူးလှလေပြီ။ အကျွန်ုပ်တို့ထက် ရိုက္ခာပိုရှိပေးရသော လေးသမားတော်သစ်ကို ခိုင်းတော်မူလော့ဟု လျှောက်ကြလေ၏။

မင်းကြီးလည်း ဟုတ်ပါပေသည်ဟု လေးသမားသစ်အား ခိုင်းလေ၏။ လေးသမားသစ်လည်း လေးကို ဝတ်သောပုဆိုး၏အတွင်း၌ ဖုံးဝှက်၍ ဆောင်ထားသည်နှင့် တင်းတိမ်အကာအရံကိုတောင်း၍ ဝင်ပြီးမှ

နီသောပုဆိုးတစ်ထည်ကို အောက်ပိုးကျိုက်ဝတ်၍။
နီသောပုဆိုးတစ်ထည်ကို ဝမ်း၌ပတ်ဆီး၍။
ရွှေသင်တိုင်းကိုဝတ်၍။
သင်းကျစ်ကို ဦးခေါင်း၌စွပ်၍။

သန်လျက်ကို လက်ဝဲနံပါးဖြင့်လွယ်၍။
လေးထည့်သောကျည်ကို နောက်၌လွယ်၍။
အစပ်နှင့်ယှဉ်သော ဆိတ်ချိုလေးကြီးကိုတင်၍။
သန္ဓာအဆင်းနှင့်တူသော ညို့ကိုကိုင်၍။
ထက်စွာသော စဉ်းသွားကို လက်သည်းတို့ဖြင့်ပွတ်၍။

တင်းတိမ်ကို နှစ်ဖြာခွဲပြီးလျှင် မြေမှခွဲ၍ထွက်လာသော နဂါးလုလင်ကဲ့သို့ ထွက်လာလေ၏။

ပြီးမှ မင်းသားက အရှင်မင်းကြီး၊ သရက်သီးခိုင်ကို တက်သောမြားဖြင့် ကျစေရန်ကား လွယ်ကူ၏။ အရှင်မင်းကြီးလည်း မြင်ဖူးလှတော့မည်။ သို့ကြောင့် သက်သောမြားဖြင့် ကျစေပါအုံ့။ သို့ရာတွင် ယခု အကျွန်ုပ်လွှတ်မည့်မြားသည် စတုမဟာရာဇ်ဘုံတိုင်အောင် တက်ပါလိမ့်မည်။ ညဉ့်အခါလောက်မှ သက်လာမည်ဖြစ်ပါ၍ အရှင်မင်းကြီးတို့ သည်းခံ၍ စောင့်စေလိုပါသည်ဟု ဆို၏။ မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံ၏။

ထိုအခါ မင်းသားသည် မြားကိုပစ်လွှတ်လိုက်ရာ သရက်သီးခိုင်အညာကို တစ်ခြမ်းမျှသာပြတ်၍ မြားတက်သွားလေ၏။ မြားသည် စတုမဟာရာဇ်ဘုံသို့ ရောက်လောက်ချိန်၌ ဒုတိယမြားတစ်စင်းကို ပထမထက် လျင်မြန်သောအဟုန်ဖြင့် ထပ်၍ ပစ်လွှတ်လိုက်ရာ ပထမမြားကိုမီ၍ မြားလွှားမြားတောင့်ဖြင့် ခတ်၍ လည်ကျစေပြီးလျှင် ထို ဒုတိယမြားသည် အထက်တာဝတိံသာသို့ တက်သွားလေသည်ကို တာဝတိံသာနတ်တို့ သိမ်းယူလေ၏။

ပထမမြား၏လေကိုဖြတ်၍ ကျလာသောအသံသည် မိုးကြိုးသံကဲ့သို့ဖြစ်၍ လူအများမေးမြန်း သိရလေလျှင် မိမိတို့အထက်၌ ကျအုံ့လောဟု ထိတ်လန့်ကြသည်ကို မကြောက်လင့်၊ မြားကို မြေသို့ မကျစေရဟု ဆို၏။

မြားသည်လည်း တက်လမ်းမှ တစ်ဆံခြည်မျှ မတိမ်းဘဲ ဖြောင့်ဖြောင့်သက်လာပြီးလျှင် သရက်ခိုင်အညာကိုဖြတ်လေ၏။ ကျလာသော မြားနှင့် သရက်ခိုင်ကို မြေသို့မရောက်မီ လက်တစ်ဖက်စီဖြင့် ဖမ်းယူ၍ မင်းကြီးအား ဆက်ပေ၏။

လူအပေါင်းတို့လည်း ထိုအံ့ဖွယ်သရဲကို မြင်ရသော် ငါတို့သည် မြင်ဖူးသည်ကိုထား၍ ကြားမျှမကြားစဖူး ထူးပါပေသည်ဟု ချီးမွမ်း ထောမနာ သြဘာပေးကြကုန်၏။ လက်ပမ်းပေါက် ခတ်ကြကုန်၏။ လက်ချောင်းတို့ကို ခါကြကုန်၏။ ဦးရစ်ပုဆိုးတို့ကို ပစ်လွှတ်ကြကုန်၏။ နှစ်သက်သည်ဖြစ်၍ ပေးအပ်သော ဥစ္စာတို့သည် ကုဋေအတိုင်း အရှည်၏။

မင်းကြီးကလည်း အတိုင်းမသိ ချီးမြှောက်ပေ၏။

ကျန်ရစ်သော ဗာရာဏသီပြည်ကိုလည်း အာသဒိသမင်း မရှိတော့ပြီဟု ခုနစ်ပြည်ထောင်သောမင်းတို့ ဝန်းရံလာကြကုန်၏။ ထိုအခါ ဗြဟ္မဒတ်မင်းငယ်သည် ကြောက်လန့်တုန်လှုပ်လျက် နောင်တော်ကို ရှာဖွေ၍ ငါ၏စကားဖြင့် ခြေတော်ကို ရှိခိုးလျက် ပင့်ဆောင်ယူခဲ့လော့ဟု တမန်တို့ကို စေလွှတ်လိုက်၏။

နောင်တော်လည်း သည်းခံ၍ပြန်လာပြီးလျှင် ငါသည် မြားတစ်စင်းဖြင့် သင်တို့အားလုံးကို သေစေအံ့။ မသေလိုသူတို့ ပြေးလေကုန်ဟု မြားခုနစ်စင်း၌ ရေး၍ပစ်လိုက်ရာ ခုနစ်ဦးသောမင်းတို့ အစာစားကုန်စဉ် ရွှေခွက်၏အဖုံတို့၌ အသီးသီးကျကြလေ၏။ မင်းတို့မြင်သော် ပြေးကြလေကုန်၏။

ညီတော်လည်း နောင်တော်အား တောင်းပန်၍ ပြည်ကိုအပ်သော်လည်း လက်မခံဘဲ တောထွက်၍ ရသေ့ရဟန်းပြုလုပ် အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားလေသတည်း။

ဇာတ်ပေါင်းသော်–
ဗြဟ္မဒတ်မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
အသဒိသမင်းသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၀၄။ သဂါမာဝစရဇာတ် ၃၂
(သဂါမာဝစရ = စစ်မြေပြင်ကို နှိမ်နင်းရှာသွားတတ်ခြင်း။)

ညီတော်မင်းနန်ချတ်ခန်းနှင့် ဆုံးမလွယ်သော ဆင်အကြောင်း

မြတ်စွာဘုရားသည် ရှေးဦးစွာ ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ နန်းတော်မှ ထွက်သောအခါ ညီတော်နန္ဒအား သပိတ်တော်ကို ထမ်း၍ လိုက်ခဲ့စေ၏။ နန္ဒမင်းသားမှာ နှမတော် ဇနပဒကလျာဏီနှင့် ထိမ်းမြား လက်ထပ်ရန် စီမံပြီးဖြစ်၏။

ထိုသို့ မြတ်စွာဘုရားနောက်မှ စိတ်မပါတပါဖြင့် နန္ဒမင်းသား လိုက်သွားသည်ကိုကြားသော် ဇနပဒကလျာဏီသည် ကပိုကရိသောဆံတို့နှင့် လေသာပြတင်းပေါက်မှနေ၍ အရှင့်သားတော် လျင်မြန်စွာပြန်ခဲ့ပါလော့ဟု မှာလိုက်၏။

ကျောင်းတော်သို့ရောက်သော် နန္ဒမင်းသား စိတ်မပါဘဲ မြတ်စွာဘုရားက ရဟန်းပြုထားသည်ဖြစ်ရာ ဇနပဒကလျာဏီက မှာလိုက်သော စကားကို အစဉ်အောက်မေ့လျက် လူ၏အဖြစ်ကို တမော့မော့မျှော်ကာ သာသနာ၌ မပျော်၊ ပိန်ချုံးသောကိုယ်သည် ရှိ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကိုသိ၍ နန္ဒမထေရ်ကို အရဟတ္တ ဖိုလ်၌ တည်စေအံ့ဟု ကြံတော်မူပြီးလျှင် ဟိမဝန္တာသို့ လှည့်လည်ရန်ဆို၍ ကောင်းကင်ခရီးဖြင့် ခေါ်ဆောင်သွားတော်မူလေ၏။

ခရီးအကြား၌ မီးလောင်ရာကုန်းပြင်ရှိ မီးလောင်ငုတ်တို့တွင် ထိုင်နေသော မျောက်အိုမတစ်ကောင်ကို တွေ့ရလေ၏။ ထိုမျောက်အိုမမှာ နားနာခေါင်း မြီးထူးတို့သည် ပြတ်ကုန်လျက် မီးလောင်သောအမွေး၊ အပေါ်ရေစုတ်သော ကိုယ်ရှိသည်ဖြစ်၍ မတင့်မတယ် ကြည့်ရှုဖွယ်မကောင်းလောက်အောင် ဆိုးဖျက်သော အဆင်းသဏ္ဌာန်သည် ရှိ၏။ ထိုအခါ မြတ်စွာဘုရားသည် နန္ဒမထေရ်အား မျောက်မကိုပြ၍ ကောင်းမွန်သေချာစွာ ကြည့်ရှုမှတ်သားစေခဲ့၏။

ထို့နောက် နန္ဒမထေရ်အား ဟိမဝန္တာတောတောင်ကို စုံလင်အောင် ပြပြီးမှ တာဝတိံသာသို့ ဆောင်သွားတော်မူ၏။ ရောက်သော် အထူးသဖြင့် အလွန်လှပတင့်တယ်သော နတ်သမီးတို့ကိုပြ၍ ဇနပဒကလျာဏီနှင့် မည်သူက ပိုမိုလှပတင့်တယ်သနည်းဟု မေးတော်မူ၏။

အရှင်ဘုရား၊ ဤနတ်သမီးတို့နှင့် ဇနပဒကလျာဏီကို နှိုင်းယှဉ်သော် ဇနပဒ ကလျာဏီသည် လမ်းတွင်တွေ့ခဲ့သော မျောက်အိုမနှင့်သာ တူပါတော့သည်ဘုရားဟု လျှောက်လေ၏။

နန္ဒ၊ ယခုမူ အသို့ပြုအံ့နည်း။

အရှင်ဘုရား၊ ဤနတ်သမီးတို့ကို အလိုရှိပါသည်၊ မည်သို့ပြုရပါအံ့နည်း။

နန္ဒ၊ ရဟန်းတရားကို အားထုတ်လျှင် ရလတ္တံ့။

အရှင်ဘုရား၊ ဤနတ်သမီးတို့ကိုရရန် အကယ်၍ အရှင်ဘုရား ဝန်ခံအံ့ အကျွန်ုပ်သည် ရဟန်းတရားကို ကျင့်ပါမည်။

နန္ဒ၊ ငါသည် ဝန်ခံ၏။ ကျင့်လေလော့။

ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်၍ နန္ဒမထေရ်သည် တရားကို အလွန်အမင်း အားထုတ်နေရာ မြတ်စွာဘုရားသည် အကြောင်းအလုံးစုံကို

ရှင်သာရိပုတ္တရာအား ကြားပေ၏။ ရှင်သာရိပုတ္တရာမှ အဆင့်ဆင့်အားဖြင့် ရဟန်းကြီးငယ် အလုံးစုံတို့ ကြားကြလေ၏။

ထိုအခါ ရှင်သာရိပုတ္တရာသည် နန္ဒမထေရ်အား ငါ့ရှင် မိန်းမကို မှီ၍ တရားကျင့်ခြင်းသည် မမြတ်၊ မိန်းမတို့အတွက် အခဖြင့်အလုပ်လုပ်သော အလုပ်သမားနှင့် အဘယ်မှာ ခြားတော့အံ့နည်းဟုဆို၍ အရှက်ရစေ၏။ ဤသို့သာလျှင် ရဟန်းအသီးသီးတို့လာ၍ ရှက်စေလေသည်နှင့် နန္ဒမထေရ်သည် များစွာရှက်ကြောက်လျက် ဝိပဿနာကိုပွားစေသည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုအခါမှ နန္ဒမထေရ်သည် မြတ်စွာဘုရားအား အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရား၏ ဝန်ခံခြင်းကို ဖြေအပ်ပါပြီဟု လျှောက်၏။ မြတ်စွာဘုရားလည်း ချစ်သား အသင် အရဟတ္တဖိုလ်သို့ရောက်လျှင် ငါ၏ ဝန်ခံခြင်းကို လွှတ်မည်ကို ငါသိ၏ဟု မိန့်တော်မူ၏။

ရဟန်းတို့သည် နန္ဒမထေရ်၏ ဆုံးမလွယ်ခြင်းကို ချီးမွမ်း၍ ပြောကြ၏။ မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးကလည်း လွယ်သည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူလေသည်။

ရှေးသောအခါ ဆင်ဆရာတစ်ဦးသည် ဗာရာဏသီမင်း၏ ပြည်နီးချင်းဖြစ်သော မင်းတစ်ပါးထံ၌ ခစား၍ ထိုမင်း၏ မင်္ဂလာဆင်တော်ကို ကောင်းစွာသင်ကြား၍ ထားလေ၏။

တစ်ခါသော် ထိုမင်းသည် ဗာရာဏသီပြည်ကို ယူအံ့ဟု မင်္ဂလာဆင်ကောက်ကိုစီး၍ မြို့ကို တိုက်လေ၏။ ထိုအခါ မြို့ရိုးထက်မှ ပွဲလျက်ပူတို့ဖြင့်လည်းကောင်း၊ အမျိုးမျိုးသော လက်နက်တို့ဖြင့်လည်းကောင်း ပစ်လွှတ်ကြသည်ကို ဆင်တော်သည် ကြောက်၍မကပ်ဝံ့ဘဲ နောက်သို့ဆုတ်၏။

ထိုအခါ ဆင်ဆရာသည် အမောင်၊ သင်သည် ရဲရင့်သောဆင်တည်း။ စစ်မြေကို နှိမ်နင်းအောင်နိုင်နေကျဖြစ်သော ဆင်ဖြစ်လျက်နှင့် ဤသို့ ဆုတ်ခြင်းသည် မလျောက်ပတ်လေ။ ရဲရင့်သန်မာကျော်စော

သော ဆင်ဖြစ်သည်အားလျှော်စွာ မြို့တံခါးကို ချိုးဖျက်၍ အမြန်ဝင်လေလော့ဟု ဆိုလေ၏။

ဆင်တော်လည်း ဤတစ်ကြိမ်မျှသော အဆုံးအမဖြင့်သာလျှင် တံခါးကို ချိုးဖောက် မြို့တွင်းသို့ဝင်ပြီးလျှင် ပြည်ကို ယူ၍ပေးလေသတည်း။

ဇာတ်ပေါင်းသော်–
မင်္ဂလာဆင်သည် နန္ဒ ဖြစ်လာ၏။
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ဆင်ဆရာသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၀၅။ ဝါလောဒကဇာတ် ၃၃)

(ဝါလောဒက = သင်ပန်းလျှော်ဖြင့် ရက်အပ်သော အဝတ်နွမ်းဖြင့် စစ်အပ်သော မုဒရက်ရည်။)

အမျိုးယုတ်တို့သည် အသံပြုတတ်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တရားရပြီးသော သီတင်းသည်ငါးရာတို့သည် ဆိတ်ငြိမ်စွာ တရားအားထုတ်နေကြ၏။ ထိုငါးရာတို့၏ အလုပ်အကျွေး စားကြွင်းစားတို့သည်ကား ဆူညံကြွေးကြော်လျက် ပြေးလွှားကစားနေကြ၏။

မြတ်စွာဘုရားသည် ထိုအသံတို့ကိုကြား၍ မေးမြန်းသိရသော် ထိုစားကြွင်းစားတို့သည် ယခုသာမဟုတ် ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် တိုင်းစွန်ခ္ခ ထ ကြွသည်ကို သိန္ဓောမြင်းငါးရာနှင့်တကွ စစ်အင်္ဂါလေးပါးဖြင့် သွားရောက် နိမ်နင်းပြီး၍ ပြန်ရောက်သောအခါ ထိုမြင်းတို့ ပင်ပန်းသည်ဖြစ်၍ အရသာနှင့်ပြည့်စုံသော မုဒရက်အဖျော်ကို ပေးစေကုန်၏။ မြင်းငါးရာတို့သည် ဦးရည်ကိုသောက်၍ ငြိမ်သက်စွာ မိမိတို့မြင်းတင်းကုပ်၌ နေကြကုန်၏။

အတန်ငယ်ကြာင်းသော မုဒရက်ဖတ်တို့ကို ခြေဖြင့်နယ်၍ စစ်ပြီးမှ မြည်းတို့အားပေးစေ၏။ မြည်းတို့သည်လည်း စားကြွင်း မုဒရက်ရည်ကို သောက်ရခြင်းကြောင့် ယစ်ကုန်သည်ဖြစ်၍ ခုန်လွှားပေါက်ခုန်လျက် မြည်ကြွေးကာ သွားကြကုန်၏။

မင်းကြီးမြင်၍ ပညာရှိအမတ်ကြီးအား အကြောင်းကိုမေးသော် အရှင်မင်းကြီး မြည်းတို့ကား ယုတ်သောအမျိုးသဘော ရှိသည်ဖြစ်၍ နည်းသောအရသာရှိသော မုဒရက်အဖျော်ကို သောက်ရရုံမျှဖြင့် မူးယစ်ကြွေးကြော်ခုန်ပေါက်ခြင်းကို ပြုကြကုန်၏။ မြတ်သောအမျိုးဌ်ဖြစ်၍ ဝန်ကိုဆောင်နိုင်သော မြင်းတို့သည်ကား မုဒရက်ဦးရည်အဖျော်ကို သောက်ရလျက်လည်း မယစ်ကြကုန်ဟု လျှောက်လေသတည်း။

ဇာတ်ပေါင်းသော်–

မြင်းငါးရာသည် သီတင်းသည်ငါးရာ ဖြစ်လာ၏။

မြည်းတို့သည် စားကြွင်းစားတို့ ဖြစ်လာ၏။

မင်းသည် ရှင်အာနန္ဒာဖြစ်လာ၏။

ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၀၆။ ဂိရိဒတ္တဇာတ် ၃၄

အတူမြင် အတတ်သင်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မသင့်လျော်သော အပေါင်းအဖော်ရှိသော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ သာမမည်သော ဗာရာဏသီမင်းတစ်ပါးသည် မိမိ၏ မင်္ဂလာမြင်းတော်ကို ဂိရိဒတ္တမည်သော မြင်းထိန်းအား ထိန်းစေ၏။ ထိုမြင်းထိန်းကား ခြေခွင်သည်ဖြစ်သောကြောင့် မြင်းကို ရှေ့မှ ဆွဲ၍သွားသော် မြင်းက မိမိကိုသင်သည်ထင်၍ အတူကျင့်သည်နှင့် မြင်းသည်လည်း မကြာမီ ခွင်ခြင်းသို့ရောက်လေ၏။

ထိုသို့ မြင်းခွင်သည့်အဖြစ်ကို မင်းကြီးသိသော် ဆေးသမားတို့အား ကြည့်ရှုစေရာ မြင်း၌ အနာမမြင်ဟု လျှောက်ကြ၏။ မင်းကြီးလည်း တစ်ဖန် ပညာရှိအမတ်အား စုံစမ်းစေမှ အကြောင်းရင်းကို သိရလျှင် ယခုသော် အသို့ပြုရပါအံ့နည်းဟု မေးလေ၏။

ပညာရှိအမတ်ကလည်း အရှင်မင်းကြီး ခြေမခွင်ဘဲ ဖြောင့်ဖြောင့်မတ်မတ် သွားတတ်သော မြင်းထိန်းကို ရှေ့ကဆွဲပါစေလော့ဟု လျှောက်၏။ လျှောက်သည့်အတိုင်းဆွဲစေရာ မကြာမီပင် မြင်း၏ခြေခွင်ခြင်း ပျောက်လေ၏။

မင်းကြီးသည် ပညာရှိအမတ်အား တိရစ္ဆာန်တို့၏သဘောကို သိတတ်ပေသည်ဟု မျှားစွာသောစည်းစိမ်ဥစ္စာတို့ဖြင့် ပူဇော်လေသတည်း။

ဇာတ်ပေါင်းသော်–
ဂိရိဒတ္တသည် ဒေဝဒတ် ဖြစ်လာ၏။
မြင်းသည် ထိုရဟန်း ဖြစ်လာ၏။
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၀၇။ ဒမိဝါဟနဇာတ် ၃၆
(ဒမိဝါဟန = နို့ခမ်းတည်းဟူသော စစ်သည်ဗိုလ်ပါရှိသော ဒမိဝါဟနမင်း။)

ဒမိဝါဟနမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မကောင်းသောသူယုတ်တို့နှင့် ပေါင်းဖော်ရခြင်းသည် အကျိုးမဲ့တတ်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းလက်ထက် ညီနောင်လေးဦးတို့သည် ရသေ့ပြုနေကြရာ အစ်ကိုအကြီးဆုံးရသေ့သည် စုတော၍ သိကြားဖြစ်လေ၏။

တစ်နေ့၌ ထိုသိကြားသည် ကျန်ရစ်သောအစ်ကိုအကြီးထံသို့ သွားရောက်၍ အလိုရှိသော ဝတ္ထုကို မိန့်တော်မူပါဟု လျှောက်လာ၏။ ရသေ့ကြီးလည်း ငါ့အား ဖျော့တော့သော ရောဂါရှိသည်ဖြစ်၍ မီးကိုအလိုရှိ၏ဟု ဆို၏။ ထိုအခါ သိကြားသည် ဤအသွားနှစ်ဖက်

ရှိသော ပဲခွပ်၊ ပုဆိန်ကို လျှုပါ၏။ အလိုရှိသောအခါ ထိုပဲခွပ်ပုဆိန်အား ထင်းကိုဆောင်၍ မီးကိုပြုလော့ဟု အမိန့်ပေးလျှင် ဆိုသည့် အတိုင်း ပြုပါလတ္တံ့ဟုဆို၍ ဖဲလေ၏။

တစ်ဖန် အလတ်ရသေ့ကြီးထံသို့လာ၍ အထက်နည်းလျှောက်သော် ငါ့အား ဆင်တို့သည် နှောင့်ယှက်၏။ ထိုအနှောင့်အယှက်ကို ကာကွယ်လိုစ်ပါဟု ဆို၏။ ထိုအခါ စည်တစ်လုံးကိုပေး၍ အရှင်ဘုရား ဤဘက်ကိုတီးသော် ရန်သူပြေးပါလိမ့်မည်။ ထိုဘက်ကိုတီးသော် စစ်သည်ဗိုလ်ပါ ရောက်လာပါလိမ့်မည်ဟု ဆို၍ ဖဲလေ၏။

ရသေ့အငယ်ထံသို့ကပ်၍ လျှောက်ပြန်လျှင် ငါ့အား ရောဂါရှိ၍ နို့ခမ်းကိုလိုစ်ပါဟုဆို၏။ ထိုအခါ နို့ခမ်းအိုးကိုပေး၏။ အကယ်၍ သွန်လိုက်လျှင် မြစ်ကြီးဖြစ်၍ များစွာသောရေအပြင်တို့ ဖြစ်စေလတ္တံ့ဟု ဆို၍ ဖဲလေ၏။

ထိုအခါမှစ၍ ရသေ့သုံးပါးသည် သိကြားပေးအပ်သော ဝတ္ထုအသီးသီးဖြင့် အလိုပြည့်စုံခြင်းသို့ ရောက်ကြလေ၏။

ထိုကာလ၌ ဝက်တစ်ကောင်သည် မိမိကျက်စားရာမှ ကောင်းကင်သို့ ပျံနိုင်သော ပတ္တမြားတစ်လုံးကို ရသည်နှင့် သမုဒ္ဒရာအလယ်ရှိ ကျွန်းတစ်ကျွန်း၌ သွား၍ကျက်စား၏။

ထိုအခါ ကာသီတိုင်း၌ ယောကျ်ားတစ်ယောက်သည် အိမ်မှ မိဘတို့ကနှင်ထုတ်သည်ဖြစ်၍ ရေထိုးလိုက်သွားရာ သမုဒ္ဒရာအလယ်၌ လှေပျက်၊ ထိုကျွန်းသို့ရောက်ရှိ ပတ္တမြားလုံးကို ရှေ့တွင်ထား၍ အိပ်ပျော်နေသောဝက်ကို တွေ့မြင်၊ ပတ္တမြားလုံးကို ကောက်ယူပြီးလျှင် ကောင်းကင်ဖြင့် ပျံသွားလေ၏။

ထိုသို့ ကောင်းကင်ဖြင့်ပျံလာရာ ဆိုခဲ့သော ရသေ့သုံးပါးတို့၏ ကျောင်းသခင်မ်းတို့ကိုမြင်၍ ဆင်းသက်ပြီးလျှင် ပထမရသေ့ကြီးထံမှာ

နှစ်ရက်သုံးရက်နေ၏။ ပဲခွပ်ပုဆိန်၏တန်ခိုးကိုမြင်သော် အလိုရှိသည်ဖြစ်၍ ပတ္တမြားဗ၀ါတန်ခိုးကိုပြပြီးလျှင် ထိုပဲခွပ်ပုဆိန်နှင့် လဲယူလေ၏။ ပြီးမှ ပဲခွပ်ပုဆိန်အား ရသေ့ဦးခေါင်းကို ဖြတ်၍ ပတ္တမြားကို ယူပြန်ခဲ့စေ၏။ ဤနည်းဖြင့် ဒုတိယရသေ့ထံမှ စည်ကိုလည်းကောင်း၊ တတိယရသေ့ထံမှ နို့ဓမ်းအိုးကိုလည်းကောင်း အလုံးစုံရလေ၏။

ထိုယောက်ျားသည် အလုံးစုံသော ဝတ္ထုတို့ကို ယူပြီးလျှင် ဗာရာဏသီသို့သွား၍ စစ်ပြုလျက် စည်တစ်ဖက်ကိုတီး၍ စစ်သည်ကို ရောက်စေ၏။ နို့ဓမ်းအိုးကိုသွန်၍ ရန်သူတို့ကို ရေ၌ နစ်မွန်းစေ၏။ ပြီးမှ ပဲခွပ်ပုဆိန်ဖြင့် မင်း၏ဦးခေါင်းကို ဖြတ်ယူစေ၏။ ဤသို့အလွယ်အားဖြင့် ဗာရာဏသီကိုရသော် ဒဓိ၀ါဟနဟူသောအမည်ဖြင့် မင်းပြုလေ၏။

တစ်နေ့သော် မြစ်ညာမှ နတ်တို့၏ အသုံးအဆောင်ဖြစ်သော သရက်သီးတစ်လုံး မျောလာသည်ကို ဆယ်ယူကြ၍ မင်းအားဆက်၏။ ထိုသရက်သီးကား အိုးစရည်းခန့်ရှိ၏။ ရွှေအဆင်းနှင့်တူ၏။ မင်းကြီးလည်း သရက်သီးအကြောင်းကို စုံစမ်းစားသောက်ပြီးမှ အစေ့ကိုစိုက်စေရာ သုံးနှစ်ကြာသော် အသီးသီးလေ၏။ အလွန်ထူးခြားမွန်မြတ်သော အရသာနှင့် ပြည့်စုံသည်ဖြစ်၍ နို့ရည်သွန်းခြင်း၊ နံ့သာလိမ်းကျံခြင်း၊ ပန်းဆိုင်းဆွဲခြင်း၊ ဆီမီးထွန်းခြင်း၊ တင်းတိမ်ကာရံခြင်း အမှုတို့ကိုပြုပေ၏။ ဒဓိ၀ါဟနမင်းသည် အခြားမင်းများထံသို့ သရက်သီးတို့ကို လက်ဆောင်အဖြစ်ဖြင့် ပေးပို့သည်ရှိသော် အစေ့မှ အပင်မပေါက်နိုင်အောင် အစေ့ကို အဆိပ်ရှိသောအရိုးတို့ဖြင့် ထိုးဖျက်၍ ပို့လေ့ရှိ၏။

ထိုအကြောင်းကို မင်းတို့သိသော် မလိုသောမင်းတစ်ပါးသည် မိမိ၏ဥယျာဉ်မှူးအား ဒဓိ၀ါဟနမင်း၏ သရက်သီးအရသာကိုဖျက်ရန် တိတ်တဆိတ် လွှတ်လိုက်လေ၏။

ထိုဥယျာဉ်မှူးသည် မိမိ၏အကြံဉာဏ်အားဖြင့် ဥယျာဉ်မှူးဟောင်းနှင့်အတူ အမှုထမ်းရသော် ပန်းတို့ကို အခါမဲ့ပွင့်စေ၏။ သစ်သီးတို့ကို အခါမဲ့ သီးစေ၏။ ဥယျာဉ်ကို မွေ့လျော်ဖွယ်ရှိအောင် ပြု၏။ ဒဓိဝါဟနမင်းလည်း နှစ်သက်သည်နှင့် ဥယျာဉ်မှူးဟောင်းကို နုတ်၍ ဥယျာဉ်မှူးသစ်အား ဥယျာဉ်နှင့်တကွ သရက်ပင်ကို ကြည့်ရှုပြုစုစေ၏။

ထိုအခါမှ ဥယျာဉ်မှူးသစ်သည် သရက်ပင်ပတ်လည် တမာပင်၊ ခွေးတောက်ပင်တို့ကို ဝိုင်းရိုက်လေ၏။ မကြာမီပင် သရက်မြစ်နှင့် တမာမြစ်၊ ခွေးတောက်မြစ်တို့သည် ရောယှက်ကုန်သည်ရှိသော် သရက်အရသာပျက်၍ ခါးခြင်းသို့ ရောက်လေ၏။ ထိုအကြောင်းကို ဥယျာဉ်မှူးသစ်သိသော် မိမိမင်းထံသို့ ပြေးလေ၏။

ဒဓိဝါဟနမင်းသည် သရက်ခါးရခြင်းအကြောင်းကို ပညာရှိအမတ်အား မေးမြန်း၍ သိရသောအခါမှ တမာပင်၊ ခွေးတောက်ပင်တို့ကို ဖြတ်စေ၍ ရေချိုမြေကောင်း နို့ရည်သကာရည် စသည်တို့ဖြင့် သရက်ပင်ကို ပြုပြင်လေမှ သရက်သီးသည် တစ်ဖန်ချိုခြင်းသို့ ရောက်လေသတည်း။

"ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်က၊ သရက်ပင်မင်း၊ သီးချိုကင်း၏။"

ဇာတ်ပေါင်းသော်–

ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၀၈။ သီဟစမ္မဇာတ် ၃၆

(သီဟ = ခြင်္သေ့။ စမ္မ = အရေ၊ သားရေ။)

ခြင်္သေ့ယောင်ဆောင်သော မြည်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘုရားကိုတုရ၍ကျင့်သော ကောကာလိကကို အကြောင်းပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသရောအခါ ကုန်သည်တစ်ယောက်သည် ကုန်သွယ်ရောက်လေရာအရပ်၌ မိမိမြည်း၏ ကျောက်ကုန်းမှ ကုန်ထုပ်ကိုချပြီးလျှင် မြည်းကို ခြင်္သေ့ရေစွပ်ပေး၍ သလေးခင်း၊ မုယောခင်းတို့၌ အစာစားစေရန် စေလွှတ်လေ့ရှိ၏။ လယ်ယာစောင့်ကုန်သောသူတို့သည် ခြင်္သေ့ထင်မှတ်၍ အနီးသို့မချဉ်းဝံ့၊ ကြည့်၍သာ နေကြရကုန်၏။

တစ်ခါသော်ကား လယ်စောင့်တို့နှင့် လယ်ရှင်တို့သည် ခြင်္သေ့ကို ခြောက်ရန်ဟု အဝေးမှနေ၍ စည်ခရာသင်း စသည်တို့ကို တီးမှုတ်ကြလေသောအခါ မြည်းသည် ကြောက်လန့်သည်ဖြစ်၍ မြည်းသံကို မြည်လေ၏။

ထိုအခါမှ ပညာရှိလယ်သမားသည် ခြင်္သေ့မဟုတ်၊ ခြင်္သေ့ရေစွပ်ထားသော မြည်းသာတည်းဟု ရွာသားတို့နှင့် စုရုံး၍ မြည်းကိုရိုက်သတ်ပြီးလျှင် ခြင်္သေ့ရေကို ယူသွားကြလေ၏။

မြည်းရှင်ကုန်သည်လည်း လာရောက်၍ ဤမြည်းသည် ခြင်္သေ့ရေကိုစွပ်ရုံ၍ ခြင်္သေ့သဏ္ဌာန်ဖြင့် စားသောက်ရသည်မှာ ကြာလေပြီ။ ယခုမူကား ဇာတိရင်းဖြစ်သော မြည်းသံကို မြည်လေသောကြောင့် ပျက်စီးရချေသည်တကားဟု ဆို၍ ဖဲလေသတည်း။

ဇာတ်ပေါင်းသော်-
ကုန်သည်သည် ဒေဝဒတ် ဖြစ်လာ၏။
မြည်းသည် ကောကာလိက ဖြစ်လာ၏။
ပညာရှိ လယ်သမားသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၀၉။ ရူဟကဇာတ် ၄၁

တင့်တယ်စေလိုမျှ အရှက်ကွဲသော ရူဟကပုဏ္ဏား အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ နေတော်မူစဉ် မယားဟောင်း၏ ဖြားယောင်းခြင်းကို ခံရသော ရဟန်းတစ်ပါးနှင့်စပ်၍ မိန်းမတို့သည် အကျိုးမဲ့ ပြုတတ်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါး၏ ရူဟကမည်သော ပုရောဟိတ်ပုဏ္ဏားသည် လှပတင့်တယ်စွာ တန်ဆာဆင်အပ်သောမြင်းကို စီး၍ မင်းခစားသွားလေရာ မြင်သူအပေါင်းသည် ထိုမြင်းကား လှပတင့်တယ် အံ့ဖွယ်ရှိလှပေ၏ စသည်ဖြင့် မြင်းကိုသာ ချီးမွမ်းကြလေ၏။

ပုဏ္ဏားသည်လည်း လူတို့သည် မြင်းကိုသာ ချီးမွမ်းကြ၏။ ငါ့ကိုကား မချီးမွမ်းလေဟု မကျေနပ်သည်နှင့် ပုဏ္ဏေးမအား ပြောကြားသော် ပုဏ္ဏေးမသည် မိမိ၌ လော်လည်သောအပြစ်ရှိ၍ ပုဏ္ဏားကို မလိုသောအခါ ဖြစ်နေရကား အရှင်- မြင်းကို ချီးမွမ်းကြသည်မှာ

ဆင်ယင်သော တန်ဆာတို့ လှပတင့်တယ်သောကြောင့် ဖြစ်ပါသည်။ အရှင်အား ချီးမွမ်းကြစေလိုမူကား မြင်း၏တန်ဆာတို့ကိုဆင်ယင်၍ မြင်းကဲ့သို့ သွားပါလော့ဟု ဆိုလေ၏။

ပုဏ္ဏားလည်း အကယ်ထင်၍ ဆိုတိုင်းသွားလေသော် လူတို့သည် လက်ခုပ်လက်ဝါးတီး၍ အိုဘယ့်-ပုဏ္ဏား၊ ကြော့ရှင်းပါဘိသည်။ အိုဘယ့်-ပုဏ္ဏား စင်စစ်တင့်တယ် ရှုချင်ဖွယ်ရှိပါပေသည်ဟု ရယ်မောကာ ဆိုကြကုန်၏။

နန်းသို့ရောက်လျှင် မင်းကြီးက အသင်ပုဏ္ဏား- သင်ရှုးတော့သလောဟုဆိုမှ သတိရ၍ အလွန်ရှက်ကြောက်လျက် ပုဏ္ဏေးမသည် ငါ့ကို အရှက်ခွဲခဲ့၏ဟု အမျက်ထွက်လေသည်နှင့် မင်းကြီးတားသော်လည်း မရ၊ ပုဏ္ဏေးမကို နှင်ထုတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်-

ပုဏ္ဏေးမသည် မယားဟောင်း ဖြစ်လာ၏။
ပုဏ္ဏားသည် ရဟန်း ဖြစ်လာ၏။
မင်းသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၀၁။ စူဠပဒုမဇာတ် ၄၃

ပဒုမမင်းသားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မာတုဂါမတစ်ယောက်ကိုစွဲ၍ သာသနာ၌ ငြီးငွေ့သော ရဟန်းတစ်ပါးအား မိန်းမတို့၏ အပြစ်ကိုပြလို၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် ထီးနန်း၏ အန္တရာယ်ကို စိုးရိမ်၍ မိမိ၏သားတော် ၇ပါးတို့အား ငါလွန်မှ လာကြလော့ဟု အရပ်တစ်ပါးသို့ နှင်လိုက်၏။

မင်းသားတို့သည် မိမိတို့၏ မယားတို့ကိုယူ၍ အစဉ်အတိုင်း သွားကြရာ ကန္တာရတစ်ခုသို့ရောက်လာသော် အစာရေစာမရှိ ငတ်မွတ်ကြသည်နှင့် ငါတို့အသက်ရှင်သော် မယားရနိုင်သည်သာတည်းဟု ရှေးဦးစွာ ညီအငယ်ဆုံးမယားကို သတ်ပြီးလျှင် ၁၃ စုပြု၍ စားကြ၏။

အကြီးဆုံးဖြစ်သော ပဒုမမင်းသားသည်ကား မိမိနှင့် မိမိမယား၏အစုနှစ်စုတွင် တစ်စုကိုသာ နှစ်ယောက်စားကြ၍ တစ်စုကိုထား၏။

ဤနည်းဖြင့် ညီတို့၏မယားတို့ကို အစဉ်အတိုင်း နေ့တိုင်း သတ်၍သတ်၍စားကြရာ ၈ ရက်မြောက်သောနေ့၌ ပဒုမမင်း၏ မယားအလှည့်သို့ ရောက်လာလေ၏။ ထိုအခါ ပဒုမမင်းသားက မိမိစုထားသော အစုခြောက်စုကို ညီတော်ခြောက်ပါးအား ပေး၍ ယနေ့ဤခြောက်စုကို စားကြကုန်၊ နက်ဖြန်မှ နက်ဖြန်အလျောက် ဖြစ်လိမ့်မည်ဟု ဆို၏။

ထိုနေ့ညဉ့်ပင် ညီတော်တို့ အိပ်ပျော်နေစဉ် ပဒုမမင်းသားသည် မယားကို ယူ၍ပြေးလေ၏။ အတန်ငယ်သွား၍ မယားက မသွားနိုင်ဆိုသဖြင့် ပခုံးဖြင့် ထမ်းရလေ၏။ မိုးသောက်၍ ကန္တာရမှလွန်သော် မယားက ရေငတ်လှသည်ဆိုသဖြင့် ရေမရနိုင်သည်နှင့် လက်ယာပုဆစ်ဒူးမှ သွေးကိုဖောက်၍ တိုက်ရ၏။ ဤသို့လာခဲ့ကြရာ မြစ်တစ်ခုကို တွေ့မှ အရိပ်သန်မ်းဆောက်၍ နေကြကုန်၏။

ထိုကာလ၌ မင်းပြစ်သင့်သော ခိုးသူတစ်ယောက်ကို လက်၊ ခြေ၊ နား၊ နာတို့ကို ဖြတ်ပြီးလျှင် လှေတွင်တင်၍ မျှောလိုက်ရာ

သည်းစွာသော ညည်းညူသံကို ပဒုမမင်းသားကြားသော် သနားသည်နှင့် ဆယ်ယူကုမၺ၏။ မယားဖြစ်သူကား အညွှန့်မရှိသော ငတုံးကို လုပ်ကျွေးပြုစုလေသည်ဟု ရွံရှာစက်ဆုပ်ခြင်းဖြင့် တံတွေးထွေးလျက်သွားလေ၏။ ပဒုမမင်းသား ကုမၺ အနာတို့ပျောက်သော် ငတုံးနှင့် မိမိ၏မယားကို သခ်ၨမ်းတွင်ထားခဲ့၍ တောတွင် သစ်သီးရှာပြီးလျှင် ကျွေးမွေးပေ၏။ မကြာမီပင် ထိုမိန်းမသည် ငတုံးအား တပ်မက်လာ၍ ပဒုမမင်းသားကို သတ်အံ့သောငှာ

အရှင်– ကန္ဓာရမှ အကျွန်ုပ်တို့ ထွက်၍လာစဉ်က တောင်စောင့်နတ်မင်းအား အကျွန်ုပ်တို့ ဘေးကင်း၍ အသက်ရှင်သော် ပူဇော်ပါအံ့ဟု တိုင်တည်တောင်းပန်ခဲ့ပါသည်။ ယခု တောင်စောင့်နတ်မင်းသည် အကျွန်ုပ်ကို ထိတ်လန့်စေ၏။ သို့ပါသောကြောင့် တောင်သို့တက်၍ ဗလိနတ်စာဖြင့် ပူဇော်အံ့ဟု လှည့်ဖြားခေါ်သွားပြီးလျှင် တောင်ပေါ်သို့ရောက်သော် အမှတ်မဲ့တွန်းချလိုက်လေ၏။

ပဒုမမင်းသား ကျလေရာ တောင်ခုလတ်တွင် ချုံထက်၌ကျ၍ ဘေးမရှိဘဲ တောင်ခြေသို့လည်း မဆင်းနိုင်သည်နှင့် ရေသဖန်းသီးကို စား၍ အခက်ကြား၌ နေရလေ၏။

ထိုအခါ ဖွတ်ကြီးတစ်ကောင်သည် ရေသဖန်းသီးကိုစားရန်လာရာ ပဒုမမင်းသားကို တွေ့မြင် မေးမြန်း အကြောင်းသိရသော် မိမိ၏ကျောက်ကုန်းဖြင့် ဆောင်ယူ၍ လူတို့သွားရာလမ်းခရီးမသို့ ပို့လိုက်လေ၏။

ပဒုမမင်းသားသည် ထိုလမ်းမဖြင့် လာခဲ့ရာ နောက်ဆုံး၌ ဗာရာဏသီသို့ရောက်ရှိ ခမည်းတော်သေလွန်နှင့်သည်ဖြစ်၍ မင်းပြုရလေ၏။ မျှားစွာသော အလှူတောင်းကုပ်တို့ကိုပြု၍ ကြီးကျယ်သောအလှူတို့ကို မပြတ် ပေးလှူတော်မူ၏။

ကျန်ရစ်သောမိန်းမယုတ်သည်ကား ငတုံးကို ကျောက်ကုန်းခ္ဍ ပိုး၍ ရွာသို့ကပ်ကာ အစားအစာတောင်း၍ ကျွေးမွေးပေ၏။ လူတို့က မေးသော် ငါနှင့်ဝမ်းကွဲမောင်နှမတော်၏ မိဘတို့ပေးစားသော ငယ်လင် ဖြစ်သဖြင့် မင်းပြစ်သင့်သော်လည်း မစွန့်ရက်ဘဲ ဤသို့ကြဉ်းဆောင် သယ်ပိုး၍ တောင်းရမ်းကျွေးမွေးပေသည်ဟု ဆို၏။

လူတို့ကလည်း သာဓုခေါ်၍ နှစ်သက်ကြသည်နှင့် များပြားသော အစားအသောက်တို့ကို ပေးကြကုန်၏။ အချို့ကလည်း ဗာရာဏသီမြို့၌ မင်းကြီးသည် အလှူကြီးစွာပေးလျက်ရှိ၏။ ထိုအရပ်သို့ သွားလေ များစွာသော လာဘ်သပ်ပကာရလတ္တံ့။ သင်၏လင်ကိုလည်း ဤကြိမ်တောင်းခ္ဍထည့်၍ ဆောင်လေဟု ကြိမ်တောင်းတစ်လုံးကိုလည်း ပေးလိုက်ကြ၏။

မိန်းမလည်း ငတုံးကို တောင်းတွင်ရွက်၍ ပဒုမမင်းကြီး၏ အလှူသို့ ရောက်လာသည်ကို မင်းကြီး မြင်လျှင်မြင်ချင်း မင်းကြီးက သာ သိသော်လည်း မသိဟန်ပြု၍ အသင်နှင့် ထိုငတုံးသည် မည်သို့ တော်စပ်ကြသနည်းမေးတော်မူ၏။ ရှေးရှာတွင်ဆိုသည့်အတိုင်းလျှောက်သော် မှူးမတ်နှင့်တကွ လူအပေါင်းတို့သည် ဤမိန်းမကား လင်ကိုနတ်ကဲ့သို့ လုပ်ကျွေးပါပေသည်။ အံ့ဖွယ်သရဲ ရှိပေ၏ဟု ကရဏာဖြင့် ချီးမွမ်းကြလေ၏။ ထိုအခါမှ မင်းကြီးသည် အို–အမတ်တို့ ဤမိန်းမ ပျက်သည် မုသားကိုဆို၏။ အခြားသူမဟုတ်၊ ငါ၏မယားပင်တည်းဟု အလုံးစုံကို ပြန်၍ပြောပြတော်မူပြီး ဤသူယုတ်တို့ကို အပြစ်ပေးအံ့။ ငတုံးကို ကျည်ပွေ့ဖြင့် သိသိညက်ညက်ကျေအောင် ရိုက်လေကုန်။ ထိုမိန်းမကိုကား အသက်ရှင်စဉ်၌ နား၊ နှာခေါင်းတို့ကိုဖြတ်လေကုန်ဟု အမိန့်ပေးလေ၏။

ဤသို့ ရှေးဦးစွာ ပြင်းစွာအမျက်ထွက်သည်နှင့် အမိန့်ပေးသော်လည်း ရှိရင်းစွဲ သဘောကောင်းသည် မကြာမီလည်လာ၍ ထိုမိန်းမ

အား ငတုံးကို ခါတိုင်းကဲ့သို့ပင် တောင်းဌ်ရှက်စေ၍ ပြည်မှ နှင်ထုတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်–
ညီတော်ခြောက်ယောက်သည် မထင်ရှားသောရဟန်းတို့ ဖြစ်လာ၏။
ပဒုမမင်းသား၏ မယားသည် စိဉ္စမာန ဖြစ်လာ၏။
ငတုံးသည် ဒေဝဒတ် ဖြစ်လာ၏။
ဖွတ်သည် ရှင်အာနန္ဒာ ဖြစ်လာ၏။
(စူဋ) ပဒုမမင်းသားသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၁၁။ မဏိစောရဇာတ် ၄၄
(မဏိ = ပတ္တမြား။ စောရ = သူခိုး)

သူတော်ကောင်းကို နတ်ကောင်းမခြင်းအကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းဌ် သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ရန် လုံ့လပြုရာတွင် ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ အကျင့်သီလနှင့် ပြည့်စုံသောသူကြွယ် လင်မယားနှစ်ယောက်တို့သည် လှည်းစီး၍ ဗာရာဏသီမြို့တွင်းသို့ လာကြရာ ဆင်စီး၍ မြို့ကိုလှည့်လာသော ဗာရာဏသီမင်းသည် ထိုသုဇာတာမည်သော အဆင်းအဂၢါနှင့် ပြည့်စုံသောမယားကို မြင်လျှင် တပ်မက်သည်နှင့် လင်ကိုသတ်၍ မယားကိုယူအုံ့ဟု–

မင်းသည် ပတ္တမြားဦးသျှောင်ကျင်ကို ထိုသူကြွယ်လှည်းတွင် အမှတ်မဲ့ထားစေ၍ သူခိုးအနေနှင့် ဖမ်းပြီးလျှင် သူသတ်တို့အား အပ်လိုက်လေ၏။ သူသတ်တို့လည်း ဦးခေါင်းကိုဖြတ်အံ့ဟု ပက်လက်အိပ်စေ၍ထား၏။

ထိုအခါ သုဇာတာသည် ဆောက်တည်ရာမရပြင်းစွာငိုကြွေးလျက် မြည်တမ်းသည်မှာ ဤလောကဌ် သီလရှိသူကို စောင့်ရှောက်ကြည့်ရှုတတ်သော နတ်တို့သည်လည်းကောင်း၊ ရဟန်းပုဏ္ဏားတို့သည်လည်းကောင်း မရှိယောင်တကား၊ သီလမရှိ ယုတ်မာသောအမှုကို ပြုတတ်သော သူယုတ်တို့အား တားမြစ်ကုန်သော နတ်တို့သည် မရှိလေယောင်တကားဟု မိမိ၏သီလဂုဏ်ကို ဆင်ခြင်၍ မြည်တမ်းတလေ၏။

ထိုအခါ သိကြားမင်းသည် ကျောက်ဖျာတင်း၍ အကြောင်းကို သိရအောင် လာရောက်ပြီးလျှင် မိမိ၏အာနုဘော်ဖြင့် မင်းကို သူကြွယ်၏နေရာသို့ ရောက်စေ၍ သူကြွယ်ကို မင်း၏နေရာ ဆင်ဦးကင်းထက်သို့ ရောက်စေ၏။

ထိုခဏဌ် ဦးခေါင်းကိုဖြတ်သော် မင်း၏ဦးခေါင်းဖြစ်နေသည်ကို တွေ့ကြရလေ၏။ သိကြားမင်းလည်း သူကြွယ်ကို မင်းအဖြစ်သို့ ဘိသိက်သွန်း၍ သုဇာတာကို မိဖုရားကြီးအရာထားလေ၏။

လူတို့သည် သိကြားမင်းသည် မကောင်းသောမင်းကိုပယ်၍ ကောင်းသောမင်းကို ပေးပေသည်ဟု ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။

သိကြားမင်းသည်လည်း ကောင်းကင်ဌ်ရပ်လျက် မင်းသည် အကယ်၍ တရားမစောင့်သည်ဖြစ်အံ့၊ မိုးသည် မရွာသင့်သောကာလဌ် ရွာ၏။ ရွာသင့်သောကာလဌ် မရွာချေ။ ငတ်မွတ်ခြင်းဘေး၊ ရောဂါဘေး၊ ဓားလက်နက်ဘေးတည်းဟူသော ဘေးသုံးပါးသည် ဖြစ်လာတတ်၏ဟု ဆုံးမဟောပြော၍ တာဝတိံသာသို့ ပြန်လေသတည်း။

ဇာတ်ပေါင်းသော်–
(ဗာရာဏသီ)မင်းသည် ဒေဝဒတ် ဖြစ်လာ၏။
သိကြားမင်းသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
သုဇာတာသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
(သူကြွယ်) မင်းသည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၁၂။ ကေဠိသီလဇာတ် ၅၂
(ကေဠိသီလ = ပြက်ရယ်ပြုလေ့ရှိသော။)

အိုခြင်းကို မနှစ်သက်သောမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လကုဏ္ဍကဘဒ္ဒိယမည်သော မထေရ်သည် အသက်ရည်၏။ ကျော်စော၏။ သာယာသောအသံဖြင့် တရားဟောတတ်၏။ ပဋိသမ္ภိဒါကိုရသော ရဟန္တာ ကြီးဖြစ်၏။ သို့ရာတွင် အရွယ်သဏ္ဌာန်ကား ငယ်၏။ ပုရ်ကွ၏။ သာမဏေ ငယ်ကဲ့သို့ ထင်ရ၏။

မထေရ်သည် တစ်နေ့သော် မြတ်စွာဘုရားထံသို့ အဖူးအမြော်သွား ရာ တောရွာမှလာသော ရဟန်းတို့နှင့် ကျောင်းဝ၌ တွေ့လျှင် သာမဏေငယ် အမှတ်ဖြင့် သက်န်းကိုဆွဲခြင်း၊ ခေါင်းကိုပုတ်ခြင်း၊ နှာခေါင်းကို ကိုင်ဆွဲခြင်း၊ နားရွက်ကိုဆွဲခြင်း စသည်တို့ကို ပြုပြီးမှ ဘုရားထံသို့ ဝင်ကြလေ၏။

ဘုရားထံသို့ရောက်၍ ပဋိသန္ဓာရပြုပြီးမှ အရှင်ဘုရား၊ အလွန်ကျော် စောသော လကုဏ္ဍကဘဒ္ဒိယမည်သော မထေရ်ကြီးကို ဖူးမြင်လိုပါသည်။ အဘယ်မှာ ရှိပါလေသနည်းဟု မေးလျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားက ကျောင်းဝတွင် အသင်တို့သည် သာမဏော အမှတ်ဖြင့် ကစားသောသူသည် ထိုပုဂ္ဂိုလ်ကြီးပင်တည်းဟု မိန့်တော်မူမှ အရှင်ဘုရား၊ ဤမျှသောပုဂ္ဂိုလ်သည် အဘယ်ကြောင့် ဘုန်းတန်ခိုးနည်းရ လေသနည်းဟု လျှောက်ကြ၏။ မြတ်စွာဘုရားကလည်း ချစ်သားတို့-ရှေးက မကောင်းမှုကြောင့် ဖြစ်ရ၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် အိုသော လူသူ, ဆင်, မြင်း, ကျွဲ, နွား အစရှိသည်တို့ကိုမြင်လျှင် ကစားတတ်သော အလေ့ရှိ၏။ ယောကျ်ားအိုကိုမြင်လျှင် မြေ၌ ကျွမ်းထိုးစေ၏။ မိန်းမအိုကိုမြင်လျှင် ဝမ်းဗိုက်ကိုတွန်း၍ လဲလေ့ရှိ၏။ လှည်းအို ရထားအိုကိုမြင်လျှင် ဖျက်စေ၏။ ဤသို့ စသည်ဖြင့် ကစားညှဉ်းဆဲသည်နှင့် လူတို့သည် မိမိတို့၏ အမိအဖ စသော သက်ကြီးတို့ကို အခြားတိုင်းတစ်ပါးသို့ ပို့၍ထားကြသည်ဖြစ်ရာကား အမိအဖသက်ကြီးတို့ကို လုပ်ကျွေးသော တရားသည် ပျက်ခဲ့၏။ မင်းအတုကိုလိုက်၍ မင်းခစားတို့သည်လည်း နည်းတူကျင့်သဖြင့် အပါယ်ဘုံသို့ ရောက်သွားသည်သာ များကုန်၏။

ထိုအခါ သိကြားမင်းသည် အသစ်ဖြစ်သော နတ်သားနည်းသည်နှင့် အကြောင်းကို ဆင်ခြင်သော် သိ၍ ဗာရာဏသီမင်းကို ဆုံးမအံ့ဟု လူအိုသဏ္ဌာန်ဖန်ဆင်း၍ လှည်းအိုနွားအို၌ ရက်တက်အိုးနှစ်လုံးတင်ပြီးလျှင် မြို့ကို လှည့်လာသော ဗာရာဏသီမင်းတစ်ပါးတည်းကိုသာ မြင်စေ၍ ရှေ့က စီးသွားလေ၏။

ဗာရာဏသီမင်းလည်း ထိုလှည်းအိုကို ဖမ်းကြကုန်ဟုဆိုစဉ် သိကြားလူအိုသည် မင်း၏ဦးခေါင်းထက်၌ ရက်တက်အိုးတစ်လုံးကို ခွဲ၏။ တစ်ဖန် ပြန်လည်လာသောအခါ ဒုတိယအိုးတစ်လုံးကို ခွဲပြန်၏။ ဤသို့ ရက်တက်ရည်ဖြင့် ယိုစီးစိုရွှဲနေလျှင် မင်းသည် စက်ဆုပ်ရွံ့ကြောက်ခြင်းဖြစ်လေ၏။

ထိုအခါမှ သိကြားမင်းသည် ကိုယ်တိုင်ပြလျက် ဟယ်–တရား မစောင့်သော မင်းယုတ် သင်သည် မအိုရပြီလော၊ သင်ကစားနိုပ်စက်သည်ဖြစ်၍ သက်ကြီးမိဘကို လုပ်ကျွေးခြင်းတရားသည် ပျက်လေပြီ။ သင့်ကိုမှီ၍ များစွာသောသူတို့ အပါယ်သို့ရောက်ကြရ၏။ သင်၏ အကျင့်ဆိုးကို ဖျောက်လော့ သို့မဟုတ်လျှင် ဝရဏနိ်လက်နက်ဖြင့် သင်၏ဦးခေါင်းကိုခွဲအုံ့ဟု ခြိမ်းခြောက်၍ တာဝတိံသာသို့ ပြန်လေ၏။

ဗာရာဏသီမင်းလည်း ထိုအခါကစ၍ အကျင့်ဆိုးကို ဖျောက်လေသတည်း။

မြတ်စွာဘုရားသည် ဆက်လက်၍ ရဟန်းတို့၊ လောကဌ် ငယ်သော်လည်း ပညာရှိလျှင် ကြီးသည်မည်၏။ ကိုယ်ကြီးသော်လည်း ပညာအနှစ်မရှိသော် ကြီးသည် မမည်လေဟု မိန့်တော်မူပြီးမှ။

ဇာတ်ပေါင်းသော်–

ဗာရာဏသီမင်းသည် ဝဋ္ဌလည်သည့်အနေနှင့် လကုဏ္ဌကဘဒ္ဒိယ မထေရ် ဖြစ်လာ၏။

သိကြားမင်းသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၁၃။ ဂင်္ဂေယျဇာတ် ၅၅

အလှပြိုင်သော ငါးတို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ် နေတော်မူစဉ် ရဟန်းနှစ်ပါးသည် သူ့အဆင်းတင့်တယ်သည်၊ ငါ့အဆင်းတင့်တယ်သည်ဟု အငြင်းအခုံ

ဖြစ်၍ အဆုံးဖြတ်ခံရန် ရဟန်းအိုကြီးတစ်ပါးထံသို့ သွားရာ ရဟန်းအိုကြီးက ငါ့ရှင်– သင်တို့နှစ်ပါးထက် ငါက ပို၍တင့်တယ်ပေသည်ဟုဆိုလေ၏။ ရဟန်းငယ်နှစ်ပါးကလည်း ရဟန်းအိုသည် မေးသည်ကို မဖြေဘဲ မမေးသည်ကို ဖြေရာသလောဟု ဆဲရေး၍ သွားကြလေ၏။

ထိုအကြောင်းကို မြတ်စွာဘုရားကြားသော် ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဂင်္ဂါမြစ်နှင့် ယမုနာမြစ်တို့ဆုံရာအရပ်၌ ဂင်္ဂါငါးနှင့် ယမုနာငါးတို့သည် သူတင့်တယ်သည်၊ ငါတင့်တယ်သည်ဟု အငြင်းအခုံဖြစ်၍ ဂင်္ဂါမြစ်ကမ်းနားဌာနေသော လိပ်ထံသို့ အဆုံးအဖြတ်ခံရန် သွားကြလေ၏။

ထိုအခါ လိပ်က အဆွေတို့၊ ဂင်္ဂါငါးလည်း တင့်တယ်ပေ၏။ ယမုနာငါးလည်း တင့်တယ်ပေ၏။ သို့ရာတွင် အခြေလေးချောင်းလည်း ရှိထသော၊ ပညောင်ပင်၏အဝန်းကဲ့သို့ ဝန်းသောကိုယ်လည်းရှိထသော၊ ရထားတံကဲ့သို့ ရှည်သွယ်သော လည်လည်းရှိထသော ဤအကြင်ငါသည်ကား အဆွေတို့နှစ်ဦးထက် ပိုမိုလွန်ကျူး အထူးတင့်တယ်လှပေ၏တကားဟု ဆိုလေ၏။

ထိုအခါ ငါးတို့က ဟယ်–လိပ်ယုတ် မေးသည်ကိုမဖြေဘဲ မိမိကိုယ်ကို ချီးမွမ်းလေသလောဟု ဆဲရေး၍ လိပ်အပေါ်သို့ ရေကိုပက်ခဲ့ပြီးလျှင် သွားကြလေကုန်သတည်း။

ဇာတ်ပေါင်းသော်–

ငါးနှစ်ခုသည် ပဋ္ဌင်းငယ်နှစ်ပါး ဖြစ်လာ၏။
လိပ်သည် ရဟန်းအို ဖြစ်လာ၏။
ထိုအဖြစ်အပျက်ကိုမြင်ရသော ဂင်္ဂါမြစ်ကမ်းရှိ ရက္ခစိုးသည် ဘုရားဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၁၄။ ကုရဂ်မိဂဇာတ် ၅၆
(ကုရဂ်မိဂ = သမင်တစ်မျိုး။)

သမင်၊ လိပ်၊ ခေါက်ရှာဌက်
မိတ်ဆွေသုံးဦးတို့အကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကိုသတ်ရန် အားထုတ်သည်နှင့်စပ်၍ ရှေးကလည်း ပြုလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ သမင်တစ်ကောင်သည် ချုံတစ်ခု၌၊ လိပ်သည် အနီးရှိရေအိုင်၌၊ ခေါက်ရှာဌက်သည် အိုင်အနီးရှိ သစ်ပင်၌ အသီးသီးနေကြကုန်၏။ ထိုသုံးဦးမှာ ချစ်ကြည်သောမိတ်ဆွေများ ဖြစ်ကြ၏။

တစ်ရံခါသော် အိုင်အနီးတွင် မုဆိုးထောင်ထားသော ကျော့ကွင်း၌ ညဉ့်ဦးယံအချိန်တွင် သမင်ကို မိလေ၏။ သမင် အော်မြည်သံကို လိပ်နှင့် ခေါက်ရှာဌက်တို့ကြားသော် ခေါက်ရှာဌက်က အဆွေလိပ်– သင့်မှာ သွားရှိသည်ဖြစ်၍ ကျော့ကွင်းကို ကိုက်ဖြတ်လော့။ ငါကား မုဆိုးမလာနိုင်ရန် တတ်နိုင်သမျှ ကြိုးစားအံ့ဟု ဆိုပြီးမှ။

လိပ်သည် ကျော့ကွင်းကို ကိုက်ဖြတ်လျက်နေ၏။ ခေါက်ရှာဌက်သည် မုဆိုးအိမ်အနီးသို့ ပျံသွားလျက် မိုးလင်းစ၌ မုဆိုး လုံကိုကိုင်၍ အရှေ့တံခါးမှ ထွက်လာသည်ကို အတောင်ဖြင့် မျက်နှာတို့ကို ရိုက်ခတ်လေ၏။ မုဆိုးလည်း နိမိတ်မကောင်းဟု အတန်ငယ်အိပ်ပြီးမှ တစ်ဖန် အနောက်တံခါးဖြင့် ထွက်ပြန်၏။ ၄က်လည်း ပုတ်ခတ်ပြန်သည်နှင့် ပြန်၍အိပ်ပြန်၏။ ဤနည်းဖြင့် မုဆိုးသည် နေထွက်စလောက်မှ အိမ်က ထွက်ဖြစ်လေ၏။

ခေါက်ရှာငှက်သည်လည်း လျင်မြန်စွာ ပျံလာခဲ့၍ သမင်နှင့် လိပ်အား မုဆိုးထွက်လာသည့်အကြောင်းကို ပြောပြန်၏။ ကျော့ကွင်း မှာလည်း တစ်လွန်းမျှသာ ကျန်တော့သည်နှင့် မုဆိုးရောက်လာသော ခဏ၌ သမင်သည် အားကြီးစွာဖြင့် ရုန်းဖြတ်၍ တောသို့ဝင်ပြေး လေ၏။

သမင်လွတ်လျှင် မုဆိုးသည် အားကုန်၍ မပြေးနိုင်ရှာသော လိပ်ကို ဖမ်းယူ အိတ်တွင်ထည့်ပြီးလျှင် သစ်ငုတ်တစ်ခု၌ ဆွဲထား၏။

ထိုအခါ သမင်သည် ပြန်ကြည့်၍ လိပ်၏အဖြစ်ကိုမြင်သော် ကယ်ဦးအံ့ဟု အားနည်းဟန်ပြ၍ မုဆိုးရှေ့တွင် သွား၏။ မုဆိုးလည်း သမင်မပြေးနိုင်ပြီဟု လုံကိုကိုင်၍ လိုက်၏။ သမင်သည်လည်း မနီး မဝေးသွားလျက် မုဆိုးကို တောနက်ရာသို့ သွေးဆောင်ခဲ့၏။

အတန်ဝေးသော် သမင်သည် အခြားလမ်းတစ်ခုဖြင့် လိပ်ရှိရာ သို့ အလျင်အမြန်ပြေးခဲ့ပြီးမှ ချိုဖြင့် အိတ်ကိုချီချ၍ လိပ်ကို ထုတ်လေ၏။ ထိုခဏ၌ ခေါက်ရှာငှက်သည်လည်း သစ်ပင်မှ သက်လာ၏။

ထိုအခါမှ သမင်က အဆွေတို့ မုဆိုးမကြာမီရောက်လာလတ္တံ့။ သို့ဖြစ်သောကြောင့် အဆွေခေါက်ရှာငှက်က မိမိ၏သားငယ်တို့ကို ယူ၍ အခြားအရပ်သို့သွားလေလော့။ အဆွေလိပ်သည်ကား ရေသို့ ဆင်းလေလော့။ ငါမူကား တောသို့ဝင်လေအံ့ဟု အကြံပေးသည့် အတိုင်း ပြုမူကြသည်နှင့် မိတ်ဆွေသုံးဦးလုံး ချမ်းသာကြလေသတည်း။

ဇာတ်ပေါင်းသော–

မုဆိုးသည် ဒေဝဒတ် ဖြစ်လာ၏။
ခေါက်ရှာငှက်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
လိပ်သည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
သမင်သည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၁၅။ အသကဇာတ် ၅၇

အသကမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း၌ စွဲလမ်းသော ရဟန်းတစ်ပါးအား ဆုံးမရန် ထိုမိန်းမသည်သင့်ကို ချစ်ခင်သည်မဟုတ်၊ ရှေးကလည်း ထိုမိန်းမကိုမှီ၍ ဆင်းရဲကြီးစွာ ရောက်လေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကာသီတိုင်း ပါဠလိမြို့၌ အသကမည်သော မင်းသည် မိမိ၏ အလွန်လှပတင့်တယ်သော မိဖုရား ဥပရိသည် သေဆုံးသောအခါ မိဖုရား၌ အလွန်တပ်မက်သည်ဖြစ်၍ အလောင်းကို ပင် မစွန့်ပစ်နိုင်ဘဲ ဆေးစိမ်ထားပြီးလျှင် ရေစာမယူ အမြင့်ကြွေးလျက် သာနေ၏။ ခမည်းတော် မယ်တော် မှူးမတ် စသူတို့က တရားချသော်လည်း မရနိုင်ရှိလေ၏။

ခုနစ်ရက်မျှရှိသော် အဘိညာဉ်သမာပတ်တို့နှင့် ပြည့်စုံသော ရသေ့တစ်ပါးသည် ထိုမင်းကြီး၏ စိုးရိမ်ခြင်းကို ဖျောက်လို၍ မိဖုရား၏ ဖြစ်ရာဘဝကို သိလိုလျှင် ငါ့ထံသို့လာခဲ့လော့ဟု ပုဏ္ဏားလုလင်တစ်ယောက်ကို မင်းထံသို့ စေလိုက်၏။

မင်းကြီးလည်း အားရဝမ်းသာစွာနှင့် ရသေ့နေရာ ဥယျာဉ်သို့ လာရောက်ပြီးလျှင် အရှင်ဘုရား၊ မိဖုရား၏ဖြစ်ရာဘဝကို သိသည် မှန်ပါသလောဟု မေးလျှောက်၏။

မင်းကြီး၊ မှန်ပေ၏။

အဘယ်ဘဝ၊ အဘယ်အရပ်၌ ဖြစ်ပါသနည်း။

မင်းကြီး ဥပရိမိဖုရားသည် အဆင်းဖြင့်ယစ်၍သေသည်ဖြစ်၍ ဤဥယျာဉ်၌ နွားချေးပိုးမ ဖြစ်လေပြီ။

အရှင်ဘုရား၊ အကျွန်ုပ်မယုံနိုင်ပါ။ ပြတော်မူပါလော့။

ထိုအခါ ရသေ့သည် မိမိ၏အာနုဘော်ဖြင့် နွားချေးပိုး ဖိုမ နှစ်ကောင်ကို ရှေ့သို့ရောက်လာစေ၍ မင်းကြီး၊ ဤနွားချေးပိုးမသည် ဥပရိမိဖုရားတည်း။ ယခု သင့်ကိုစွန့်၍ နွားချေးပိုးဖို၏ နောက်မှလိုက်သည်ကို ရှုပါလော့ဟု ဆို၏။

မင်းကြီးလည်း အရှင်ဘုရား ဥပရိစင်လျက် နွားချေးပိုးအမျိုး၌ ဖြစ်သည်ဆိုသည်ကို အကျွန်ုပ် မယုံနိုင်ပါဟု ဆိုလေရာ။ ရသေ့ကကောင်းပြီ၊ နွားချေးပိုးမကိုယ်တိုင်ပင် စကားဆိုစေအုံ့ဟုဆို၍ ရသေ့သည် ဥပရိ–ဟု ခေါ်လေ၏။

နွားချေးပိုးမသည် လူဘာသာဖြင့် အဘယ်နည်းဟု ဆို၏။ သင်သည် လွန်ခဲ့သောဘဝ၌ အဘယ်အမည်ရှိသနည်း။ အရှင်ဘုရား၊ အဿကမင်းကြီး၏ မိဖုရား ဥပရိအမည်ရှိပါသည်။

ယခုအခါ၌ သင်သည် အဿကမင်းနှင့် နွားချေးပိုးတို့တွင် မည်သူကို ချစ်ခင်သနည်း။

အရှင်ဘုရား၊ အဿကမင်းသည် ရှေးဘဝ၌ လင်ဖြစ်ဖူးသည်မှန်ပါ၏။ သို့ရာတွင် ယခုဘဝခြားပြီးဖြစ်၍ အကျွန်ုပ်နှင့် တစ်စုံတစ်ရာ တော်စပ်တော့သည်မဟုတ်ပါ။ အမှန်ကိုလျှောက်ရသော် အဿကမင်းကိုသတ်၍ ထိုမင်း၏ လည်ချောင်းသွေးဖြင့် အကျွန်ုပ်၏ ယခုလင်ဖြစ်သော နွားချေးပိုးဖို၏ခြေတို့ကို လိမ်းသုတ်လိုပါသည်ဟု ဆို၏။

အဿကမင်းသည် ထိုစကားကိုကြားသော် နလုံးမသာ စိတ်နာသည်ဖြစ်၍ အလောင်းကို ချက်ချင်းစွန့်ပစ်ပြီးလျှင် အခြားတစ်ပါးသော မိန်းမတစ်ယောက်ကို မိဖုရားမြှောက်လေသတည်း။

ဇာတ်ပေါင်းသော်-
အသကမင်းသည် ဦးဌေ.သောရဟန်း ဖြစ်လာ၏။
ဥပရိသည် မယားဟောင်း ဖြစ်လာ၏။
ပုဏ္ဏားလုလင်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၁၆။ သုသုမာရဇာတ် ၅၈

မျောက်နှင့် မိကျောင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် သတ်အံ့သောငှာ လုံ့လပြုသည်နှင့် စပ်၍ ရှေးကလည်း ပြုလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဂင်္ဂါမြစ်ကမ်းရှိ တောတစ်ခု၌ မျောက်ကြီးတစ်ကောင်သည် နေ၏။ ထိုအခါ ဂင်္ဂါမြစ်တွင်းရှိ မိကျောင်းမတစ်ကောင်သည် ထိုမျောက်ကြီး၏ နှလုံးသားကိုစားလို၍ မိကျောင်းဖိုအား အထပ်ထပ် ပူဆာလေသော်။

မိကျောင်းဖိုသည် ဥပါယ်တံမျဉ်ဖြင့် ဖမ်းအံ့ဟု မျောက်ကြီးကမ်းနား၌ ရေသောက်နေစဉ် သွားရောက်ပြီးလျှင် အဆွေမျောက်မင်း-ဤမှာဘက်ကမ်း၌ ၄က်ပျောသီးကိုသာ စားရ၏။ ထိုမှာဘက်ကမ်း၌ကား သရက်၊ ပိန္နဲ စသော ချိုမြိန်ကောင်းမြတ်သော သစ်သီးတို့သည် ပေါများစွာ၏။ သင်သွားရောက်စားသင့်၏။ ဤဂင်္ဂါမြစ်သည် ကျယ်

သည်ဖြစ်၍ သင်ကူးသွားနိုင်မည်မဟုတ်၊ အကယ်၍ အသင်သွားလို သည်ဖြစ်အံ့။ ငါ့ကျောက်ကုန်းဖြင့် သင့်ကို ဆောင်ပို့ပေးအံ့ဟု ဆိုလေ၏။

မျောက်ကြီးယုံကြည်၍ ကျောက်ကုန်း၌ စီးလိုက်သွားရာ ရေလယ်သို့ရောက်သော် မိကျောင်းသည် မျောက်ကို ရေ၌နှစ်လေ၏။

အဆွေမိကျောင်း၊ အဘယ်ကြောင့် ငါ့ကိုနှစ်သနည်း။

ဟယ်–မျောက်ပျက်၊ ငါသည် သင်၏ကျွန်လော။ ငါ၏မယား က သင်၏နှလုံးသားကို စားလိုသည်ဆို၍ သင့်ကိုသတ်ရန် ခေါ်ဆောင်ခဲ့သည်တကားဟု ဆိုလေ၏။

ထိုအခါ မျောက်ကြီးသည် လျင်မြန်သော ရုတ်တရက်ဉာဏ်ဖြင့် အဆွေမိကျောင်း– ငါတို့မျောက်ဆိုသည်မှာ နှလုံးသားကို ရင်တွင်း၌မထား။ အကယ်၍ ရင်တွင်း၌ထားလျှင် သစ်ပင်ထက်၌ ပြေးလွှားခုန်သွားရာတွင် မှုန်.မှုန်.ညက်ညက်ကျေလေရာ၏ဟု ဆို၏။

ထိုအခါ မိကျောင်းက အဘယ်အရပ်၌ သင်၏နှလုံးသားကို ထားသနည်းဟု မေးသော်၊ မျောက်ကြီးက အနီးရှိ ရေသဖန်းပင်ထက်ရှိ ရေသဖန်းသီးတွဲကိုပြ၍ အဆွေမိကျောင်း၊ အသင်ရှုပါလော့။ ငါ၏နှလုံးကို ထိုသဖန်းပင်ထက်၌ ဆွဲထားအပ်၏။ ထိုဆွဲထားသော နှလုံးကို အသင်အလိုရှိလျှင် ငါပေးအံ့ဟု ဆိုလေ၏။

မိကျောင်းယုံကြည်၍ သို့ဖြစ်လျှင် သင့်ကိုမသတ်တော့ပြီ။ နှလုံးသားကိုသာပေးလော့ဟု ဆို၍ မျောက်ကြီးကို ရေသဖန်းပင်သို့ ပို့လေ၏။

မျောက်ကြီးသည် ရေသဖန်းပင်ထက်ကနေ၍ ဟယ်–မိကျောင်းမိုက် သတ္တဝါတို့နှလုံးကို သစ်ပင်၌ဆွဲထားသည် ဆိုသည်ကို သင်ယုံကြည်သည်မှာ အလွန်မိုက်စွတကား။ သင်၏ကိုယ်ကားကြီး၏။

ဉာဏ်သော်ကား မရှိလေ။ ငါပေးသည်ဆိုသည့်အတိုင်းကား ယူလေ လော့ဟုဆို၍ သဖန်းသီးတွဲကို ပစ်ပေးလိုက်လေ၏။

မိကျောင်းလည်း နှလုံးမသာ ဆင်းရဲစွာဖြင့် မိမိနေရာသို့ ပြန်သွားရလေသတည်း။

ဇာတ်ပေါင်းသော်-
မိကျောင်းသည် ဒေဝဒတ် ဖြစ်လာ၏။
မိကျောင်းမသည် စိဉ္စမာန ဖြစ်လာ၏။
မျောက်ကြီးသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၁၇။ သောမဒတ္တဇာတ် ၆၁

ထုံထိုင်းသောသူအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လာဠုဒါယီမထေရ်သည် စကားပြောရွံ့တတ်သည်ဖြစ်၍ အမှားမှား အချွတ်ချွတ် ပြောလေ့ရှိသည်ကို အစွဲပြုလျက် ရှေးကလည်း ဤသို့ပင်ဟု အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါး၌ ဉာဏ်ပညာနှင့် ပြည့်စုံသော သောမဒတ်မည်သော မင်းခယောက်ျားသည် ရှိ၏။ ထိုသောမဒတ်၏အဖမှာ လယ်သမားဖြစ်၍ စကားအပြောအဆို အလွန်ညံ့ဖျင်း၏။

တစ်နေ့သော် သောမဒတ်၏အဖတွင် နွားနှစ်ကောင်ရှိသည့် အနက် တစ်ကောင်သေ၍ သောမဒတ်ထံသို့သွားပြီးလျှင် ချစ်သား- ငါ့မှာ နွားတစ်ကောင်သေ၍ ကျန်တစ်ကောင်တည်းဖြင့် လယ်ထွန်၍ မဖြစ်နိုင်။ မင်းကြီးထံမှ ငါ့အား နွားတစ်ကောင်ကို တောင်းပေးပါလော့ဟု ဆို၏။

သောမဒတ်လည်း ဖခင်၊ အကျွန်ုပ် မင်းထံ၌ ခစားသည်မှာ မကြာမြင့်သေး။ အကျွန်ုပ်ကိုယ်တိုင် တစ်စုံတစ်ရာ တောင်းခံရန်သင့်မည် မဟုတ်။ ဖခင်ကိုယ်တိုင်တောင်းပါလော့ဟု ဆို၏။

ချစ်သား- ငါသည် လူနှစ်ယောက်သုံးယောက်တို့ရှေ့၌ပင် စကားကို ဖြောင့်မှန်အောင် မပြောတတ်။ အမှားမှား အချွတ်ချွတ် ပြောလေ့ရှိသည်ကို ချစ်သားသိ၏မဟုတ်လော။ ငါတောင်း၍ နေရာ ကျမည်မဟုတ်ဟု ဆိုလေ၏။

ထိုအခါ သောမဒတ်က ဖခင်၊ ဖြစ်လိုရာဖြစ်စေ၊ ဖခင်ပင် တောင်းပါလော့။ မည်သို့ပြောဆိုတောင်းခံရန် အရပ်ရပ်ကို ကျွန်ုပ်သင်ကြားပေးအံ့ဟုဆိုပြီးလျှင် ဖခင်ကို သုသာန်အရပ်သို့ ခေါ်သွား၍ ထိုထိုအရပ်တို့၌ မြက်စည်းတို့ကို ချထားပြီးမှ။ ဤကား- မင်း၊ ဤကား- အိမ်ရှေ့မင်း စသည်ဖြင့် နေရာနှင့်တကွ အမည်အရည်တို့ကို ပြ၍ ဤသို့သွား၊ဤသို့တက်၊ ဤနေရာ၌ ဤသို့ထိုင်ပြီးလျှင် မြတ်သော မင်းကြီး၊ အောင်တော်မူစေသတည်းဟု ဆိုလော့။ ဆိုပြီးမှ အရှင်မင်းမြတ်၊ အကျွန်ုပ်မှာ နွားနှစ်ကောင်ဖြင့် ထွန်ယက်အသက်မွေးရပါသည်။ ယခု တစ်ကောင်သေခဲ့၏။ တစ်ရှဉ်းပြည့်ရန် နွားတစ်ကောင် ပေးတော်မူပါဟု တောင်းလေလော့ဟု သင်ပေး၏။

ဤသို့လျှင် နေ့တိုင်းလေ့ကျင့်၍ တစ်နှစ်လည်သောအခါ သောမဒတ်၏ဖခင်က တောင်းရမ်းစကားကို ကောင်းစွာရအပ်ပြီ။ ငါ့ကို

မင်းထံသို့ပို့လော့ဟုဆိုလေမှ လက်ဆောင်နှင့်တကွ မင်းထံသို့ ပို့လေ၏။

ဖခင်သည် သင်ထားသည့်အတိုင်း တက်ရောက်နေထိုင်၏။ အရှင်မင်းကြီး၊ အောင်တော်မူစေသတည်းဟု ဆိုပြီးလျှင် လက်ဆောင်ကို ဆက်၏။ မင်းကြီးကလည်း သောမဒတ်၊ ထိုသူသည် သင်နှင့် အသို့တော်စပ်သနည်းဟု မေးတော်မူသော် ဖခင်တော်ကြောင်းလျှောက်မှ အဘယ်အလို့ငှာ လာသနည်းဟု ဆက်လက်မေးတော်မူ၏။

ထိုခဏ၌ သောမဒတ်အဖသည် နွားနှစ်ကောင်ဖြင့် ထွန်ယက်အသက်မွေးရပါသည်။ ယခု တစ်ကောင်သေခဲ့၏။ ကျန်သောနွားတစ်ကောင်ကို အရှင်မင်းကြီး ယူတော်မူပါလော့ဟု လျှောက်လေ၏။

မင်းကြီးလည်း စကားမှားရှိဆိုသည်ကိုသိ၍ ပြုံးရယ်လျက် သောမဒတ် သင်တို့၏အိမ်၌ နွားများစွာရှိယောင်တကားဟု ဆိုလေသော် သောမဒတ်က အရှင်မင်းမြတ်၊ အရှင်မင်းမြတ်က ပေးတော်မူမည်ဖြစ်၍ နွားများစွာ ရှိပါလိမ့်မည်ဟု လျှောက်လေ၏။

မင်းကြီးလည်း နှစ်သက်၍ သောမဒတ်၏ဖခင်အား နွား ၁၆ ကောင်ကိုလည်းကောင်း၊ ထိုသူနေသောရွာကိုလည်းကောင်း ပေးမျှားစွာသော အခြွေအရံဖြင့် လွှတ်လိုက်ပေ၏။

သောမဒတ်သားအဖသည် နန်းတော်မှ မြင်းရထားစီး၍ ရွာသို့ပြန်လာရာ သောမဒတ်က ဖခင်– တစ်နှစ်လုံးသင်ထားလျက် ပရိသတ်အလယ်၌ အလွဲကိုဆိုလေသည်။ ပညာနည်းသူကို သင်ကြားရခြင်းသည် အကျိုးမရှိဟု ဆိုလေ၏။

ဖခင်ကလည်း ချစ်သား ဥစ္စာကို တောင်းခံရာ၌ ရလျှင်ရ၏။ မရလျှင် မရချေ။ ဤသို့ ရမရနှစ်ပါးသာရှိ၏။ ဤကား တောင်းခံခြင်း၏ သဘောမမှတာပင်တည်းဟု ခန့်ခန့်ပြောဆိုလိုက်လေသတည်း။

ဇာတ်ပေါင်းသော်–
သောမဒတ်၏အဖသည် လာဠုဒ၇ိယီ ဖြစ်လာ၏။
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သောမဒတ်သည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၈။ ကစ္ဆပဇာတ် ၆၅
(ကစ္ဆပ = လိပ်)

စကားများ၍ ပျက်စီးရသော လိပ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောကာလိကသည် မိမိ၏ ကြမ်းတမ်းရန့်ရင်းသော နှုတ်ကိုမှီ၍ ပျက်စီးရသည်နှင့်စပ်၍ ရှေးကလည်း ပျက်စီးဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ မင်းတစ်ပါးသည် အလွန်စကားများလေ့ရှိသည်ကို ထိုမင်း၏ ပညာရှိအမတ်သည် ဆုံးမရန်အခွင့်ကို ကြည့်ရှုလျက်နေလေ၏။

ထိုကာလ၌ ဟင်္သာညီနောင်နှင့် လိပ်တစ်ခုသည် အဆွေခင်ပွန်းဖြစ်နေကြရာ တစ်နေ့သော် ဟင်္သာညီနောင်က အဆွေလိပ်– ငါတို့နေရာ စိတ္တကူဋ်တောင်သို့ အလည်အပတ်လိုက်ခဲ့လော့။ အကယ်၍ သင်သည် မည်သူ့ကိုမျှ စကားမပြောဘဲ နှုတ်စောင့်နိုင်အုံ့။ သင့်ကို ငါတို့ ယူဆောင်သွားအုံ့ဟု ဆိုကြ၏။ လိပ်ကလည်း ဝန်ခံ၏။

ထိုအခါ လိပ်ကို တုတ်တံတစ်ချောင်း၏ အလယ်၌ သွားဖြင့် မြစွာကိုက်စေ၍ ဟသ်ာညီနောင်က တုတ်စွန်းနှစ်ဖက်ကို ကိုက်ပြီးလျှင် ကောင်းကင်ဖြင့် ဆောင်ယူပျံသွားကြလေ၏။

လမ်းခရီးအကြား၌ လူတို့မြင်သော် ဟသ်ာနှစ်ကောင်သည် လိပ်ပုတ်ကို ချီဆောင်လေသည်တကားဟု အုတ်အုတ်ကျက်ကျက် ပြောဆိုကြသည်ကို လိပ်သည် သည်းမခံနိုင်ဘဲ မိတ်ဆွေချင်းဖြစ်၍ ဆောင်သည်ကို သင်တို့နှင့် တစ်စုံတစ်ရာဆိုင်သလောဟု ဆိုအံ့သော ၄၁ ပါးစပ်ကို ဟလေသော် မင်းရင်ပြင်၌ကျ၍ နှစ်စိတ်ကွဲလေ၏။

လိပ်ကျ၍ နှစ်စိတ်ကွဲကြောင်း အုတ်အုတ်ကျက်ကျက် ဖြစ်ကြသည်နှင့် မင်း၊ပုရောဟိတ်၊ မှူးမတ်တို့ သွားရောက်ကြည့်ရှုကြရာ မင်းက အကြောင်းကိုမေးသော်။

ပညာရှိအမတ်သည် မင်းအားဆုံးမရန် အခွင့်လည်းရပြီဟု အရှင်မင်းကြီး၊ ဟသ်ာတို့နှင့် လိပ်သည် အဆွေခင်ပွန်းဖြစ်ကြ၍ ဟိမဝန္တာသို့ တုတ်ကိုကိုက်စေ၍ ဆောင်ယူရာ လိပ်သည် တစ်စုံတစ်ယောက်သောသူ၏စကားကို ကြား၍ နှုတ်မစောင့်နိုင်သည်နှင့် လွတ်ကျပျက်စီးရခြင်း ဖြစ်ရာသည်ဟု လျှောက်ပြီးမှ ဆက်လက်ပြီးလျှင်။

အရှင်မင်းကြီး၊ လိပ်ကိုထောက်၍ လောက၌ လူတို့သည် နှုတ်စောင့်ရာ၏။ အပြစ်မရှိသောစကားကိုသာ ဆိုရာ၏။ သို့ဆိုရာ၌ လည်း အခါလေးမြင့်မဆိုရာ။ စကားများခြင်းသည် ပျက်စီးတတ်သည် သာတည်းဟု ဆိုလေ၏။ မင်းသည်လည်း ထိုအခါမှစ၍ စကားနည်းလေသတည်း။

ဇာတ်ပေါင်းသော်–
လိပ်သည် ကောကာလိက ဖြစ်လာ၏။

ဟသ်ဘည်နောင်သည် ရှင်မောဂ္ဂလာန်နှင့် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၁၉။ ကူဋ္ဌဝါဏိဇောတ် ၆၈
(ကူဋ္ဌ = သံထွန်သွား။ ကောက်ကျစ်သော။)
(ဝါဏိဇ = ကုန်သည်။)

သံကိုကြွက်စား သားကိုစွန်ချိုဟူသောစကားအကြောင်း

သာဝတ္ထိပြည်၌ ကုန်သည်နှစ်ယောက်ရှိရာ တစ်ယောက်က ကောက်ကျစ်စဉ်းလဲသည်ဖြစ်သောကြောင့် စပ်တူကုန်သွယ်၍ ရသောဥစ္စာကို မိမိတစ်ယောက်တည်းသာ လိုချင်သည်ဖြစ်၍ အခြားကုန်သည်သည် ရှေးကကဲ့သို့မဟုတ်။ ယခုအခါ ထူးပြားမွန်မြတ်သော ဆောင်ဥာ်တို့ကို စားရသည်နှင့် မကြာမီ အစာမကြေ၍ သေလတ္တံ့ဟု ဝေစုကို ချက်ချင်းမဝေဘဲ ယနေ့နက်ဖြန်ဝေမည် စသည်ဖြင့် ရွှေ့ဆိုင်းလျက်နေ၏။ အခြားတစ်ယောက်ကား ပညာရှိသည်ဖြစ်၍ နိပ်၍ဝေစေပြီးလျှင် ထိုအကြောင်းကို မြတ်စွာဘုရားအားသွားရောက်လျှောက်ထားရာ ထိုကုန်သည်သည် ရှေးကလည်း ကောက်ကျစ်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရွာနေကုန်သည်တစ်ယောက်သည် မိတ်ဆွေဖြစ်သော မြို့နေကုန်သည်တစ်ယောက်ထံ၌ သံထွန်သွားငါးရာကို အပ်ထား၏။ မြို့ကုန်သည်ကား ကောက်ကျစ်စဉ်းလဲသည်ဖြစ်၍ ထို

သံထွန်သွားတို့ကို ရောင်းစားပြီးလျှင် ထိုသံထွန်သွားထားရာနေရာ၌ ကြွက်ချေးတို့ကို ဖြန့်၍ထား၏။

ရွာကုန်သည်လာ၍ ထွန်သွားတို့ကို တောင်းသော် ကြွက်စား၍ ကုန်လေပြီဟု ကြွက်ချေးတို့ကို ပြလေ၏။ ရွာကုန်သည်ကလည်း ကြွက်စားသည်မှန်မူ အသို့တတ်နိုင်တော့အံ့နည်း။ သို့ရာတွင် ငါ ရေချိုးသွားလို၍ သင်၏သားငယ်ကို ခေတ္တထည့်လိုက်ပါဟု ပြောဆို ဆောင်ယူသွားပြီးလျှင် လုံခြုံရာ၌ ဝှက်ထားလေ၏။ မြို့ကုန်သည်သည် သားပြန်မလာ၍ သွားရောက်မေးမြန်းသော် ရွာကုန်သည်က အဆွေ-သင်၏သားကို ငါနှင့်အတူလာရာ လမ်းတွင် စွန်ချီလေပြီ။ ငါ ခြောက်လှန့်သော်လည်း မရလိုက်ဟု ဆို၏။

ထိုအခါ မြို့ကုန်သည်က ဟယ်- သူခိုးပျက်၊ အသို့လျှင် သားကို စွန်ချီနိုင်အံ့နည်းဟု အငြင်းအခုံဖြစ်၍တရားရုံးသို့ရောက်ကြ လေ၏။

တရားသူကြီးက တရားခံကို စစ်မေးသော် အဖြစ်အပျက်အလုံးစုံကို ပြန်ကြားပြီးမှ အရှင်- သံကိုကြွက်စားနိုင်အံ့၊ သားကိုလည်း စွန်ချီနိုင်ပါလတ္တံ့ဟု လျှောက်လေ၏။

တရားသူကြီးလည်း အကောက်ကို အကောက်ဖြင့် ကြံစည်ခြင်းသည် ဤနေရာ၌သင့်သည်သာတည်းဟု သံထွန်သွားနှင့် သားကို ဆိုင်ရာသို့ ပြန်ပေးစေရန် ဆုံးဖြတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်-

မြို့နေကုန်သည်သည် ကုန်သည်စဉ်းလဲ ဖြစ်လာ၏။
ရွာနေကုန်သည်သည် ပညာရှိကုန်သည် ဖြစ်လာ၏။
တရားသူကြီးသည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၂၀။ ဓမ္မဓေဇော်တ် ၇၀

ဓမ္မဓေပုရောဟိတ်အကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် သတ်ရန်အားထုတ်ခြင်းနှင့်စပ်၍ ရှေးကလည်း ပြုဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါး၏ စစ်သူကြီးသည် တံစိုးစား၏ တရားမမှန် ဆုံးဖြတ်လေ့ရှိရာ တရားရှုံးသောသူတို့သည် ငိုကြွေး၍ ဓမ္မဓေမည်သော ပုရောဟိတ်ကို တိုင်တန်းကြသည်နှင့် ပုရောဟိတ်သည် အမှုတို့ကို ပြန်လည်စစ်ဆေး အမှန်အကန်ဖြစ်စေ၏။

ထိုသို့ အမှန်ဆုံးဖြတ်သည်ကို လူတို့ကောင်းချီးပေးကြသည်ကို မင်းကြီးကြား၍ အကြောင်းအရာကို သိရှိသော် စစ်သူကြီးကိုဖယ်၍ ပုရောဟိတ်ကို တရားဆုံးဖြတ်စေ၏။

စစ်သူကြီးသည် ပုရောဟိတ်ကို ရန်ငြိုးဖွဲ့၍ ပုရောဟိတ် တရားရုံးရှိ များစွာသော အမှုသည်တို့ကို မင်းအားပြပြီးလျှင် ပုရောဟိတ်၏ ပရိသတ်များဖြစ်ပါသည်။ မင်းအဖြစ်ကို မကြာမီ လုယူပါလိမ့်မည်ဟု အထပ်ထပ်ကုန်းချောလေရာ မင်းကြီးယုံသည်နှင့် အောက်ပါအတိုင်း အမှုရှာလေ၏။

မင်းကြီးသည် ဥယျာဉ်သစ် ကစားလိုသည်ဖြစ်သောကြောင့် နက်ဖြန်ဥယျာဉ်သစ်ကို ပုရောဟိတ်သည် ဖန်ဆင်းစေရမည်။ မစွမ်းနိုင်က အသက်ကိုစီရင်မည်ဟု မင်းမိန့်ပေးလေ၏။

ပုရောဟိတ်လည်း ညဉ့်အခါ ကောင်းသောဘောဇဉ်ကိုစား၍ ကြံ့လျက်အိပ်၏။ ထိုအခါ သိကြားသည် လာရောက်ကူညီ၍ နံနက်၌ အသီးအပွင့်နှင့် ပြည့်စုံသော ဥယျာဉ်ကို ဖန်ဆင်း၍ပေး၏။

ပုရောဟိတ်ကို ဤနည်းဖြင့်မရသော် စစ်သူကြီးအကြံပေးချက် အတိုင်း ရတနာခုနစ်ပါးဖြင့်ပြီးသော ရေကန်။ ထို့နောက် ဆင်စွယ်ဖြင့် ပြီးသော အိမ်ဟြာသာဒ်။ ထို့နောက် အလင်းရောင်ကိုပေးရန် ပတ္တမြား တို့ကို အစဉ်အတိုင်း ဖန်ဆင်းစေရာ သိကြားမင်း ကူညီမ စ ဖန်ဆင်း ပေးသည်နှင့် သတ်ခွင့်ကို မရလေ။

ထို့နောက်မှ စစ်သူကြီးက အရှင်မင်းကြီး၊ နတ်ကူညီဖန်ဆင်း ပေးသည် ထင်ပါသည်။ ယခုသော် နတ်မဖန်ဆင်းနိုင်သော အင်္ဂါ လေးပါးနှင့် ပြည့်စုံသည့် ဥယျာဉ်စောင့်ကို ဖန်ဆင်းပါစေလော့ဟု လျှောက်၏။

ဆိုသည့်အတိုင်း ဖန်ဆင်းစေရာ သိကြားမင်းလည်း မိမိကိုယ် တိုင် မဖန်ဆင်းနိုင်သည်နှင့် ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသော (မင်း၏) ဆတ္တပါဏိမည်သော ဆတ္တာသည်ကို ပြလေ၏။

ပုရောဟိတ်လည်း ဆတ္တာသည်ကို မင်းကြီးရှေ့သို့သွင်း၍ အလို ရှိသော ဥယျာဉ်မှူး ရောက်ပါကြောင်း လျှောက်သော်။ မင်းကြီးက အချင်း၊ သင်သည် အင်္ဂါလေးပါးနှင့် ပြည့်စုံသည်မှန်သလော။ မှန် သော် ၎င်းလေးပါးကား အဘယ်နည်း။ မည်သို့ပြည့်စုံလာသနည်းဟု မေး၏။

အရှင်မင်းကြီး မှန်ပါသည်။ ၎င်းလေးပါးကား-

(၁) ငြူစူခြင်းမရှိခြင်း။

(၂) ယစ်မျိုးကို မသောက်စားခြင်း။

(၃) ချစ်ခြင်းမရှိခြင်း။

(၄) အမျက်မထွက်ခြင်းတို့ ဖြစ်ပါသည်။

(၁) ငြူစူခြင်းမရှိခြင်းကား။ ။ အကျွန်ုပ်သည် ရှေးက မင်းဖြစ်ရာ တစ်သောင်းခြောက်ထောင်သော မိန်းမတို့ကို စွန့်၍ မိဖုရား

အလိုသို့ လိုက်ပါသော်လည်း ရောင့်ရဲခြင်းမရှိ၊ အမတ်တို့နှင့် မှားယွင်းရုံ မျှမက မိမိ၏အလိုသို့မလိုက်သော ပုရောဟိတ်ကို ဖမ်းဆီးနှောင်ဖွဲ့စေ၏။ ဤသို့ပြုမူတတ်သည်ကား မိန်းမတို့ဓမ္မတာဖြစ်ပေသည်။ ငါ အမျက်ထွက်ရန်မသင့်ဟု ထိုနေ့ကစ၍ အရဟတ္တဖိုလ်သို့ ရောက်သည့် တိုင်အောင် မိန်းမတို့ကိုမှီ၍ ငြူစူခြင်းမဖြစ်စေကုန်သတည်းဟု အဓိဋ္ဌာန် ပြုခဲ့သည်ဖြစ်၍ ငြူစူခြင်းမရှိပါ။

(၂) သေမသောက်ခြင်းကား။ ။ အကျွန်ုပ်သည် တစ်ဘဝ၌ မင်းဖြစ်စဉ်က သေသောက်ကြူးလျက် အမဲနှင့်ကင်း၍ ထမင်းမစားနိုင်ပါ။တစ်နေ့၌ ဥပုသ်နေ့ကြိုမ်၍ စားတော်ကဲသည် အမဲမပါဘဲ ပွဲတော်ဆက်လေရာ အမဲမပါဘဲ ငါမစားဟု အလွန်လည်း မှုးယစ်လျက်ရှိသည်နှင့် မိမိပိုက်ချိုထားသော သားငယ်၏လည်ကို လိမ်၍ သတ်ပြီးမှ စားတော်ကဲ၏ရှေ့သို့ ပစ်ချလျက် သွားလေ ချက်၍ယူခဲ့လော့ဟု ဆို၏။ စားတော်ကဲလည်း ဆိုတိုင်းချက်၍ဆက်ရာ စားသောက်ပြီးလျှင် အိပ်လေ၏။ မိုးသောက်၍ အယစ်ပြေလျှင် သားတော်ကို ယူခဲ့လော့ဟု ဆိုလေမှ အလုံးစုံကိုသိရ၍ နောင်တကြီးစွာရလျက် အရဟတ္တဖိုလ်သို့ မရောက်သေးသမျှ ကာလပတ်လုံး သုရာကို မသောက်တော့ပါဟု ဓိဋ္ဌာန်ခဲ့ပါသည်။ သို့ကြောင့် သေမသောက်ပါ။

(၃) ချစ်ခြင်းမရှိခြင်းကား။ ။ အကျွန်ုပ်သည် တစ်ဘဝ၌ မင်းဖြစ်ရာ သားဝေဘ်သည် ပစ္စေကဗုဒ္ဓါတစ်ပါး၏ သပိတ်ကိုခွဲ၍ ငရဲ၌ကျသည့်အခါ သားကိုစွဲ၍ ပြင်းစွာ ဒုက္ခဖြစ်သည်နှင့် သက်ရှိသက်မဲ့တို့၌ ချစ်ခြင်းမဖြစ်စေသတည်းဟု ဓိဋ္ဌာန်ခဲ့သည့်အတိုင်း ယခု ချစ်ခြင်းမဖြစ်တော့ပါ။

(၄) အမျက်မထွက်ခြင်းကား။ ။ အကျွန်ုပ်သည် အရကမည်သော ရဿေဖြစ်၍ ခုနစ်နှစ်ပတ်လုံး မေတ္တာကိုပွားဖူးသည် ဖြစ်သော

ကြောင့် ဗြဟ္မာ့ပြည်၌ နှစ်ပေါင်းများစွာ ဖြစ်ဖူးပါသည်။ သို့ပါ၍ ယခု အမျက်ထွက်ခြင်း မဖြစ်တော့ပါဟု လျှောက်လေ၏။

မင်းကြီးကြားရပြီးနောက် ပရိသတ်အား အမှတ်ပေးလိုက်သော် အမတ်၊ ပုဏ္ဏား၊ သူကြွယ်တို့သည် ထလတ်၍ ဟယ်–တံစိုးစားသော ခိုးသူပျက်၊ သင်သည် တံစိုးမရသောကြောင့် ပညာရှိပုရောဟိတ် ဓမ္မဓဇကို သေကြောင်းကြံသည်သာတည်းဟု စစ်သူကြီးကို ဆွဲချ ရိုက်ပုတ် သတ်ဖြတ်လျက် တံမြက်အမှိုက်စုရာအရပ်၌ စွန့်ကုန်၏။

မင်းလည်း တရားသဖြင့် မင်းပြုလေသတည်း။

ဇာတ်ပေါင်းသော–

စစ်သူကြီးသည် ဒေဝဒတ် ဖြစ်လာ၏။

ဆတ္တပါဏိဆတ္တာသည်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

သိကြားသည် အရှင်အနုရုဒ္ဓါ ဖြစ်လာ၏။

ဓမ္မဓဇပုရောဟိတ်သည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၂၁။ စူဠနန္ဒိယဇာတ် ၇၂

အမိကိုမြတ်နိုးသော နန္ဒိယမျောက်တို့နှင့် ယုတ်မာသော မုဆိုးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ဖြတ်အံ့သောငှာ ကျောက်တုံးလိမ့်ချ ခြင်း၊ ဆင်လွှတ်ခြင်း၊ လူလွှတ်ခြင်း စသည်တို့ကို ကြိမ်းတမ်းရန့်ရင်းစွာ

ပြုကြောင်း ရဟန်းတို့ ပြောဆိုကြရာ ရှေးကလည်း ကြမ်းတမ်းယုတ်မာသည် သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ဟိမဝန္တာအရပ်၌ စူဠနန္ဒီယ၊ မဟာနန္ဒီယမည်သော မျောက်ညီနောင်တို့သည် မျောက်ရှစ်သောင်းခြံရံလျက် အမိမျက်မမြင်ကို လုပ်ကျွေး၍ နေကြကုန်၏။ မျောက်ညီနောင်တို့သည် အမိကို ချုံ၌ ထားလျက် သစ်သီးရှာပြီးလျှင် အမိထံသို့ ပို့စေရာ ဆောင်သောမျောက်တို့သည် အမိအားမပေးဘဲ ဖြတ်၍စားကြကုန်၏။ အမိလည်း အစာမစားရသည်နှင့် ပိန်ညှိုးခြင်းဖြစ်သည်ကို မျောက်ညီနောင် မြင်ရှိ မေးမြန်း အကြောင်းသိရသော်။

မဟာနန္ဒီယသည် ထိုမျောက်တို့ကိုအုပ်ချုပ်နေမှ ငါ့အမိ ပျက်စီးလတ္တံ့။ သို့ကြောင့် ၎င်းတို့ကိုစွန့်၍ အမိကိုသာ လုပ်ကျွေးအံ့ဟု ညီငယ်အား ညီငယ်- သင်သည် မျောက်တို့ကို အုပ်ချုပ်ရစ်လော့။ ငါကား အမိကိုသာ လုပ်ကျွေးတော့အံ့ဟု ဆိုလေ၏။ ညီငယ်လည်း အစ်ကို၊ မျောက်တို့ကိုအုပ်ချုပ်နေ၍ အဘယ်အကျိုးရှိအံ့နည်း။ အကျွန်ုပ်လည်း အမိကိုလုပ်ကျွေးပါအံ့ဟု ဆိုလေ၏။ ထိုအခါ သဘောမျှသော ညီနောင်တို့သည် မျောက်တို့ကိုစွန့်၍ အမိကိုယူခဲ့ပြီးလျှင် ဟိမဝန္တာတောစပ် ညောင်ပင်တစ်ပင်၌နေ၍ အမိကို ရိုသေမြတ်နိုးစွာ လုပ်ကျွေးလျက် နေကြကုန်၏။

ထိုအခါ တက္ကသိုလ်ပြည်၌ ပညာသင်သားလုလင်တစ်ယောက်သည် အတတ်စုံ၍ ပြန်တော့အံ့ဟု ဆရာအား ခွင့်ပန်ရာ၊ ဆရာသည် လုလင်၏ ကြမ်းတမ်းယုတ်မာသော ပုံပန်းလက္ခဏာကိုမြင်၍ လုလင်သင်သည် ကြမ်းတမ်းယုတ်မာသော အမှုတို့ကို သတိကြီးစွာပြု၍ ရှောင်လေလော့ သို့မဟုတ်က နောင်တကြီးစွာရလတ္တံ့ဟု ဆုံးမ၍ လွှတ်လိုက်၏။

ထိုလုလင်သည် မိမိရပ်ဌာန်သို့ရောက်သော် အိမ်ထောင်ပြုလျက် သဘောဝါသနာအတိုင်း လေးမြားကိုမှီ၍ မုဆိုးအလုပ်ဖြင့် အသက်မွေးဏ။

တစ်နေ့သော် တောဌ္ဌ တစ်စုံတစ်ရာ မရမူ၍ ပြန်လာခဲ့ရာ တောစပ်ရှိ ညောင်ပင်ကိုမြင်လျှင် တစ်စုံတစ်ရာ ရှိတန်ကောင်းဏဟု လာရောက်ကြည့်ရှုသည်ကို မျောက်ညီနောင်က အလျင်မြင်သည်နှင့် အမိကိုထား၍ သစ်ခက်ကြားဌ္ဌ ပုန်းအောင်းနေကြဏ။ မုဆိုးလည်း မျောက်အိုမကိုသာမြင်၍ လေးဖြင့်ပစ်အံ့ဟုရွယ်သောခဏဌ္ဌ မဟာနန္ဒိယသည် ညီငယ်၊ ထိုယောက်ျားသည် အမိကို ပစ်မည်ရွယ်ဏ။ အမိအား ငါ၏အသက်ကိုပေးအံ့။ သင်သည် အမိအား လုပ်ကျွေးရစ်လော့ဟု ဆို၍ သစ်ခက်ကြားမှ ထွက်လာပြီးလျှင် အမိ၏ရှေ့ကရပ်လျက် အို– ယောက်ျား၊ ငါ၏အမိသည် အိုကန်း အားနည်းပါဏ။ အမိအစား ငါ့ကိုယူပါလော့၊ အမိကို မသတ်ပါလင့်ဟု မုဆိုးထံမှ ဝန်ခံခြင်းကို ယူ၍ တင်းတင်းရပ်လေဏ။

သနားခြင်းကင်းမဲ့သော မုဆိုးသည် မဟာနန္ဒိယကို ပစ်ချလိုက်ဏ။ တစ်ဖန် အမိကိုပစ်အံ့ဟု လေးချိန်ပြန်ဏ။ ထိုအခါ စူဠနန္ဒိယသည် ငါလည်း အမိအား အသက်ကိုပေးအံ့ဟု ရှေးနည်းဆို၍ ရပ်သည်ကို ပစ်ချလိုက်ပြန်ဏ။ ပြီးမှတစ်ဖန် မျောက်အိုမကိုလည်း ငါ့သားသမီးများအတွက် ယူသွားရဦးမည်ဟု ပစ်ချလိုက်ပြီးလျှင် မျောက်သုံးကောင်လုံးကို ထမ်း၍ အိမ်သို့ ရှေ့ရှုပြန်ခဲ့ဏ။

ထိုယောက်ျားယုတ်ဏအိမ်ကို မိုးကြိုးကျ၍ မယားနှင့်တကွ သားငယ်နှစ်ယောက်တို့ကိုပါ လောင်ကျွမ်းနှင့်လေဏ။ ခေါင်တိုင်တို့သာ ကျန်ရစ်လေဏ။

မုဆိုးသည် ရွာသို့ဝင်မိလျှင် လူတစ်ယောက်က ပြောကြား၍ အလုံးစုံကြားရသော် သားမယားတို့ကိုမှီ၍ ပြင်းစွာသော စိုးရိမ်

ခြင်းဖြစ်သည်နှင့် အမဲ၊ လေးမြား၊ ကိုယ်ဝတ်တို့ကို စွန့်ပစ်ခဲ့၍ ကိုယ်ချည်းစည်းဖြင့် လက်တို့ကိုမြှောက်ကာ ငိုကြွေးအော်ဟစ်လျက် အိမ်သို့ဝင်လေ၏။

ထိုခဏ၌ ခေါင်တိုင်တို့သည် လဲကျ၍ ဦးခေါင်းကို ခွဲလေ၏။ မြေကြီးသည်လည်း မြည်ဟီးလျက် နှစ်ဖြာခွဲပြီးလျှင် မီးလျှံတက်လတ်၍ ထိုသူယုတ်ကို မျိုယူသွားလေ၏။

ထိုသို့မြေမျိုသောကာလမှ ဆရာမှာလိုက်သော စကားကို သတိရ၍ ငါ့ဆရာ၏စကားသည် မှန်ပေစု။ ငါမကောင်းမှုကိုပြု၍ မကောင်းကျိုးကိုရလေသည်ဟု ငိုမြည်တမ်းလျက် မြေသို့ဝင်ရလေသတည်း။

ဇာတ်ပေါင်းသော်–
မုဆိုးသည် ဒေဝဒတ် ဖြစ်လာ၏။
ဆရာသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
စုဠနန္ဒိယသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
အမိသည် ပဇာပတိဂေါတမီ ဖြစ်လာ၏။
မဟာနန္ဒိယသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၂၂။ ဥပါဟနဇာတ် ၈၁
(ဥပါဟန = ဖိနပ်)

ဆရာကို အန်တုရ၍ ပျက်စီးရခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်သည် ဆရာဖြစ်သော မြတ်စွာဘုရားကို ဆန့်ကျင်အန်တုသဖြင့် ပျက်စီးရ

ကြောင်း ရဟန်းတို့ ပြောဆိုကြရာ ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါး၏ ဆင်ဆရာသည် မိမိ၏တပည့်ကို စေတနာရှိသည့်အတိုင်း မိမိတတ်သမျှအတတ် အလုံးစုံကို သင်ပေးလေ၏။ ထိုသို့တတ်မြောက်သောအခါ တပည့်က မင်းထံ၌ ခစားလိုသည်ဆို၍ ဆရာကလျှောက်ပေးရာ မင်းကြီးက ဆရာ၏ လစာတစ်ဝက်မျှလောက်သာ ပေးအံ့ဟုဆို၏။ တပည့်ကြားသော် မိမိလည်း ဆရာလောက်ပင်တတ်သည်ဖြစ်၍ လစာတူရမှ ခစားလိုကြောင်း လျှောက်၏။ မင်းကြီးကလည်း ထိုသို့ဖြစ်လျှင် ဆရာနှင့် အတတ်တူကြောင်း နက်ဖြန်၌ ပြရမည်ဟု မိန့်ဆို၍ မြို့ကို စည်လည်စေ၏။

ထိုနေ့ညဉ့်အခါ၌ ဆင်ဆရာသည် ၎င်းတပည့်ကား ၎င်ဥပါယ် တံမျည်၌ လိမ္မာသည်မသိလေဟု ဆင်တစ်စီးကို ညဉ့်တွင်းချင်းပင် ဖောက်ပြန်သောအတတ်ကို သင်ထား၏။ သင်ဟန်ကား တက်ဆိုလျှင် ဆုတ်၏။ ဆုတ်ဆိုလျှင် တက်၏။ ရပ်ဆိုလျှင် ဝပ်၏။ ဝပ်ဆိုလျှင် ရပ်၏။ ဤသို့ စသည်ဖြင့် ပြောင်းပြန်သင်ထားလေ၏။

နက်ဖြန်နေ့၌ ကြီးစွာသောပရိသတ်ရှေ့တွင် အတတ်ပြကြရာ တပည့်သည် ဆရာနှင့်ထပ်တူ လိုက်၍ပြနိုင်၏။ နောက်ဆုံး၌ ဆရာသည် မိမိဆင်ကို ဖောက်ပြန်သည့်အတတ်၌ ဆိုခဲ့သည့်အတိုင်း ပြုစေ၏။ ထိုအတတ်ကိုကား တပည့်သည် မိမိဆင်ကို သင်ကြားမထားမိ၍ မပြနိုင်ဖြစ်လေ၏။

ထိုအခါ လူတို့သည် ဟယ်–ပြစ်မှားတတ်သောတပည့်ယုတ်၊ မိမိ၏အစွမ်းကို မသိဘဲနှင့် ဆရာကို အန်တုသလောဟု ခဲ၊ လုံတံတို့ဖြင့် ပုတ်ခတ်၍ ထိုအရပ်၌ပင် သေစေ၏။

ပြီးမှ ဆင်ဆရာက အရှင်မင်းကြီး၊ လူတို့သည် ခြေသက်သာ ရန် ဖိနပ်စီးရာ၌ အချို့နေရာတွင် ဖိနပ်ပေါက်သဖြင့် နာကျင်သော ဒုက္ခကိုရသကဲ့သို့ အကျိုးကျေးဇူးအလို့ငှာ သင်အပ်သောအတတ်သည် အချို့မကောင်းသောလူတို့အတွက် အကျိုးယုတ်ပျက်စီးခြင်းကို ဖြစ်စေ တတ်ပါသည်ဟု လျှောက်ထားလေသတည်း။

ဇာတ်ပေါင်းသော်–
တပည့်သည် ဒေဝဒတ် ဖြစ်လာ၏။
ဆရာသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၂၃။ ဝိဏာဂုဏဇာတ် ၈၂
(ဝိဏာ = စောင်း၊ ဂုဏ = ညှိ)

အထင်မှားသော သူငယ်မအကြောင်း

သာဝတ္ထိပြည်၌ သူဌေးသမီးတစ်ယောက်သည် နွားဥသဘနှင့် ငကုန်းကို နှိုင်းယှဉ်၍ မြတ်သည်အထင်နှင့် ငကုန်းကိုယူသည့်အကြောင်း စကားဖြစ်ရာ ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဧတဝန် ကျောင်း၌ မြတ်စွာဘုရား ဟောတော်မူသည်။

ရှေးသောအခါ သူဌေးသားတစ်ယောက်နှင့် သူဌေးသမီး တစ်ယောက်တို့ ထိမ်းမြားရန် မိဘချင်း စေ့စပ်ထားကြလေ၏။

တစ်နေ့သော် သူဌေးသမီးသည် မိမိအိမ်၌ နွားလားဥသဘ တစ်ကောင်ကို အရေးတယူ ကျွေးမွေးချီးမြှောက်ထားသည်ကိုမြင်၍

မိဘတို့အား အကြောင်းကိုမေးရာ ချစ်သမီး- ဤနွားကား ဥသဘ ဟူသော နွားကောင်းနွားမြတ်တည်း။ သို့ကြောင့် အချီးအမြှောက်ကို ခံရပေသည်ဟု ဆိုကြကုန်၏။

ထို့နောက် များမကြာမီ သူဌေးသမီးသည် လမ်းမဌသွားသော ငကုန်းတစ်ယောက်ကိုမြင်လျှင် ဤသူကား ကျောက်ကုန်းဌ လဘို့ရှိ၏။ လူဥသဘ ဖြစ်တန်ရာသည်။ နွားဥသဘသည် နွားတို့တွင် မင်းဖြစ်၍ မြတ်သကဲ့သို့ ဤငကုန်းလည်း လူမင်းဖြစ်၍ မြတ်ရာ၏ဟု ကြံပြီးသော် ဥစ္စာကိုယူ၍ တိတ်တစ်ဆိတ် အိမ်မှထွက်ပြီးလျှင် ငကုန်းနှင့် ပြေးလေ၏။

တစ်ညဉ့်လုံးပြေးကြရသည်နှင့် ငကုန်းမှာ မောပန်းလျက် လေထ၍ ပြင်းစွာသောဝေဒနာဖြစ်ခြင်းကြောင့် အညှိုပြတ်ပြီးသော စောင်းကဲ့သို့ ကွေး၍အိပ်လေ၏။ သူဌေးသမီးသည် ငကုန်း၏ခြေရင်းဌပင် အိပ်နေလေ၏။

သူဌေးသား၏အဖသည် သူဌေးသမီးကို ဆောင်ရန်ဟု ထိုငကုန်းတို့ပြေးသော လမ်းမဖြင့်ပင်လာခဲ့ရာ နှစ်ယောက်သား အိပ်နေသည်ကိုတွေ့ရှိ သူဌေးသမီးဖြစ်ကြောင်းသိ၍ မေးမြန်းမှ အကြောင်းကို သိရသော် ချစ်သမီး- သင်မှားလေပြီ။ ဤငကုန်းဌ လဘို့ရှိသည်မှာ မိမိ၏မကောင်းမှုကြောင့် ဖြစ်ရသော အင်္ဂါချွတ်ယွင်းမှုတည်း။ အကြီးအကဲ အမြတ်မဟုတ်၊ ယုတ်နိမ့်ခြင်းသာဖြစ်သတည်းဟု ပြောဆိုဆုံးမပြီးမှ သူဌေးသမီးကို ဆောင်ယူသွားလေသတည်း။

ဇာတ်ပေါင်းသော်-

ထိုသူဌေးသမီးသည် ဤသူဌေးသမီး ဖြစ်လာ၏။

သူဌေးသား၏အဖ သူဌေးသည် ဘုရား ဖြစ်လာ၏။

❐

ဒုကနိပါတ်

၁၂၄။ ဟရိတ–မဏ္ဍူကဇာတ် ၈၉
(ဟရိတ = အစိမ်းရောင်၊ မဏ္ဍူက = ဖား)

မိမိအရပ်၌ မိမိအား၏ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကောသလမင်းနှင့် တူဖြစ်သော အဇာတသတ်မင်းတို့သည် မကြာမကြာ စစ်တိုက်ကြ၏။ ရံခါ ဦးရီးသည်နိုင်၏။ ရံခါ တူသည်နိုင်၏။ အဇာတသတ်နိုင်သည့် အခါ ရထားပြ တံခွန်စိုက်၍ မျှားစွာသော အခြွေအရံဖြင့် ဝင်၏။ ရှုံးသည့်အခါ၌ကား နလုံးမသာယာသည်နှင့် အမှတ်မဲ့ဝင်လေ့ရှိ၏။ ထိုအကြောင်းကို ရဟန်းတို့ဘောင်၌ စကားဖြစ်ရာ ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ လူတို့ထောင်ထားသော မြို့းတစ်ခု၌ ငါးများစွာရှိသည်ကို ရေမြွှေတစ်ကောင်သည် စားလို၍ မြို့းအတွင်းသို့ ဝင်သည်ရှိသော် ငါးတို့မှာ တပေါင်းတည်းဖြစ်၍ ထိုရေမြွှေကို ဝိုင်းအုံကိုက်ခဲကြလေ၏။ ရေမြွှေမှာလည်း တစ်ကိုယ်လုံး သွေးချင်းချင်းနီလျက် ကိုးကွယ်ရာမရ သေဘေးမှကြောက်သောကြောင့် မြို့းမှ ထွက်ပြေးလာပြီးလျှင် ရေစပ်၌ လဲလျောင်း၍နေလေ၏။

ထိုခဏ၌ မြို့းအနီးတွင်ဝပ်နေသော ဖားညို(ဖားစိမ်း)တစ်ကောင်ကို ရေမြွှေမြင်လျှင် အဆွေဖား–ငါးတို့သည် ငါ့အား ဝိုင်းအုံကိုက်ခဲကြသည်ကို သင်သည် နှစ်သက်ပါ၏လောဟု မေးလေ၏။

ဖားကလည်း အချင်းရေမြွှ၊ ငါသည် နှစ်သက်၏။ အကြောင်းမူကား ငါးတို့ သင့်နေရာသို့လာသော် သင်သည် စား၏။ သင်သည်

ငါးတို့နေရာသို့သွားသော် ငါးတို့က သင့်ကို ကိုက်ခဲကုန်၏။ လောက ၌ သတ္တဝါတို့သည် မိမိတို့အရပ် ကျက်စားရာမြေ၌ အားရှိကုန်မြဲ တည်း။ တစ်ကြောင်းလည်း သူတစ်ပါးတို့အား ဖျက်ဆီးတတ်သူသည် မိမိကိုယ်တိုင် တစ်နေ့၌ ပျက်စီးရမည်ကား ဓမ္မတာပင်တည်းဟုဆို လေ၏။

ရေမြွေလည်း ထိုငါးတို့ခဲသော ဝေဒနာနှင့်ပင် အသက်ကုန်လေ သတည်း။

ဇာတ်ပေါင်းသော်–
ရေမြွေသည် အဇာတသတ်မင်း ဖြစ်လာ၏။
ဖားညိုသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၂၅။ မဟာပိုဏ်လဇာတ် ၉၀

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၏ ဆူးငြောင့်ဖြစ်သော ဒေဝဒတ်ကို မြေမျိုလေပြီဟု လူတို့ ကြားကြကုန်သော် အားရနှစ်သက်ခြင်းဖြစ်ကြသည့် စကားနှင့်စပ်၍ ယခုသာ မဟုတ် ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မဟာပိုဏ်လမည် သော မင်းသည် မတရားသဖြင့်မင်းပြု၏။ ကြီးလေးသော ရာဇဒဏ် ပေးခြင်း၊ ကြီးလေးသော အခွန်အတုပ်ယူခြင်း၊ ရုန့်ရင်းကြမ်းတမ်း၍ နိုင်ထက်ကလူပြုခြင်းတို့ဖြင့် လူအပေါင်းတို့အား လွန်စွာဆင်းရဲပင်ပန်း စေ၏။

ထိုဆိုးယုတ်သောမင်းကို သား၊ မယား၊ ဆွေမျိုး၊ မှူးမတ်၊ ပုဏ္ဏား၊ သူကြွယ်၊ ကုန်သွယ်လယ်လုပ်မှစ၍ ခပ်သိမ်းသောသူတို့သည် မချစ်မကြည်ညို မျက်သိုမုန်းထားကုန်၏။

တစ်နေ့၌ ထိုမင်းသေလေလျှင် လူအပေါင်းတို့ မျှားစွာနှစ်သက် ဝမ်းမြောက်ကြလျက် သည်းစွာသောရယ်ခြင်းကို ရယ်ကြကုန်၏။ ထင်းလှည်းအထောင်တို့ဖြင့် အလောင်းကို သင်ဂြိုဟ်၍ ရေအိုးအထောင်တို့ဖြင့် သခ္ခိုင်းမီးကို ငြိမ်းစေပြီးမှ သခ္ခိုင်းမြေကို တူးလှန်ပစ်ကြကုန်၏။

ထို့နောက် ထိုမဟာပိုဂ်ိုလမင်း၏ သားတော်ကို အဘိသိက်သွန်း၍ တရားစောင့်သောမင်းကို ရအပ်ကုန်ပြီဟု နှစ်သက်ရွှင်လန်းစွာ မြို့၌ ပွဲလမ်းသဘင်ခံလျက် စားကြသောက်ကြ ပျော်ပါးကြကုန်၏။ မင်းကြီးသည်လည်း မှူးမတ်စသော ပရိသတ်ခြံရံလျက် ထီးဖြူအောက်၌ ခံစားလျက်နေ၏။

ထိုအခါ တံခါးစောင့်တစ်ယောက်သည် သက်ကြီးရှိုက်တငင် ပင်ပန်းစွာ ငိုကြွေးလျက်နေသည်ကို မင်းကြီးမြင်သော် အချင်းတံခါးစောင့်၊ ငါ၏တရားမစောင့်သော အဖသည် သေလွန်၍ လူအပေါင်းတို့ ရှင်လန်းပျော်ပါးကြကုန်၏။ သင်မူကား ပြင်းစွာငိုလျက်နေ၏။ သင်သည် ငါ၏အဖကို ချစ်မြတ်နိုး၍ ငိုလေသလောဟုမေး၏။

တံခါးစောင့်လည်း အရှင်မင်းကြီး၊ ပိုဂ်ိုလမင်းကို အောက်မေ့လွမ်းဆွတ်၍ငိုသည်မဟုတ်ပါ။ အကြောင်းသော်ကား ဤပိုဂ်ိုလမင်းသည် ပြာသာဒ်မှ အဆင်းအတက်တို့၌ အကျွန်ုပ်၏ ဦးခေါင်းကို ရှစ်ချက် ရှစ်ချက် ပြင်းထန်စွာ ရိုက်နှက်ပါသည်။ ထိုမင်းသည် သေလွန်၍ ငရဲသို့ရောက်လျှင် အကျွန်ုပ်၏ဦးခေါင်းကို ရိုက်သကဲ့သို့ ငရဲထိန်း ငရဲစောင့်တို့၏ ဦးခေါင်းကိုလည်း ရိုက်ပါလိမ့်မည်။ ထိုအခါ ငရဲထိန်း ငရဲစောင့်တို့က ဤမင်းသည် ငါတို့ကိုနှိပ်စက်လို၏ဟု အကျွန်ုပ်တို့

အရပ်သို့ တစ်ဖန်ပြန်၍ပို့လိုက်လျှင် အကျွန်ပ်ဦးခေါင်းကို ရိုက်ဦးမည်ကို ကြောက်သောကြောင့် ငိုပါသည်ဟု လျှောက်လေ၏။

ထိုအခါ မင်းကြီးသည် ပြုံးရယ်လျက် အချင်းတံခါးစောင့်၊ ထိုမင်းကို ထင်းလှည်းအထောင်ဖြင့် သင်ကြိုဟ်၍ ရေအိုးအထောင်ဖြင့် ငြိမ်းပြီးလျှင် သချိုင်းမြေကိုလည်း တူးလှန်အပ်လေပြီ။ ထိုမှတစ်ပါးလည်း သေလွန်သူတို့သည် ထိုကိုယ်ဖြင့် ပြန်၍မလာနိုင်။ သို့ကြောင့် ပိုဂ်လမင်းလည်း ပြန်လာနိုင်တော့မည်မဟုတ်။ သင်မကြောက်လင့်ဟု နှစ်သိမ့်စေ၏။ တံခါးစောင့်လည်း သက်သာရာကို ရလေသတည်း။

ဇာတ်ပေါင်းသော်–
ပိုဂ်လမင်းသည် ဒေဝဒတ် ဖြစ်လာ၏။
သားတော်မင်းသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၂၆။ သဗ္ဗဒါဠ္ဍိဇာတ် ၉၁

(သဗ္ဗ = အလုံးစုံသော။ ဒါဠ္ဍိ = အစွယ်ရှိသောသတ္တဝါ။)

မာနကြောင့် ပျက်စီးသောမြွေခွေးအကြောင်း

ဒေဝဒတ်သည် မြတ်စွာဘုရားအား နာဠာဂီရိဆင်နှင့်တိုက်ရာ မြတ်စွာဘုရားက ဆင်ကိုဆုံးမနိုင်သည့် တန်ခိုးကို အဇာတသတ်မြင်ရသည့်နေ့ကစ၍ ဒေဝဒတ်အား အကြည်ညိုပျက်လျက် ရှေးကပေးမြဲဖြစ်သော လာဘ်လာဘတို့သည် ပျက်လေ၏။ ထိုအကြောင်းနှင့်စပ်၍ ရှေးကလည်း ပျက်ကွက်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဝေဠုဝန်ကျောင်း၌ ဟောတော်မူသည်။

ရှေးသရောအခါ ဗာရာဏသီမင်းတစ်ပါး၏ ပုရောဟိတ်သည် ပထဝီဇယမည်သော မန္တာန်ကိုတတ်၏။ ထိုမန္တာန်ကား မြေအပြင်၌ ရန်ကိုလည်စေတတ်၏။

တစ်နေ့၌ ပုရောဟိတ်သည် မတည်ကြည်သူတို့ မကြားနိုင်စေရန် လူကင်းရာ ကျောက်ဖျာတစ်ခု၌ ထိုမန္တာန်ကို သရဇ္ဈာယ်၍နေ၏။ ထိုအခါ ကျောက်ဖျာအနီးရှိတွင်း၌ဝပ်လျက်နေသော မြေခွေးတစ်ကောင်သည် ထိုမန္တာန်ကိုကြားလျှင် ကျက်မှတ်လေ၏။ ထိုမြေခွေးကား ရှေးဘဝ၌ ပထဝီဇယမန္တာန်ကိုတတ်သော ပုဏ္ဏားဖြစ်ဖူး၍ ကျက်မှတ်လွယ်၏။

ပုရောဟိတ်သည် သရဇ္ဈာယ်ပြီးသော် ငါသည် မန္တာန်ကို နှုတ်တက်ရပေပြီဟုဆို၍ သွားမည်ပြု၏။ ထိုခဏ၌ မြေခွေးသည် တွင်းမှထွက်၍ အိုယောက်ျား– ငါသည် ဤမန္တာန်ကို သင့်ထက်ပို၍ နှုတ်တက်ရ၏ဟုဆို၍ ပြေးလေ၏။ ပုရောဟိတ်လည်း ဤမြေခွေးကား များစွာသော မကောင်းမှုတို့ကိုပြုလတ္တံ့။ ဖမ်းလေ၊ ဖမ်းလေဟုဆို၍ အတန်ငယ်လိုက်၏။ မြေခွေးလည်း တောသို့ပြေးဝင်လေ၏။ ထို့နောက် မြေခွေးသည် ပထဝီဇယမန္တာန်ကိုရွတ်၍ မြေခွေးအပေါင်းတို့အား အရာရှိကြီးငယ်ခန့်လျက် ဆင်၊ မြင်း၊ ခြသေ့၊ ကျား၊ ဝက် အစရှိသော ခြေလေးချောင်းသတ္တဝါတို့ကို မိမိအား ခြံရံစေ၏။ ပြီးမှ သဗ္ဗဒါဋ္ဌမင်းအမည်ခံ၍ ဆင်နှစ်ကောင်တို့၏ကျောက်ကုန်း၌တည်အပ်သော ခြသေ့ထက်တွင် မြေခွေးမိဖုရားကြီးနှင့် စီးရ၏။

ထိုသို့အခြွေအရံနှင့် ပြည့်စုံသည်ကိုစွဲ၍ မာနဖြစ်ပြီးလျှင် ဗာရာဏသီမင်းအဖြစ်ကို ယူအံ့ဟု တစ်ဆယ့်နှစ်ယူဇနာရှိသော ပရိသတ်ဖြင့် ဗာရာဏသီမြို့ကို ဝိုင်း၍ရံပြီးလျှင် မြို့ကိုပေးမည်လော၊ စစ်ပြုမည်လောဟု ဗာရာဏသီမင်းဆံ စေလိုက်၏။

မင်းနှင့်တကွ တိုင်းသူပြည်သားတို့သည် ကြောက်ရွံ့ထိတ်လန့်ကုန်လျက် မြို့တံခါးပိတ်၍ နေကြကုန်၏။ ထိုအခါ ပုရောဟိတ်သည် မင်းသို့ကပ်၍ အရှင်မင်းကြီး၊ ဤစစ်ပြုမှု၌ အကျွန်ုပ်စီမံပါအုံ့။ စိုးရိမ်တော်မမူပါလင့်ဟု နှစ်သိမ့်စေပြီးမှ တံခါးပစ္စင်သို့တက်၍ အချင်းသဗ္ဗဒါဠီ၊ မြို့ကို မည်သို့တိုက်ယူမည်နည်းဟု မေး၏။ ခြသေ့်ကိုဟောက်စေ၍ လူတို့ကို ထိတ်လန့်သေကျေစေပြီးလျှင် ယူအုံ့ဟုဆို၏။

ထိုအခါ ပုရောဟိတ်သည် မြို့ရိုလူနှင့်တကွ တိရစ္ဆာန်တို့ကိုပါနားတို့ကို ဆို့ပိတ်ထားစေ၏။ ထို့နောက် ပစ္စင်သို့တက်ပြန်ပြီးလျှင် အချင်းသဗ္ဗဒါဠီ၊ သင်သည် ခြသေ့်တို့ကို ဟောက်စေနိုင်မည်မဟုတ်။ စင်စစ်သော်ကား မြတ်သော ကေသရာဇာခြသေ့်မင်းတို့သည် သင်ကဲ့သို့ ယုတ်သောမြေခွေး၏ အာဏာကို လိုက်နာမည်မဟုတ်ဟု ဆိုလေ၏။

မြေခွေးလည်း မာန်တက်၍ အခြားခြသေ့်တို့ကို ထားဘိဦး၊ ယခု ငါစီးလျက်ရှိသော ခြသေ့်ကိုပင် ဟောက်စေဦးအုံ့ဟုဆို၍ ဟောက်စေ၏။ ခြသေ့်သည် အသံကျယ်စွာဖြင့် သုံးကြိမ်ဟောက်လေသော် ခြသေ့်စီးလျက်ရှိသော ဆင်တို့သည် ထိတ်လန့်လှုပ်ရှားသည်နှင့် မြေခွေးသည် ဆင်တို့၏ခြေရင်းသို့ လိမ့်ကျ အနင်းခံရသည်နှင့် မှုန်မှုန်ညက်ညက် ကျေလေ၏။

ထိုအခါ ခြသေ့်တို့မှတစ်ပါး အခြားသောတိရစ္ဆာန်တို့သည် ခြသေ့်သံကို ကြောက်လန့်၍ ပရမ်းပတာ ပြေးကြရာ အချင်းချင်းတိုးဝှေ့မိကြသည်နှင့် သေကျေပျက်စီးကြလေကုန်၏။ အသားစုသည် တစ်ဆယ့်နှစ်ယူဇနာရှိသည်ဖြစ်၏။ ထိုအခါမှ ပုရောဟိတ်သည် မြို့တံခါးကိုဖွင့်၍ အသားတို့ကို သယ်ယူစားသောက်စေ၏။ ကြွင်းသော အသားတို့ကို အခြောက်လှန်း၍ အမဲညှင်းကို ပြုစေကုန်၏။ ထိုအခါ ကစ၍ အမဲညှင်းပေါ်သည်ဟု ဆိုကုန်၏။

ထိုမြေခွေးသည် များသောအခွေအရံကိုမှီ၍ ဖြစ်သောမာနကြောင့် ပျက်စီးရသကဲ့သို့ လူတို့သည်လည်း အခွေအရံနှင့် ပြည့်စုံပြီးနောက် မေ့လျော့ခြင်း၊ မာနတက်ခြင်းတို့ကြောင့် ပျက်စီးတတ်လေသတည်း။

ဇာတ်ပေါင်းသော်-
မြေခွေးသည် ဒေဝဒတ် ဖြစ်လာ၏။
မင်းသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ပုရောဟိတ်သည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၂၆။ ဂုတ္တိလဇာတ် ၉၃

ဂုတ္တိလနှင့် မုသိလအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကိုမှီ၍ ပိဋ္ဌကတ်သုံးပုံကို တတ်ခြင်း၊ စာန်ရခြင်းတို့ ဖြစ်ကုန်လျက် ဆရာဖြစ်သော မြတ်စွာဘုရားကို အနှိုတ္တ၍ ပျက်စီးရလေသည်ဟု တရားသဘင်၌ ရဟန်းတို့ ပြောဆိုကြသည်တွင် ယခုသာမဟုတ် ရှေးကလည်း ပျက်စီးဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ စောင်းအတတ်ကို အပြီးသို့ရောက်၍ ပြိုင်ဖက်ကင်းသော ဂုတ္တိလအမည်ရှိသော စောင်းသမားသည် မျက်မမြင် အမိအဖတို့အား လုပ်ကျွေးလျက်နေ၏။

ထိုအခါ ဗာရာဏသီပြည်သား ကုန်သည်တို့သည် ဥဒ္ဇေနီပြည်သို့ ကုန်သွယ်သွားရာ ပွဲသဘင်အခါ ကြိမ်သည်နှင့် ဥဒ္ဇေနီပြည်သား မုသိလမည်သော စောင်းသမားကို အခေပေး၍တီးစေ၏။ မိမိတို့မှာ ဂုတ္တိလ၏စောင်းသံကို နားထောင်နေကျဖြစ်၍ မုသိလ၏စောင်းသံကို ကြားရသောအခါ ဝါးခြမ်းစိတ်ကိုတီးသကဲ့သို့ ထင်ကြရကုန်လျက် တစ်စုံတစ်ရာ နှစ်သက်ခြင်းကို မပြုကြလေ။

ထိုအခါ မုသိလကမေးမြန်းစုံစမ်းရာ အကြောင်းကိုသိရှိ ဂုတ္တိလ ဆရာ့ထံ၌ သင်ကြားလိုသည်နှင့် ကုန်သည်တို့အပြန်တွင် လိုက်လာပြီးလျှင် ဂုတ္တိလဆရာ့အိမ်သို့ ဝင်လာခဲ့၏။ ဂုတ္တိလမရှိခိုက်ဖြစ်၍ အိမ်ရှေ့တွင် ထားသော ဂုတ္တိလ၏စောင်းကို ယူပြီးလျှင် တီးကြည့်ရာ ဂုတ္တိလ၏ မျက်မမြင်မိဘတို့သည် စောင်းကို ကြွက်ကိုက်သည်ထင်၍ ရှူးရှူးဟု မောင်းကြ၏။ မုသိလကလည်း အမိအဖတို့ စောင်းတီးသည်ကား အကျွန်ပ်တည်း။ အကျွန်ပ်အမည်ကား မုသိလဖြစ်၍ ဥဒ္ဇေနီပြည်မှ စောင်းအတတ်ကိုသင်ရန် လာခဲ့ပါသည်ဟုဆို၏၊

ဤအကောအတွင်း ဂုတ္တိလရောက်လာ၍ ထိုမုသိလ၏သူယုတ် အင်္ဂါ လက္ခဏာတို့ကို မြင်သည်နှင့် အမောင်– သွားလေ၊ ပညာသင်မပေးလိုဟုဆို၏။ ထိုအခါ မုသိလသည် မိဘတို့၏ခြေကို ဆုပ်နယ်လျက် အကျွန်ပ်အား သနားသဖြင့် သင်ကြားစေပါလော့ဟု တောင်းပန်၏။ မိဘတို့က အဖန်တလဲလဲ တောင်းဆိုသည်ရှိသော် ပယ်ခြင်းငှာ မတတ်ဇောင်း၍ ဂုတ္တိလသည် မိမိတတ်သမျှကို အကြွင်းမရှိ သင်ပေး၏ ။

ထိုသို့တတ်မြောက်၍ မင်းထံ၌ခစားရန် ဆရာကလျှောက်ထားပေးရာ မင်းကြီးက ဆရာ၏လစာတစ်ဝက်မျှကိုသာ ပေးမည်ဆိုသော် မုသိလက အကျွန်ပ်သည် ဆရာနှင့်အတူတတ်၏။ အဘယ်ကြောင့်

တစ်ဝက်သာရထိုက်ပါသနည်းဟု ဆို၏။ ထိုအခါ မင်းကြီးက သင်သည် ဆရာနှင့်ထပ်တူတတ်၏ဆိုသော် ဆရာနှင့်ပြိုင်ဝံ့အုံ့လောဟု မေး၏။ ပြိုင်ဝံ့ပါ၏ဆိုလျှင် ဤနေ့မှ ၇ ရက်မြောက်သောနေ့၌ ဆရာဂုတ္တိလနှင့် တပည့်မုသိလတို့ အတတ်ပြိုင်လတ္တံ့ဟု စည်လည်စေ၏၊

ဂုတ္တိလမှာ ငါသည် အိုမင်းပြီ။ မုသိလကား နုပျိုး၏။ အိုမင်းသော လူတို့သည် အရာရာ၌ ချို့ယွင်းတတ်၏။ မုသိလမှာ တပည့်ဖြစ်၍ ရုံးစေကာမူ ထူးတော့သည်မဟုတ်။ အောင်သော်ကား ငါ အရှက်ရရုံသာတည်းဟု မျှားဖွာစိတ်ပူပန်လျက် သေရန်ပင် အလိုရှိလေ၏။

ထိုအခါ သိကြားမင်းနေရာပူ၍ ဆင်ခြင် သိရသော် လာရောက်ပြီးမှ ဆရာ မပူပန်လင့် မုသိလသည် အောင်မည်မဟုတ်။ သင်သည် စောင်းကိုတီးသောအခါ ညို့တစ်ချောင်းကိုဖြတ်၍ တီးလော့။ သင့်စောင်းသည် ပကတိအသံပင်ထွက်လိမ့်မည်။ မုသိလကလည်း ညို့တစ်ချောင်းကိုဖြတ်၍ တီးသောအခါ ပကတိသံမထွက်ဘဲ အသံပျက်လိမ့်မည်။ ပြီးမှ နှစ်ခုမြောက်သောညို့ကိုလည်းကောင်း၊ သုံးခုမြောက်၊ ဆယ်ခုမြောက်၊အစဉ်အတိုင်း ခုနှစ်ခုမြောက်ညို့ကိုလည်းကောင်း ဖြတ်၍ ဖြတ်၍ နောက်ဆုံး၌ စောင်းရိုးသက်သက်ကိုသာ တီးလော့။ အသံမပျက်လတ္တံ့။ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီမြို့ကို စောင်းသံလွှမ်းမိုးလတ္တံ့။ ထို့နောက် ယခု ငါပေးအပ်သော စောင်းသုံးခုအနက် တစ်ခုကို ကောင်းကင်သို့ပစ်လိုက်လျှင် နတ်သမီးသုံးရာဆင်း၍ သင့်ရှေ့၌ က လတ္တံ့။ ဒုတိယစောင်းကိုပစ်လျှင် အခြားနတ်သမီးသုံးရာဆင်းလာ၍ သင့်၏စောင်းဦး၌ က လတ္တံ့။ တတိယစောင်းကိုပစ်လျှင် အခြားနတ်သမီးသုံးရာဆင်း၍ ပွဲသဘင်အလယ်၌ က လတ္တံ့။ ငါကိုယ်တိုင်လည်း ပွဲကိုလာ၍ ကြည့်ရှုအုံ့၊ မကြောက်လင့်ဟု ဆိုလေ၏။

ဂုတ္တိလသည် သက်သာရာရပြီးနောက် ခုနစ်ရက်မြောက်သော နေ့၌ ကြီးစွာသော မင်းပရိသတ်တို့အလယ်တွင် ဆရာနှင့်တပည့်တို့ ပြိုင်ကြရလေ၏။ စ၍တီးကြသောအခါ ဆရာနှင့်တပည့် ထပ်တူ ထပ်မျှ တီးနိုင်၏။ လူတို့လည်း ကောင်းချီးပေးလေ၏။ သင်အပ်တတ် အပ်သော အတီးမျိုးစုံသော် ဂုတ္တိလသည် ညို့တစ်ချောင်းကိုဖြတ်၍ တီးလျှင် ပကတိအသံပင်ထွက်၏။ မုသိလက အတုလိုက်၍တီးလျှင် သော်ကား အသံပျက်လေ၏။ ဂုတ္တိလသည် ဆက်လက်၍ နှစ်ခု မြောက်၊ သုံးခုမြောက် စသည်ဖြင့် အလုံးစုံသော ညို့တို့ကိုဖြတ်၍ စောင်းရိုးကိုသာ တီးလေရာ အသံမပျက် ပကတိအတိုင်းထွက်၍ ပြီးမှ သိကြားမှာခဲ့သည့်အတိုင်း စောင်းသုံးခုကို ကောင်းကင်သို့ အစဉ် အတိုင်းပစ်ရာ နတ်သမီးတို့ ဆင်းရ၍က ကြလေ၏။

ထိုအခါ မင်းသည် လူအပေါင်းတို့အား မျက်ရိပ်ပြသော် ထလတ်ကြ၍ ဟယ်–မုသိလ၊ နင်သည် ဆရာကို အနှိုတုသလောဟု ဆွဲငင်သတ်ပုတ်ပြီးလျှင် တံမြက်ချေးစွန့်ရာ၌ ပစ်ကြလေ၏။ မင်းနှင့် တကွ လူအပေါင်းတို့သည် ဂုတ္တိလအား ရတနာမိုးရွာသကဲ့သို့ ချီးမြှောက်ပူဇော်ကြလေ၏။

သိကြားမင်းမှတစ်ဆင့် နတ်သမီးတို့ကြား၍ မိမိတို့လည်း ဂုတ္တိလ၏စောင်းသံကို နာလိုကြောင်း လျှောက်ကြလျှင် ဝေဃယန္တာ ရထားဖြင့် ဂုတ္တိလကိုဆောင်စေ၍ ၇ ရက်ပတ်လုံး စောင်းသံကို နာစေ၏ ။

ဂုတ္တိလကလည်း စောင်းတီးခအဖြစ်ဖြင့် နတ်သမီးတို့အား မိမိတို့သည် အဘယ်သို့သော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်သို့ရောက်ကြောင်း ပြောပြစေ၏။ နတ်သမီးတို့လည်း ဒါန၊ သီလ၊ ဘာဝနာ တည်းဟူသော မိမိတို့၏ ကောင်းမှုအသီးသီးတို့ကို ပြောပြကုန်၏။

ဂုတ္တိလသည်လည်း အားကျလျက် ကုသိုလ်ပြုရန်စိတ်ထား၏။ ၇ ရက်လည်သော် လူ့ပြည်သို့ပြန်ရောက်၍ မင်းနှင့်တကွ လူတို့အားနတ်ပြည်၏အကြောင်းကို ပြန်ပြောပြရာ လူတို့သည် ကောင်းမှုပြုခြင်း၌ အားသန်ကြလေသတည်း။

ဇာတ်ပေါင်းသော်–
မုသိလသည် ဒေဝဒတ် ဖြစ်လာ၏။
သိကြားသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ဂုတ္တိလသည် ဘုရား ဖြစ်လာ၏။

ဒုကနိပါတ်

၁၂၈။ ကိုံသုကောပမဇာတ် ၉၈

(ကိုံ = အဘယ်နည်း။ သုက = ကျေး။ ဩပမ = ဥပမာ)

ကိုံသုက အဘယ်သည်ကျေးနည်း။ ပေါက်ပင်။ ။ ပေါက်နှင့်ကျေးမှာ အဆင်းတူသဖြင့် ပေါက်ပင်၌ ကျေးနှားနေလျှင် ရွေးမ၍မရနိုင်။ အဘယ်သည် ကျေးနည်းဟု မေးရသောကြောင့် ၎င်းသစ်ပင်ကို ကိုံသုကဟုခေါ်သည်။

ပေါက်ပင်ဥပမာအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းလေးပါးတို့တွင် တစ်ပါးသည် ဖဿာယတနတို့ကို သိမ်းဆည်း၍ ရဟန္တာဖြစ်၏။ ဒုတိယတစ်ပါးကား ခန္ဓာငါးပါးကို။ တတိယတစ်ပါးကား မဟာဘုတ်လေးပါးကို။ စတုတ္ထတစ်ပါးကား တစ်ဆယ့်ရှစ်ပါးသောဓာတ်တို့ကို သိမ်းဆည်း၍ ရဟန္တာဖြစ်ကြ၏။

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြရာ ကမ္မဋ္ဌာန်းထူးသော်လည်း ရအပ်သော နိဗ္ဗာန်အကျိုးကား တူ၏ဟု မိန့်တော်မူသည်ကို ရဟန်းတစ်ပါးက အသိုဖြစ်နိုင်ပါအုံ့နည်းဟု ထပ်မံလျှောက်သော် သင်သည် ရှေးက မင်းလေးပါးနှင့်တူ၏ဟု တောင်းပန်အပ်သည့်အတိုင်း အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းသားလေးပါးတို့သည် မိမိတို့၏ ရထားထိန်းအား ပေါက်ပင်ကိုပြစေ၏။ ရထားထိန်းကား လေးပါးလုံးကို အတူမပြဘဲ မင်းသားကြီးကို ရထားဖြင့် တောသို့ဆောင်၍ ဤကားပေါက်ပင်တည်းဟု အရွက်မရှိ မည်းသောအခါ၌ ပြ၏။

ဒုတိယမင်းသားကို ထူသောအရွက်ရှိသောအခါ၌ ပြ၏။

တတိယမင်းသားကို ပွင့်သောအခါ၌ ပြ၏။

စတုတ္ထမင်းသားကို သီးသောအခါ၌ပြ၏။

မင်းသားလေးပါးတို့ဆုံ၍ ပေါက်ပင်အကြောင်းကို ပြောကြရာ ပထမက မီးလောင်ငတ်တိုနှင့်တူ၏ဟု ဆို၏။

ဒုတိယက ပညောင်ပင်ကဲ့သို့။

တတိယက သားတစ်ကဲ့သို့။

စတုတ္ထက ကုက္ကိုပင်ကဲ့သို့ရှိ၏ဟု မိမိတို့မှတ်သားမိသည့်အတိုင်း အသီးသီးပြောကြကုန်၏။

ဤသို့အချင်းချင်း သဘောမညီကြ၍ အဖအား ပြောကြားမေးမြန်းကြသော် ချစ်သားတို့- သင်တို့အား ရထားထိန်းပြစဉ်က၊ ပြသောကာလ၊ ထိုကာလ၌ ဖြစ်ရှိသော ပေါက်ပင်၏သဘော စသည်ဖြင့် ပြည့်စုံအောင် မမေးမြန်း မစုံစမ်းသောကြောင့် ဤသို့ယုံမှားရှိကြကုန်၏။ သင်တို့သည် အချို့ တစ်ဝက်စီမှန်ကြပါ၏။ သို့ရာတွင် သင်တို့လေးဦးလုံး မှားသည်သာတည်းဟုဆိုပြီးမှ ပေါက်ပင်၏သဘော အလုံးစုံကို အခါကာလနှင့် ပိုင်းခြား၍ ပြောပြလေသတည်း။

ထိုမင်းသားလေးပါးသည် အပြည့်အစုံမမေးမြန်းရ မသိသောကြောင့် ပေါက်ပင်၌ ယုံမှားဖြစ်ကြသကဲ့သို့ သင်ရဟန်းသည်လည်း ယခုတရား၌ ဤသို့ယုံမှားရှိရလေသည်ဟု မိန့်တော်မူပြီးမှ။

ဇာတ်ပေါင်းသော်–

ခမည်းတော်မင်းသည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၂၉။ တိလမုဋ္ဌိဇာတ် ၂

(တိလ = နှမ်း။ မုဋ္ဌိ = လက်တစ်ဆုပ်)

နှမ်းခိုးရှစ်စားသောမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အမျက်ဒေါသကြီးသော ရဟန်းတစ်ပါးကို ဆုံးမရန် အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါး၏ သားတော်သည် တက္ကသိုလ်ပြည်၌ ပညာသင်ကြားနေစဉ် တစ်နေ့၌ အမယ်အိုတစ်ယောက် လှမ်းထားသောနှမ်းကို စားလိုသည်နှင့် တစ်ဆုပ်ယူ၍စား၏။ အမယ်အိုလည်း တစ်စုံတစ်ရာမဆိုဘဲနေ၏။ ဤသို့ နေ့တိုင်းယူစား၍ သုံးရက်မြောက်သောနေ့၌ကား အမယ်အိုသည် ဆရာကို ငိ၍တိုင်ကြားလေလျှင် ဆရာက အဖိုးပေးစေဟုဆို၏။ အမယ်အိုက အဖိုးကို မလိုပါ။ တစ်ဖန် ဤသို့မပြုအောင်သာ ဆုံးမပါဟု ဆိုလေ၏။

ထိုအခါ ဆရာကြီးသည် ထိုမင်းသားအား ဝါးခြမ်းစိတ်ဖြင့် ကျောကိုသုံးချက်ရိုက်၍ ဆုံးမလိုက်၏။ မင်းသားသည် ဆရာကြီးအား အမျက်ဖြင့်ကြည့်၍ ငါမင်းဖြစ်သောအခါ ခေါ်၍သတ်အုံ့ဟု အငြိုးထားလေ၏။ ထိုသို့စိတ်ထားသည်ကို ဆရာက ချက်ချင်းသိလိုက်၏။

ပညာတတ်ပြီးနောက် တိုင်းပြည်သို့ပြန်ရောက်၍ မင်းဖြစ်သော် ဆရာကို ပဏ္ဏာလက်ဆောင်နှင့်တကွ လူလွှတ်၍ခေါ်လိုက်၏။ ဆရာသည် ခေါ်ရင်းအကြောင်းကိုသိ၏။ သို့ရာတွင် ဤမင်းသည် ယခုအသက်အတန်ကြီးပြီ၊ ဆုံးမခြင်းငှာ တတ်ကောင်း၏ဟု သွားလေ၏။

ရောက်လျှင် မင်းက အသင်ပုဏ္ဏား– နှမ်းတစ်ဆုပ်ကြောင့် ငါ့ကိုရိုက်သည်ကို ယနေ့တိုင် ငါမမေ့သေး။ သင့်ကိုသတ်ရန် ငါခေါ်ခြင်းဖြစ်သည်ဟု ဆို၏။ ဆရာကလည်း အရှင်မင်းကြီး၊ မဏောင်းမှုကိုပြုသဖြင့် တားမြစ်ခြင်းသည် ဆုံးမသည်မည်၏။ ရန်သူဟူ၍ မမှတ်သင့်။ အကယ်၍ နှမ်းကိုခိုးယူစဉ်က မဆုံးမလိုက်သော် နှမ်းဖြင့်ပြုလုပ်အပ်သောမုန့်၊ နောက်ပဲဖြင့်ပြုလုပ်အပ်သောမုန့်, စသော ခဲဖွယ်တို့ကိုလည်းကောင်း၊ နောက် သစ်သီးကြီးငယ်တို့ကိုလည်းကောင်း၊ နောက် အဝတ်အစား ရတနာရွှေငွေတို့ကိုလည်းကောင်း ခိုးယူခြင်း၊ လုယက်ခြင်း၊ တိုက်ခိုက်ခြင်း၊ သူပုန်ထခြင်းတို့ကို အဆင့်ဆင့်ပြုလေရာ၏။ ထိုအခါ မင်း၏ဆန့်ကျင်ဘက်အနေနှင့် ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံရရာ၏။ သို့ဖြစ်သော် သင်မင်းကြီးမှာ ဤသို့သော မင်းစည်းစိမ်ချမ်းသာကို အဘယ်မှာ ရနိုင်တော့အုံ့နည်း။ ဆရာတည်းဟူသော အကျွန်ုပ်ကိုမှီ၍သာ ဤသို့သောအခြေအနေ စည်းစိမ်ကို ရပေသည် မဟုတ်ပါလောဟု လျှောက်လေ၏။

ခြံရံ၍နေသော မှူးမတ်တို့ကလည်း အရှင်မင်းကြီး ဆရာ့စကား မှန်ပေသည်။ ဤစည်းစိမ်သည် ဆရာ၏စည်းစိမ်သာတည်းဟု လျှောက်ကြ၏။

ထိုအခါမှ မင်းသည် ဆရာ၏ကျေးဇူးကို သိမြင်လာ၍ ဆရာ၊ အကျွန်ုပ်မှားပေပြီ။ ဆရာ့အား အလုံးစုံသောစည်းစိမ်ကို ငါပေး၏ဟု ဆိုလေ၏။ ဆရာလည်း လက်မခံ ပယ်၏။ ထိုအခါ တက္ကသိုလ်ပြည်မှ ဆရာ၏သားမယားတို့ကို ဆောင်စေပြီးလျှင် များစွာသောအဆွေအရံ စည်းစိမ်တို့ကိုပေး၍ ဆရာကို ပုရောဟိတ်အရာ၌လည်းကောင်း၊ အဖ၏ အရာ၌လည်းကောင်း ထားလျက် ကိုးကွယ်လေသတည်း။

တရားအဆုံး၌ အမျက်ထွက်သောရဟန်းသည် အကျွတ်တရားကို ရလေ၏။

ဇာတ်ပေါင်းသော်–

မင်းသည် အမျက်ကြီးသောရဟန်း ဖြစ်လာ၏။

ဆရာသည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၃၀။ မဏိကဏ္ဌဇာတ် ၃

(မဏိ = ပတ္တမြား။ ကဏ္ဌ = လည်။)

(ကဏ္ဌမဏိ = လည်ဆွဲပတ္တမြား။)

တောင်းလျှင် မုန်းတတ်ခြင်းအကြောင်း

အာဠဝိတိုင်းသား ရဟန်းတို့သည် မိမိတို့ကိုယ်တိုင် အဆောက်အအုံ ကုဋီတို့ကို ဆောက်လုပ်ကြရာ လူယောက်ျားတို့အား ကူကြပါ၊ ညီကြပါဟု မပြတ်မလတ်ခေါ်၍ နှိုင်းကြသည်နှင့် လူတို့စက်ဆုပ်ကြသည်ဖြစ်၍ ရဟန်းတို့ကိုမြင်လျှင် ပြေးပုန်းရှောင်လွှဲကြ၏။

ထိုအခါ ရှင်မဟာကဿပသည် အာဠဝီပြည်သို့ကြွ၍ ဆွမ်းခံဝင်တော်မူရာ လူတို့မြင်လျှင် ပြေးကြကုန်၏။ ထိုအကြောင်းကို စုံစမ်း၍ သိရသော် ရှင်မဟာကဿပသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအား လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို စည်းဝေးစေ၍ ချစ်သားတို့၊ တောင်းခြင်းကို ငါသည် ကဲ့ရဲ့၏။ တောင်းခြင်းသည် အချစ်အကြည်ညိုကို ပျက်စေတတ်၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရသေ့ညီနောင်တို့သည် ဂင်္ဂါမြစ်အနီး၌ ဈာန်းတစ်ဆောင်စီတွင် နေကြရာ ကဏ္ဍမည်သော နဂါးမင်းသည် လုလင်အသွင်ဖြင့် ညီတော်ရသေ့ထံသို့ လာရောက် အဆွေခင်ပွန်းဖွဲ့၍ အချင်းချင်း အလွန်ချစ်ခင်ကြ၏။

ထိုလုလင်သည် နေ့တိုင်းလာ၍ စကားစမြည်ပြောဆိုပြီးနောက် ပြန်ခါနီး၌ လုလင်အသွင်ကိုစွန့်၍ ရသေ့ကို အခွေတို့ဖြင့် ရစ်ပတ်လျက် ဦးခေါင်းထက်၌ ကြီးစွာသော ပါးပျဉ်းကိုဆောင်း၍ အတန်ငယ် နေပြီးမှ ထွက်သွားလေ့ရှိ၏။

ရသေ့သည်ကား နဂါးကိုကြောက်သောကြောင့် ကြံ့လိုဖျော့တော့ခြင်းသို့ ရောက်သည်ကို နောင်တော်ရသေ့ မြင်ရှိမေးမြန်း အကြောင်းကို သိရသော် နဂါးမလာစေလိုလျှင် ဆင်ယင်လာသော ပတ္တမြားကို ဤအခါ ဤသို့တောင်း စသည်ဖြင့် ညီတော်ရသေ့အား သင်ကြားထားနှင့်လေ၏။

ညီတော်ရသေ့လည်း ဝန်ခံ၍ နောက်တစ်နေ့ နဂါးလာသော အခါ မထိုင်မီခင် သင်၏တန်ဆာဖြစ်သော ပတ္တမြားကို ငါ့အားပေးပါလော့ဟု တောင်းလေ၏။ နဂါးလည်း မထိုင်တော့ဘဲ ပြေးလေ၏။ ဒုတိယနေ့တွင် ကျောင်းတံခါး၌ရပ်စဉ်၌ တောင်းလေ၏။ နဂါးလည်း ကျောင်းသို့မဝင်တော့ဘဲ ပြန်ပြေးလေ၏။ တတိယနေ့တွင် ရေမှပေါ်

စဉ်ခ္ခ တောင်းဏ။ ထိုအခါ နဂါးက အို-ရသေ့၊ ထိုပတ္တမြားကိုမှီ၍ ငါသည် အစာအာဟာရတို့ကို ရဏ။ သင်သည် အလွန်တောင်းတတ်သည်ဖြစ်သောကြောင့် သင့်ကျောင်းသို့ ငါမလာတော့ပြီဟု ဆို၍ပြေးလေဏ။

ထို့နောက် နဂါးမလာသည်နှင့် ညီတော်သည် အောက်မေ့၍ ပိန်ချုံးခြင်းဖြစ်ရပြန်သည်ကို နောင်တော်မြင်သော် သင်သည် မြတ်နိုးသော ဥစ္စာကို တောင်းသည်ဖြစ်၍ သင့်အား နဂါးမုန်းလေပြီ။ မည်သည့်အခါမှ ပြန်လာလိမ့်မည်မဟုတ်။ စိတ်ကိုဖြတ်လေလော့ဟု ဆုံးမလေသတည်း။

လောကခ္ခ တောင်းတတ်သူကို လူတို့မုန်းတတ်ဏ။ ၎င်းပြင် တောင်းလျက်နှင့် မပေးတတ်သူကိုလည်း လူတို့မုန်းတတ်သေးဏ။

ဇာတ်ပေါင်းသော-

ညီတော်ရသေ့သည် ရှင်အာနန္ဒာ ဖြစ်လာဏ။
နောင်တော်ရသေ့သည် ဘုရား ဖြစ်လာဏ။

❑

တိကနိပါတ်

၁၃၁။ ကုဏ္ဍကသိန္ဓဝဇာတ် ၄

(ကုဏ္ဍက = ဆန်ကွဲ။ သိန္ဓဝ = သိန္ဓောမြင်း။)

မြင်းလိမ္မာအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းခ္ခ ရှိတော်မူစဉ် လူတို့သည် ရဟန်းသံဃာတို့အား အသီးသီး အလှူကြီးပေးကြသောအခါ ဆင်းရဲစွာ

သော အမယ်အိုတစ်ယောက်သည်လည်း တစ်ပါးစာစီရင်၍ သံဃာပေးသော ရဟန်းထံ၌ မိမိအားလည်း ရဟန်းတစ်ပါးပေးပါမည့်အကြောင်း တောင်းလေ၏။ ပေးရန် သံဃာကုန်နေပြီဖြစ်၍ ကျောင်းတွင်း တစ်ပါးတည်းသာ ကျန်သော ရှင်သာရိပုတ္တရာထံသို့ လွှတ်လိုက်လေ၏။

အမယ်အိုသည်လည်း အားရဝမ်းသာစွာနှင့် ရှင်သာရိပုတ္တရာကို အိမ်သို့ ပင့်ဆောင်သွားလေ၏။ ထိုအကြောင်းကို မင်းအစရှိသောသူတို့ ကြားကုန်၍ ပသေနဒီကောသလမင်းသည် ထိုအမယ်အိုအား ဥစ္စာတစ်ထောင်၊ အဝတ်အစားနှင့်တကွ ကောင်းမြတ်သော ဘောဇဉ်တို့ကို ရှင်သာရိပုတ္တရာအား လုပ်ကျွေးရာ၌ အသုံးပြုရန်ဟု ပို့စေ၏။ ထိုအတိုင်းပင် မဟာအနာထပိဏ်၊ စူဠအနာထပိဏ်၊ ဝိသာခါတို့သည်လည်း ပို့စေကုန်၏။ အခြားသဒ္ဓါစေတနာရှိသူတို့ကလည်း အထိုက်အလျောက် ပို့ကြကုန်၏။ ဤသို့ အားဖြင့် တစ်နေ့ချင်းတွင် အသပြာတစ်သိန်း ရလေ၏။

အရှင်သာရိပုတ္တရာသည်ကား အမယ်အို၏ ဆွမ်း၊ ဘောဇဉ်ကိုသာ လျှင် ဘုဉ်းပေး၍ အနုမောဒနာပြုလျက် အမယ်အိုအား သောတာပတ္တိဖိုလ် ၌ တည်စေပြီးမှ ကျောင်းသို့ပြန်ကြွလေ၏။

ထိုအခါ တရားသဘင်၌ ရဟန်းတို့သည် အရှင်သာရိပုတ္တရာသည် သက်ကြီးအိုမအား ဆင်းရဲမှု လွတ်စေ၏။ အမယ်အိုစီရင်သော ခဲဖွယ် ဘောဇဉ်ကိုသာလျှင် သည်းခံ၍ ဘုဉ်းပေးတော်မူ၏ စသည်ဖြင့် အရှင်သာရိ ပုတ္တရာ၏ ဂုဏ်ကျေးဇူးတို့ကို ပြောဆိုလျက် နေကြသည်ကို မြတ်စွာဘုရား ကြားတော်မူသော် ယခုသာမဟုတ် ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဥတ္တရာပထဇနပုဒ်မှ မြင်းကုန်သည် တစ်ယောက်သည် ဗာရာဏသီပြည်သို့ မြင်းရောင်းလာရာ လမ်းခရီး အကြား တစ်ခုသောနိဂုံးတွင် ဆင်းရဲသော အမျိုးကောင်း အမယ်အို တစ်ယောက်၏အိမ်၌ ခေတ္တဌာန်၍ တည်းခိုလေ၏။

ထိုသို့နေစဉ်အတွင်း အာဇာနည်မြင်းမတစ်ကောင်မှ မြင်းငယ်တစ်ကောင်ဖွားဇ၏။ မြင်းကုန်သည်တို့ နှစ်ရက်သုံးရက်နေ၍ သွားကြသောအခါ အမယ်အိုက အိမ်ဌားခအနေနှင့် ထိုမြင်းငယ်ကိုပင် ပေးခဲ့ပါဟု တောင်းသောကြောင့် ပေးခဲ့ကြလေ၏။

အမယ်အိုသည် မြင်းငယ်ကို သားကဲ့သို့ ချစ်ခင်ယုယလျက် မိမိစားသော ဆန်ကွဲထမင်း၊ ယာဂုတို့ကိုသာ စားစေ၏။ တစ်ဖန် ထိုမြင်းကုန်သည်ရောက်လာ၍ မြင်းငယ်၏ ကြန်အင်လက္ခဏာတို့ကို ကြည့်သော် အဖိုးမဖြတ်နိုင်သော သိန္ဓောမြင်းဖြစ်ကြောင်းကို သိရ၏။

ထိုအခါ မြင်းကုန်သည်သည် မြင်းငယ်ကို ဝယ်ယူအံ့ဟု အမယ်အို၊ မြင်းငယ်ကို ငါ့အားရောင်းပါလော့ဟု ဆို၏။ အမယ်အို ကလည်း သင်အသို့ဆိုသနည်း။ သားကိုရောင်းစားသောမိန်းမမည်သည်ရှိသလောဟုဆို၏။ မိခင်၊ မိခင်သည် ဆင်းရဲသည်ဖြစ်၍ မိမိကိုယ်တိုင် စားရသော ဆန်ကွဲထမင်းယာဂုတို့ကိုသာ ကျွေးနိုင်၏။ အကယ်၍ ကျွန်ုပ်အားပေးသော် ဆန်ထမင်းကိုစားစေအံ့။ မြင်းကို အင်းပြင်ပေါ်၌ နေစေ၍ အထက်က ပုဆိုးဗိတာန်ကိုကြက်၍ ထားပါအံ့ဟု ဆိုလေ၏။ ထိုအခါမှ အမောင်၊ ဤသို့ပြုစုမူကား ငါ့သားချမ်းသာအံ့။ သို့ကြောင့် ယူလေတော့ဟု ဆိုလေ၏။

ထိုအခါ ကုန်သည်သည် သိန္ဓာမြင်းငယ်၏ အခြေလေးချောင်း၊ အမြီး၊ နှုတ်သီးတို့၌ ခြောက်ထောင်သောအသပြာတို့ကိုထား၍ အမယ်အိုကို အဝတ်သစ်ဝတ်စေပြီးလျှင် မြင်းငယ်၏ရှေ့၌ ရပ်စေ၏။ သိန္ဓောမြင်းငယ်လည်း အမယ်အိုကိုကြည့်လျက် မျက်ရည်ယို၏။ ထိုအခါ အမယ်အိုက ကျောက်ကုန်းကို သုံးသပ်လျက် ချစ်သား– ငါသည်သား၏ မွေးကျိုးကိုရပြီ။ ထိုမှတစ်ပါးလည်း ငါ့သားသည် ဤမှာနေရသည်ထက် အစားအသောက် အနေအထိုင်တို့၌ ပိုမိုကောင်းမွန်ချမ်းသာလိမ့်မည်ဖြစ်သောကြောင့် လိုက်၍သွားလေတော့ဟု ဆိုလေ၏။

နောက်တစ်နေ့၌ မြင်းကုန်သည်သည် မြင်းငယ်ကို စုံစမ်းရန် ဆန်ကွဲ ထမင်း၊ ယာဂုတို့ကို တိုက်ကျွေးလေလျှင် မစားဘဲနေ၏။

ထိုအခါ မြင်းကုန်သည်က သင်သည် ဆန်ကွဲဆန်ညှာကိုစား၍ ကြီးရ၏။ ယခု အဘယ်ကြောင့်မစားသနည်းဟု မေးသော်။ ငါ၏ အဖိုးထိုက်တန်ခြင်းကို မသိသောအရပ်၌ ဖြစ်စဉ်ကသာလျှင် ဆန်ကွဲကို ငါစား၏။ ယခု သင်သည် ငါမည်မျှအဖိုးတန်သည်ကို သိသည်မဟုတ်လော။ သင်သည် အသပြာခြောက်ထောင်ပေး၍ ငါ့ကို ဝယ်ခဲ့သည်မှာ ဆန်ကွဲကိုစားစေလို၍မဟုတ်ဟု ဆိုလေ၏။

မြင်းကုန်သည်ကလည်း စုံစမ်းခြင်းမျှသာဖြစ်သည်။ အမျက်မထွက်လင့်ဆို၍ မင်းရင်ပြင်၌ မြင်းကို အခင်းအမိုးနှင့် ထူးမြတ်ကောင်းမွန်စွာ ထားလင့်၏။

မင်းကြီးသည် ထိုထူးခြားစွာထားသောမြင်းကို မြင်၍ မေးမြန်းအစွမ်းကိုပြစေ၏။ ထိုအခါ မြင်းကုန်သည်သည် မြင်းကို မင်းရင်ပြင်၌ နှင်ရာ မင်းရင်ပြင်သည် မြင်းအစဉ်ဖြင့် ခြံရံသကဲ့သို့ဖြစ်၏။ တစ်ဖန် မြင်း၏ လျှင်မြန်ခြင်းကိုကြည့်လော့ဟုဆို၍ လွှတ်ရာ တစ်ယောက်သောသူမျှလည်း မြင်းကို မမြင်လိုက်ရဖြစ်၏။ တစ်ဖန် နီသောအဝတ်ကို ဝတ်၍ လွှတ်ပြန်ရာ အဝတ်နီကိုသာ မြင်ကြရကုန်၏။ ထို့နောက် ရေကန်အပြင်၌လွှတ်ရာ ခွာဖျားတို့ကိုမျှလည်း ရေမစွတ်ရှိလေ၏။ ထို့နောက် လက်ခုပ်တီး၍ လက်ဝါးအပြင်ကိုပြလျှင် မြင်းသည် လာလတ်၍ ခြေလေးချောင်းကို တစ်ပေါင်းတည်းပြုပြီးလျှင် လက်ဝါးအပြင်၌ ရပ်လေ၏။

ပြီးမှ မြင်းကုန်သည်က အရှင်မင်းကြီး၊ ဤမြင်းငယ်၏အစွမ်းမှာ အဆုံးမရှိပါဟု လျှောက်လေ၏။ မင်းကြီးလည်း အလွန်နှစ်သက်ဝမ်းမြောက်၍ မြင်းကုန်သည်အား ပြည်တစ်ဝက်ကိုပေး၏။ မြင်းကို

ဘိသိက်သွန်း၍ မင်္ဂလာမြင်းအရာ၌ထားပြီးလျှင် ကြီးစွာသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်ထား၏။ ထိုမြင်း၏တန်ခိုးကြောင့် ဇမ္ဗူဒီပ်ကျွန်းအလုံးသည် ဗာရာဏသီမင်းသို့သာ ညွှတ်လေသတည်း။

ဇာတ်ပေါင်းသော်-
ထိုအမယ်အိုသည် ယခုအမယ်အို ဖြစ်လာ၏။
သိန္ဓောမြင်းသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
မြင်းကုန်သည်သည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၃၂။ ဧရဒပါနဇာတ် ၆
(ဧရ = အိုသော၊ ဟောင်းသော။ ဥဒပါန = ရေတွင်း။)

တန်ဆေးလွန်စာ

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်မှ ကုန်သည်တို့သည် ကုန်သွယ်သွားကြရာ လမ်းခရီး၌ ရေမရှိသော ရေတွင်းဟောင်းတစ်ခုကို တွေ့ရှိ ရေငတ်ကြသည်နှင့် ဆင်းသက်တူးဖော်ကြရာ အစဉ်သဖြင့် သလွဲစင်၊ သလွဲပုပ်၊ ကြေးပုပ်၊ ကြေးနီ၊ ကျောက်မျက်ရွဲအပေါင်းတို့ကို ရကုန်၏။ ထိုမျှဖြင့်သာ ရောင့်ရဲကြလျက် ယူဆောင်၍ ပြန်ခဲ့ကြကုန်၏။

-သာဝတ္ထိပြည်သို့ ပြန်ရောက်၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ကြသော် သင်တို့သည် ရောင့်ရဲသည်ဖြစ်၍ ဥစ္စာကိုလည်းကောင်း၊

အသက်ကိုလည်းကောင်း ရကြကုန်၏။ ရှေးသူဟောင်းတို့ကား မရောင့်ရဲ နိုင်သဖြင့် ဥစ္စာအသက်ဆုံးရှုံးဖူးလေပြီဟု တောင်းပန်အပ်သည့်အတိုင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ လှည်းကုန်သည်တစ်စုတို့သည် ကုန်သွယ်သွား ရာလမ်း၌ ရေမရှိသော ရေတွင်းဟောင်းတစ်ခုကို တွေ့ရှိ၊ ရေလိုသည် နှင့် တူးဖော်ကြသည်တွင် အစဉ်သဖြင့် များစွာကုန်သော ဥစ္စာရတနာ တို့ကို ရ၏။ သို့ပါလျက်လည်း မရောင့်ရဲနိုင်ဘဲ သာ၍ကောင်းမြတ် သော ရတနာရှိလတ္တံ့ဟု လွန်၍တူးကြသည်ကို လှည်းမှူးက မတူး သင့်ကြောင်းနှင့် တားမြစ်လေ၏။

နားမထောင်ကြဘဲ ဆက်လက်၍တူးကြလေရာ ထိုရေတွင်း အောက်၌ရှိသော နဂါးမင်းသည် မိမိ၏နေရာဗိမာန်ပျက်၍ မြေမှုန့်ကျ လေလျှင် အမျက်ဖြင့် အခိုးလွှတ်သည်နှင့် လှည်းမှူးမှတစ်ပါး အလုံးစုံ သော လှည်းကုန်သည်တို့သည် သေကျေပျက်စီးကြလေ၏။ နဂါးမင်း နှင့် နဂါးလုလင်တို့သည် တက်လာပြီးလျှင် လှည်းမှူးကို ဖော်ပြီးသော ဥစ္စာတို့နှင့်တကွ အိမ်အရောက် လိုက်ပို့လိုက်ကြလေသတည်း။

ဇာတ်ပေါင်းသော်–

နဂါးမင်းသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

လှည်းမှူးသည် ဘုရား ဖြစ်လာ၏။

❑

တိကနိပါတ်

၁၃၃။ ဂါမဏိစန္ဒဇာတ် ၇

ပညာရှိသော အာဒါသမုခအကြောင်း

မြတ်စွာဘုရားသည် ဧတဝန်ကျောင်း၌ နေတော်မူစဉ် ရဟန်းတို့သည် မြတ်စွာဘုရား၏ ဉာဏ်ပညာတော်ကြီးကြောင်း ချီးမွမ်းကြရာ၌ ရှေးနစဉ်ကလည်း ဤသို့ပင်ဟု တောင်းပန်အပ်သည့်အတိုင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဧနသန္ဓမင်းသည် သားတော် ၇ နှစ်သားအရွယ်ရောက်သော် သေလွန်ခဲ့၏။ ထိုသားတော်၏ မျက်နှာမှာ ရွှေကြေးမုံကဲ့သို့ ကြည်လင် စင်ကြယ်လှသည်နှင့် အာဒါသမုခ သတို့သားဟု အမည်တွင်၍ ခမည်းတော် သင်ကြားစေအပ်သည်ဖြစ်၍ ဗေဒင် စသောအတတ်တို့ကိုလည်း ကောင်းစွာတတ်၏။

ခမည်းတော်လွန်ပြီးနောက် မှူးမတ်တို့သည် ထိုငယ်လွန်းသော သူငယ်ကို မင်းမြှောက်ထိုက် မမြှောက်ထိုက် စုံစမ်းကြကုန်အံ့ဟု မင်းငယ်ကို တရားစီရင်ရာ ပလ္လင်ထက်၌ထားပြီးမှ မျောက်တစ်ကောင်ကို လူကဲ့သို့ တန်ဆာဆင်၍ ယူလာကြပြီးလျှင် အရှင့်သား– ဤသူကား အိမ်ရာမြေ၏သဘောကို ကောင်းစွာသိကျွမ်း၍ မြေအတွင်း ၇ တောင်အထိ အကျိုးအပြစ်ကို ဟောစွမ်းနိုင်ပါသည်။ ဤဆရာကို ချီးမြှောက် ရာထူးပေးတော်မူပါလော့ဟု လျှောက်ကြ၏။

မင်းသားလည်း ထိုမျောက်ကို အောက်အထက်ကြည့်၍ မျောက်ဖြစ်ကြောင်းကိုသိမှ အမတ်တို့ မျောက်မည်သည်ကား တစ်စုံတစ်ရာ

ညွှန်ကြား စီရင် ပြုပြင်ခြင်းငှာ မစွမ်း။ ရှုမဲ့သောမျက်နှာရှိသောမျောက်သည် လျှပ်ပေါ်လော်လည်၍သာလျှင် ပြုပြီးတို့ကို ဖျက်ဆီးတတ်၏။ အသို့ချီးမြှောက်နိုင်အံ့နည်းဟု ဆို၏။

အမတ်တို့လည်း အမိန့်တော်ရှိတိုင်းဖြစ်လတ္တံ့ဟုဆို၍ တစ်ရက်နှစ်ရက်လွန်သော် ထိုမျောက်ကိုပင် တန်ဆာဆင်၍ယူခဲ့ပြီးလျှင် အရှင့်သား၊ ဤသူသည် ခမည်းတော်လက်ထက်၌ လိမ္မာသော တရားသူကြီး ဖြစ်ပါသည်။ ယခု တရားသူကြီးခန့်တော်မူပါဟု လျှောက်ကြ၏။

မင်းသားလည်း မျောက်ကိုကြည့်၍ ဤအမွေးမျိုးကား ပညာရှိသောသူတို့၏ အမွေးမျိုးမဟုတ်။ သက်သာရာကိုလည်း ပေးစွမ်းနိုင်မည်မဟုတ်ဟု ဆိုလေ၏။

အမတ်တို့လည်းဟုတ်ပါလတ္တံ့ဆို၍ တစ်ဖန် တစ်ရက်နှစ်ရက်လွန်သော် ယူခဲ့ပြန်၍ အမိအဖ စသော သက်ကြီးဝါကြီးတို့ကို လုပ်ကျွေးတတ်သူတည်း။ ချီးမြှောက်တော်မူပါဟု လျှောက်ကြ၏။

အမတ်တို့၊ လျှပ်ပေါ်လော်လည်သောသူသည် အသို့လျှင် သက်ကြီးဝါကြီးတို့ကို လုပ်ကျွေးအံ့နည်းဟု ဆို၏။

ထိုအခါ အမတ်တို့သည် မင်းသားကား ဉာဏ်ပညာအဆင်အခြင်နှင့် ပြည့်စုံ၏ဟု မင်းမြှောက်ကြလေ၏။ ထိုမင်းသည် ဉာဏ်ပညာ အဆင်အခြင်နှင့် ပြည့်စုံ၍ တရားဆုံးဖြတ်ရာ၌ လိမ္မာတော်မူ၏ဟု ဇမ္ဗူဒြိပ်၌ ကျော်စော၏။ ထိုမင်းထံသို့ ပြလတ္တံ့သော တစ်ဆယ့်လေးပါးသော အကြောင်းအခင်းတို့သည် ရောက်လာလေသတည်း။

(၁) ထိုမင်းငယ် နန်းတက်သောအခါ ခမည်းတော်လက်ထက်က မင်းခစားအမတ် ဂါမဏိစန္ဒသည် ငယ်ရွယ်သောမင်းထံ၌ မခစားလိုသည်နှင့် တောရွာတစ်ခုသို့သွားရောက် လယ်ယာလုပ်ကိုင်စားသောက်နေလေ၏။

တစ်ခါသော် ဂါမဏိစန္ဒသည် မိတ်ဆွေတစ်ယောက်ထံမှ နွားနှစ်ကောင်ကို ငှားရမ်းထွန်ပြီးသော် ပြန်၍အပ်ပေးရန် လာခဲ့ရာ နွားရှင်လင်မယားတို့ ထမင်းစားနေသည်နှင့် မနှောင့်ယှက်လိုသောကြောင့် နှုတ်ဖြင့်မအပ်ဘဲ နွားတို့ကို ခြံတွင်းသို့သာ မောင်းသွင်းထားခဲ့လေ၏။

ညဉ့်အခါ ခိုးသူတို့သည် နွားတို့ကို ခိုးသွားကြလေ၏။ နံနက်၌ နွားရှင်သည် ခိုးသွားကြောင်းသိသော်လည်း ဂါမဏိစန္ဒအား လျော်စေအံ့ဟု သွားရောက်တောင်းခံ အငြင်းဖြစ်ကြပြီးလျှင် နွားရှင်က တရားစွဲမည်။ သင်လိုက်ခဲ့လော့ဟု ဆို၍ ကျောက်စရစ်ခဲကို ပစ်ချလျက် ဤကား မင်း၏တမန်တည်းဟု ဆိုလေ၏။ ဂါမဏိစန္ဒလည်း မင်းထံသို့ လိုက်ရလေ၏။ (ထိုကာလ ထိုအရပ်၌ တစ်စုံတစ်ခုသော ကျောက်စရစ်ကိုလည်းကောင်း၊ အိုးခြမ်းကွဲကိုလည်းကောင်း ပစ်ချ၍ ဤကား သင့်အားခေါ်သော တမန်တည်းဟုဆိုလျှင် မင်းထံသို့ လိုက်ရ၏။ မလိုက်သော် မင်းဒဏ်သင့်၏။)

(၂) ဂါမဏိစန္ဒနှင့် နွားရှင်တို့သွားကြရာ လမ်းခရီး၌ ဆာမွတ်ကြသည်နှင့် ရွာငယ်တစ်ခုရှိ ဂါမဏိ၏မိတ်ဆွေတစ်ယောက်အိမ်သို့ ဝင်ကြ၏။ မိတ်ဆွေမရှိခိုက်ဖြစ်၍ မယားက လောကွတ်ပျူငှာနှင့် ထမင်းချက်ရန်ဟု ရေကားဖြင့် ကျီသို့တက်ရာ ချော်ကျ၍ ၇လရှိသော ကိုယ်ဝန်သည် ပျက်ကျလေ၏။ ထိုခဏ၌ မိတ်ဆွေရောက်လာ၍ သင်သည် ငါ၏မယားကို ပုတ်ခတ်၍ ကိုယ်ဝန်ကိုကျစေ၏။ ဤကား မင်း၏တမန်တည်း၊ လာလောဟုဆို၍ ထွက်၏။

(၃) ဂါမဏိကို တရားလိုနှစ်ယောက် ညှပ်၍သွားရာ လမ်း၌ မြင်းထိန်းတစ်ယောက်သည် မြင်းကို လှည့်စိမ့်သောငှာ မတတ်နိုင်သည်နှင့် ဦးရီးဂါမဏိ၊ မြင်းကို တစ်စုံတစ်ခုဖြင့် ပစ်ခတ်၍ လှည့်ပါစေလော့ဟု ဟစ်၏။ ဂါမဏိလည်း ကျောက်ခဲဖြင့်ပစ်သော် မြင်း ခြေကျိုးလေ

၏။ မြင်းထိန်းလည်း သင်သည် ငါ့မြင်း၏ခြေကို ချိုး၏။ လာလော့ဟု ဆို၍ ထွက်၏။

(၄) တရားလိုသုံးယောက်နှင့် သွားကြပြန်ရာ ဂါမဏိသည် ငါ့မှာ နွားဖိုး၊ ကိုယ်ဝန်ဖိုး၊ မြင်းဖိုးမပေးနိုင်။ သေသည်က မြတ်သေး၏ဟု ကိုယ်လက်သုတ်သင်ရန် တောင်ပေါ်သို့ တက်ဦးအံ့ဆို၍ တက်ပြီးလျှင် တောင်ချောက်ဘက်သို့ ခုန်ချလိုက်ရာ ချောက်တွင်း၌ ဖျာယက်နေသော ဓေါင်းရွှေသမား သားအဖအပေါ်သို့ကျသည်နှင့် အဖသေလေ၏။ သားကလည်း သင်သည် ငါ့အဖကိုသတ်၏ဟု တရားလိုဖြစ်ပြန်လေ၏။

(၅) တရားလိုလေးယောက်နှင့်သွားပြန်ရာ ရွာစားတစ်ဦးသည် ဂါမဏိကို မြင်ဆွ. မင်းထံသို့သွားမည်ကို သိမှ ဦးရီးဂါမဏိ မင်းအားလျှောက်ပါလေ။ အကျွန်ုပ်သည် ရှေးက အဆင်းလှ၏။ ဥစ္စာရှိ၏။ ရောဂါကင်း၏။ ယခု ထိုသို့မဟုတ်ပြီ။ မင်းသည် ပညာရှိ၍ လျှောက်ထား၍ အကြောင်းကို အကျွန်ုပ်အား ပြန်ကြားပါလော့ဟု မှာလိုက်၏။ ဂါမဏိလည်း ဝန်ခံ၏။

(၆) ထို့နောက် ရွာတစ်ရွာသို့ရောက်ပြန်ရာ ပြည့်တန်ဆာမတစ်ဦးက ဦးရီးဂါမဏိ၊ မင်းသည် ပညာရှိ၏။ အကျွန်ုပ်မှာ ရှေးကလာဘ်သပ်ပကာ ရှင်၏။ ယခု အလွန်ရှားပါးပါ၏။ အကြောင်းကို မေးလျှောက်၍ အကျွန်ုပ်အား ပြန်ကြားပါလော့ဟု မှာလိုက်၏။

(၇) နောက်တစ်ရွာမှ မိန်းမပျိုတစ်ယောက်က မိမိသည် လင့်အိမ်၌လည်းကောင်း၊ မိဘအိမ်၌လည်းကောင်း အတည်တကျ မနေနိုင်ပါ။ လျှောက်မေးခဲ့ပါဟု မှာလိုက်လေ၏။

(၈) တောင်ပို့တစ်ခုမှ မြွေကလည်း အရှင်၊ အစာရှာထွက်သော အခါ သေးသောကိုယ်ရှိလျက် တွင်းကျပ်၍ ငြိုငြင်စွာ ထွက်ရပါသည်။

အစာစားပြီးနောက် ပြန်ဝင်ရာ ကိုယ်ကြီးလျက် ချောင်ချောင်ဝင်ရပါသည်။ ။ မေးလျှောက်ခဲ့ပါဟု မှာလိုက်၏။

(၉) သမင်တစ်ကောင်က အခြားအရပ်၌ မြက်ကိုမစားနိုင်ပါ။ တစ်ခုသော သစ်ပင်ရင်း၌သာ စားနိုင်ပါသည်။ ။မေးလျှောက်ခဲ့ပါဟု မှာလိုက်လေ၏။

(၁၀) ခါတစ်ကောင်က တစ်ခုသောတောင်ပို့ခြေရင်း၌နေ၍ တွန်သော် နှစ်သက်ဖွယ်တွန်နိုင်ပါသည်။ အခြားအရပ်၌ နှစ်သက်ဖွယ် မတွန်နိုင်ပါ။ ။ မေးလျှောက်ခဲ့ပါဟု ဆို၏။

(၁၁) ရက္ခစိုးတစ်ဦးက ရှေးက ပူဇော်သကာများစွာ ရပါသည်။ ယခုမရပါ။ ။ မေးလျှောက်ခဲ့ပါဟု မှာလိုက်၏။

(၁၂) နဂါးမင်းက ရှေးက ဤရေကန်၌ ရေကြည်၏။ ယခုနောက်၏ အမှိုက်သရိုက်မှော် များပြား၏။ ။ မေးခဲ့ပါဟုဆို၏။

(၁၃) ရသေ့တစ်ပါးကလည်း ရှေးက ဤအရပ်၌ သစ်သီးကြီးငယ်တို့သည် ချိုကုန်၏။ ယခု မချိုကုန်။ ။ မေးလျှောက်ခဲ့ပါဟု ဆို၏။

(၁၄) ပုဏ္ဏားလုလင်ကလည်း ရှေးက သင်အပ်သော ဗေဒင်သည် ထင်မြင်၏။ ယခု မထင်မြင်နိုင်ပါ။ ။ မေးလျှောက်ခဲ့ပါဟု ဆို၏။

ဤသို့လျှင် တရားလိုလေးဦးနှင့်တကွ အာဒါသမုခမင်းထံသို့ ရောက်သော် ခမည်းတော်လက်ထက်က အမတ်ဖြစ်ကြောင်း သိရှိ အာလာပသလ္လာပ ပြောဆို လာရောက်ခြင်းအကြောင်းတို့ကိုလျှောက်မှ အစဉ်အတိုင်း ဆုံးဖြတ်ဖြေဆိုပေ၏။

(၁) နွားရှင်သည် အလုံးစုံကိုလျှောက်၏။ မင်းကြီးက နွားတို့ခြိုသို့ဝင်သောအခါ သင်မမြင်သလောဟု မေး၏။ မမြင်ပါဟုလျှောက်၏။ အချင်း၊ အာဒါသမုခမင်းဟု သင်မကြားဖူးသလော၊ အမှန်ကို

ဆိုလေဟုဆိုမှ မြင်ပါကြောင်း လျှောက်ရလေ၏။ ထိုအခါ မင်းကြီးက ဂါမဏိစန္ဒမှာ နွားတို့ကို ပြောဆို၍မအပ်သည်ဖြစ်သောကြောင့် နွားဖိုးလျော်စေ။ နွားရှင်မှာ မမှန်သောစကားကိုဆိုသဖြင့် မင်းပြစ်ထိုက်သည်ဖြစ်သောကြောင့် ဂါမဏိစန္ဒပင် မင်းမှုဆောင်ပြု၍ နွားရှင်လင်မယားတို့ ချက်စိတို့ကို ဖောက်ထုတ်လေဟု စီရင်လေ၏။

နွားရှင်တို့လည်း အရှင်စန္ဒ၊ နွားဖိုးကို မပေးပါနှင့်တော့။ အကျွန်ုပ်တို့အားလည်း ချမ်းသာပေးပါလော့ဟု တောင်းပန်ရလေ၏။

(၂) ဒုတိယတရားလိုသည် မိမိမယားတို့ကိုယ်ဝန်ကို ဖျက်ကြောင်း လျှောက်၏။

ဂါမဏိစန္ဒ။ ။ မဖျက်ရပါ။

မင်း။ ။ တရားလိုက သက်သေပြနိုင်ပါ၏လား။

တရားလို။ ။ မပြနိုင်ပါ။

မင်း။ ။ သို့ဖြစ်လျှင် အသို့ပြုလိုပါသနည်း။

တရားလို။ ။ သားရလိုပါသည်။

ထိုအခါ မင်းက ထိုသို့တပြီးကား ဂါမဏိစန္ဒ၊ သင်သည် တရားလို၏မယားကိုယူ၍ သင့်အိမ်၌ထားလော့။ သားဖွားသောအခါ သားနှင့်တကွ ပြန်၍ပေးပေဟု ဆုံးဖြတ်လေ၏။

တရားလိုလည်း ဂါမဏိစန္ဒ၏ခြေကို ရှိခိုး၍ အရှင် အကျွန်ုပ်၏ မယားကို မဖျက်ပါလင့်ဟု တောင်းပန်ရလေ၏။

(၃) တတိယတရားလိုသည် မြင်း၏ခြေကိုချိုးကြောင်းလျှောက်လေ၏။

ဂါမဏိစန္ဒ။ ။ အပစ်ခိုင်းရ၍ပစ်ရာ မတော်တဆ ထိမှန်ခြင်းဖြစ်ပါသည်။

မင်း။ ။ အပစ်ခိုင်းသလော။

တရားလို။ ။ မခိုင်းပါ။
မင်း။ ။ ငါ၏ရှေ့တွင် မမှန်ကို မဆိုလင့်၊ အမှန်ကို ဆိုလော့။
တရားလို။ ။ ခိုင်းမိပါ၏။

ထိုအခါ မင်းသည် ဂါမဏိက မြင်းဖိုးကိုပေးစေ။ မမှန်ဆိုသော တရားလို၏လျှာကို ဖြတ်စေဟု ဆုံးဖြတ်၏။

တရားလိုလည်း ဂါမဏိအား တောင်းပန်ရလေ၏။

(၄) ဒေါင်းရွေသမားသည် အမှုကိုလျှောက်၏။ မင်းကြီးက အသို့ပြုလိုသနည်းမေးသော် အဖကိုရလိုပါသည်ဟုဆို၏။ မင်းက ထိုသို့ဖြစ်သော် သေပြီးသောအဖကိုကား ရနိုင်မည်မဟုတ်။ အဖစားကို ကား ရစေအံ့။ ဂါမဏိ သင်သည် ထိုသူ၏အမိကိုယူ၍ အဖ၏အရာ၌ တည်လေလော့ဟု ဆုံးဖြတ်လေ၏။

တရားလိုလည်း တောင်းပန်ရလေ၏။

(၅) ထိုတရားလေးထုံး ဆုံးဖြတ်ပြီးသော် ဂါမဏိက ရွာစား မှာလိုက်သော ပြဿနာကို မေးလျှောက်၏။ ထိုရွာစားသည် ရှေးက တရားကို ဖြောင့်မှန်စွာ ဆုံးဖြတ်သဖြင့် အဆင်း၊ ဥစ္စာ၊ ကျန်းမာခြင်း တို့နှင့် ပြည့်စုံ၏။ ယခုမူကား မတရားဆုံးဖြတ်သည်ဖြစ်လိမ့်မည်။ ရှေးကကဲ့သို့ မှန်ကန်စွာဆုံးဖြတ်စေဟု ဆိုတော်မူ၏။

(၆) ပြည့်တန်ဆာမသည် ရှေးက ယောကျ်ားတစ်ယောက်၏ အခကိုယူ၍ ထိုအခမကျေဘဲ အခြားတစ်ပါးသောယောကျ်ား၏အခကို မယူလေ။ ယခု ထိုသို့မဟုတ်၍ လာဘ်သပ်ပကာနည်း၏။ ရှေးနည်း အတိုင်း ပြုမူစေဟု ဆိုတော်မူ၏။

(၇) ထိုမိန်းမပျိုသည် လင်၏ရွာနှင့် မိဘတို့အကြားရှိရွာတစ်ခု တွင် တစ်ယောက် လင်ငယ်ထားသည် ဖြစ်လတ္တံ့။ လင်ငယ်ကို

အောက်မေ့၍ လင့်အိမ်မှ မိဘတို့ထံသို့ သွားဦးမည်ဆို၍ သွားပြီးလျှင် လမ်းအကြား လင်ငယ်၏အိမ်တွင် နှစ်ရက်သုံးရက်နေပြီးမှ မိဘတို့ ရှာသို့ သွားလတ္တံ့။ တစ်ဖန် လင့်အိမ်သို့ပြန်မည်ဆို၍ လင်ငယ်အိမ်တွင် နှစ်ရက်သုံးရက်နေပြီးမှ မိဘအိမ်သို့ ရောက်လတ္တံ့။ အချင်းဂါမဏီ။ ထိုမိန်းမအား သင့်ကို မင်းသည် ဖမ်း၍အပြစ်ပေးလိမ့်မည်။ ကောင်းစွာကျင့်လေလော့ဟု ဆိုလေဟု မိန့်တော်မူ၏။

(၈) မြွေနေသော တောင်ပို့အောက်၌ ကြီးစွာသောရွှေအိုးသည် ရှိ၏။ ထိုရွှေအိုးကို စောင့်နေရကား ထွက်သောအခါ လောဘဖြင့် ကိုယ်ကိုလျော့စွာပြု၍ ကပ်ငြိလျက် ထွက်၏။ ဝင်သောအခါ ဥစ္စာကို ချစ်ခြင်းဖြင့် မကပ်မငြိ လျင်မြန်စွာဝင်နိုင်၏။ ထိုရွှေအိုးကို အသင် တူးယူလေလော့ဟု ဆို၏။

(၉) သမင်စားသောနေရာ သစ်ပင်ထက်၌ ပျားလဘို့ရှိ၏။ ပျားရည်ကျ၍ ပျားလူးသောမြက်ကိုစားရသည်နှင့် အခြားအရပ်၌မစားနိုင်။ သင်သည် ပျားလဘို့ကိုယူ၍ ပျားဦးကို ငါ့အားပေးလော့။ အကြွင်းကို သင်စားလော့ဟု ဆိုလေ၏။

(၁၀) ခါတွန်သောတောင်ပို့ခြေရင်း၌ ဥစ္စာရှိ၏။ သင်တူး၍ ယူလေဟု ဆို၏။

(၁၁) ရက္ခစိုးသည် ရှေးက တောအရပ်၌သွားသော ခရီးသွားတို့ကို စောင့်ရှောက်၏။ ယခု မစောင့်ရှောက်။ စောင့်ရှောက်စေလော့ဟု ဆို၏။

(၁၂) နဂါးတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ကြသဖြင့် ရေနောက်ခြင်းဖြစ်၏။ သင့်တင့်စွာနေကြရန် ပြောပါလေလောဟု ဆို၏။

(၁၃) ရသေ့သည် ရှေးက အကျင့်သီလနှင့် ပြည့်စုံ၏။ ယခု မပြည့်စုံ။ ပြည့်စုံစေလောဟု ဆို၏။

(၁၄) ရေးက ပုဏ္ဏားလုလင်နေရာအရပ်တွင် အရုဏ်တက်၌ အချိန်မှန်တွန်တတ်သော ကြက်ရှိလိမ့်မည်။ ယခုမူ အချိန်မဲ့တွန်တတ်သော ကြက်ရောက်နေလိမ့်မည်။ ရံခါစောစောတွန်၍ အိပ်ရာမှထလျက် ဗေဒင်ကို သရဇ္ဈာယ်ရာ အိပ်ချင်ခြင်းကြောင့် ဗေဒင်ကိုမထင်လေ။ ရံခါ လင်းမှတွန်သဖြင့် သရဇ္ဈာယ်ရန် အချိန်မရလေ။ သို့ကြောင့် အချိန်မှန်မှန် တွန်တတ်သောကြက်ကို ရှာစေလောဟု ဆို၏။

အလုံးစုံပြီးပြေသော် မင်းကြီးသည် ဂါမဏိစန္ဒအား မိမိနေသော ရွာကို ရွာစားပေး၍ လွှတ်လိုက်၏။

ဂါမဏိလည်း အစဉ်အတိုင်းပြန်လာရာ ပုဏ္ဏားလုလင်၊ ရသေ့၊ နဂါး၊ ရက္ခစိုးတို့အားကြား၍ ခါ၏နေရာမှ ဥစ္စာ၊ သမင်စားရာမှ ပျား၊ မြွေ၏နေရာမှ ရွှေအိုးတို့ကိုယူ၍။ မိန်းမပျို၊ ပြည့်တန်ဆာမ၊ ရွာစားတို့အား မင်းမိန့်ကိုကြားပြော၏။ များစွာသော အခြွေအရံဥစ္စာတို့နှင့် မိမိရွာသို့ ပြန်ရောက်လေသတည်း။

ဇာတ်ပေါင်းသော်–
ဂါမဏိစန္ဒသည် အာနန္ဒာ ဖြစ်လာ၏။
အာဒါသမုခမင်းသည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၃၄။ တိရိဋ္ဌိဝစ္ဆဇာတ် ၉

ကျေးဇူးသိတတ်သောမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကျေးဇူးသိအပ်ခြင်းနှင့်စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီမင်းတစ်ပါးသည် တိုင်းစွန်ခ္ဍ ခိုးသူတို့ကို သွားရောက် နှိမ်နင်း အရေးမလှ ရှုံးနိမ့်သည်နှင့် ဆင်စီးရှေ့ပြေးရသည်တွင် ရေငတ်လှသဖြင့် ရေတွင်းတစ်ခုထဲသို့ စွန့်ရှ ဆင်းသက်ပြီးလျှင် တဝသောက်လေ၏။ ပြန်ရှိကား မတက်နိုင်သည်နှင့် ရေတွင်းထဲပင် နေရ၏။ ဆင်သည်လည်း လိမ္မာသည်ဖြစ်၍ ရေတွင်းအနီးက မခွာချေ။

တိရိစ္ဆာန်ဝစ္ဆမည်သော ရသေ့ဟစ်ပါးသည် ဆင်ကိုမြင်၍ ရေတွင်းတွင်ကြည့်သော် မင်းကြီးကို တွေ့ရှိ ဆယ်ယူ၊ မီးကင် ဆီဖြင့်လိမ်းနယ်၊ သစ်သီးကျွေးမွေး ကောင်းသောနေရာအိပ်ရာ ပေးထားလေ၏။ နှစ်ရက်သုံးရက်လွန်သော် မိမိထံသို့ကြွလာရန် ပင့်ဖိတ်ခဲ့၍ မင်းကြီးပြန်လာလေ၏။

မကြာမီပင် ရသေ့ရောက်လေသော် မင်းကြီးသည် အဆောတလျင် ပြာသာဒ်မှဆင်း၍ ရာဇပလ္လင်ခ္ဍနေစေပြီးမှ မိမိစားရန်ဖြစ်သော ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ကပ်၏၊ လှူ၏၊ ပြီးမှ မိမိစား၏။ ဆွမ်းစားပြီးသော် ဥယျာဉ်သို့ပင့်၍ ကျောင်းစကြ် ဆောက်လုပ်ကိုးကွယ်ထား၏။

ဤသို့ မျှားမြှတ်စွာ ချီးမြှောက်သည်ကို သည်းမခံနိုင်သော မှူးမတ်အချို့တို့သည် အိမ်ရှေ့မင်းကိုကပ်၍ အဘယ်ကြောင့် ဤမျှ ချီးမြှောက်သည်ကို စုံစမ်းတော်မူပါဟု လျှောက်ကြ၏။

အိမ်ရှေ့မင်းလည်း မင်းသို့ကပ်၍ လျှောက်မေးသောအခါ မင်းကြီးက ရသေ့၏ကျေးဇူးအလုံးစုံကိုပြန်ပြောပေ၏။ ပစ္စည်းလေးပါးကို အလှူခံထိုက်၏။ သင်တို့လည်း တတ်နိုင်သမျှ လှူဒါန်းချီးမြှောက်ကြလောဟု မိန့်ပေ၏။

ထိုအခါမှစ၍အိမ်ရှေ့မင်း၊ မှူးမတ် စသောသူတို့သည် အတိုင်းထက်အလွန် ကြည်ညိုရှိ၍ မျှားမြှတ်သော လှူဒါန်းခြင်းတို့ကို ပြုကြလေသတည်း။

ဇာတ်ပေါင်းသော်-
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

❐

တိကနိပါတ်

၁၃၅။ ပဒုမဇာတ်

အမှန်ကိုဆိုရ် ကြာပန်းရခြင်းအကြောင်း

ရှင်အာနန္ဒာမထေရ်သည် ဧတဝန်ကျောင်းတံခါးမှခ်အနီးဌ် စိုက်ပျိုး အပ်သော ဗောဓိပင်သည် အလွန်ကျက်စောဏ်။ တစ်နေ့သော် တောရွာမှ ရဟန်းအချို့တို့သည် ထိုဗောဓိပင်အား ကြာပန်းဖြင့် ပူဇော်အံ့သောငှာ ကြာပန်းရောင်းသောဈေးဌ် သွား၍ဝယ်ကြရာ။ မရခဲ့သည်နှင့် ရှင်အာနန္ဒာ အထံသို့ လာရောက်လျှောက်ထားကြ၏။

ရှင်အာနန္ဒာလည်း ကိုယ်တိုင်ပင် ဈေးသို့ကြွရောက်၍ ကြာစည်း တစ်စည်းကို ယူလာပြီးလျှင် ရဟန်းတို့အား ပေးပေ၏။

ထိုအကြောင်းနှင့်စပ်၍ မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးက လည်း စကားဌ် တတ်လိမ္မာသောသူတို့သည် ပန်းကို ရဖူးကုန်၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသရောအခါ ပဒုမ္မာကြာပေါက်သော ရေကန်ကို နှာခေါင်း ပြတ်သော ယောက်ျားတစ်ယောက်သည် စောင့်၏။

တစ်နေ့သော် ပွဲသဘင်ကြုံ၍ ပန်းပန်ပြီးလျှင် ပွဲကစားလိုသော သူဌေးသားသုံးယောက်တို့သည် ထိုရေကန်စောင့်ကိုချီးမွမ်း၍ ကြာကို တောင်းအံ့ဟု တစ်ယောက်က အချင်း၊ ဆံမုတ်ဆိတ်တို့သည် ရိတ်ဖြတ်

ကုန်သော်လည်း တစ်ဖန်ပြန်၍ ပေါက်သကဲ့သို့ သင်၏ပြတ်သော နာခေါင်းသည်လည်း တစ်ဖန်ပြန်ပေါက်ပါစေသတည်း။ ငါ့အား ကြာပန်းပေးပါလော့ဟု ဆိုလေ၏။ ရေကန်စောင့်သည်ကား မဟုတ်မမှန်သော ချီးမွမ်းခြင်းကို မနှစ်သက်။ အမျက်ထွက်သည်နှင့် ကြာပန်းကို မပေးလေ။

ဒုတိယသူဌေးသားကလည်း အချင်း၊ လယ်၌ တန်ဆောင်မုန်းလတွင် စိုက်ပျိုးသော မျိုးစေ့သည် ပေါက်သကဲ့သို့ သင်၏နာခေါင်းသည်လည်း တစ်ဖန်ပေါက်ပါစေသတည်း။ ငါ့အား ကြာပန်းပေးပါလော့ဟု ဆို၏။ ရေကန်စောင့်လည်း အမျက်ထွက်၍ မပေးလေ။

တတိယသူဌေးသားသော်ကား အဆွေ၊ ထိုသူနှစ်ယောက်တို့သည် ကြာပန်းရလို၍ ထိုစကားတို့ကို ဆိုကြသည်ထင်၏။ စင်စစ်သော်ကား ထိုသူတို့ဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ သင်၏ပြတ်သော နာခေါင်းသည် အဘယ်ခါမျှ ပြန်၍ပေါက်မည်မဟုတ်။ ငါ့အား ကြာပန်းပေးပါလောဟု ဆိုလေ၏။

ထိုအခါမှ ရေကန်စောင့်သည် ထိုသူနှစ်ဦးကား မုသားကို ဆို၏။ ဤသူကား အမှန်ကိုဆို၏ဟု ကြာပန်းတို့ကို တတိယသူဌေးသားအား သာ ပေးလေသတည်း။

ဇာတ်ပေါင်းသော်...

တတိယသူဌေးသားသည် ဘုရား ဖြစ်လာ၏။

❐

တိကနိပါတ်

၁၃၆။ သုဇာတာဇာတ် ၁၉

သုဇာတာအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဓနञ္ဇယသူဌေးသမီး ဝိသာခါ၏ညီမဖြစ်သော သုဇာတာကို အနာထပိဏ်သူဌေးသည် မိမိ၏ချွေးမအဖြစ်ဖြင့် ဆောင်ယူထား၏။ သုဇာတာကား ငါသည် ဆွေကြီးမျိုးကြီးသမီးတည်းဟု မာနဖြင့် ခက်ထန်ကြမ်းကြုတ်လျက် ယောကျ်ားမဝတ်၊ လင်ဝတ်တို့ကို မပြု။ အိမ်သူအိမ်သားတို့အား ခြိမ်းခြောက်ရိုက်ပုတ် ခိုက်ရန်ပြု၏။

တစ်နေ့၌ မြတ်စွာဘုရားသည် ရဟန်းငါးရာနှင့် အနာထပိဏ်သူဌေး အိမ်သို့ ကြွရောက်၍ သူဌေးကြီးလည်း တရားနာအံ့ဟု ရှိခိုးလျက်နေ၏။ ထိုခဏ၌ သုဇာတာသည် ကျွန်တို့နှင့် ခိုက်ရန်ဖြစ်သည့် အသံကို မြတ်စွာဘုရား ကြား၍ မေးမြန်းသိရသော် သုဇာတာကို ရှေ့တော်သို့ခေါ်လျက် သုဇာတာ မယားအမျိုး ခုနစ်ပါးတွင် သင်သည် အဘယ်အမျိုးနည်းဟု မေးတော်မူ၏။ အရှင်ဘုရား ခုနစ်မျိုး၏အဓိပ္ပာယ်ကို မသိပါ။ အကျယ်ဟောတော်မူပါဟုလျှောက်မှ အောက်ပါအတိုင်း ဟောတော်မူ၏။

(၁) မိမိလင်မှ တစ်ပါးယောကျ်ား၌ တပ်စွန်း၍ မိမိလင်အား မထီမဲ့မြင်ပြုခြင်း၊ အကျိုးစီးပွားမဲ့ကို ပြုခြင်း၊ သတ်ရန်အားထုတ်ခြင်းတို့ကို ပြုသောမယားသည် သူသတ်နှင့်တူသောမယား မည်၏။

(၂) လင်ရှာဖွေရအပ်သော ပစ္စည်းဥစ္စာမှ ကဲ့ဝှက်ခိုးယူတတ်သော မယားသည် ခိုးသူနှင့်တူသောမယား မည်၏။

(၃) အလုပ်မလုပ်လို ပျင်းရိ၏။ အစားကြူး၏။ ကြမ်းကြုတ်၏။ အမျက်ထွက်၏။ မကောင်းဆိုတတ်၏။ အမှုဆောင်တို့ကို နှိပ်စက်တတ်၏။ လင်ကိုနှိုင်း၏။ ဤအမျိုးကား အရှင်နှင့်တူသောမယား မည်၏။

(၄) လင်၏အကျိုးစီးပွားကိုလိုလျက် အရာခပ်သိမ်း၌ အမိသည်သားကိုစောင့်ရှောက်သကဲ့သို့ ချစ်ခင်ယုယစွာစောင့်ရှောက်သော မယားမျိုးသည် အမိနှင့်တူသောမယား မည်၏။

(၅) နှမသည် မောင်ကို ရိုသေသကဲ့သို့ မိမိလင်အား ရိုသေလျက် လင့်အလိုသို့လိုက်သော မယားသည် နှမနှင့်တူသောမယား မည်၏။

(၆) အဆွေခင်ပွန်းကဲ့သို့ ချစ်ကျွမ်းဝင်လျက် အရာရာ၌ ဆိုးတူကောင်းဖက်ပြု၍ လင်ကိုလုပ်ကျွေး၊ သီလရှိသော မယားမျိုးသည် အဆွေခင်ပွန်းနှင့်တူသောမယား မည်၏။

(၇) လင်၏အစီအရင်ကိုခံ၏။ ခြိမ်းခြောက်သော်လည်း အမျက်မထွက်၊ ရိုသေစွာ လုပ်ကျွေး၏။ ဤအမျိုးကား ကျွန်နှင့်တူသောမယား မည်၏။

သုဇာတာ၊ ဤခုနစ်မျိုးတွင် သူသတ်၊ ခိုးသူ၊ အရှင်နှင့်တူသော သုံးမျိုးသည် မကောင်း၊ အပါယ်သို့ကျတတ်၏။ ကျွန်လေးမျိုးကား ကောင်း၏။ နတ်ပြည်၌ဖြစ်တတ်၏။ ယခုသော် သင်သည် မည်သည့်အမျိုး၌ဖြစ်အံ့နည်းဟု မေးတော်မူ၏။

ရှင်ပင်ဘုရား၊ ယခုသော် အကျွန်ုပ်သည် ကျွန်နှင့်တူသောမယားဖြစ်ပြီဟု လျှောက်၏။

ဤသို့ သုဇာတာအား တစ်ကြိမ်ဖြင့်သာ ဆုံးမနိုင်သည်အဖြစ်ကို ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် မိမိ၏ အလွန်ကြမ်းကြုတ်ခက်ထန် အမျက်သန်သော မယ်တော်ကို ဆုံးမရန် ဥပမာကို ကြည့်လျက်နေ၏။

တစ်နေ့သော် မယ်တော်နှင့်အတူ ဥယျာဉ်သို့ ထွက်တော်မူရာ လမ်းခရီး၌ တီတီတွတ်ငှက်မြည်သံကို ကြားကြသော် လူအပေါင်းတို့

သည် နားကိုပိတ်၍ ဟယ်– ကြမ်းကြုတ်သောဌက်၊ ရုန့်ရင်းသောအသံ ကို မပြုလင့်ဟု ဆိုကြကုန်၏။

ဥယျာဉ်သို့ရောက်သော် ဥသြဌက်တစ်ကောင်သည် သစ်ပင် ထက်က မြည်သံကိုကြားကြလျှင် အို– သာယာစွာမြည်တတ်သောဌက်၊ မြည်ပါဦးလော့ဟု လည်ကိုမော့၍ နားထောင်ကြကုန်၏။

ထိုအခါ မင်းသည် မယ်တော်အား မယ်တော်၊ တီတီတွတ်ဌက် သည် အဆင်းလှသော်လည်း ကြမ်းတမ်းသောအသံကြောင့် လူတို့ သည် နားကိုပိတ်၍ ရေရွတ်ကြသကဲ့သို့ လောကဌ် ရုန့်ရင်းကြမ်းတမ်း သော နှုတ်ရှိသောသူကို မနှစ်သက်၊ စက်ဆုပ်ကြကုန်၏။ တစ်ဖန် မည်းနက်သောအဆင်းရှိသော ဥသြဌက်ကိုမူကား သာယာသောအသံ ကြောင့် လူတို့နှစ်သက်သကဲ့သို့ လူတို့တွင်လည်း သာယာနူးညံ့ပြော ဆိုတတ်သူကို နှစ်သက်ကြ၏။ ဤဌက်နှစ်ခုကို ဥပမာပြု၍ မယ်တော် လည်း အပြောအဆို နူးညံ့ပါလောဟု ဆိုလေ၏။

ထိုအခါမှစ၍ မယ်တော်သည် သိမ်မွေ့နူးညံ့ ကောင်းမွန်သော စကားကိုသာ ဆိုလေသတည်း။

ဇာတ်ပေါင်းသော်...
မယ်တော်သည် သုဇာတာ ဖြစ်လာ၏။
သားတော်သည် ဘုရား ဖြစ်လာ၏။

❐

တိကနိပါတ်

၁၃၇။ ဥလူကဇာတ် ၂၀
(ဥလူက = ခင်ပုပ်)

ကျီးနှင့် ခင်ပုပ်တို့၏ ကမ္ဘာရန်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကျီးတို့သည် နေ့အခါ ခင်ပုပ်တို့ကို ထိုးကုန်၏။ ခင်ပုပ်တို့သည် ညဉ့်အခါ ကျီးတို့၏ ဦးခေါင်းတို့ကို ဖြတ်ကုန်၏။ ထိုအခါ ကျောင်းတွင်းရှိ ရဟန်းတစ်ပါးသည် နံနက် တံမြက်လှည်းသောကာလ၌ ထိုသို့ဖြတ်ချလိုက်သော ကျီးတို့၏ ဦးခေါင်းများကို သိမ်း၍ စွန့်ပစ်ရ၏။ ဤအကြောင်းနှင့် စပ်၍ ကျီးနှင့် ခင်ပုပ်သည် ကမ္ဘာဦးကပင် ခိုက်ရန်ဖြစ်လာကြောင်း အောက်ပါဇာတ်ကို မြတ်စွာဘုရား ဟောတော်မူသည်။

ကမ္ဘာဦး၌ လူတို့သည် အဆင်းပညာ၊ သီလသမာဓိနှင့် ပြည့်စုံသော ယောဂျားတစ်ယောက်ကို မင်းမြှောက်ကြ၏။ အခြေလေးချောင်း သတ္တဝါတို့လည်း ခြသေ့မင်းကို၊ ငါးတို့သည် ငါးကြီး အာနန္ဒာကို အသီးသီး မင်းမြှောက်ကြကုန်၏။

ထိုအခါ ငှက်တို့သည်လည်း စည်းဝေးကြ၍ လူ၊ အခြေလေးချောင်း တိရစ္ဆာန်၊ ငါးတို့မှာ ဆိုင်ရာဆိုင်ရာ မင်းရှိကြကုန်ပြီ။ ငါတို့တွင် ကား မရှိသေးချေ။ ရှိသေတုံ့ဝပ်ခြင်းမရှိသော နေခြင်းသည် မသင့်။ သို့ကြောင့် ငါတို့လည်း မင်းမြှောက်ခြင်းငှာသင့်၏။ မင်းမြှောက်ထိုက်သော ငှက်ကို ကြည့်ကုန်လော့ဟု ဆိုကြကုန်၏။

ငှက်အများသည် ခင်ပုပ်ငှက်ကို ငါတို့နှစ်သက်၏။ မင်းမြှောက်ကြကုန်အံ့ဟု ဆိုကြ၏။ ခင်ပုပ်ငှက်ကလည်း အလုံးစုံသောငှက်တို့၏ သဘောတူချက်ကိုရရန် သုံးကြိမ် ငှက်တို့အား ကြားပေ၏။ နှစ်ကြိမ်

တိုင် သည်းခံ၍ သုံးကြိမ်ကြားသောအခါ ကျီးတစ်ခုသည် ထ၍ အို–အချင်းတို့၊ ယခုမင်းပြုမည့် ခင်ပုပ်ဌက်၏မျက်နှာကို ကြည့်ကြပါကုန်လော့။ အမျက်မထွက်ဘဲလျှင် ဤသို့ကြောက်မက်ဖွယ်သော မျက်နှာ ရှိ၏။ မင်းဖြစ်ပြီး၍ အမျက်ထွက်သောအခါ၌ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ အကြည့်ခံရသော ငါတို့ မုချအမှန် ပျက်စီးကြလတ္တံ့။ ဤခင်ပုပ်ကို မင်းမြှောက်ရန် ငါသဘောမတူဟု ဆိုမြည်ပြီးလျှင် ပျံသွားလေ၏။

ခင်ပုပ်ဌက်သည်လည်း အမျက်ပြင်းစွာထွက်၍ ကျီးနောက်သို့ ရန်ပြုရန်လိုက်လေ၏။ ထိုအခါမှစ၍ ကျီးမျိုးနှင့် ခင်ပုပ်မျိုးတို့ ကမ္ဘာရန် ဖြစ်ကြလေ၏။

ကျန်ရစ်သော ဌက်များလည်း ရွှေဟသ်ကို အညီအညွတ် မင်းမြှောက်ကြလေသတည်း။

ဇာတ်ပေါင်းသော်–
ရွှေဟသ်သည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၃၈။ ဗျုဋ္ဌဇာတ် ၂၂
(ဗျုဋ္ဌ = ကျား)

ရက္ခစိုးနှင့် ကျားတို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကောကာလိကသည် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကို မိမိနေရာ ကောကာလိက

တိုင်းသို့ ဆောင်သွားအံ့ဟု ပင့်ခေါ်ရာ မရဘဲ တစ်ပါးတည်းသာ ပြန်ရလေ၏။ ထိုအခါ ရဟန်းတို့သည် ငါ့ရှင်တို့ ကောကာလိကသည် အရှင်နှစ်ပါးနှင့် အတူလည်း မနေနိုင်၊ ဂင်းရှိလည်း မနေနိုင်၊ အတူတကွ ညီညွတ်အောင်လည်း မပြုနိုင်လေဟု စကားဖြစ်ကြသည်ကို မြတ်စွာဘုရား ကြားသိတော်မူသော် ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ တောတစ်ခုခ္ဍ ရက္ခစိုးကြီးတစ်ယောက်နှင့် ရက္ခစိုးငယ်တစ်ယောက်တို့သည် နေကုန်၏။ လူတို့သည် ထိုတောခ္ဍနေသော ကျား ခြသေ့် စသည်တို့ကို ကြောက်သဖြင့် ထိုတောသို့သွားခြင်း၊ သစ်ခုတ်ခြင်း၊ ဖျက်ရှိုလယ်လုပ်ခြင်း စသည်တို့ကို မပြုဝံ့ကြချေ။

ထိုကျား ခြသေ့်တို့သည် သားတို့ကို သတ်ဖြတ်စားသောက်စားကြွင်းတို့ကို ပစ်ကုန်သည်နှင့် တစ်တောလုံး အပုပ်နံ့သည် လိုင်၏။ ထိုအခါ အမြင်တိုသော ရက္ခစိုးငယ်သည် ရက္ခစိုးကြီးအား အရှင်၊ ကျား ခြသေ့်တို့ကြောင့် အပုပ်နံ့လိုင်၏။ ၎င်းတို့ကို ပြေးပေအံ့ဟုဆို၏။ အဆွေ– မပြုလင့်။ ထိုကျား ခြသေ့်တို့ကိုမှီ၍ ငါတို့ဗိမာန်တည်၏။ ၎င်းတို့မရှိသော် လူတို့သည် ငါတို့၏တောကို မကြာမီ ဖျက်လတ္တံ့ဟု ဆို၏။

ရက္ခစိုးငယ်သည်လည်း နားမထောင်ဘဲ တစ်နေ့သော် ကြောက်မက်ဖွယ်သောအဆင်းကိုပြ၍ ကျား, ခြသေ့်တို့ကို ပြေးစေ၏။ လူတို့လည်း ကျား ခြသေ့်တို့မရှိလျှင် တောကို ဖျက်စပြုလေ၏။ တစ်ဝက်မျှ ပျက်သော် ရက္ခစိုးငယ်က အရှင် အကျွန်ုပ်မှားချေပြီ။ ယခုသော် အသို့ပြုရအံ့နည်းဟု မေးလေ၏။ ထိုကျား ခြသေ့်တို့ကို ပြန်၍ခေါ်လေလော့ဟု ဆိုသည့်အတိုင်း သွားရောက်ခေါ်ငင်သော်လည်း ပြန်၍ မလာကြတော့ချေ။

ထိုအခါ လူတို့သည် မကြာမီပင် တောကိုဖျက်၍ လယ်ယာလုပ်ကြသည်နှင့် ရက္ခစိုး၏ဗိမာန်များ ပျက်လေသတည်း။

ဇာတ်ပေါင်းသော်-
ရုက္ခစိုးငယ်သည် ကောကာလိက ဖြစ်လာ၏။
ကျားသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
ခြသေ့သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ရုက္ခစိုးကြီးသည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၃၉။ သတပတ္တဇာတ် ၂၉
(သတပတ္တ = ခေါက်ရှာဌက်)

မိတ်ဆွေကို ရန်သူ၊ ရန်သူကို မိတ်ဆွေထင်သော လုလင်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ငြိမ်းပြီးသော ခိုက်ရန်ဖြစ်ခြင်းကို ပြန်၍ဖြစ်စေခြင်းငှာ မကောင်းသောအကြံကို ယေးတတ်သော ရဟန်းတို့ကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ခိုးသူကြီးတစ်ယောက်သည် ခိုးသားငါးရာနှင့် ခိုးယူလုယက် တိုက်ခိုက်စားသောက်၍ တောတစ်ခု၌နေ၏။

ထိုအခါ ရွာတစ်ရွာရှိ သူကြွယ်ကတော်ဟောင်း မုဆိုးမတစ်ယောက်သည် မိမိသေခါနီး၌ သားကိုခေါ်၍ ချစ်သား- မောင့်အဖ မသေမီက ချေးထားသော ငွေတစ်ထောင်သည် ဤမည်သောသူ၌ ရှိ၏။ ငါသေသော် ပြန်၍ဆပ်ပေးတော့မည်မဟုတ်။ သို့ကြောင့် ယခု ငါမသေမီတွင် သွားရောက်တောင်းခံလေလော့ဟု စေလိုက်၏။

လုလင်သည်လည်း သွားရောက်တောင်းခံရရှိ ထိုခိုးသူတို့နေသော တောအုပ်သို့ဖြတ်၍ ပြန်လာခဲ့၏။ ဤအတောအတွင်း အမိသည် သေလေ၍ သားကိုစွဲလမ်းသည်နှင့် ဥပပတ်မြေခွေးမ ဖြစ်လေ၏။ (ဥပပတ်ဆိုသည်မှာ ပဋ္ဌိသန္ဓေမနေရဘဲ၊ တစ်ခါတည်း ကြီးမားပြီး ကိုယ်သဏ္ဌာန်ဖြစ်လာခြင်းကို ဆိုသည်)။ ထိုမြေခွေးမသည် သားကိုခိုးသူတို့ သတ်ဖြတ်၍ ငွေကို လုယူမည်ကိုသိသဖြင့် သားကို ထိုတောအုပ်သို့မဝင်စေရန် သား၏ရှေ့က အဖန်တလဲလဲ တားမြစ်၏။ သားသည်ကား အကြောင်းကိုမသိ၍ မင်္ဂလာမရှိ ယုတ်မာသောမြေခွေးမသည် ငါ့ကိုနှောင့်ယှက်ရာသလောဟု ခဲလုံတံတို့ဖြင့် ပစ်ခတ်၍ ပြေးစေပြီးမှ တောသို့ဝင်၏။

ထိုအခါ ခေါက်ရှာဌက်တစ်ကောင်သည် ယခုလာသော ယောကျ်ား၌ ငွေတစ်ထောင်ပါ၏။ သတ်၍ယူကြကုန်လော့ဟု မြည်လျက် ခိုးသူတို့ရှိရာသို့ ရှေ့ရှုပျံ၏။ လုလင်သည် အကြောင်းကိုမသိ၍ ဤငှက်ကား မင်္ဂလာငှက်တည်း။ ငါ့အား မင်္ဂလာဖြစ်လတ္တံ့။ အရှင်မြည်လော့၊ အရှင်မြည်လော့ဟု ဆို၍ လက်အုပ်ချီ၏။

ခိုးသူကြီးသည် ခပ်သိမ်းသောသတ္တဝါတို့၏ မြည်သံကို နားလည်သည် ဖြစ်သောကြောင့် ထိုမြေခွေးနှင့် ခေါက်ရှာဌက်တို့၏ အမှုအရာသဘောကို သိလေရကား ဤလုလင်ကား မိုက်စွတကား၊ အကျိုးလိုကို အကျိုးမဲ့ထင်၏။ အကျိုးမဲ့ကို အကျိုးလိုထင်၏။ သိစေအံ့ဟု ထိုလုလင်ကို ရှေ့သို့ခေါ်ယူမေးမြန်း အကြောင်းအရာကို သိရမှ၊

သင့်အမိသည် သင်ထွက်လျှင်ပင် အနိစ္စရောက်၍ သားဌ္ဌ ချစ်ခြင်းဖြင့် ဥပပတ်မြေခွေးမဖြစ်၏။ သင့်ကို ခိုးသူတို့သတ်၍ ဥစ္စာကို ယူမည်စိုးသောကြောင့် သင်၏ရှေ့မှ ထိုမြေခွေးမ တားဆီးခြင်းဖြစ်သည်။ သင်သည်ကား အကျိုးမဲ့ထင်၍ ခဲလုံတံဖြင့် ပစ်၍ပြေးစေ

၏။ ထိုခေါက်ရှာဌက်သည်ကား သင့်ကိုသတ်၍ ဥစ္စာကိုယူလော့ဟု ငါတို့အား ပြောကြားလာ၏။ သင်သည် မဂ််လာထင်၍ ထိုဌက်ကို ရှိခိုး၏။ သင့်အမိကျေးဇူးသည် ကြီးလှ၏။ ထိုအမိ၏ မျှားပြားသော ကျေးဇူးတို့ကို အောက်မေ့လျက် သင်၏အသက်နှင့် ဥစ္စာကို ယူသွားလေတော့ဟု ဆို၍ လွှတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်–

ခိုးသူကြီးသည် ဘုရား ဖြစ်လာ၏။

(ဘုရားလောင်းတို့သည် တစ်ခါတစ်ရံ မည်ညွှတ်သော ပဋိသန္ဓေယူခြင်း အစရှိသည်၏အစွမ်းဖြင့် ခိုးသူဖြစ်ရ၏။ နက္ခတ်ကြောင့်ဖြစ်သည်ဟုလည်း ဆိုကြကုန်၏။ ။ ဤကား စကားချပ်တည်း။)

တိကနိပါတ်

၁၄၀။ အဗ္ဗန္တရဇာတ် ၃၁

အဗ္ဗန္တရသရက်သီးအကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရာဟုလာမယ်တော် ဗိမ္မာဒေဝီမိဖုရားသည် ရဟန်းမိန်းမ ပြုလုပ်နေရာ။ တစ်နေ့သော် လေနာထ၍ ရာဟုလာသာမဏေက အဘယ်ကိုလိုသနည်းဟု မေးရာ။ အမောင်၊ နန်းတော်အိမ်တော်၌ နေစဉ်က သကာသကြားတို့နှင့် ဖျော်သော သရက်သီးရည်ကို သောက်သည်ရှိသော် လေနာသည် ငြိမ်းဖူး၏။ ယခုအခါ၌ကား ဆွမ်းခံ၍ အသက်မွေးရသည်ဖြစ်ရကား။ အဘယ်မှာလျှင် သကာသကြားတို့ဖြင့် ဖျော်သော သရက်ရည်ကို ရနိုင်အံ့နည်းဟု ဆို၏။

ရာဟုလာသာမဏေသည်လည်း မယ်တော် ရလျှင်ကား ဆောင်ယူခဲ့အုံဟု ဆို၍ မိမိ၏ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာထံသို့ သွားရောက်အလုံးစုံကို လျှောက်ထားလေ၏။ ရှင်သာရိပုတ္တရာသည်လည်း မင်းအိမ်တံခါးသို့ ကြွရောက်ဆွမ်းရပ်ရာ ကောသလမင်းသည် ကောင်းမြတ်စွာသော သရက်သီးများကို သကာ သကြားဖြင့် ဖျော်၍ သပိတ်အပြည့်လှူ၏။ ရှင်သာရိပုတ္တရာလည်း ပြန်ခဲ့၍ သာမဏေမှတစ်ဆင့် မယ်တော်ရ၍ သုံးဆောင်ရသည်ရှိသော် လေနာသည် ငြိမ်းလေ၏။ ကောသလမင်းသည်လည်း သရက်အဖျော်ကို မည်သူသုံးဆောင်ရလေသနည်းဟု စုံစမ်း အလုံးစုံ သိရသော် မင်းကြီး ဤသို့ကြံ၏။ သဗ္ဗညုမြတ်စွာဘုရားသည် အကယ်၍ လူ့ဘောင်၌ နေအုံ့။ စကြဝတေးမင်းဖြစ်လတ္တံ့။ ရာဟုလာသာမဏေသည် သားကြီးရတနာဖြစ်လတ္တံ့။ အလုံးစုံသော စကြဝဠာရှိ မင်းတို့သည် ထိုသားတော်အားသာ ညွှတ်ရ၍ ငါတို့သည် အလုပ်အကျွေးမျှသာ ဖြစ်လတ္တံ့။ ယခုမူကား ရဟန်းပြုကာ ငါတို့ကို မိုခိုရှိနေတော်မူကြ၏။ ငါတို့သည် မမေ့မလျော့ ပြုစုချီးမြှောက်ထိုက်ပေ၏ဟု ထိုနေ့မှစ၍ ထိုမထေရ်အား သရက်သီး နေ့စဉ်လှူလေ၏။ ဤသို့လျှင် ရှင်သာရိပုတ္တရာသည် ထိုမထေရ်အား သရက်သီးဖြင့် ရောင့်ရဲစေသည့်အကြောင်းကို ရဟန်းတို့ ပြောဆိုကြရာ ယခုသာမဟုတ် ရှေးကလည်း ရောင့်ရဲစေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ တန်ခိုးသီလနှင့်ပြည့်စုံသော ရသေ့ကြီးတစ်ပါးသည် များစွာသော အခြွေအရံနှင့် ဗာရာဏသီမင်း၏ ဥယျာဉ်တွင် နေလာရာ ထိုရသေ့တို့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာ တုန်လှုပ်၏။ သိကြားမင်း ဆင်ခြင်၍ အကြောင်းကိုသိသော် ထိုရသေ့တို့ကို နေရာမရစေရန် ငါပြုအုံ့။ နေရာမရလျှင် စိတ်တည်ကြည်ခြင်းမရှိ၊ သီလလျော့သဖြင့် ငါချမ်းသာလတ္တံ့ဟု နေရာမရအောင်ကြံပုံကား ညဉ့်အခါ၌ မိဖုရားကြီးအခန်းသို့ ဝင်၍ အဗ္ဘန္တရ သရက်သီးကို စားရသော် စကြဝတေးမင်းဖြစ်မည့်သားကို ရလတ္တံ့ဆို၏။ မိဖုရား

ကြီးလည်း အကယ်မှတ်၍ မင်းကြီးအား လျှောက်၏။ မင်းကြီးလည်း ဥယျာဉ်တော်၌ သရက်သီးကို ဆွတ်စေရာ သိကြားက သရက်သီးတို့ကို ကွယ်ထားပြီးလျှင် ရသေ့တို့စားကြသောကြောင့် သရက်သီးတစ်လုံးမျှ မရပါကြောင်း လျှောက်ကြစေ၏။ မင်းကြီးလည်း အမျက်ထွက်၍ ရသေ့တို့ကို နှင်ထုတ်လေရကား သိကြား၏အလိုပြည့်လေ၏။

သို့ရာတွင် မိဖုရားမှာကား သရက်သီးကို စားလိုသောချင်ခြင်း မပျောက်ငြိမ်းသည်နှင့် မင်းကြီးသည် အမတ်၊ ပုဏ္ဏားတို့ကို စည်းဝေးစေ၍ မေးမြန်းစုံစမ်းရာ အဗ္ဘန္တရမည်သောသရက်သည် ဟိမဝန္တာဝယ် ရှေဂုအတွင်း၌ရှိကြောင်း၊ လူတို့သွားခြင်းငှာ မတတ်ကောင်း၊ ကျေးသားကို စေခြင်းငှာ သင့်ကြောင်းများကို လျှောက်ကြ၏။ ထိုအခါ မင်းကြီးသည် မိမိ၏ လိမ္မာသောကျေးသားကို သရက်သီးဆောင်ရန် စေလွှတ်လိုက်၏။

ကျေးသားသည် ပျံလေ၍ ဟိမဝန္တာတောင်၏ ပထမတောင်ကြားရှိ ကျေးသားတို့အား သရက်ပင်တည်ရှိရာကို မေးမြန်းရာ ငါတို့မသိ၊ ဒုတိယတောင်ကြား၌ ကျေးသားတို့ကိုမေးပါဟု ဆို၏။ ဒုတိယတောင်ကြားရှိ ကျေးသားတို့ကလည်း တတိယတောင်ကြားရှိကျေးသားတို့ကို မေးပါ စသည်ဖြင့် အစဉ်အတိုင်းညွှန်လိုက်၏။ ဆဋ္ဌမတောင်ကြားရှိကျေးသားတို့အထိ မသိကြလေကုန်။ သတ္တမတောင်ကြားရှိ ကျေးသားတို့ကိုမေးမှ ဤမည်သောအရပ်ဝယ် ရှေတောင်ကြား၌ရှိ၏။ သို့ရာတွင် အဆွေ၊ အဗ္ဘန္တရသရက်သီးကား ဝေဿဝဏ်နတ်မင်း၏ အသုံးအဆောင်တည်း။ အလုံးစုံသောအပင်ကို အရင်းမှစ၍ သံကွန်ယက် ခုနစ်ထပ်တို့ဖြင့် ဖုံးလွှမ်းအပ်၏။ ကုဋေတစ်ထောင်ကုန်သော ကုမ္ဘဏ္ဍာရက္ခိုက်တို့သည် စောင့်ကုန်၏။ ထိုအစောင့်တို့သည် အလွန်ရက်စက်ကုန်၏။ သင်မသွားလေနှင့်ဟု ဆိုကြကုန်၏။

ကျေးသားလည်း နားမထောင်မှု၍ ကြားအပ်သောခရီးဖြင့် သွားသော် နောက်ဆုံး၌ ရောက်လေ၏။ ညဉ့်အခါ ရက္ခိုက်တို့အိပ်ပျော်စဉ် အမြစ်ကြားမှ သရက်ပင်သို့တက်ရာ သံကွန်ယက်ကို ထိမိ၍ အသံဖြစ်သဖြင့် အစောင့်တို့နိုး၍ကျေးသားကိုဖမ်းပြီးလျှင် တစ်ယောက်က ထိုကျေးသားတစ်ကောင်လုံးကို မျိုအံ့ဟုဆို၏။ တစ်ယောက်က လက်ဖြင့်နယ်၍ ချေအံ့ဟုဆို၏။ တစ်ယောက်က နှစ်ဖြာခွဲ၍ မီးကျီး၌ ကင်စားအံ့ဟုဆို၏။

ကျေးသားကား တစ်စုံတစ်ရာ မကြောက်ရွံ့ဘဲ အရှင်ရက္ခိုက်တို့ အသင်တို့သည် မည်သူ၏လူနည်းဟု မေး၏။ ငါတို့သည် ဝေဿဝဏ် နတ်မင်းကြီး၏လူဟုဆိုကြ၏။ အရှင်ရက္ခိုက်တို့ သင်တို့သည် မင်းတစ်ပါး၏လူဖြစ်ကြ၏။ ငါသည်လည်း မင်းတစ်ပါး၏လူပင်ဖြစ်ပါ၏။ ဗာရာဏသီမင်းသည် သရက်သီးအလို့ငှာ ငါ့ကိုစေ၍ အသက်ကိုစွန့်လျက် လာခဲ့၏။ အကြင်သူသည် မိဘ၊ အရှင်တို့အတွက် အသက်ကိုစွန့်၏။ ထိုသူသည် ကောင်းရာဘဝသို့ရောက်ရ၏။ ထို့ကြောင့် ငါသည် ဤတိရစ္ဆာန်ဘဝမှ စုတေသော် ကောင်းရာနတ်ပြည်၌ ဖြစ်လတ္တံ့ဟုဆို၏။ ထိုစကားကိုကြားသော် ရက္ခိုက်တို့သည် ကြည်ညိုသည်ဖြစ်၍ ကျေးသားကို လွှတ်ကြကုန်၏။ ထိုအခါ ကျေးသားက ငါလာရခြင်းကို အချည်းအနှီး မဖြစ်စေပါလင့်။ သရက်သီး တစ်လုံးမျှပင်ဖြစ်စေ ပေးပါလော့ဟု တောင်း၏။ အစောင့်တို့ကလည်း ပေးရမည်ကို ငါတို့ဝန်မတိုပါ။ သို့ရာတွင် အသီးတို့ကို ရေတွက်၍ ထား၏။ တစ်လုံးပျောက်သော် ဝေဿဝဏ်နတ်မင်းသည် ငါတို့ကို သတ်လတ္တံ့။ သို့ရာတွင် ရနိုင်သောအရပ်ကိုကား ငါတို့ညွှန်ကြားအံ့။ ဤမည်သော ရွှေတောင်လိုဏ် ဝေဿဝဏ်နတ်မင်း၏ ဆရာရသေ့ တစ်ပါးသည် နေ၏။ နတ်မင်းသည် ထိုရသေ့အား တစ်နေ့လျှင်

သရက်သီးလေးလုံးကျလျှ၏။ ထိုရသေ့ထံတွင် တောင်းချေလော့ဟု ညွှန်လိုက်ကြ၏။

ကျေးသားလည်း ရသေ့ထံသို့သွားရောက် အကြောင်းမျိုးကို လျှောက်သော် မိမိနှစ်လုံးစား၍ တစ်လုံးကို ကျေးသားအား စားစေ၏။ တစ်လုံးကို မိဖုရားအဖို့ ပေးလိုက်၏။

မိဖုရားသည် သရက်သီးကိုစားရ၍ ချင်ခြင်းပြေသော်လည်း သိကြားလှည့်ဖျား၍ ပြောဆိုသောသားကိုကား မရရှိလေသတည်း။

ဇာတ်ပေါင်းသော်–
မိဖုရားသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
ကျေးသားသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သရက်သီးပေးသောရသေ့သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ဥယျာဉ်၌နေသောရသေ့သည် ဘုရား ဖြစ်လာ၏။

❐

တိကနိပါတ်

၁၄၁။ ဝမုကီသူကရဇာတ် ၃၃
(ဝမုကီ = သစ်ရွှေသမား၊ လက်သမား။ သူကရ = ဝက်)

စစ်မှန် လိမ္မာသောဝက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဦးရီးကောသလမင်းနှင့် တူ အဇာတသတ်မင်းတို့သည် မကြာ မကြာ စစ်ထိုးကြ၏။ အိုသူနှင့် ပျိုသူဖြစ်၍ ဦးရီးသာလျှင် အရှုံးများ၏။

ထိုအခါ ကောသလမင်းသည် အမတ်တို့နှင့်တိုင်ပင်၍ မြတ်စွာဘုရားရှင်တို့သည် ပညာရှိ၏ဟု ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့၏စကားကို သူလျှိုလွှတ်၍ နားထောင်စေ၏။

ထိုအခါ ဇေတဝန်ကျောင်း၏အစွန် ကျောင်းတစ်ခုတွင်နေသော မထေရ်အိုနှစ်ပါးအနက် တစ်ပါးက ငါ့ရှင် သင်တို့၏ဝမ်းဗိုက်ကြီးသော ကောသလမင်းသည် အစာများစွာစား၍ ဝမ်းဗိုက်ကြီးစေခြင်းကိုသာ ပြုတတ်၏။ စစ်ထိုးခြင်း အစီရင်ကိုကားမသိ။ ရှုံး၍ပြေးရသည်သာတည်းဟု ဆို၏၊

အသို့စီရင်သင့်သနည်းဟုမေးသော် ငါ့ရှင် စစ်ထိုးခြင်းကား သုံးပါးရှိ၏။ ၎င်းတို့ကား ပဒုမဗျူဟာ (ကြာချပ်ကဲ့သို့ အထပ်ထပ်ဆင်ခြင်း)။ စက္ကဗျူဟာ (စက်ဝန်းကဲ့သို့ဆင်ခြင်း)။ သကဋဗျူဟာ (လှည်းဦးကင်းကဲ့သို့ ဆင်ခြင်းတို့တည်း)။ အဇာတသတ်ကို ဖမ်းလိုသော် ဤမည်သောတောင်ဝှမ်းငယ် နံရံဘက်တို့၌ မျှားစွာသောစစ်သားတို့ကို ဖုံးဝှက်ထားပြီးလျှင် ရှေ့မှ စစ်သား အနည်းငယ်ဖြင့်ပြ၍ ရန်သူကို တောင်ကြားသို့ ဆွဲယူခေါ်ခဲ့ပြီးလျှင် တောင်ကြားသို့ ရောက်သောအခါ ရှေ့နောက် နံရံဘက်တို့မှ ကြော်ငြာဝိုင်းကုန်လျက် ဖမ်းရသော် ကွန်ဗီမိသောငါးတို့ကဲ့သို့ မိလိမ့်မည်ဟုဆို၏။ (ဤနည်းကား သကဋဗျူဟာနည်းတည်း။)

ထိုစကားကို သူလျှို့တို့ ကြားသိ လျှောက် စီရင် အဇာတသတ်ကို ရလေ၏။ ဤအကြောင်းကို ရဟန်းတို့ပြောဆိုကြ၍ မြတ်စွာဘုရားကြားသော်။ ဤရဟန်းအိုသည် ယခုသာမဟုတ် ရှေးကလည်း စစ်ဆင်ရေး၌ လိမ္မာဖူးသည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ လက်သမားတစ်ယောက်သည် ဝက်ငယ်တစ်ခုကို တွင်းမှဆယ်ယူ ကျွေးမွေးထား၏။ လက်သမားမွေးသော ဝက်ဖြစ်၍ ဝမုကီသူကရ (လက်သမားဝက်)ဟု အမည်တွင်၏။ ထိုဝက်သည် အလွန်လိမ္မာ၏။ အတန်ငယ်ကြီးသော် လူတို့သတ်ဖြတ်စားမည်စိုး၍ တောင်၌ လွှတ်လေ၏။

ထိုအခါ ဝက်သည် မိမိနေရန်အရပ်ကိုရှာသော် တစ်ခုသော တောင်ကြား၌ မျှားစွာသောဝက်တို့ကိုတွေ့၍ မေးမြန်းရာ အရပ်ကား အရိပ်အာဝါသ အာဟာရနှင့် ပြည့်စုံကြောင်း။ သို့ရာတွင် ကျားတစ်

ကောင်သည် နေ့စဉ်လာ၍ တစ်ကောင်တစ်ကောင်သောဝက်ကို ဖမ်းယူ စားသောက်ကြောင်းများကို ပြောလေ၏။

ထိုဝက်ကလည်း မစိုးရိမ်လင့်။ ထိုကျားကို ငါ ဖမ်းအံ့။ ငါ့အစီအရင်ကိုသာ လိုက်နာပြုကြကုန်ဟုဆိုလျက် ပဒုမဗျူဟာ၊ စက္ကဗျူဟာ၊ သကဋဗျူဟာ သုံးပါးတွင် ပဒုမဗျူဟာ စစ်ဆင်ခြင်းကို အောက်ပါအတိုင်း ဆင်လေ၏။

စစ်ထိုးရန်ကောင်းသောနေရာကို ရွေးပြီးလျှင် ဝက်တို့၏မိဘတို့ကို အလယ်၌ထား၏။ ၎င်းတို့ကို ခြံရံ၍ ဝက်မတို့ကိုထား၏။ ဝက်မတို့ကို ခြံရံ၍ ဝက်ငယ်တို့ကို၊ ၎င်းတို့ကို ခြံရံ၍ ဝက်အိုတို့ကို၊ ၎င်းတို့ကို ခြံရံ၍ အစွယ်ရှိသော ဝက်တို့ကို၊ ၎င်းတို့ကို ခြံရံ၍ အားရှိသော စစ်ထိုးခြင်းဌာနမ်းသော ဝက်တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ်တို့ကို ခြံရံစေ၍ အစုအစုပြု၍ ထား၏။

ပြီးမှ မိမိနေရာ၏ရှေ့၌ ဝန်းသောတွင်းတစ်ခုကို တူးစေ၏။ နောက်၌ ဆောင်းသဏ္ဌာန်ရှိသော အစဉ်သဖြင့် ၇မ်းသောလိုဏ်နှင့်တူသော တွင်းကိုတူးစေ၏။ ဤသို့လျှင် ၆၀၊ ၇၀ မျှသော စစ်ထိုးဝက်တို့နှင့်တကွ ထိုဝမ္ဘကီသူကရဝက်သည် ကျားကိုခုခံရန် အသင့်နေနှင့်လေ၏။

ကျားသည် မိုးလင်းသော် ဝက်တို့ထံသို့ လာမြဲလာခဲ့၍ ဝက်တို့၏ရှေ့တွင် ရပ်လျက် မျက်စိကိုအထူးဖွင့်၍ ကြည့်၏။ ဝက်မင်းက ကျားအတုကိုလိုက်၍ ပြုကြလေလော့ဟု မိမိ၏ဝက်များကို အမှတ်သညာပေး၏။ ထိုအခါ ဝက်တို့သည် ကျားကိုတူ၍ကြည့်၏။ ကျားသည် မျက်နှာမော့၍ နားထောင်၏။ ဝက်တို့လည်း ထိုအတူပြု၏။ ကျားသည် ကျင်ငယ်စွန့်၏။ ဝက်တို့လည်း စွန့်ကုန်၏။ ဤသို့လျှင် အကြင် အကြင်အမှုကို ကျားသည်ပြု၏။ ထိုထိုအမှုကို ဝက်တို့သည် အတူလိုက်၍ပြုကုန်၏။

ထိုအခါ ကျားသည် ရှေးက ဝက်တို့သည် ငါကြည့်လျှင် ပြေးကြကုန်၏။ ယခုမူကား မပြေးရုံမက ငါ့ကိုပင် မထီလေးစားပြုကြ၏။ ထိုဝက်တို့ကို စီရင်သော ဝက်တစ်ကောင်ရှိရာ၏။ ယနေ့ ငါသွား၍ နေရာကျမည်မထင်ဟု မိမိနေရာသို့ ပြန်သွား၏။

ထိုကျားသည် နေ့တိုင်းယူခဲ့သောအစာကို ခံယူစားလေ့ရှိသော ရသေ့စဉ်းလဲသည် အစာမပါဘဲလာသော ကျားကိုမြင်လျှင် မေးမြန်းအကြောင်းကိုသိရသော် အဆွေကျား၊ မကြောက်လင့်။ သင်အသံပြု၍ သွားသည်ရှိသော် ဝက်တို့ကြောက်၍ တကွဲတပြားပြေးကြလတ္တံ့။ သွားသာသွားလေဟု အားပေးတိုက်တွန်းလေ၏။

ကျားသည် အားတက်သည်နှင့် တစ်ဖန်ပြန်လာပြီးလျှင် ရှေ့ဆုံးကနေသော ဝက်မင်းအဖေါ်သို့ ပြေးခုန်၍အုပ်၏။ ထိုခဏ၌ ဝက်မင်းသည် မိမိရှေ့ရှိတွင်းသို့ အမြန်ဆင်းလိုက်၏။ ကျားသည် အားလွန်၍ နောက်၌ဖူးထားသော တွင်းထဲသို့ကျသွားလေရာ အလွန်ကျဉ်းသော မျက်နှာဝရှိသောတွင်း၌ လက်အုပ်ချီသကဲ့သို့ နေလေ၏။

ထိုအခါ ဝက်မင်းသည် တွင်းမှထွက်၍ ကျားကိုသတ်ပြီးလျှင် ဝက်တို့အားပေး၏။ ရှေးဦးစွာရောက်သော ဝက်တို့သာ စားရကုန်၏။ နောက်ကျသောဝက်တို့ မစားရကုန်။

ထို့နောက် ဝက်တို့က အရှင်ဝက်မင်း၊ စားတတ်သော ကျားသေရုံမျှနှင့် မပြီးသေး။ အခြားသော ကျားကိုစေခိုင်းနိုင်သော ရသေ့စဉ်းလဲ ရှိပါသေးသည်ဟု ဆိုကြ၏။

ထိုအခါ ဝက်မင်းက ကောင်းပြီ၊ ထိုရသေ့စဉ်းလဲကိုလည်း ငါတို့ သတ်ကြအံ့ဟုဆို၍ ရသေ့ထံသို့ သွားကြ၏။ ရသေ့လည်း ကျား လာခဲသည်ဟု အကြိုလာခဲ့ရာ လမ်းတွင် ဝက်တို့နှင့်တွေ့သော် ပြေး၍ ရေသဖန်းပင်တစ်ပင်ထက်သို့ တက်လေ၏။

ထိုအခါ ဝက်မင်းသည် ဝက်မတို့ကို သစ်ပင်တို့ကို ဝန်းရံစေ၍ အမြစ်တို့ကို တူးဆွ ဖြတ်ပိုင်း သစ်ပင်ကိုလဲ၍ ရသေ့ကို ကျေးဇူးပြုလျှင် အပိုင်းပိုင်းဖြတ်၍ အရိုးတိုင်အောင် စားကြကုန်၏။

ထို့နောက် ဝက်တို့သည် ဝက်မင်းကို ရေသဖန်းတုံ့ဌ် နေစေ၍ ရသေ့စဉ်းလဲ၏ အသုံးအဆောင်ဖြစ်သော ခရသင်းဖြင့် ရေသွန်း၍ အဘိသိက် သွန်းကြကုန်၏။ တစ်ခုသောဝက်ပျိုမကိုလည်း ဝက်မင်း၏မိဖုရား မြှောက်ကြကုန်၏။

ထိုကာလမှစ၍ ထိုအကြောင်းကိုစွဲပြီးလျှင် လူမင်းတို့ကို ရေသဖန်းပျဉ်ဌ်နေစေ၍ ခရသင်းသုံးခုဖြင့် အဘိသိက်သွန်းကြသောထုံးစံ ဖြစ်လာလေ၏။

ထိုအခါ ထိုတောအုပ်ဌ်နေသောနတ်သည် ဝက်တို့ကို ကြည့်လျက် ဝက်တို့သည် ညီညွတ်ကြကုန်သဖြင့် ကျားကိုစင်လျက် အောင်နိုင်၍ အသက်ဘေးမှ ချမ်းသာကြပေ၏ဟု ဆိုလေသတည်း။

ဇာတ်ပေါင်းသော်–
ဝက်မင်းသည် စစ်မှုကို နားလည်သောရဟန်း ဖြစ်လာ၏။
နတ်သည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၄၂။ သီရိဇာတ် ၃၄
(သီရိ = အသရေ။)

ကျက်သရေအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကျက်သရေ၏ လက္ခဏာတို့ကို သိတတ်သော ပုဏ္ဏားတစ်ယောက်သည် အနာထပိဏ်သူဌေး၏ အိမ်မှကျက်သရေကို ခိုးယူအံ့သောငှာ အနာထပိဏ်သူဌေးအိမ်သို့ အလည်အပတ်လာခဲ့၏။

အနာထပိဏ်သူဌေးနှင့် အာလာပသလ္လာပ ပြောကြားပြီးနောက် သူဌေးကြီးက အဘယ်အလို့ငှာလာသနည်းဟု မေး၏။ ထိုအခါ ပုဏ္ဏားသည် ကျက်သရေအဘယ်အရပ်၌ တည်ရှိသနည်းဟု ကြည့်သော်၊ အိမ်၌ မွေးထားသော ကြက်ဖြူတစ်ကောင်၏အမောက်၌ တည်နေသည်ကို မြင်မှ သူဌေးကြီး အကျွန်ုပ်သည် တပည့်ငါးရာကို ဗေဒင်သင်ရ၏။ ယခု အကျွန်ုပ်တို့၌ရှိသော ကြက်သည် အချိန်မှန်မှန်မတွန်သည်နှင့် အကျွန်ုပ်နှင့် တပည့်တို့ပါ အလွန်ပင်ပန်းရကုန်၏။ သို့ကြောင့် သူဌေးမင်း၏ကြက်ကို အကျွန်ုပ်အား ပေးပါလော့ဟု တောင်းလေ၏။

သူဌေးကြီးလည်း ယူတော့ဟု ဆို၏။ ထိုခဏ၌ ကျက်သရေသည် အမောက်မှဖဲ၍ ဦးခေါင်းရင်း၌ထားသော ပတ္တမြားတုံး၌ တည်လေ၏။ ပုဏ္ဏားမြင်လျှင် ပတ္တမြားတုံးကိုလည်း တောင်းလေ၏။ ပေး၏ဟုဆိုပြန်သော ခဏ၌ ကျက်သရေသည် ခေါင်းရင်းတွင် ထားအပ်သော တောင်ဝှေး၌ ပြောင်း၍တည်ပြန်၏။ တောင်ဝှေးကိုတောင်းပြန်သော် ပုညလက္ခဏဒေဝီမည်သော သူဌေးကတော်၏ဦးခေါင်း၌ တည်ပြန်လေ၏။

သူဌေးကတော်ကို တောင်းရန် မတတ်ကောင်းရကား ပုဏ္ဏားသည် သူဌေးကြီးအား မိမိသည် ကျက်သရေကို ခိုးရန်လာခဲ့မိကြောင်း။ တောင်း

တိုင်း တောင်းတိုင်းသော ပစ္စည်းတို့မှ ပြောင်း၍ ပြောင်း၍ သွားသည်နှင့် ယခုနောက်ဆုံး၌ သူ့ဌေးကတော်၏ ဦးခေါင်း၌ တည်နေကြောင်း။ ကျက်သရေကို ခိုးယူ၍ မရနိုင်ကြောင်း။ သူ့ဌေးကြီး၏ ဥစ္စာမှန်ကြောင်း ပြောဆို၍ ပြန်သွားလေ၏။

သူ့ဌေးကြီးသည် ထိုအကြောင်းကို မြတ်စွာဘုရားအား သွားရောက်လျှောက်ရာ ယခုသာမဟုတ် ရှေးကလည်း ကျက်သရေသည် ထိုက်ရာသူ သို့သာ ရှေ့ပြောင်းဖူးကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည်၌ ထင်းခွေသမားတစ်ယောက်သည် မြို့တံခါးပိတ်သည်နှင့် မြို့ပြင်ရှိ နတ်ကွန်းတစ်ခုတွင် အိပ်ရလေ၏။ ထိုအခါ နတ်ကွန်း၌ လွတ်ထားသော မျှားစွာသောကြက်တို့သည် နတ်ကွန်းအနီးရှိသစ်ပင်၌ အိပ်ကြသည်တွင် အထက်၌အိပ်သော ကြက်သည် ကျင်ကြီးစွန့်ရာ အောက်၌အိပ်သော ကြက်၏ကိုယ်ပေါ်၌ ကျလေ၏။

အဘယ်သူသည် ငါ့အပေါ်၌ ကျင်ကြီးကို ချသနည်း။

ငါ ချ၏။

အဘယ်ကြောင့်ချသနည်း။

အမှတ်မဲ့ချမိခြင်း ဖြစ်ပါသည်။

သင်သည် မဆင်မခြင် မပြုနှင့်။ ငါ့ကို သာမည်ကြက်မှတ်သလော။ ငါ့အသားကိုစားရသောသူသည် အသပြာတစ်ထောင်ရလတ္တံ့။

အချင်းကြက်၊ ဤမျှသောအစွမ်းဖြင့် မာနမတက်လင့်။ ငါ၏ကြီးမြတ်သော အသားကိုစားရသောသူသည် မင်းဖြစ်လတ္တံ့။ အပြင်သားကို စားရသောသူသည် ယောကျ်ားဖြစ်လျှင် စစ်သူကြီး၊ မိန်းမဖြစ်လျှင် မိဖုရားဖြစ်လတ္တံ့။ အရိုးအသားကိုစားရသောသူသည် လူဖြစ်လျှင် ဘဏ္ဍာစိုး၊ ရဟန်းဖြစ်လျှင် မင်းဆရာဖြစ်လတ္တံ့ဟု ဆို၏။

ထိုစကားတို့ကို ထင်းခွေသမားကြားသော် မင်းဖြစ်လိုသည်နှင့် အထက်ကြက်ကို တက်ရောက် ဖမ်းဆီး သတ်ဖြတ် အိမ်သို့ယူခဲ့၍ မယားအား ချက်စေ၏။ ချက်ပြီးသော် ထင်းခွေသမားသည် မိမိမယားအား ကြက်သား၏သတ္တိအာနုဘော်ကို ပြောပြ၍ ငါတို့သည် မင်းနှင့် မိဖုရားဖြစ်အောင် ဂင်္ဂါမြစ်သို့ သွားရောက်ရေချိုးပြီးမှ စားကြကုန်အံ့ဟု မြစ်သို့လာရောက် ကြက်သားကို ကမ်းနားဌားထား၍ ရေချိုးနေကြ၏။ ထိုခဏ၌ လေကျ၍ လှိုင်းထလာပြီးလျှင် ထမင်းတောင်းကို လှိုင်းပုတ်ယူသွားလေ၏။

ထိုမျှောလေသော ကြက်သားတို့ကို မြစ်အောက်ဆိပ်၌ ဆင်ကို ရေချိုးနေသော မင်း၏ဆင်ဆရာ အမတ်ကြီးရလေ၍ အိမ်သို့ယူဆောင်လာ၏။

ထိုဆင်ဆရာ၏ဆရာရသော့သည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြက်သား၏ အာနုဘော်ကိုသိ၍ ဆင်ဆရာ့အိမ်သို့ လာခဲ့ပြီးလျှင် မြတ်သော ကြက်သားကို ဆင်ဆရာအားပေး၏။ အပြင်သားကို မယားအားပေး၏။ အရိုးအသားကို ရသေ့ကိုယ်တိုင်စား၏။ ပြီးမှ ဆင်ဆရာ၊ ဤနေ့မှစ၍ သုံးရက်မြောက်၌ သင်မင်းဖြစ်လတ္တံ့ဟုဆို၍ သွားလေ၏။

သုံးရက်မြောက်သောနေ့၌ ပြည်နီးချင်းမင်းတစ်ပါးသည် ဗာရာဏသီမြို့ကို ဝန်းရံလေ၏။ ထိုအခါ ဗာရာဏသီမင်းသည် ဆင်ဆရာအား မင်း၏အသွင်ကိုယူစေ၍ ဆင်စီးလျက် တိုက်စေ၏။ မိမိကိုယ်တိုင်ကား မထင်ရှားသောအသွင်ဖြင့်တိုက်ရာ မြားထိ၍ သေလေ၏။

မင်းသေကြောင်းသိသော် ဆင်ဆရာသည် များစွာသောအသပြာတို့ကို ထုတ်ယူစေ၍ ဥစ္စာကိုအလိုရှိသူတို့သည် ရှေ့၌နေ၍ စစ်ထိုးကုန်လော့ဟု စည်လည်စေ၏။ မကြာမီပင် စစ်သည်တို့ ရွပ်ရွပ်ချဲ့ချဲ့ တိုက်ကြသည်နှင့် ရန်သူမင်း သေလေ၏။

ထို့နောက် မှူးမတ်တို့သည် ဆင်ဆရာသည် မင်းရှိစဉ်ကပင် မင်း၏အသွင်ကိုယူ၍ စစ်တိုက်ရ၏။ နိုင်လည်းနိုင်၏။ ဆင်ဆရာကိုပင် မင်းမြှောက်ကြအံ့ဟုဆို၍ ဆင်ဆရာကိုပင် မင်းမြှောက်ကြလေ၏။ မယားလည်း မိဖုရားကြီး ဖြစ်လေ၏။ ရသေ့လည်း မင်းဆရာဖြစ်လေသတည်း။

ဇာတ်ပေါင်းသော်–
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
မင်းဆရာရသေ့သည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၄၃။ မဏိယံသဇာတ် ၃၅
(မဏိ = ပတ္တမြား။ ယံသ = ပွတ်ခြင်း။)

ပတ္တမြားမှန်လျှင် ညွှန်မနစ်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တိတ္ထိတို့သည် မြတ်စွာဘုရား၌ လာဘ်လာဘများ၍ မိမိတို့၌ လာဘ်လာဘနည်းသည်ကို မြင်သော် ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကိုပြု၍ လာဘ်ကိုတိတ်စေအံ့ဟု သုန္ဒရီမည်သော မိန်းမနှင့် ပေါင်းသင်းပြီးလျှင် အောက်ပါအတိုင်း ကြံစည်ကြလေ၏။

မြတ်စွာဘုရား တပည့်သားတို့သည် တရားနာ၍ ညချမ်းအခါ၌ ကျောင်းတော်မှ ပြန်လာကြသည့်ကာလ သုန္ဒရီသည် ဘုရားကျောင်းတော်သို့ ရှေ့ရှသွား၏။ လူတို့က အဘယ်သို့သွားအံ့နည်းဟုမေးကြသော် ရဟန်း

ဂေါတမနှင့်အတူ ဂန္ဓကုဋီတိုက်၌ နေရန်သွားအံ့ဟု ပြောကြားပြီးလျှင် တိတ္ထိတို့၏ နေရာအနီးအပါး၌ ညဉ့်အိပ်၍ နံနက်မှထလာ၏။ ဘုရားထံသို့ နံနက်ခင်းတွင်လာကြသော တပည့်သားတို့နှင့် လမ်းတွင်တွေ့၍ မေးကြသော် သုန္ဒရီက ဘုရား၏ဂန္ဓကုဋီတိုက်၌ ညဉ့်အိပ်၍လာကြောင်း ပြောလေ၏။

ဤသို့ပြု၍ နှစ်ရက်သုံးရက်လွန်သော် တိတ္ထိတို့သည် သေသောက်ကြူးတို့အား အသပြာပေး၍ သုန္ဒရီကို ရိုက်သတ်စေပြီးသော် ဘုရား၏ဂန္ဓကုဋီတိုက်အနီး ပန်းမှိုက်ကြား၌ အလောင်းကို ပစ်ထားစေ၏။

ထို့နောက် တိတ္ထိတို့သည် သုန္ဒရီပျောက်သည်ဟု မင်းကိုတိုင်ကြားရာဖွေ အလောင်းကိုတွေ့သော်။ ဆရာ၏မကောင်းမှုကို ဖုံးလွှမ်းအံ့သောဌာရှင်ဂေါတမ၏တပည့်တို့သည် သုန္ဒရီကို သတ်ကုန်၏ဟု စကားဖြစ်ကြစေ၏။ အရိယာတို့ကိုထား၍ အခြားသောသူတို့သည် ထိုစကားကို ယုံမှားရှိကြသည်နှင့် ဘုရားနှင့်တကွ တပည့်သားတို့အား ကဲ့ရဲ့ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက မိမိ၏တပည့်ရဟန်းတို့အား သူတစ်ပါးတို့အား မဟုတ်မမှန် စွပ်စွဲသောသူသည်လည်းကောင်း၊ ပြုလျက်နှင့် မပြုဟုဆိုသောသူသည်လည်းကောင်း တူသောအကျိုးကိုရ၍ တမလွန်၌ ငရဲသို့လား၏ဟု ပြန်၍ဆိုကုန်လော့ဟု သင်ပေးလေ၏။

မင်းသည်ကား သုန္ဒရီကို သတ်သောသူကို စုံစမ်းရန် မင်းချင်းတို့အား ခိုင်းထား၏။ ထိုအခါ သေသောက်ကြူးတို့သည် ရသောအသပြာဖြင့် သေကိုသောက်ကုန်လျက် အချင်းချင်းခိုက်ရန်ဖြစ်ကြရာ တစ်ယောက်က သင်သည် သုန္ဒရီကိုသတ်၍ ရသောအခဖြင့် သောက်ရသူဖြစ်သည်။ မာနမရောက်လင့်ဟု စသည်ဖြင့် ရန်ဖြစ်ကြသည်ကို မင်းချင်းတို့ကြား၍ မင်းအားလျှောက် ဖမ်းဆီးစစ်ဆေးလျှင် တိတ္ထိတို့က ငှားရမ်းအသတ်ခိုင်းကြောင်း ဖြောင့်ချက်ပေးရလေ၏။

ထိုအခါ မင်းသည် တိတ္ထိတို့အား သုန္ဒရီ၏အလောင်းကို ညောင်စောင်းဖြင့်ထမ်း၍ အရှင်ဂေါတမ၏ကျေးဇူးမဲ့ကို ဖြစ်စေလို၍ သုန္ဒရီကို ငါတို့သတ်စေ၏။ အရှင်ဂေါတမ၏တပည့်တို့၌ အပြစ်မရှိပေ။ ငါတို့သာ အပြစ်

ရှိ၏ဟုဆို၍ မြို့ကို လှည့်လည်စေ၏။ တိတ္ထိတို့လည်း မင်းဆိုသည့်အတိုင်း ပြုကြရကုန်၏။

ထိုအခါမှစ၍ တိတ္ထိတို့ လာဘ်လာဘတိတ်လျက် မြတ်စွာဘုရား တို့၌ ပိုမိုသောလာဘ်တို့သည် ဖြစ်ကုန်၏။

ထိုအကြောင်းနှင့်ပတ်သက်၍ မြတ်စွာဘုရားသည် ချစ်သားတို့-ဘုရားတို့၏ ညစ်နွမ်းခြင်းကို ပြုခြင်းသည် ပတ္တမြားကို ညစ်နွမ်းအောင် ပြုလျှင် တိုးတက်အရောင် ပြောင်လာသည်နှင့်တူ၏ဟု အောက်ပါဂါထာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရသေ့ကျောင်းတစ်ကျောင်းအနီးရှိ ပတ္တမြား လိုဏ်ဂူ၌ သုံးဆယ်သောဝက်တို့သည် နေကြကုန်၏။ ထိုအရပ်အနီး၌ ကျက်စားသော ခြသေ့တစ်ကောင်သည် ထိုလိုဏ်အနီး၌ သွားလာ သည်ရှိသော် ခြသေ့၏အရိပ်သည် ပတ္တမြား၌ထင်၏။ ထိုအရိပ်ကို ဝက်တို့မြင်သော် ထိတ်လန့်ကြသည်ဖြစ်၍ ပတ္တမြားကြည်သည် ဖြစ် သောကြောင့် အရိပ်သည်ထင်၏။ ပတ္တမြားကို ညစ်နွမ်းအောင် ပြု ကြကုန်အံ့ဟု မိမိတို့ကိုယ်ကို ညွှန်ဖြင့်လူး၍ ပတ္တမြားကိုပွတ်တိုက် ကြကုန်၏။ ပတ္တမြားသည်ကား ဝက်မွေးတို့ဖြင့် ပွတ်အပ်သည်ရှိသော် တိုးတက် ပိုမို၍ကြည်လင်လာ၏။

ဝက်တို့မတတ်နိုင်၍ ရသေ့ကိုမေးသော် ရသေ့က အချင်းဝက် တို့ ဤပတ္တမြားကား ပတ္တမြားအစစ်တည်း။ သင်တို့ ညစ်နွမ်းစေခြင်း ငှာ တတ်နိုင်မည်မဟုတ်၊ သင်တို့သာ ထွက်သွားကြလေလော့ဟု ဆိုပေ၏။ ဝက်တို့လည်း ရသေ့ဆိုတိုင်း ပတ္တမြားလိုဏ်မှ ဖဲကြလေ သတည်း။

ဂါထာပေါင်းသော-

ရသေ့သည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၄၄။ မစ္ဆဒ္ဒါနဇာတ် ၃၈
(မစ္ဆ = ငါး။ ဥဒ္ဒါန = နှောင်ဖွဲ့ခြင်း၊ အပေါင်း။)

ကောက်ကျစ်သောကုန်သည်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် စဉ်းလဲသော ကုန်သည်တစ်ယောက်ကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ညီအစ်ကိုနှစ်ယောက်တို့သည် တစ်ရွာသို့ သွားရောက်ကုန်သွယ်ရာ တစ်ထောင်သောဥစ္စာကိုရ၍ ပြန်လာကြသော် မြစ်ဆိပ်၌ လှေကိုဆိုက်၍ ထမင်းစားကြ၏။

အစ်ကိုသည် ထမင်းစားကြွင်းကို ဂင်္ဂါ၌ ငါးတို့အားပေး၍ မြစ်စောင့်နတ်အား အမျှဝေ၏။ မြစ်စောင့်နတ်လည်း ထိုဒါနအဖို့ကို ဝမ်းမြောက်သည်နှင့် မိမိစည်းစိမ် တိုးပွားသည်ကို သိမှတ်၍ထား၏။

ထမင်းစားပြီးနောက် သောင်ပြင်၌ အတန်ငယ်အိပ်နေကြရာ ညီသည် ကောက်ကျစ်သောသဘောဖြင့် ဥစ္စာကို မိမိချည်းသာလိုသည် ဖြစ်၍ ထိုဥစ္စာထုပ်နှင့်တူစွာ ကျောက်စရစ်ခဲထုပ်ပြု၍ ထိုနှစ်ထုပ်ကို အတူထား၏။

လှေဖြင့်ကူးကြ၍ မြစ်လယ်သို့ရောက်သော် ညီသည် လှေကို လှုပ်လျက် ကျောက်စရစ်ထုပ်ကိုချအံ့ဟု ချသောအခါ မှား၍ ဥစ္စာထုပ်ကို ချမိလေ၏။ မိမိမူကား ကျောက်စရစ်ထုပ်ကို ချသည်ဟုထင်လျက် ရှိ၏။ ပြီးမှ အစ်ကို၊ လှေလှုပ်၍ ဥစ္စာထုပ်သည် ရေသို့ကျလေပြီဟု ဆို၏။ အစ်ကိုလည်း ညီငယ်၊ ရေသို့ကျသည်ကို အံ့သို့တတ်နိုင်အံ့နည်း။ မစိုးရိမ်လင့်ဟုဆို၍ မိမိတို့အိမ်သို့ အသီးသီးသွားကြလေ၏။

ညီသည်ကား အစ်ကိုကို လှည့်စားအပ်ပြီဟု အိမ်သို့ရောက်သောအခါ အထုပ်ကိုဖြေကြည့်ရာ ကျောက်စရစ်ထုပ်ဖြစ်နေ၍ နှလုံးမသာ ဆင်းရဲစွာလျက် အိပ်ရာ၌ လျောင်းနေလေ၏။

ဥစ္စာထုပ် ရေသို့ကျစဉ်က ယခင်မြစ်စောင့်နတ်သည် ကျေးဇူးတုံ့ပြန်အံ့ဟု ငါးတစ်ကောင်အား မျိုစေ၍ တံငါတို့ကွန်ပစ်သောအခါ ထိုငါးကို မိစေ၏။

တံငါတို့သည် ထိုငါးကြီးကိုလည်၍ရောင်းရာ အဖိုးမှာအသပြာတစ်ထောင်နှင့် ခုနစ်ပဲထားသည်ဖြစ်၍ လူတို့က မဝယ်သည့်ပြင် ပြက်ရယ်ပင် ပြုကြ၏။

အစ်ကို့အိမ်သို့ရောက်သောအခါ ခုနစ်ပဲဖြင့်သာ ရောင်းသွားလေ၏။ ငါးကိုခွဲသော် ဥစ္စာထုပ်ကိုတွေ့မှ မိမိတို့ဥစ္စာဖြစ်ကြောင်းကိုသိ၍ အခြားနေရာ၌ အသပြာတစ်ထောင်နှင့် ခုနစ်ပဲ၊ မိမိထံတွင်ကား ခုနစ်ပဲဖြင့်သာရောင်းခြင်း၊ ဤသို့ မိမိဥစ္စာ ပြန်ရလာခြင်းတို့သည် အဘယ်ကိုမှီ၍ ဖြစ်လေသနည်းဟု ဆင်ခြင်လေ၏။

ထိုခဏ၌ မြစ်စောင့်နတ်သည် ကောင်းကင်၌ ထင်စွာပြလျက် ကျေးဇူးတုံ့ပြုသည့်အကြောင်းများကို ပြန်ပြောပြပြီးမှ ကောက်ကျစ်စဉ်းလဲသော ညီသူခိုးအား ၎င်း၏ဆေစုကို မယေးလေနှင့်ဟု ဆိုလေ၏။

အစ်ကိုသည်ကား မယေးဘဲမနေနိုင်၊ ညီ၏ဝေစု အသပြာငါးရာကို ပို့စေလေသည်သာတည်း။

ဇာတ်ပေါင်းသော်–
ညီသည် စဉ်းလဲသောကုန်သည် ဖြစ်လာ၏။
အစ်ကိုသည် ဘုရား ဖြစ်လာ၏။

❐

တိကနိပါတ်

၁၄၅။ နာနာဆန္ဒဇာတ် ၃၉

(နာနာ = အထူးထူးအပြားပြား၊ အသီးသီး။ ဆန္ဒ = အလိုဆန္ဒ။)

နက္ခတ်ကိုသိသော ပုဏ္ဏားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မြတ်စွာဘုရားအား အမြဲလုပ်ကျွေးရန် ရှင်သာရိပုတ္တရာ စသော ပုဂ္ဂိုလ်တို့ တောင်းပန်ရာ မရဘဲ အရှင်အာနန္ဒာကိုသာ ပေးတော်မူသည်။ ထိုသို့ပေးရာ၌ အရှင်အာနန္ဒာက ဆုရှစ်ပါးကိုတောင်း၍ ထိုဆုရှစ်ပါးကို ပေးပြီးနောက် ဘုရားသခင်သည် အာနန္ဒာအား တောင်းသောဆုများကို ပေးတော်မူသည်သာတည်းဟု ရဟန်းတို့ စကားဖြစ်ကြရာ ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် မထင်ရှားသော အသွင်ဖြင့် မြို့ကို လှည့်လည်စုံစမ်းရာ သေသောက်ကြူးခိုးသူတို့နှင့် တွေ့ရှိသည်တွင် ခိုးသူက ပုတ်ခတ်အပေါ်ရုံပုဆိုးကို ယူပြီးလျှင် သေအိုးကိုထမ်း၍ လိုက်စေ၏။

ထိုခဏ၌ အရာကျလျက်ရှိသော ခမည်းတော်လက်ထက်က ပုရောဟိတ်ဟောင်းသည် ဆင်းရဲစွာ အိမ်ငယ်တစ်ခု၌နေရာမှ လမ်းသို့ ထွက်၍ နက္ခတ်ကိုကြည့်သော် မင်းသည် ရန်သူ၏လက်သို့ ရောက်နေသည်အဖြစ်ကိုသိ၍ ပုဏ္ဏားမအားခေါ်ပြီးလျှင် ရှင်မ၊ နက္ခတ်အလိုအားဖြင့် ငါတို့၏မင်းသည် ရန်သူ့လက်သို့ ရောက်လျက်ရှိ၏ဟု ဆို၏၊ ပုဏ္ဏားမကလည်း အရှင် အသို့ပြုအံ့နည်း။ မင်းထံမှ ဥစ္စာရသော ပုရောဟိတ်ပုဏ္ဏားတို့ ဟောပြောကြကုန်လတ္တံ့ဟု ဆို၏။

မင်းသည် ထိုစကားကိုကြားပြီးမှ သေသောက်ကြူးတို့အား မိမိသည် သူဆင်းရဲဖြစ်ကြောင်း၊ အပေါ်ရုံပုဆိုးကိုယူ၍ လူကိုလွှတ်ပါ မည့်အကြောင်း အကြိမ်ကြိမ် တောင်းပန်သည်နှင့် လွှတ်လိုက်လေသော် မင်းသည် ထိုပုရောဟိတ်ဟောင်း၏ အိမ်နားသို့ ပြန်၍လာခဲ့၏။

ထိုခဏာ၌ ပုရောဟိတ်က ရှင်မ၊ ငါတို့၏မင်းသည် ရန်သူ၏ လက်မှ လွတ်ပြီဟုဆို၏။ မင်းလည်းကြားလျှင် ပုရောဟိတ်၏အိမ်ကို မှတ်၍ နန်းတော်သို့ ပြန်ခဲ့၏။

နန်းတော်သို့ရောက်သော် ပုဏ္ဏားတို့ကို ခေါ်ပြီးလျှင် ဆရာတို့ သင်တို့သည် ညဉ့်အခါ၌ ငါ့အတွက် နက္ခတ်ကို ကြည့်ကြကုန်၏ လော။ ကြည့်ကြပါကုန်၏။

ကောင်း၏လော။ ကောင်းပါ၏။

တစ်စုံတစ်ရာ အန္တရာယ်ရှိသလော။ မရှိပါ။

ထိုအခါ မင်းသည် ပုရောဟိတ်ဟောင်းကို ခေါ်ပြီးလျှင် ဆရာ၊ ညဉ့်အခါ နက္ခတ်တို့ကို ကြည့်၏လော။ ကြည့်ပါသည်။

အသို့မြင်သနည်း။ အရှင်မင်းကြီးသည် ရန်သူ့လက်သို့ရောက် ၍ မကြာမီလွတ်သည်ကို မြင်ပါသည်။

အိမ်း– နက္ခတ်တတ်သူကား ဤသို့မြင်ပေလိမ့်မည်ဟုဆိုကာ ပုဏ္ဏားတို့ကို နှင်ထုတ်၍ ပုရောဟိတ်ဟောင်းအား ဆရာ အသင့်အား ငါကြည်ညိုး၏။ အလိုရှိသည်ကိုတောင်းလေ။ ငါပေးအံ့ဟု ဆို၏။ ပုရောဟိတ်ဟောင်းလည်း အရှင်မင်းကြီး၊ သားမယားတို့နှင့် တိုင်ပင်ပြီး မှ တောင်းပါရစေဟု အခွင့်တောင်းပြီးလျှင် ပြန်ခဲ့၏။ အိမ်တွင်တိုင်ပင် သော်။

ပုဏ္ဏားမက နွားမတစ်ရာလည်းကောင်း။

သားက သိန္ဓောမြင်း ၄ စီးကသော ရထားလည်းကောင်း။

ရှေးမက ပတ္တမြားနားတောင်း စသောတန်ဆာများလည်း ကောင်း။

ကျွန်မက ဆုံကျည်ပွေ့ကိုလည်းကောင်း အလိုရှိကြောင်း အသီးသီး ပြောကြလေ၏။

ပုရောဟိတ်ဟောင်းလည်း မင်းထံသို့ သွားရောက် လျှောက်တောင်းပြီးမှ မိမိအတွက်ကား ရွာတစ်ရွာ အလိုရှိကြောင်း လျှောက်လေ၏။

မင်းလည်း အလုံးစုံ အလိုရှိသည်တို့ကိုပေး၍ ပုရောဟိတ်အား မိမိထံ၌ ခစားစေသတည်း။

ဇာတ်ပေါင်းသော်–

ပုရောဟိတ်ဟောင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

မင်းသည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၄၆။ သုရာယဋ္ဌဇာတ် ၄၁

(သုရာ = အရက်။ ယဋ္ဌ = ဆိုးကြီး။)

သုရာအတွက် ပျက်စီးရသော လုလင်အကြောင်း

သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏တူသည် မိဘတို့အမွေအနှစ် ဖြစ်သော ကုဋေလေးဆယ်သော ဥစ္စာတို့ကို အရက်သေစာသောက်စားခြင်းဖြင့် ဖျက်ဆီးပြီး၍ အနာထပိဏ်သူဌေးထံသို့ လာခဲ့၏။ သူဌေးကြီးလည်း ကုန်

သွယ်လော့ဟု အသပြာတစ်ထောင်ပေး၍ လွှတ်လိုက်၏။ ထိုတစ်ထောင်ကို နည်းတူဖျက်ဆီး၍ လာခဲ့ပြန်၏။ ငါးရာပေးပြန်၏။ နောက် ပုဆိုးကြီး ၂ ထည် ပေး၏။ နည်းတူသာလျှင် ဖျက်ဆီး၍ လာပြန်၏။ ထိုအခါ၌ကား လည်ကိုကိုင်၍ နှင်ထုတ်စေ၏။ ထိုသူသည် ကိုးကွယ်ရာမရသည်နှင့် သူ တစ်ပါး၏ တိုက်နံရံကို မှီ၍သေရလေ၏။

ဤအကြောင်းကို သူဌေးကြီးသည် မြတ်စွာဘုရားအားလျှောက်ရာ မြတ်စွာဘုရားက ရှေးကမူ အလိုကိုပေးတတ်သော အိုးကိုရလျက်လည်း မရောင့်ရဲနိုင်သည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီသူဌေးကြီးတစ်ဦးသည် အလျှုဒါန မြောက်များစွာပြု၍ သေလွန်သော် သိကြားဖြစ်၏။ ကျန်ရစ်သောသား သည်ကား လမ်းမ၌ မဏ္ဍပ်ဆောက်၍ အခြွေအရံများစွာနှင့် ပွဲလမ်း သဘင်ခံလျက် ပျော်ပါးခြင်း၊ ကရာ သီရာ တီးမှုတ်ရာတို့ကို သွား ရောက်လည်ပတ်ခြင်း၊ သေ မိန်းမ အမဲစားကြူးခြင်း စသည်ဖြင့် စိတ်နောက်ကိုယ်ပါ ပြုကျင့်နေလေရာ မကြာမီပင် အမွေပစ္စည်းကုန်ရှေ လေးဆယ်တို့သည် ကုန်ခြင်းသို့ ရောက်လေ၏။

ဥစ္စာကုန်လျှင်ပင် အထီးကျန်လျက် ပုဆိုးနွမ်းကိုဝတ်၍ လှည့် လည်နေသော် အဖသိကြား မြင်သိ သနားသည်နှင့် လာရောက်၍ အမောင်– ဤအိုးသည် အလိုရှိသမျှကို ပေးစွမ်းနိုင်၏။ သင်ယူထား၍ ကောင်းစွာစောင့်ရှောက်လော့ မကွဲစေလင့်ဟု မှာထားပြီးလျှင် ပြန်လေ ၏။

သူဌေးသားသည်ကား ဝမ်းသာအားရဖြင့် အစားအသောက် အဝတ်မှစ၍ အလိုရှိသမျှတို့ကို အိုးမှထုတ်ယူ သုံးဆောင်ရလေ၏။ သို့ရာတွင် မကြာမီပင် သေယစ်လျက်ရှိစဉ် အိုးကိုမြှောက်၍ ကစားရာ ကျ၍ကွဲလေ၏။

အထီးကျန်ပြန်သည်နှင့် ခွက်လက်စွဲကာ တောင်းရမ်းစားသောက်၍ မကြာမီပင် သူတစ်ပါး၏ တိုက်နံရံကိုမှီ၍ သေရလေသတည်း။

ဇာတ်ပေါင်းသော်-
သူဌေးသားသည် အနာထပိဏ်၏တူ ဖြစ်လာ၏။
သိကြားသည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၄၇။ သုပတ္တဇာတ် ၄၂

သုမုခကျီးအကြောင်း

ရာဟုလာမယ်တော် ဗိမ္မာဒေဝီ မထေရ်မသည် လေနာထသော် ထောပတ်သစ်နှင့် ရောသော သလေးဆွမ်းကို စားလိုသည်ဖြစ်၍ ရှင်သာရိပုတ္တရာသည် မင်းထံမှ အလှူခံပေး၍ ရောင့်ရဲစေ၏။ ထိုအကြောင်းနှင့်စပ်၍ မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးကလည်း ရောင့်ရဲစေပြီဟု အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးလက်ထက်၌ သုပတ္တမည်သော ကျီးမင်းသည် ကျီးရှစ်သောင်းခြံရံလျက် ဗာရာဏသီကို မှီ၍နေ၏။

တစ်နေ့သော် ကျီးမိဖုရား သုဖဿသည် မင်းကြီး၏ စားတော်နံ့ကိုရ၍ စားလိုသော အာသာချင်ခြင်း ပြင်းစွာဖြစ်သည်နှင့် မအီမသာ ရှိလေ၏။ ကျီးမင်းလည်း အကြံအိုက်လျက် ရှိလေ၏။

ထိုအခါ ကျီးစစ်သူကြီး သုမုခသည် အကြောင်းကိုသိရသော် မစိုးရိမ်လင့်။ စားကော်ကိုရပါစေမည်ဟု ဆို၍ ထွက်သွားလေ၏။

သုမုခသည် ရဲရင့်သော ကျီးရှစ်ကောင်နှင့် စားဖိုသည် စားတော်အုပ်ကို မင်းကြီးထံသို့အပို့ကို စောင့်နေ၏။ သုမုခက ကျီးရှစ်ကောင်အား အချင်းတို့၊ ငါသည် အသက်စွန့်၍ စားတော်အုပ်ကို ကျအောင်ပြုအံ့။ ထိုသို့ စားတော်အုပ်ကျလျှင် လေးကောင်က နှုတ်သီးအပြည့် ထမင်းကိုလည်းကောင်း၊ အခြားလေးကောင်က နှုတ်သီးအပြည့် ဟင်းကိုလည်းကောင်း ယူဆောင်၍ ငါတို့၏ကျီးမင်းနှင့် ကျီးမိဖုရားတို့အား ဆက်ကြလေလော့။ ငါ့ကိုမေးသော် နောက်တွင်ကျန်ရစ်၏။ လိုက်လာပါလိမ့်မည်ဟုသာ လျှောက်ကြလေလော့ဟု မှာထားနှင့်၏။

စားဖိုသည်သည် စားတော်အုပ်ကို ထမ်းပိုးဖြင့် ယူလာခဲ့ရာ သုမုခသည် စားဖိုသည်၏ရင်ဘို ခြေဖြင့်ကုပ်ထားလျက် နှာခေါင်းကို နှုတ်သီးဖြင့်ကိုက်၍ အတောင်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားလေ၏။ ထိုခဏာ၌ ကျီးရှစ်ကောင်သည် မှာထားသည့်အတိုင်း ယူဆောင်ကျွေးမွေး၍ ကျီးမိဖုရား၏ချင်ခြင်းကို ပျောက်စေလေ၏။

ထိုသို့ ဖြစ်ပျက်နေသည်ကို မင်းကြီးသည် လေသာတံခါးမှ မြင်လေသော် အချင်းစားဖိုသည် ကျီးကိုသာ အရဖမ်းလော့ဟု ဟစ်၍ ဆို၏။ စားဖိုသည်လည်း ဆိုသည့်အတိုင်းဖမ်း၍ မင်းကြီးအား ဆက်လေ၏။

အသင်ကျီး၊ သင်သည် ငါ့ကိုလည်း မရှက်မကြောက်။ စားဖိုသည်၏ နှာခေါင်းကိုလည်း ဖြတ်၏။ စားတော်ခွက်တို့ကိုလည်း ခွဲ၏။ မိမိ၏အသက်ကိုလည်း မစောင့်။ အဘယ်ကြောင့် ဤသို့ပြုသနည်းဟု မေးတော်မူ၏။

မြတ်သောမင်းကြီး၊ အကျွန်ုပ်တို့ကျီးမင်း၏ မိဖုရားကြီးသည် စားတော်ကို ချင်ခြင်းဖြစ်သည်နှင့် အကျွန်ုပ်သည် စွန့်၍ယူပေးရခြင်း

ဖြစ်ပါသည်။ အကျွန်ုပ်မှာ ထိုကျီးမင်း၏ သုမုခမည်သောစစ်သူကြီး ဖြစ်ပါသည်။ အကျွန်ုပ်၏ ဆောင်ရွက်ရန်ဝတ္တရားတို့ ပြည့်စုံပြီးဖြစ်၍ အရှင်မင်းကြီး ထားလိုရာဒဏ်ကို ထားတော်မူပါတော့ဟု ရဲဝံ့စွာ လျှောက်၏။

ထိုစကားကို မင်းကြီးကြားသော် လူဖြစ်ကုန်သော ငါတို့သည် ကြီးစွာသော စည်းစိမ်ကိုပေးကုန်လျက်လည်း ငါတို့အား ချစ်ခင်စိမ့်သောငှာ မတတ်နိုင်ကုန်။ ဤကျီးကား တိရစ္ဆာန်ဖြစ်လျက် မိမိမင်းအား အသက်ကိုပေး၍ ကြည်ညိုဖွယ်ရှိစွတကားဟု ထီးဖြူဖြင့် ပူဇော်၏။ သုမုခလည်း ထီးဖြူကိုပြန်၍ ပူဇော်လေ၏။

မင်းကြီးသည် ထိုနေ့မှစ၍ ကျီးမင်းနှင့် ကျီးစစ်သူကြီးအား မင်း၏အစာကိုလည်းကောင်း၊ အခြားကျီးတို့အား တအမ္မဏာချက် (တစ်ဆယ့်တစ်စိတ်ချက်) ထမင်းကိုလည်းကောင်း၊ ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့ကိုလည်းကောင်း ပေးလေလျက် ကျီးမင်း၏ အဆုံးအမ၌တည်၍ ကောင်းရာသို့ လားလေသတည်း။

ဇာတ်ပေါင်းသော်–
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သုမုခသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ကျီးမိဖုရားသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
ကျီးမင်းသည် ဘုရား ဖြစ်လာ၏။

❐

တိကနိပါတ်

၁၄၈။ ဓမ္မခါဒကဇာတ် ၄၄
(ဓမ္မ = သပြေသီး။ ခါဒက = စားသောသူ။)

အချင်းချင်း ချီးမွမ်းဂုဏ်တင်ကြသော ကျီးနှင့် မြေခွေးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်နှင့် ကောကာလိကတို့သည် တစ်ယောက်ကိုတစ်ယောက် ဂုဏ်တင်လျက် လာဘ်လာဘတိုးအောင် ပြုကြ၏။ ပြုဟန်ကား

ကောကာလိကသည် ဒါယကာတို့အိမ်သို့ကပ်၍ ဒါယကာတို့၊ ဒေဝဒတ်သည် မယျက်သော သာကီဝင်မင်းမျိုးမှ ဆင်းသက်၏။ ပိဋကတ်သုံးပုံ ဆောင်၏။ စျာန်ရ၏။ အသံသာ၏။ တရားဟောကောင်း၏။ ဒေဝဒတ်ကို လျှုဒါန်းကြလော့ဟု ဆို၏။

ဒေဝဒတ်ကလည်း ကောကာလိကသည် မြတ်သော ဥဒီစ္စပုဏ္ဏားမျိုးမှ ဆင်းသက်၏။ အမျိုးမြတ်သော ရဟန်းဖြစ်၏။ ဗဟုသုတရှိ၏။ တရားဟောတတ်၏။ ကောကာလိကကို လျှုဒါန်းကြလော့ဟု ဆို၏။

ဤသို့ တစ်ယောက်ကိုတစ်ယောက် ဂုဏ်တင်လျက် အသက်မွေးကြသည်ကို ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ မြတ်စွာဘုရားက ယခုသာ မဟုတ် ရှေးကလည်း မဟုတ်မမှန်သောဂုဏ်တို့ကို တင်၍ ပြောဆိုကြသည် သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကျီးတစ်ကောင်သည် သပြေပင်ထက်၌ သပြေသီးစားလျက်နေစဉ် မြေခွေးတစ်ကောင် လာလတ်၍ ကျီးအား မြှောက်ပင့်၍ သပြေသီးစားခဲ့ဟု။ အဆွေကျီး၊ သင်၌ စည်းလုံးသာယာသော

အသံရှိ၍ ၄က်အပေါင်းတို့ထက် မြတ်ပေ၏။ သင်သည် သပြေကိုင်းထက်၌ ဥဒေါင်းကဲ့သို့ သာယာစွာတွန်၏ဟု ချီးမွမ်း၍ ဆိုပေ၏။

ထိုအခါ ကျီးကလည်း အဆွေမြေခွေး၊ အမျိုးကောင်းသားသည် အမျိုးကောင်းသားကို ချီးမွမ်းတတ်ပေ၏။ အို– ကျားငယ်နှင့်တူသောကိုယ်ရှိသော အဆွေမြေခွေး၊ သင့်အား သပြေသီးပေးအံ့၊ စားလော့ဟုဆို၍ သပြေသီးတို့ကို လှုပ်ချပေးလေ၏။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး။ မဟုတ်မမှန် ဂုဏ်တင်၍ ဆိုနေကြသော မြေခွေးနှင့် ကျီးတို့ကို သပြေပင်စောင့်နတ် ကြားမြင်ရသော် ဤအန်ဖတ်စားကျီးနှင့် အကောင်ပုတ်စား မြေခွေးတို့သည် မဟုတ်မမှန်သော စကားဖြင့် အချင်းချင်း ချီးမွမ်းဂုဏ်တင်ကြသည်ကို ငါသည် ယခု မြင်ရတွေ့ရ၏ဟုဆိုလျက် ကြောက်မက်ဖွယ်သောအဆင်းကိုပြ၍ ကျီးနှင့် မြေခွေးတို့ကို ပြေးစေလေသတည်း။

ဇာတ်ပေါင်းသော်–
ကျီးသည် ကောကာလိက ဖြစ်လာ၏။
မြေခွေးသည် ဒေဝဒတ် ဖြစ်လာ၏။
သပြေပင်စောင့်နတ်သည် ဘုရား ဖြစ်လာ၏။

တိကနိပါတ်

၁၄၉။ ဥဒုမ္ဗရဇာတ် ၄၈
(ဥဒုမ္ဗရ = ရေသဖန်းပင်။)

လှည့်စားတတ်သော မျောက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ရဟန်းတစ်ပါးသည် ရွာငယ်တစ်ခုရှိကျောင်း၌ နေ၏။ ထိုကျောင်းမှာ နေသားကျန

သာယာ၍ ဆွမ်းကွမ်းနှင့် ပြည့်စုံ၏။

တစ်နေ့သော် ထိုကျောင်းသို့ အာဂန္တုတစ်ပါး (ဧည့်သည်ရဟန်း တစ်ပါး)ရောက်လာ၍ ကျောင်းကိုနှစ်သက်သော လောဘရှိသည်နှင့် ဥပါယ် တံမျဉ်ဖြင့် ယူအံ့ဟု ကျောင်းနေရဟန်းအား ငါ့ရှင်၊ သင်သည် အဘယ် ကြောင့် ဘုရားထံသို့ အဖူးအမြော် မသွားသနည်းဟုဆို၏။ ကျောင်းစောင့် မရှိသောကြောင့် မသွားရဟုဆိုသော်။ မစိုးရိမ်လင့်၊ ငါစောင့်ရစ်မည်ဆို၍ ကျောင်းတွင် စောင့်နေရစ်၏။

ကျောင်းရှင်ရဟန်းသည် မြတ်စွာဘုရားထံသို့ သွားရောက်နေသည့် အတွင်း အာဂန္တုရဟန်းသည် ဒါယကာတို့အား ကျောင်းနေရဟန်း၌ ထိုအပြစ် ထိုအပြစ်ရှိ၏ဟု မမှန်သောစကားဖြင့် အကြည်ညှိပျက်နှင့်စေ၏။ ကျောင်းရှင် ရဟန်း ပြန်လာသော် အာဂန္တုသည်လည်းကောင်း၊ ဒါယကာတို့သည်လည်း ကောင်း ကျောင်းကို ပြန်မပေးကြသည်နှင့် ဘုရားထံသို့ ပြန်၍လျှောက်ထား လေ၏။ ထိုအခါ မြတ်စွာဘုရားက ရှေးကလည်း နှင်ထုတ်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ တောတစ်ခု၌ မိုးကြာရည်စွာ ရွာသည်နှင့် မျောက်ငယ်တစ်ကောင်သည် မိုးလုံသောကျောက်ဂုတစ်ခုတွင် နေလေ ၏ ။

ထိုအခါ မျောက်ကြီးတစ်ကောင်သည် မိုးစွတ်၍ ချမ်းအေးလှ သည်နှင့် ထိုမှဤမှ လှည့်လည်ရာ ကျောက်ဂုနှင့် မျောက်ငယ်ကို မြင်လေသော် မျောက်ငယ်ကိုလှည့်စား၍ ကျောက်ဂုကိုယူအံ့ဟု မိမိ၏ ဝမ်းကို တွဲလျားကျစေ၍ ဝသောအခြင်းအရာကိုပြလျက် အို–မျောက် ငယ်၊ ရေသဖန်း ပညောင် ညောင်ချဉ်တို့သည် မှည့်ကြကုန်၏။ ထွက် ၍စားလှည့်လော့။ အဘယ့်ကြောင့် ဂုတွင်း၌ အငတ်ခံနေလေဘိ သနည်းဟု ဆိုလေ၏။

မျောက်ငယ်လည်း ယုံကြည်၍ ထွက်ပြီးလျှင် သစ်သီးတို့ကို ရှာ၏။ သို့ရာတွင် တစ်စုံတစ်ရာမျှ မတွေ့ရသည်နှင့် ကျောက်ဂူသို့ ပြန်လာရာ ဂူတွင်းသို့ဝင်ရောက်နေနှင့်သော မျောက်ကြီးကိုမြင်လျှင် မျောက်ကြီးကို လှည့်စားအံ့ဟု အရှင်မျောက်ကြီး၊ ငါသည် သစ်သီးတို့ကို ရှာဖွေစားသောက်၍ဝခဲ့ပြီ။ အရှင်မျောက်ကြီးအားလည်း ပူဇော်ခြင်းဖြင့် စားစေလိုပါ၏။ ထွက်ရောက်စားလှည့်ပါလော့ဟု ဆို၏။

ထိုအခါ မျောက်ကြီးက အဆွေမျောက်ငယ်၊ မျောက်ကြီးသည် မျောက်ငယ်ကို လှည့်စားနိုင်သော်လည်း မျောက်ငယ်သည် မျောက်ကြီးကို လှည့်စားနိုင်မည်မဟုတ်။ သစ်သီးကြီးငယ်တို့ မိုးစွတ်၍ ကြွေလေပြီကို ငါသိ၏။ ဤဂူကို သင်ရတော့မည်မဟုတ်၊ သွားလေတော့ဟုဆိုမှ မျောက်ငယ်သည် မသာယာသောမျက်နှာနှင့် ဖဲလေသတည်း။

ဇာတ်ပေါင်းသော်–
မျောက်ငယ်သည် ကျောင်းရှင်ရဟန်း ဖြစ်လာ၏။
မျောက်ကြီးသည် အာဂန္တုရဟန်း ဖြစ်လာ၏။
မျောက်တို့၏ အဖြစ်အပျက်ကို မျက်မှောက်ပြုသော ရက္ခစိုးသည် ဘုရား ဖြစ်လာ၏။

❐

တိကနိပါတ်

၁၅၀။ ဝကဇာတ် ၅၀
(ဝက = သစ်ကျုတ်။)

သီလကြောင် သစ်ကျုတ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဂူတင်ဆောင်သော ရဟန်းတို့ကို ချီးမွမ်းတော်မူ၍ အခွင့်အရေးပေးသည်နှင့် အချို့သော

ရဟန်းတို့သည် ဟန်မျှဖြစ်သော ရှုတင်တို့ကို ဆောင်ကြသည်ကို မြတ်စွာဘုရား ကြားသိတော်မူသည်တွင် အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ သစ်ကျုတ်တစ်ကောင်သည် ဂင်္ဂါမြစ်ကမ်းနား ရှိ ကျောက်ဖျာအပြင်တစ်ခုခု နေစမှတ်ပြုရာ တစ်ခါသော် ဂင်္ဂါမြစ်ရေကြီးသဖြင့် ကျောက်ဖျာကို ရေဝိုင်းလာလေ၏။ ရေလည်းမကျသည်နှင့် အစာရှာမသွားနိုင်ရှိလေသော် ငါသည် အစာငတ်သည့်အတူတူ ဥပုသ်စောင့်ရလျှင် မြတ်၏ဟု စိတ်ဖြင့် ဓိဋ္ဌာန်၍ ဥပုသ်ဆောက်တည်၏။

ထိုအခါ သိကြားမင်းသည် သစ်ကျုတ်၏အကြောင်းကိုသိ၍ စုံစမ်းဆုံးမအံ့ဟု ဆိတ်အသွင်ဖြင့် လာပြီးလျှင် သစ်ကျုတ်အနီးဌိုရပ်၏။ သစ်ကျုတ်သည်လည်း အခြားနေ့မှ ဥပုသ်မှုကိုပြုတော့အံ့ဟု ထ၍ ဆိတ်ကိုဖမ်း၏။ ဆိတ်လည်း ထိုမှဤမှပြေး၍ အမိမခံလေ။ ဖမ်း၍ မရနိုင်သောအခါမှ ငါ၏သီလ မပျက်သေး။ ဥပုသ်ပြည့်အံ့ဟု အိပ်ပြန်၏။

ထိုအခါမှ သိကြားမင်းက မိမိကိုယ်ကိုပြ၍ အသင်သစ်ကျုတ်၊ စင်စစ် စေတနာမရှိဘဲ မလွဲသာသဖြင့် ဆောက်တည်အပ်သောသီလသည် အဘယ်မှာ အကျိုးပေးအံ့နည်းဟု ဆိုဆုံးမ၍ နတ်ပြည်သို့ ပြန်လေသတည်း။

ဇာတ်ပေါင်းသော်–

သိကြားသည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၅၁။ မဟာအသ္သရောဟဇာတ် ၂

(မဟာ = ကြီးမြတ်သော။ အသ္သ = မြင်း။
ရောဟ = တက်စီးခြင်း။)

ကျေးဇူးသိတတ်သော မင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရှင်အာနန္ဒာသည် ကျေးဇူးသိတတ်ခြင်းနှင့် ပတ်သက်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဒါန၊ သီလနှင့်ပြည့်စုံသော ဗာရာဏသီမင်းတစ်ပါးသည် တိုင်းစွန်း၌ ခိုးသူတို့ကို နှိမ်နင်းသွားရာ ရှုံးနိမ့်သဖြင့် မြင်းစီး၍ ပြေးလေသော် ရွာတစ်ခုသို့ ရောက်လာလေ၏။

ထိုအခါ ရွာသားတို့သည် ကြောက်လန့်၍ပြေးကြကုန်၏။ တစ်ယောက်သော်ကား မပြေးဘဲ အသင်သည် ခိုးသူလော၊ မင်းချင်းလောဟု မေး၏။ မင်းချင်းဟုဆိုသော် မိမိ၏အိမ်သို့ ခေါ်ဆောင်သွားပြီးလျှင် မိမိ၏မယားအား ခြေကိုဆေးပေးစေ၏။ တတ်နိုင်သမျှသော အစားအစာကို ကျွေးမွေး၏။ မြင်းကိုလည်း တန်ဆာကိုဖြေစေ၍ အညောင်းအညာပြေစေပြီးလျှင် အစာရေစာပေး၏။ ဤသို့လျှင် မင်းနှင့် တကွ မြင်းကို လောကွတ်ပျူငှာစေတနာနှင့် ကောင်းစွာပြုရ၏။

၃၊ ၄ ရက်ကြာသော် မင်းသည် သွားအုံ့ဟု အဆွေ၊ ငါကား မြင်းစီးကြီးတည်း။ ငါ၏အိမ်သည် မြို့လယ်၌ရှိ၏။ မြို့သို့ရောက်သော် မြို့တံခါးစောင့်ကို မေးရ၍လာခဲ့လေဟု မှာထား၍သွားလေ၏။ မြို့သို့ရောက်သော် တံခါးစောင့်အား မြင်းစီးကြီးအိမ် အဘယ်မှာနည်းဟု

ရွာသားတစ်ယောက် မေးလာလျှင် လက်ဖြင့်ကိုင်၍ ငါ့ထံသို့ခေါ်ခဲ့လော ဟု မှာထားလေ၏။

ထိုရွာသားသည် ကာလအတန်ကြာ၍မှ မြို့သို့မလာသော် မင်းသည် ထိုရွာ၌ အခွန်တောင်းစေ၏။ တောင်းသော်လည်း မလာချေ။ ဤသို့လျှင် ၂ကြိမ် ၃ကြိမ် တောင်းစေ၏။ မလာသည်သာ တည်း။

ထိုအခါ ရွာသားတို့သည် စည်းဝေး၍ အရှင်၊ သင်၏မြင်းစီးကြီးလာပြီးသည်မှစ၍ ငါတို့အား အခွန်ဖြင့်နှိပ်စက်၏။ မခံမရပ်နိုင်ပြီ၊ သင်၏အဆွေ– မြင်းစီးကြီးထံသို့သွား၍ အခွန်မှ လွတ်ရာလွတ်ကြောင်း ကြံပါလော့ဟု ဆိုကြကုန်၏။

ထိုယောကျ်ားလည်း ကောင်းပြီ၊ သွားပါအုံ့ဟု ဝန်ခံပြီးလျှင် မိမိအဆွေအတွက်လည်းကောင်း၊ မယားအတွက်လည်းကောင်း၊ သားငယ်များအတွက်လည်းကောင်း အဝတ်တန်ဆာ အစားအစာ လက်ဆောင်တို့ကိုယူ၍ မြို့သို့ရောက်ရှိ တံခါးစောင့်ခေါ်ဆောင်သဖြင့် မင်းထံသို့ ရောက်လေ၏။

ထိုယောကျ်ားဝင်လာလျှင် မင်းသည် ပြာသာဒ်မှဆင်း၍ လောကွတ်ပျူငှာနှင့် ခရီးဦးကြိုလျက် လက်ဖြင့်ကိုင်၍ ပြာသာဒ်သို့တက်ပြီးလျှင် ထီးဖြူအောက် ရာဇပလ္လင်ပေါ်၌ နေစေ၏။ ပြီးမှ မိဖုရားကြီးကိုခေါ်၍ ထိုယောကျ်း၏ခြေကို ဆေးစေ၏။ နံ့သာရည်ဖြင့် လိမ်းစေ၏။

ထိုယောကျ်ားသည် မိမိဆောင်ခဲ့သော အဝတ်တန်ဆာတို့ကို ထုတ်ပေးသော် မင်းသည် ချီးမြှောက်သည့်အနေနှင့် ကာသီတိုင်းဖြစ် အဝတ်တို့ကိုပယ်၍ ထိုအဝတ်တန်ဆာတို့ကို မိမိလည်းဝတ်၏။ မိဖုရားကြီးကိုလည်း ဝတ်စေ၏။ တစ်ဖန် မုန့်တို့ကို ထုတ်ပေးသော် မင်း

သည် ရွှေခွက်ဖြင့်ခံ၍ ချီးမြှောက်သည့်အနေနှင့် မိမိနှင့်တကွ မိဖုရား မှူးမတ်တို့ကို စားစေ၏။

ထို့နောက် မင်းသည် ထိုယောက်ျားအား မွန်မြတ်သောဘောဇဉ် အာဟာရတို့ကို စားစေ၍ ဆံမုတ်ဆိတ်ကို ပြုပြင်စေ၍ နံ့သာရေဖြင့် ရေချိုးစေ၍ တစ်သိန်းထိုက်သော ကာသိအဝတ်ကို ဝတ်စေ၍ မင်း၏ တန်ဆာဖြင့် တန်ဆာဆင်စေ၍ ထီးဖြူအောက်၌ နေစေ၏။ ပြီးမှ အမတ်တို့ကို စည်းဝေးစေလျက် ထီးဖြူနှင့်တကွ ရာဇပလ္လင်အလယ်၌ မျှဉ်းချ၍ ထက်ဝက်သောမင်းအဖြစ်ကို ပေး၏။ ထိုအခါမှစ၍ ထိုနှစ်ပါးသောမင်းတို့သည် အလွန်ချစ်ကြည်ကြလျက် အတူစား၏။ သောက်၏။ အိပ်၏။ လာ၏။ သွား၏။ နေ၏။ တစ်စုံတစ်ယောက် သောသူမျှ ထိုချစ်ခြင်းကို မဖျက်ဆီးနိုင်လေ။ ထိုယောက်ျား၏ သားမယားတို့ကိုလည်း ခေါ်စေ၍ ကြီးစွာသော ချီးမြှောက်ခြင်းဖြင့် ထားပေ၏။

ထိုအခါ မှူးမတ်တို့သည် ဤသို့ အလွန်အကျူးချီးမြှောက်သည်ကို မလိုသည်နှင့် အလုံးစုံသောအကြောင်းကို မင်း၏သားတော်အား လျှောက်၍ စုံစမ်းပါဦးလော့ဟု ဆိုကြကုန်၏။ မင်းသားလည်း ခမည်းတော်အား မေးမြန်းစုံစမ်းလေ၏။

ထိုအခါမှ မင်းကြီးက ထိုယောက်ျား ပြုစုခဲ့ဖူးသော ကျေးဇူးဂုဏ်တို့ကို အလုံးစုံ ထုတ်ဖော်ပြောဆိုပြီးနောက်။

အမောင်၊ အကြင်သူသည် ပေးအပ်သူကိုမပေး။ မပေးအပ်သူကို ပေး၏။ ထိုသူသည် ဘေးရန်ရောက်သော် အဆွေခင်ပွန်းကိုမရလေ။

အကြင်သူသည် ပေးအပ်သောသူကိုပေး၏။ မပေးအပ်သောသူကို မပေး။ ထိုသူသည် ဘေးရန်ရောက်သော် အဆွေခင်ပွန်းကို ရ၏။

မသူတော်တို့၌ ပြုအပ်သောကျေးဇူးသည် အချည်းနှီးဖြစ်၏။ သူတော်ကောင်းတို့၌ ပြုအပ်သောကျေးဇူးသည် အလွန်ကြီး၏။

အကြင်သူသည် ရှေးဦးကျေးဇူးကိုပြု၍ လောကဌ အလွန်ပြုနိုင်ခဲသောအမှုကို ပြု၏။ ထိုသူသည် နောင်ကာလ၌ ကျေးဇူးပြုသည်မှုလည်းဖြစ်စေ၊ မပြုသည်မှုလည်းဖြစ်စေ စင်စစ် ပူဇော်ခြင်းကို ခံထိုက်ပေ၏ဟု ဆို၏။

ဤစကားကိုကြားသော် မင်းသားနှင့်တကွ မှူးမတ်တို့သည် များစွာ ကျေနပ်ဝမ်းမြောက်ကြလေသတည်း။

ဇာတ်ပေါင်းသော်–

ရှာသားသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
မင်းသည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၅၂။ သီလဝိမံသဇာတ် ၅
(သီလ = အကျင့်သီလ။ ဝိမံသ = စုံစမ်းခြင်း။)

သီလနှင့်ပြည့်စုံသဖြင့် သမီးကညာရခြင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရဟန်းငါးပါးသည် ညဉ့်တစ်ညဉ့်၌ ကာမဝိတက်တို့ကို ကြံကြကုန်၏။ မြတ်စွာဘုရားသည်လည်း တန်ခိုးတော်ဖြင့် မြင်သိ၍ ရဟန်းတို့အား စည်းဝေးပြီးစေသော်။ ချစ်သားတို့ ပညာရှိသူတော်ကောင်းတို့အား မကောင်းမှုကို ပြုခြင်း၊ ဆိုခြင်း၊

ကြံခြင်းတို့၌ ဆိတ်ကွယ်ရာအရပ်သည် မရှိဟု ဆို၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဒိသာပါမောက္ခဆရာကြီးထံ၌ ငါးရာသော လုလင်တို့သည် အတတ်သင်၍ နေကြကုန်၏။

တစ်နေ့သော် ဆရာကြီးသည် တပည့်တို့၏ အကျင့်သီလကို စုံစမ်းလိုသည်ဖြစ်၍ အမောင်တို့၊ ငါ၌ အရွယ်ရောက်သော သမီးပျို တစ်ယောက်ရှိ၏။ အမောင်တို့၏ ဆွေမျိုးတို့ထံမှ အဝတ်တန်ဆာ တို့ကို တစ်စုံတစ်ယောက်မျှ မမြင်အောင် ခိုးယူခဲ့ကြကုန်လော့။ ငါ့သမီး နှင့် ထိမ်းမြားအံ့ဟု ဆိုလေ၏။

တပည့်တို့လည်း ဆရာကြီးဆိုသည့်အတိုင်း အဝတ်တန်ဆာ တို့ကို အသီးသီး ခိုးယူခဲ့ကြကုန်၏။ တစ်ယောက်သောတပည့်သည် ကား တစ်စုံတစ်ရာမယူခဲ့လေ။ ထိုအခါ ဆရာကြီးကမေးသော် ဆရာ၊ တစ်စုံတစ်ရာ ခိုးယူခဲ့ရမည်ကား မကောင်းမှုတည်း။ ထိုမကောင်းမှုကို ပြုရန် ဆိတ်ကွယ်ရာအရပ်သည်မရှိဟု အကျွန်ုပ်ယူ၏။ လူမြင်သော် လည်း နတ်စသည်မြင်လတ္တံ့။ စင်စစ်သော်ကား မြင်သည် မမြင်သည် ကို အပထား၍ မကောင်းမှုပြုရာ၌ မကောင်းမှုပင် ဖြစ်ရကား အသို့ လျှင် ဆိတ်ကွယ်ရာရှိနိုင်အံ့နည်းဟု ဆိုလေ၏။

ဆရာကြီးလည်း များစွာနှစ်သက်သဘောကျလျက် အမောင်၊ ငါ၌ ပစ္စည်းဥစ္စာမရှား၊ သီလနှင့်ပြည့်စုံသူအားသာ သမီးကို ပေးလို သည်ဖြစ်သောကြောင့် စုံစမ်းခြင်းသာ ဖြစ်သည်ဟု ဆို၍ သမီးကို ထိုတပည့်အား ပေးလေသတည်း။

ဇာတ်ပေါင်းသော်–

ဆရာသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
တပည့်သည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၅၃။ သုဇာတာဇာတ် ၆

ဆီးသီးသည် မိဖုရားသုဇာတာအကြောင်း

တစ်ရံခါသော် ကောသလမင်းနှင့် မလ္လိကာမိဖုရားတို့သည် မသင့်မတင့် ဖြစ်နေကြသည်ကို မြတ်စွာဘုရား သိတော်မူ၍ မြတ်သောမင်းကြီး၊ မလ္လိကာမိဖုရားကား အဘယ်မှာနည်းဟု စကားစ၍ မေးတော်မူ၏။ အရှင်ဘုရား၊ စည်းစိမ်အခြွေအရံဖြင့် ယစ်သော ထိုမိန်းမကို အဘယ်မှုအံ့နည်းဟု လျှောက်၏။ မြတ်သောမင်းကြီး၊ သင်မင်းကြီးလျှင် မာတုဂါမကို စည်းစိမ်ပေး၍ ချီးမြှောက်၏။ ထိုမာတုဂါမပြုသောအပြစ်ကို သည်းမခံခြင်းသည် မသင့်ဟု မိန့်တော်မူပြီးလျှင် မလ္လိကာမိဖုရားကိုခေါ်၍ စုံညီဆုံးမ ညီညွတ်သင့်မြတ်ကြစေ၏။

ဤအကြောင်းနှင့်စပ်၍ ရဟန်းတို့ စကားဖြစ်ကြရာ။ မြတ်စွာဘုရားသည် အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် လေသွန်ပြတင်းဖြင့် မင်းရင်ပြင်သို့ကြည့်နေစဉ် ဟင်းရွက်သည်မ၏ သမီး သုဇာတာမည်သော အဆင်းလှသည့် မိန်းမပျိုတစ်ယောက်သည် ဆီးသီးတောင်းကို ရွက်လျက် ဆီးသီးဝယ်ကြကုန်၊ ဆီးသီးဝယ်ကြကုန်ဟု ဟစ်၍ သွားသည်ကို ကြားမြင်လေသော် အသံ၌ တပ်မက်ခြင်းရှိသည်ဖြစ်၍ သုဇာတာကိုခေါ်ယူ မိဖုရားအဖြစ်ဖြင့် ကြီးစွာ ချီးမြှောက်လျက်ထားလေ၏။

တစ်ခါသော် မင်းကြီးသည် ရွှေခွက်၌ ဆီးသီးကိုထည့်၍ သုံးဆောင်နေသည်ကို သုဇာတာမိဖုရားသည် မြင်လျှင် အရှင်မင်း

ကြီး၊ ယခုသုံးဆောင်လျက်ရှိသော သန့်ရှင်းစင်ကြယ်ပြောင်ချော၍ နီသောအဆင်းရှိသော၊ ဥကဲ့သို့လုံးဝန်းသော ဤအသီးကား မည်သည့် အသီးပေနည်းဟု မေးလေ၏။

မင်းသည်လည်း အမျက်ထွက်၍ဟယ်–ဟင်းရွက်သည်မ သမီးဆီးသီးသည်မ၊ သင်တို့အမျိုး၏ ဥစ္စာဖြစ်သော ဆီးသီးကိုမေ့ပြီလော့၊ သင်သည် ရှေးဌ အဝတ်နွမ်းကိုဝတ်၍ ဆီးသီးကို ကိုယ်တိုင်လက်ဖြင့် ခူးယူပြီးမှ ဈေးတောင်းဌထည့်ကာ တစ်နေကုန်ရောင်းစားရသည်မဟုတ်လော။ ယခု မင်းစည်းစိမ်ကိုရလျှင်ပင် ယစ်လျက် အမျိုး၏ဥစ္စာဖြစ်သော အသီးကို မေ့ဘိ၏။ သင်သည် နန်းနှင့်မတန် ဆီးသီးရောင်းချေလောဟု ဆို၍ နှင်လေ၏။

ထိုအခါ မင်းကြီး၏အမတ်ပညာရှိက အရှင်မင်းကြီး၊ မိန်းမတို့ မည်သည်ကား ယစ်တတ်ပါသည်။ စင်စစ်သော်ကား အရှင်မင်းကြီး ချီးမြှောက်သော စည်းစိမ်ဖြင့်ပင်ယစ်၏။ ထိုသို့ယစ်တတ်သော သဘောကို သည်းခံတော်မူပါလော့ဟု လျှောက်လေမှ မင်းကြီးလည်း အမျက်ပြေ၍ မိဖုရား၏အပြစ်ကို သည်းခံပြီးလျှင် သင့်တင့်စွာနေကြလေသတည်း။

ဇာတ်ပေါင်းသော်–
ဗာရာဏသီမင်းသည် ကောသလမင်း ဖြစ်လာ၏။
သုဇာတာသည် မလ္လိကာ ဖြစ်လာ၏။
ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၅၄။ သကုဏာတော် ၈
(သကုဏာ = ငှက်။)

ကျေးဇူးမဲ့သော ခြသေ့်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ နေတော်မူစဉ် ဒေဝဒတ်၏ ကျေးဇူးမဲ့ခြင်းနှင့်စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ခြသေ့်တစ်ကောင်သည် အစာစားရာတွင် အရိုးစူးငြိသဖြင့် လည် ဖူးဖူးရောင်၍ အစာရေစာမယူနိုင် ပြင်းစွာသော ဝေဒနာကို ခံရလျက်ရှိ၏။

ထိုအခါ သစ်တောကိုင်ငှက်တစ်ကောင်သည် ခြသေ့် မသက်မသာရှိသည်ကိုမြင်၍ မေးမြန်းသိရှိရသောအခါ အဆွေခြသေ့်၊ သင်၏ လည်ဌ ဈေးငြိနေသောအရိုးကို ငါပယ်နိုင်၏။ သို့ရာတွင် သင်၏ခံတွင်းသို့ ငါမဝင်ဝံ့ဟုဆို၏။ အဆွေသစ်တောက်ငှက်၊ မကြောက်ပါလင့်၊ သင့်ကို ငါ ဘေးမပြုပါ၊ ငါ့အား ကယ်ဆယ်ပါလော့ဟု တောင်းပန်လေ၏။

ထိုအခါ သစ်တောက်ငှက်သည် ခြသေ့်ကို လက်ယာနံပါးဖြင့် အိပ်စေ၍ အကာအကွယ်အနေဖြင့် ခြသေ့်၏ အထက်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းအကြား၌ တုတ်လုံတံ ထောက်ထားပြီးမှ ခံတွင်းသို့ ဝင်၍ အရိုးစွန်းကို နှုတ်သီးဖြင့်ခတ်လျက် အရိုးကိုကျစေ၏။

ခြသေ့်သည် အနာမှလွတ်မြောက်လေ၏။ တစ်နေ့၌ ကျွဲတစ်ကောင်ကို သတ်၍စားနေသည်ကို သစ်တောက်ငှက်မြင်၍ စုံစမ်းအံ့သောငှာ သစ်ပင်ထက်မှနေလျက် အဆွေခြသေ့်မင်း၊ အသင့်အား

ငါသည် ကျေးဇူးပြုဖူး၏။ ငါ့အား အမဲအနည်းငယ်ပေးပါလော့ဟု တောင်းလေ၏။

ကျေးဇူးမဲ့သော ခြသေ့်ကလည်း အိုင်ဂက်၊ အသွေးအသားကို စားတတ်သော ငါ၏ခံတွင်းထဲကိုရောက်လျက်နှင့် အသက်မသေဘဲ ထွက်လာရသည်ကိုပင် ငါ့အားကျေးဇူးတင်လော့ဟု ဆိုလေ၏။

သစ်တောက်ဌက်လည်း ကျေးဇူးမဲ့သူတို့ကို မှီဝဲခြင်းသည် အကျိုးမရှိ၊ ပြုအပ်ပြီးသောကျေးဇူးကိုခံလျက် ကျေးဇူးမဲ့သောသူတို့ကို အမျက်မထွက်ဘဲသာ ရှောင်ရှားရာ၏ဟုဆို၍ ဖဲလေသတည်း။

ဇာတ်ပေါင်းသော်–
ခြသေ့်သည် ဒေဝဒတ် ဖြစ်လာ၏။
သစ်တောက်ဌက်သည် ဘုရား ဖြစ်လာ၏။

စတုကနိပါတ်

၁၅၅။ ဆဝဇာတ် ၉
(ဆဝ = ယုတ်မာဆိုးဝါးသော။)

ပညာကို အနိမ့်မှနေ၍ သင်ယူအပ်ကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အချို့သော ရဟန်းတို့သည် နိမ့်သောနေရာမှနေလျက် မြင့်သောနေရာ၌နေကုန်သော သူတို့အား တရားဟောသည်ကို တရားတော်ကို မရိုသေရာကျသည်ဟု ကဲ့ရဲ့တော်မူလျက် အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ စက္ကာလယောက်ျားတစ်ယောက်သည် မယားက သရက်သီးစားလိုသည်ဟု အကြိမ်ကြိမ်ပူဆာသည်နှင့် မိန်းမ အလိုသို့လိုက်၍ အသက်ကိုစွန့်ပြီးလျှင် ဗာရာဏသီမင်း၏ ဥယျာဉ်သို့ ဝင်ရောက် သရက်သီးကို ခိုး၏။ ထိုသို့ခိုးယူစဉ်ပင် မိုးလင်းနေသည်နှင့် မထွက်ဝံ့၍ ညဉ့်အခါမှထွက်အံ့ဟု တစ်ခုသော သရက်ပင်ခွတွင် ပုန်းနေလေ၏။

ထိုအခါ မင်းသည် ဗေဒင်သင်ယူအံ့ဟု ဥယျာဉ်သို့ထွက်ပြီးလျှင် မိမိကား မြင့်သောနေရာကနေလျက် နိမ့်သောနေရာ၌နေသော ဆရာပုဏ္ဏားထံမှ ဗေဒင်ကိုသင်ယူလေ၏။

စက္ကာလယောက်ျားမြင်သော် မသင့်လျော်သည်တို့ကို ဖော်ပြအံ့ဟု သရက်ပင်မှဆင်းခဲ့၍ အရှင်မင်းကြီး၊ အကျွန်ုပ်သည် မိန်းမနိုင်ငံ့သို့လိုက်၍ အသက်ကိုမင့်ဘဲ သရက်သီးခိုးရန် လာခဲ့သည်ဖြစ်၍ အကျွန်ုပ်သည်တရားမစောင့်ပျက်၏။ အရှင်မင်းကြီးသည်လည်း အမြင့်မှနေ၍ ပညာကိုသင်ယူသည်ဖြစ်၍ တရားမစောင့် တွေ့ဝေ၏။ ပုဏ္ဏားသည် အနိမ့်မှနေ၍ ပညာကိုသင်ပေးသဖြင့် တရားမစောင့် ရမ္မက်ကြီး၏။ ဤသို့အားဖြင့် အကျွန်ုပ်တို့သုံးဦးသည် တရားမစောင့်ကြသည်သာတည်းဟု လျှောက်လေ၏။

ထိုအခါ ပုဏ္ဏားက၊ ငါသည် မင်း၏ထမင်းကိုစားသောက်မိဝဲ၏။ သို့ကြောင့် မင်း၏အလိုသို့သာလိုက်နိုင်မည်ဟု ဆို၏။

ပုဏ္ဏား၊ လောကသည် ကျယ်၏။ အခြားသောအရပ်သို့သွားလေလော့။ အခြားသူတို့လည်း ထမင်းကိုပေးနိုင်၏။ သင်သည် အဓမ္မကို မပြုလင့်၊ ပျက်စီးလတ္တံ့။ အဓမ္မဖြင့်ရသောပစ္စည်းကို ငါတို့ရှုံးရာကဲ့ရဲ့အပ်ကုန်၏ဟု ဆို၏။

ထိုအခါ မင်းသည် ထိုယောက်ျားကို ကြည်ညိုသည်နှင့် အမျိုး

ညံ့သည့်အတွက် မင်းအဖြစ်ကို အခါခပ်သိမ်းမပေးဘဲ ညဉ့်အခါ၌ မင်းအဖြစ်ကို ပေး၏။ မိမိမူကား နေ့အခါ၌သာ မင်းပြုလေသတည်း။

ဓာတ်ပေါင်းသော်-
မင်းကြီးသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
စဏ္ဍာလယောက်ျားသည် ဘုရား ဖြစ်လာ၏။

စတုကနိပါတ်

၁၅၆။ ခန္ဓိဝါဒီဇာတ် ၁၃

ခန္ဓိဝါဒီရသေ့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အမျက်ကြီးသော ရဟန်းတစ်ပါးဖြင့်စပ်၍ ရှေးက ပညာရှိသူတော်ကောင်းတို့သည် အလွန်သည်းခံဘိ၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဟိမဝန္တာတောမှ အကျင့်သိက္ခာနှင့် ပြည့်စုံသော ရသေ့တစ်ပါးသည် ချဉ်ဆားမှီဝဲရန် လူ့ပြည်သို့လာ၍ ဗာရာဏသီပြည် ကလာဗုမင်း၏ ဥယျာဉ်၌နေလာ၏။ ထိုမင်း၏စစ်သူကြီးလည်း ထိုရသေ့အား ကြည်ညိုဆည်းကပ်လျှုဒါန်း၏။

ထိုကလာဗုမင်းသည် အမျက်စောင်မာန်ကြီး၏။ ကြမ်းကြုတ်၏။ တစ်နေ့သော် ဥယျာဉ်သို့သွားပြီးလျှင် သူရာယစ်ကာ မိန်းမတို့နှင့် သီကုန် က ကုန်၍ ပျော်ပါးစံစားလျက်ရှိ၏။ မကြာမီ မင်းအိပ်ပျော်ခြင်းသို့ ရောက်သော် သီကုန် က ကုန်သော မိန်းမတို့သည် ခေတ္တမျှ

အချိန်ယူ၍ ဉယျာဉ်၌ လှည့်လည်ပျော်ပါးကြ၏။ ထိုမိန်းမတို့သည် ထိုတည်ကြည်သဖွယ်စွာ ထိုင်နေသော ရဿေကိုမြင်ကြလျှင် ဝင်၍ တရားတောင်းပန် တရားနာလျက်နေကြကုန်၏။

ကလာဗုမင်းနှိုး၍ မိန်းမတို့ကို မမြင်သဖြင့် မေးမြန်းသော် အရှင်မင်းကြီး၊ တစ်ယောက်သောရဿေကို ခြံရံ၍နေကုန်၏ဟုလျှောက်၏။ ထိုအခါ ကလာဗုမင်းသည် အမျက်ထွက်၍ သန်လျက်ကိုကိုင်ပြီးလျှင် ထိုရဿေကိုသတ်အံ့ဟု လျှင်မြန်စွာသွား၏။ ထိုမိန်းမတို့မြင်လျှင် မင်းကျွမ်းဝင်သော မိန်းမတို့သည် မင်း၏သန်လျက်ကိုယူ၍ အမျက်ကို ငြိမ်းစေ၏။

ထို့နောက် ကလာဗုမင်းသည် ရဿေထံသို့ချဉ်း၍-
ရဿေ၊ သင်သည် အဘယ်အယူရှိသနည်း။
မင်းကြီး၊ ခန္ဓီအယူရှိ၏။
ခန္ဓီမည်သည်ကား၊ အဘယ်နည်း။
ဆဲရေးသူကိုဖြစ်စေ၊ ပုတ်ခတ်သူကိုဖြစ်စေ၊ အမျက်မထွက်ခြင်းသည် ခန္ဓီမည်၏။

ထိုအခါ မင်းက ယခု သင်၌ ခန္ဓီရှိမရှိကို သိရအံ့ဟု ဆို၍ သူသတ်တို့ကိုခေါ်ပြီးလျှင် ဤရဿေပျက်ကို အဆုံးတပ်သောကြိမ်ဖြင့် ရှေ့နောက် နံပါးနှစ်ဖက်တည်းဟူသော လေးမျက်နှာတို့၌ အချက်နှစ်ထောင် ရိုက်လော့ဟုဆို၏။ သူသတ်တို့လည်းဆိုတိုင်းပြု၏။ ထိုအခါ ရဿေ၏အပေါ်ရေ အတွင်းရေ အသားတို့ စုတ်ပြတ်လျက် သွေးယိုစီးကုန်၏။

မင်းသည် တစ်ဖန် ရဿေ၊ သင်ကား အဘယ်ဝါဒရှိသနည်းဟု မေးမြန်း၏။ မင်းကြီး၊ ခန္ဓီဝါဒရှိ၏။ သင်သည် ငါ၏ခန္ဓီဝါဒမှာ အရေကြားခ်ိုရှိ၏ဟု ထင်ဟန်ရှိ၏။ မဟုတ်လေ၊ ငါ၏စိတ်တွင်းခ်ိုသာ ရှိ၏ဟု ¯ဆိုပေ၏။

ထိုအခါ ကလာဗုမင်းသည် ရသေ့၏လက်နှစ်ဖက်ကို ဖြတ်စေ၏။ နောက် ခြေတို့ကိုဖြတ်စေ၏။

မင်းက တစ်ဖန် အဘယ်ဝါဒရှိသေးသနည်းဟုမေး၏။ မင်းကြီး ခန္ဓိဝါဒပင်ရှိ၏။ သင်သည် ငါ၏ခန္ဓိကား လက်စွန်းခြေစွန်းတို့၌ တည်ရှိ၏ဟု ထင်မှတ်ယောင်တကား။ စင်စစ်သော်ကား၊ နက်နဲသော နှလုံးအရပ်၌သာ တည်ရှိ၏ဟု ဆိုလေ၏။

ထိုအခါ မင်းသည် နား၊ နှာခေါင်းတို့ကို ဖြတ်စေပြန်၏။ ကိုယ်အလုံးမှ သွေးတို့သည် အမြင်မကောင်းအောင် စီးထွက်ကုန်၏။

တစ်ဖန် မင်းက အဘယ်ဝါဒရှိသေးသနည်းဟု မေးပြန်၏။ မင်းကြီး ခန္ဓိဝါဒပင်ရှိ၏။ သင်သည် ငါ၏ခန္ဓိမှာ နား၊ နှာတို့၌တည်၏ဟု မမှတ်လင့်။ နက်နဲသောစိတ်အတွင်း၌သာ တည်ရှိ၏ဟုဆို၏။

ထိုအခါ မင်းက ဟယ်၊ ရသေ့ပျက်။ သင်၏ခန္ဓိကို သင်သာလျှင် ချီးမွမ်း၍နေရစ်လော့ဟုဆို၍ ရသေ့၏ရင်ကို ကျောက်ကန်ပြီးလျှင် ထွက်သွားလေ၏။

ထိုမင်းသွားသော် စစ်သူကြီးသည် ရသေ့အား ဖြည်းညင်းစွာ ထူမ ထိုင်စေ၍ ရှိခိုးပြီးလျှင် အရှင်ဘုရား၊ အမျက်ထွက်လိုသော်အပြစ်ပြုသောမင်းအားသာလျှင် ထွက်ပါလော့၊ အခြားသူတို့အား အမျက်မထွက်ပါလင့်ဟု တောင်းပန်၏။

ရသေ့ကလည်း ဒါယကာစစ်သူကြီး၊ ငါသည် မည်သူ့အားမျှ အမျက်မထွက်။ ငါ၏ လက်၊ ခြေ၊ နား၊ နှာတို့ကိုဖြတ်သော မင်းသည် အသက်ရှည်ကြာ၊ ချမ်းသာပါစေသတည်းဟု ဆိုပေ၏။

ကလာဗုမင်းထွက်သွား၍ ရသေ့ မြင်ကောင်းသောအရပ်ကို လွန်သောခဏ၌ မြေကြီးသည် ငါကား သမုဒ္ဒရာတောတောင်နှင့်တကွ မျှားစွာသော သတ္တဝါတို့ကို ထမ်းရွက်ထားရခြင်းသည် ဝန်မလေး၊

ဤသူ့ယုတ်မာတစ်ယောက်ကို ဆောင်ထားရခြင်းကား ဝန်လေးလှ၏ ဟု ဆိုယောင်လျက် နှစ်ဖြာခွဲပြီးလျှင် အဝိစိမီးလျှံဖြင့် မီးလွှဲသွားလေသတည်း။

ရသေ့လည်း ထိုနေ့ဦးပင် သေလွန်သည်နှင့် မှူးမတ်ပြည်သူပြည်သားတို့က ကောင်းစွာသင်္ဂြိုဟ်ကြလေသတည်း။

ဂါတ်ပေါင်းသော-
ဂေါလာဗုမင်းသည် ဒေဝဒတ် ဖြစ်လာ၏။
စစ်သူကြီးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ခန္ဓိဝါဒီရှင်ရသေ့သည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၅၇။ လောဟကုမ္ဘိဇာတ် ၁၄

ဒု-သ-နု-သော အကြောင်း

သာဝတ္ထိပြည် ကောသလမင်းသည် တစ်ညဉ့်ခဏ် လေးယောက်သော ငရဲသူတို့သည် တစ်ယောက်က-ဒု၊ တစ်ယောက်က-သ၊ တစ်ယောက်က-နု၊ တစ်ယောက်က-သော ဟူသော အက္ခရာအသံတို့ကို ဆိုမြည်ကြသည်ကို ကြားရလေ၏။

ထိုငရဲသူတို့ကား လွန်ခဲ့သောဘဝတို့ခဏ် သူတစ်ပါးတို့၏မယားကို ပြစ်မှားဖူးကြ၍ လေးလုံးသော လောဟကုမ္ဘီငရဲအိုးခဏ် အသီးသီးကျကြလေ၏။ ထိုသို့ကျ၍ အနှစ်ခြောက်သောင်းပတ်လုံး ငရဲအိုးခဏ် ခံလျက် တက်ကုန်လတ်သော် အိုးမျက်နှာဝအရစ်ကို မြင်လျှင် အဘယ်အခါမှ ငါတို့သည် ဤဆင်းရဲမှ လွတ်ပါကုန်အံ့နည်းဟု အော်ဟစ်ကြသောအသံများ ဖြစ်၏။

ကောသလမင်းကြီးသည် ထိုအသံတို့ကိုကြား၍ ထိတ်လန့်သည်နှင့် ပုဏ္ဏားတို့အား ပြောကြားသော် ပုဏ္ဏားတို့က ကြမ်းကြုတ်သောအသံတို့ ဖြစ်၍ ဘေးအန္တရာယ်ကြီးစွာ ရောက်ဖွယ်မြင်ကြောင်း၊ ယဇ်ပူဇော်မှ ချမ်းသာမည့်အကြောင်းများကို လျှောက်ကြလေ၏။ မင်းကြီးလည်း ကောင်းပြီ ပူဇော်လော့ဟု ဆို၏။

ထိုအကြောင်းကို မလ္လိကာမိဖုရားကြီး ကြားလျှင် မင်းကြီးအား လာဘ်လာဘကိုမျှော်၍ဆိုသော ပုဏ္ဏားတို့၏စကားကို မယုံစေဘဲ မြတ်စွာဘုရားထံသို့ သွားရောက်လျှောက်စေ၏။

မြတ်စွာဘုရားက ဒါယကာမင်းမြတ်၊ ထိုအသံတို့အတွက် အသင်မင်းကြီးအား တစ်စုံတစ်ရာ ဘေးဥပဒ်အန္တရာယ်ဖြစ်လိမ့်မည်မဟုတ်။ စင်စစ်သော်ကား ဆင်းရဲစွာခံနေရသော ငရဲသူတို့၏ အော်ဟစ်သံမျှသာ ဖြစ်သည်။ ဤအသံမျိုးကို သင်မင်းကြီးသာလျှင် ကြားသည်မဟုတ် ရှေးမင်းတို့လည်း ဤသို့ကြားဖူး၍ ပညာရှိတို့၏စကားကြောင့် သတ္တဝါတို့ ချမ်းသာရဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် လေးယောက်ကုန်သော ငရဲသူတို့၏ ဒု၊ သ၊ နှ၊ သော ဟူသောအသံတို့ကိုကြား၍ ထိတ်လန့်သည်နှင့် ပုဏ္ဏားတို့အကြံပေးချက်အတိုင်း လူလေးယောက် ဆင်လေးစီး၊ မြင်းလေးစီး စသည်ဖြင့် လေးခုကုန်သောအသားတို့ဖြင့် သဗ္ဗစတုက္ကယဇ် ပူဇော်ရန် စီရင်စေ၏။

ထိုအခါ ပုရောဟိတ်ပုဏ္ဏား၏ တပည့်တစ်ယောက်သည် ဤအမှုမျိုး၌ မပါလိုသည့်အပြင် သတ္တဝါတို့အသက်ကို ချမ်းသာစေရန်ဟု ဉယျာဉ်ရှိ ရသေ့တစ်ပါးထံသို့ မင်းကြီးကိုဆောင်ခဲ့၍ ရောက်သော်။ မြတ်သောမင်းကြီး ထိုအသံကိုဟစ်သော လူလေးယောက်တို့သည် ရှေးဘဝ၌ သူတစ်ပါးတို့ ထိန်းသိမ်းအပ်သော မိန်းမတို့၌ ပြစ်မှားကုန်

သည်ဖြစ်၍ လောဟကုမ္ဘီဝရဲ့အိုးဌ ကျကြ၏။ ဝရဲ့အိုးတွင်းသို့ နစ်သွားသည်မှာ အနုစ်ခြောက်သောင်းကြာ၏။ အထက်သို့တက်လာသည်မှာ အနုစ်ခြောက်သောင်းကြာ၏။ အိုးဝသို့ ရောက်သောခဏ၌ ထိုလေးယောက်တို့သည် လေးဂါထာတို့ကို ဆိုလိုသော်လည်း မဆိုနိုင်ဘဲ အစဖြစ်သော အက္ခရာတစ်လုံးတစ်လုံးကိုသာ ဆိုနိုင်၍ တစ်ဖန် ဝရဲ့အိုးတွင်းသို့ နစ်သွားရပြန်၏။ ဤတွင် ၎င်းတို့အသီးသီးဆိုသော လေးဂါထာကား။

၁။ ဒု-ဆိုသည်ကား။ ။ ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေသံနော နဒဒါမှသေ။ ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ-နာဂကမှ မတ္တနော။

၂။ သ-ဆိုသည်ကား။ ။ သဋ္ဌိဝဿ သဟဿာနိ၊ ပရိ-ပုဏ္ဏာနိ သဗ္ဗသော၊ နိရယေ ပစ္စမာနနံ ကဒါအန္တော ဘဝိဿတိ။

၃။ နု-ဆိုသည်ကား။ ။ နတ္ထိအန္တော၊ ကုတောအန္တော၊ နအန္တော ပတိဒိဿတိ။ တဒါဟိ ပကတံ-ပါပံ၊ မမတုယ္ဟမာရိသ။

၄။ သော-ဆိုသည်ကား။ ။ သောဟံနုနက္ကတော ဂန္တွာ၊ ယောနိံ လဒ္ဓါနမောနုသံ။ ဝဒညု သီလ-သမ္ပန္နော၊ ကာဟာမကုသလံ ဗဟုံ။ ။ ဟူ၍ ဖြစ်သည်။ ၎င်းတို့အဓိပ္ပာယ်ကား အောက်ပါအတိုင်းဖြစ်၏။

၁။ ငါတို့သည် ယုတ်မာသောအသက်မွေးခြင်းကို မွေးမိကုန်၏။ ဥစ္စာရှိလျက် ပေးလှူခြင်းကိုမပြုမိကုန်။ ကုသိုလ်ကောင်းမှုတည်းဟူသော မှီခိုရာ တစ်စုံတစ်ရာကိုမျှ မပြုမိကုန်၏။

၂။ ငရဲ၌ ငါတို့ခံရသည်မှာ အနှစ်ခြောက်သောင်း ပြည့်ပြီ။ အဘယ်အခါမျှ ငရဲဆင်းရဲ၏အဆုံးသည် ရောက်ပါအံ့နည်း။

၃။ ငါနှင့်တူသောအဆွေ သင်နှင့်ငါသည် အဆုံးမရှိ များစွာသော မကောင်းမှုတို့ကို ပြုခဲ့ကြ၏။ ဆင်းရဲ၏အဆုံးသည် အဘယ်မှာရှိနိုင်အံ့နည်း။ အဆုံးမရှိသည်သာလျှင်တည်း။

၄။ ငါသည် ဤငရဲမှလွတ်၍ လူ့ဘဝကိုရသည်ရှိသော် များစွာသော ကုသိုလ်ကောင်းမှုတို့ကိုသာ ပြုပါတော့အံ့။

မြတ်သောမင်းကြီး ဤသို့အပြည့်အစုံဆိုလိုလျက်လည်း ဆိုခွင့်မရဘဲ ဂါထာတို့၏အစဖြစ်သော ဒု–သ–နု–သော အက္ခရာတို့ကိုသာ အသီးသီးဆို၍ နှစ်ရပြန်ခြင်းဖြစ်သည်။ အသင်မင်းကြီးအား တစ်စုံတစ်ရာ အန္တရာယ်ဖြစ်ကြောင်းမဟုတ်ဟု မိန့်တော်မူ၏။

ထိုအခါ မင်းကြီးသည် သက်သာရာရ၍ ယဇ်ကောင်ဖြစ်သော သတ္တဝါတို့ကို အလျင်အမြန် လွှတ်စေလေသတည်း။

ဇာတ်ပေါင်းသော်–

ပုရောဟိတ်၏ တပည့်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

ရသေ့သည် ဘုရား ဖြစ်လာ၏။

❑

စတုကနိပါတ်

၁၅။ သဗ္ဗမံသလာဘဇာတ် ၁၅

အမဲတောင်းသော သူဌေးသားလေးယောက်တို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အချို့သော ရဟန်းတို့သည် ဝမ်းနတ်ဆေးကို သုံးဆောင်ပြီးနောက် အမဲအရသာဆွမ်းကို လိုသည်ဖြစ်၍ မြို့တွင်း၌ ခံသော်လည်း မရနိုင်ဘဲရှိနေကြသည်တွင် ရှင်သာရိပုတ္တရာ ကြားသိ ကိုယ်တိုင်ထွက်ရောက်ခံရာ အမဲအရသာ များစွာရသဖြင့် အလိုရှိသော ရဟန်းတိုအား ပေးလှူတော်မူ၏။

ဤအကြောင်းကို ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ မြတ်စွာဘုရားက ရှေးကလည်း ပညာရှိတို့သည် ချိုသာသောစကားဖြင့် အမဲတို့ကို ရဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ မုဆိုးတစ်ယောက်သည် များစွာသော အမဲသားတို့ကို လှည်းတွင်တင်၍ မြို့တွင်းသို့ ရောင်းရန်လာခဲ့၏။ သူဌေးသားလေးယောက်တို့ မြင်ကြသော် ငါတို့ အမဲတောင်းကုန်အုံ့ဟု ဆို၍-

ပထမသူဌေးသားက ဟယ်-မုဆိုး၊ ငါ့အား အမဲပေးလေလော့ ဟု ဆို၏။ ထိုအခါ မုဆိုးက အဆွေ၊ တောင်းသောသူမည်သည်ကား ချစ်ဖွယ်သောစကားကိုဆို၍ တောင်းရ၏။ ယခုမူ သင်၏စကားသည် ကြမ်းတမ်းလှ၏။ သင့်စကားအလျောက် အမဲကြမ်းကိုပင် ပေးရမည် ဟုဆို၍ အမြှီးကိုပေး၏။

ဒုတိယသူဌေးသားက အစ်ကိုကြီး၊ ငါ့အားအမဲပေးပါလော့ဟု ဆို၏။ မုဆိုးက၊ အဆွေ အစ်ကိုဟူသည်ကား ကိုယ်နှင့်တူ၏။ သင့် စကားအလျောက် ကိုယ်သားကိုပေးအုံ့ဟုဆို၍ ပေး၏။

တတိယသူဌေးသားက အဖ၊ ငါ့အား အမဲပေးပါလော့ဟု ဆိုစ၏။ မုဆိုးက အဆွေ၊ သားသည် အဖဟုခေါ်သောအခါ၌ အဖ၏ နှလုံးကို နှစ်သက်စေ၏။ သင့်စကားအလျှောက် နှလုံးသားကိုယူလော့ဟု ပေး၏။

စတုတ္ထသူဌေးသားက အဆွေခင်ပွန်း ငါ့အား အမဲပေးပါလော့ဟု ဆိုစ၏။ မုဆိုးက အကြင်ရွာ၌ အဆွေခင်ပွန်းမရှိသော် တောကဲ့သို့ ဖြစ်စ၏။အဆွေခင်ပွန်းသည် အလုံးစုံသောကိုယ်နှင့်တူ၏။ သို့ကြောင့် အလုံးစုံသောအမဲကို ယူလေလော့ဟု တစ်လှည်းလုံးပေးခဲ့လေ၏။

ထိုစတုတ္ထသူဌေးသားသည် မုဆိုးနှင့်တကွ သားမယားတို့ကိုပါ ခေါ်ခဲ့ပြီးလျှင် ပစ္စည်းဥစ္စာ ပေးကမ်းချီးမြှောက်၍ အဆွေခင်ပွန်းအနေနှင့် ထားလေသတည်း။

ဇာတ်ပေါင်းသော်–
မုဆိုးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
စတုတ္ထသူဌေးသားသည် ဘုရား ဖြစ်လာ၏။

စတုကနိပါတ်

၁၅၉။ သသပဏ္ဍိတဇာတ် ၁၆
(သသ = ယုန်၊ ပဏ္ဍိတ = ပညာရှိ။)

ယုန်မင်းဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အလှူ အကြောင်းနှင့် စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ယုန်၊ မျောက်၊ မြေခွေး၊ ဖျံ ဤလေးဦးသားတို့သည် အဆွေခင်ပွန်းဖွဲ့၍ ယုန်မင်း၏အဆုံးအမ၌ တည်လျက် ဒါနသီလတို့ကို ပြုလျက်နေကြ၏။

တစ်ညဉ့်၌ ယုန်မင်းသည် လကိုကြည့်၍ နက်ဖြန်နေ့သည် ဥပုသ်နေ့တည်းဟု သိသည်နှင့် အဆွေတို့၊ နက်ဖြန်နေ့သည် ဥပုသ်နေ့တည်း။ ဥပုသ်သီလဆောက်တည်ကြလော့။ သီလစောင့်၍ လှူအပ်သော အလှူသည် ကြီးမြတ်၏။ သို့ကြောင့် မိမိတို့စားမည့်အစာမှ အလှူကိုပြု၍ စားကြလော့ဟုဆို၏။

ထိုဥပုသ်နေ့နံနက်တွင် မျောက်၊ မြေခွေး၊ ဖျံတို့သည် အစာရှာကြရာ တရားသောနည်းဖြင့် မျောက်သည် သရက်သီးခိုင်ကိုလည်းကောင်း၊ မြေခွေးသည် အမဲ၊ ဖွတ်ကင်၊ နို့ဓမ်းတို့ကိုလည်းကောင်း ဖျံသည် ငါးကြင်း ၇ ကောင်ကိုလည်းကောင်း အသီးသီးရခဲ့ကြ၍ အချိန်ကျမှစားအံ့ဟု ချုံတွင်း၌ မိမိတို့သီလကို ဆင်ခြင်၍နေကြကုန်၏၊

ယုန်မင်းသည်ကား ငါသည် မြက်ကိုသာစား၏။ အလှူခံတို့သည် မြက်ကိုအလိုမရှိရာ။ သို့ကြောင့် ငါ့ထံသို့လာသော အလှူခံအား ငါ၏အသားကိုလှူအံ့ဟု သီလကို ဆင်ခြင်လျက်နေ၏။

ထိုအခါ သိကြားမင်း၏နေရာပူ၍အကြောင်းသိသော် ယုန်မင်း၏သီလကို စုံစမ်းအံ့ဟု ပုဏ္ဏားအသွင်ဖြင့် ရှေးဦးစွာ မျောက်၊ မြေခွေး၊ ဖျံတို့ထံ၌ သီလဆောက်တည်ရန်ဟု အလှူခံလေ၏။ သုံးဦးသားတို့လည်း မိမိတို့ရခဲ့သော အစာတို့ကို အသီးသီးလှူကြကုန်၏။ ပုဏ္ဏားကလည်း ရှိစေဦး ငါလိုမှ လာ၍ယူအံ့ဟုဆို၍ ထားခဲ့၏။

ထို့နောက် ယုန်မင်းထံသို့လာ၍ အလှူခံ၏။ ယုန်မင်းလည်း ဝမ်းမြောက်ဝမ်းသာရှိလျက် အသင်ပုဏ္ဏား၊ သင်၏လာခြင်းသည်ကောင်းသောလာခြင်းတည်း။ ယနေ့ ငါသည် မလှူဖူးသောအလှူကို လှူအံ့၊ သင်သည်ကား သီလရှိသည်ဖြစ်၍ သူ့အသက်ကို ဘုတ်မည်

မဟုတ်။ သို့ကြောင့် မီးကျီးကိုပြုလော့။ ငါ့ကိုယ်ကိုစွန့်၍ မီးကျီးခ်ိ
ဆင်းအုံ့။ ငါ၏ကိုယ်ကျက်သောအခါ သင်သည် အသားကိုစား၍
သီလဆောက်တည်လေလော့ဟု ဆို၏။

သိကြားလည်း မီးကျီးကို ဖန်ဆင်း၏။ ယုန်မင်းသည် အမွေး
ကြားခ်ိ ပိုးမွှားငယ်တို့ရှိသော် မသေစေရန်ဟု ကိုယ်ကို သုံးကြိမ်ခါပြီးမှ
ဟသ်ိမင်းသည် ကြာကန်ခ်ိ ပျံကျသကဲ့သို့ ရှင်လန်းဝမ်းမြောက်စွာဖြင့်
မီးပုံတွင်းသို့ ခုန်ဆင်းလေ၏။ သို့ရာတွင် မီးသည် အမွေးမျှကိုပင်
မပူစေနိုင်လေ။ ဆီးနှင်းတိုက်သို့ ဝင်သကဲ့သို့ဖြစ်၏။ ထိုအခါ ယုန်မင်း
သည် အသင်ပုဏ္ဏား၊ အသင်၏မီးသည် အလွန်အေးမြ၏။ ငါ့ကို
ပူစေအောင်ပင် မတတ်နိုင်တကား။ အသို့နည်းဟုမေး၏။

ထိုအခါမှ သိကြားက ငါကား သိကြားတည်း။ သင်၏စေတနာ
ကို စုံစမ်းခြင်းမျှသာဖြစ်၏ဟု ဆိုပေ၏။ ယုန်မင်းကလည်း အသင်
သိကြား၊ သင်သာမဟုတ်၊ တစ်လောကလုံး ငါ့ကို စုံစမ်းသော်လည်း
ငါ၏ တွန့်တိုသောစေတနာကို မတွေ့ရလတ္တံ့ဟု ရဲရင့်စွာဆိုပေ၏။

ထိုအခါမှ သိကြားသည် ယုန်မင်း၏ကျေးဇူးဂုဏ်သည် တစ်
ကမ္ဘာလုံး ထင်ရှားစေသတည်းဟု တောင်ကိုညှစ်၍ တောင်ဆီကိုယူ
ပြီးလျှင် လဝန်းခ်ိ ယုန်ရုပ် အမှတ်အသားကို ရေးသားထားလေ၏
ဟူသတည်း။

ဇာတ်ပေါင်းသော်–

မျောက်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
မြေခွေးသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
ဖျံသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သိကြားသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
ယုန်မင်းသည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၆၀။ ဒုဒ္ဒြာဇာတ်
(ဒုဒ္ဒြာ = ဒုတ်ဒုတ်မြည်သံ)

မြေပြိုသည်ထင်၍ပြေးသော ယုန်ငယ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တိတ္ထိတို့သည် ဆူးအခင်း၌ အိပ်ခြင်း စသော မှားသောအကျင့်တို့ကို ကျင့်ကြရာ၌ အနှစ်သာရ အကျိုးမရှိကြောင်း။ ၎င်းအကျင့်မျိုးတို့မှာ ယုန်ငယ်တစ်ကောင်ကြားသော် ဒုတ်ဒုတ်ဟူသောအသံနှင့် တူကြောင်းများကို အောက်ပါဇာတ်ဖြင့် ဟောတော်မူသည်။

ရှေးသောအခါ သမုဒ္ဒရာအနီး ထန်းပင်တစ်ပင်အောက် ထန်းရွက်ခြောက်ကြားတွင် ယုန်ငယ်တစ်ကောင်သည် ဝပ်နေလျက် အကယ်၍ မြေပြိုသည်ရှိသော် ငါသည် အဘယ်သို့သွား၍ နေရပါအံ့နည်းဟု ကြံစည်စိတ်ကူးလျက်နေလေ၏။ ထိုခဏ၌ ထန်းပင်အနီးရှိ ဥဿျစ်ပင်မှ ဥဿျစ်သီးမှည့်တစ်လုံးသည် ထိုထန်းရွက်ပေါ်သို့ ကြွေကျလေရာ ဒုတ်ဒုတ်ဟူသော ကျယ်စွာသောအသံကို ထိုယုန်ငယ်ကြားလျှင် ဇကန်ပင် မြေပြိုလေပြီဟု နောက်သို့ပြန်မကြည့်ဘဲ ပြေးလေ၏။

ထိုသို့ ကြောက်လန့်တကြားပြေးသည်ကို အခြားယုန်ငယ်တစ်ကောင်မြင်လျှင် အဆွေ၊ အဘယ်ကြောင့် ကြောက်လန့်တကြား ပြေးသနည်းဟုမေး၏။ အဆွေ၊ မမေးလင့်ဟု ပြန်၍ဆို၏။ အဆွေ၊ အဘယ်နည်း အဘယ်နည်းဟု အထပ်ထပ်မေးလေမှ အဆွေ၊ ဤအရပ်၌ မြေပြိုခဲ့ပြီ ပြေးလေလော့ဟု ဆိုလေ၏။

ထိုအခါ မေးသောယုန်သည် ပထမယုန်၏နောက်မှ ပြေးလိုက်လေ၏။ ဤအတူ ဒုတိယယုန်ကို တတိယယုန်သည် မြင်၏။ တတိယယုန်ကို စတုတ္ထယုန်သည် မြင်၏။ ဤနည်းအားဖြင့် ယုန်အသိန်းအသောင်းတို့သည် တစ်ပေါင်းတည်း ပြေးကြလေ၏။

ထိုသို့ပြေးကြသော ယုန်တို့ကို သမင်သည်မြင်၍၊ ဝက်သည်မြင်၍၊ စိုင်သည်မြင်၍၊ ကျွဲသည်မြင်၍၊ နွားသည်မြင်၍၊ ကြွံ့သည်မြင်၍၊ ကျားသည်မြင်၍၊ ခြသေ့သည်မြင်၍၊ ဆင်သည်မြင်၍ ရှေးနည်းအတိုင်း ပြေးကြကုန်၏။

ဤသို့အားဖြင့် များပြားစွာသော တိရစ္ဆာန်အပေါင်းတို့သည် ကြောက်လန့်တကြား ပြေးကြကုန်၏။ ထိုအခါ ကေသရာဇာခြသေ့မင်းသည် ထိုတိရစ္ဆာန်တို့ကို မြင်၍ မေးမြန်းလျှင် မြေပြိုသည်ဟု ကြားသောအခါ မြေပြိုသည်ဟူ၍ မရှိစဖူး၊ တစ်စုံတစ်ခုသောအသံကို ကြားသည်ဖြစ်လိမ့်မည်။ ထိုသတ္တဝါတို့ကို ငါမတားမြစ်သော် သေကျေ ပျက်စီးကြတော့မည်။ ငါတားမြစ်အံ့ဟုကြံ၍။

ဌင်းတို့ရှေ့မှနေ၍ ခြသေ့သံကို သုံးကြိမ်ဟောက်၏။ တိရစ္ဆာန်တို့သည်လည်း ခြသေ့ကိုကြောက်သည်နှင့် ရပ်တန့်၍နေကြကုန်၏။ ထိုအခါ ခြသေ့မင်းက ဌင်းတို့အတွင်းသို့ဝင်၍

အဘယ်ကြောင့် ပြေးကြသနည်း။

မြေပြို၍ ပြေးကြပါသည်။

မြေပြိုသည်ကို အဘယ်သူမြင်သနည်း။

ဆင်တို့သိပါသည်။

ဆင်တို့ကိုမေးသော် ဆင်တို့က ငါတို့ကိုယ်တိုင်မသိပါ။ ခြသေ့တို့ ပြော၍ ကြားရပါသည်၊ ခြသေ့တို့ သိပါသည်ဟု ဆို၏၊ ခြသေ့တို့ကလည်း ကျားတို့သိပါသည်၊ ကြွံ့တို့သိပါသည်၊ နွားတို့၊ ကျွဲတို့၊

စိုင်တို့၊ ဝက်တို့၊ သမင်တို့၊ယုန်တို့ သိပါသည်ဟု အဆင့်ဆင့်ဆိုကြ ကုန်၏။

ယုန်တို့ကလည်း ထိုယုန်ငယ် သိပါသည်ဟု ပထမယုန်ကို ပြောကြကုန်၏။ ယုန်ငယ်ကိုမေးသော် အရှင်၊ ဟုတ်ပါ၏။ အကျွန်ုပ် သည် ဥဿုစ်ပင်အနီးရှိ ထန်းပင်အောက် ထန်းရွက်ကြားခ်ိုနေ၍ မြေပြို သော် အသို့ပြုအံ့နည်းဟု စဉ်းစားနေစဉ် ဒုတ်ဒုတ်ဟူသော မြေပြိုသံ ကို ကြားသဖြင့် ပြေးခဲ့ရပါသည်ဟု ဆို၏။

ခြသေ့မင်းလည်း ဥဿုစ်သီးမှည့် ထန်းရွက်ပေါ်သို့ ကြွေကျ သောအသံ ဖြစ်တန်ရာ၏ဟု စုံစမ်းရန် ယုန်ငယ်ကို ထန်းပင်ရှိရာသို့ ဆောင်သွား၍ အပြခိုင်းရာ ယုန်ငယ်သည် ထန်းပင်အနီးသို့ မချဉ်းကပ် ဝံ့သည်နှင့် အတန်ဝေးသောအရပ်မှနေ၍ ထိုအရပ်၌ မြေပြိုသံကိုကြား ရပါသည်ဟု ထန်းပင်နှင့် ဥဿုစ်ပင်ဆီသို့ ပြလေ၏။

ခြသေ့မင်းလည်း သွားရောက်၍ ဥဿုစ်ပင်ရင်းအနီး ထန်းရွက် အောက်၌ ယုန်ငယ်အိပ်ရာကိုလည်းကောင်း၊ ထန်းရွက်ထက်သို့ကြွေ ကျသော ဥဿုစ်သီးမှည့်ကိုလည်းကောင်း တွေ့လေမှ အကြောင်းရင်း အမှန်သိ၍ တိရစ္ဆာန်တို့အား ပြန်ကြားပြောဆို ချမ်းသာကြစေလေ သတည်း။

ဇာတ်ပေါင်းသော်-

ခြသေ့မင်းသည် ဘုရား ဖြစ်လာ၏။

စတုကနိပါတ်

၁၆၁။ ဗြဟ္မဒတ္တဇာတ် ၂၃

အလိုနည်းသော ရဟန်းအကြောင်း

မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂဝဠုစေတီ၌ သီတင်းသုံးနေတော်မူစဉ် တောင်းခံတတ်သော ရဟန်းတို့အား အကြောင်းပြု၍ ရှေးသူတော်ကောင်းတို့သည် တောင်းခံခြင်း၌ အလွန်သိမ်းဆည်းကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဟိမဝန္တာမှ အကျင့်သီလနှင့် ပြည့်စုံစွာသော ရသေ့တစ်ပါးကို ကပိလတိုင်း၊ ဥတ္တရပဉ္စာလမင်းသည် မင်းဥယျာဉ်၌ ကိုးကွယ်ထား၏။ အလိုရှိသမျှ မည်သည့်အရာမဆို အလျှုံရန် လျှောက်ရ၍လည်း ထားပေ၏။

မိုးကုန်သော် ထိုရသေ့သည် ဟိမဝန္တာသို့ ပြန်လို၍ ခရီးသွားသော ငါ့အား လွှာချင်းဖိနပ်၊ သစ်ရွက်ထီးတို့ကို ရခြင်းငှာ သင့်၏။ မင်းထံ၌တောင်းအံ့ဟု ကြံထား၏။

တစ်နေ့၌ မင်းလာသောအခါ တောင်းမည့်ဆဲဆဲတွင် တောင်းခံသူသည် ငိုသူမည်၏။ တောင်းသူကို မပေးဟု ပယ်သူကိုလည်း ငိုသူမည်၏။ ထို့ကြောင့် ငိုသောငါတို့နှစ်ယောက်ကို လူတို့မမြင်စေအပ်ဆိတ်ကွယ်ရာအရပ်၌ တောင်းအံ့ဟု ကြံပြန်ပြီးလျှင် မြတ်သောမင်းကြီး၊ ဆိတ်ကွယ်ရာကို အလိုရှိ၏ဟုဆို၏။ မင်းကြီးလည်း မင်းချင်းယောကျ်ားတို့ကို ဖဲစေ၏။

ရသေ့လည်း တစ်ဖန် ငါတောင်း၍မပေးသော် ငါ့အား ချစ်ခြင်းသည် ပျက်လတ္တံ့။ ထို့ကြောင့် ငါမတောင်းတော့ပြီဟု ကြံပြန်၏။

မြတ်သောမင်းကြီး သွားဦးတော့။ နောက်တစ်နေ့မှ ပြောအံ့ဟုဆိုလေ၏။ နောက်တစ်နေ့ မင်းလာသောအခါလည်း ထို့အတူလျှင် ဆိုပြန်၏။ ဤသို့ အဖန်ဖန်ဆိုလျက် မတောင်းဖြစ်ဘဲ တစ်ဆယ့်နှစ်နှစ်တို့သည် လွန်လေကုန်၏။

ထိုအခါ မင်းကြီးသည် ငါ၏ရသေ့ကား ဆိတ်ကွယ်ရာအရပ်ကို ရပြီးမှ တစ်စုံတစ်ရာမတောင်းဝံ့ဘဲ တစ်ဆယ့်နှစ်နှစ် လွန်လေပြီ။ ရသေ့အဖြစ်ဌာဏီးငွေ့၍ မင်းအဖြစ်ကို အလိုရှိယောင်တကား၊ အတောင်းခက်၍သာ မတောင်းဖြစ်ဘဲ ရှိရသည် ငါထင်၏။ ယနေ့သော်ကား ငါ့အရှင်၏ အလိုဆန္ဒကို ပြည့်စုံစေအံ့ဟုကြံ၍ ဥယျာဉ်သို့သွား၏။

ဥယျာဉ်သို့ရောက်၍ ဆိတ်ကွယ်ရာကိုတောင်းပြီးမှ ရေးကသို့ပင် တစ်စုံတစ်ရာမတောင်းဝံ့ဘဲ၊ ရှိနေပြန်သောအခါ အရှင်ဘုရား၊ ဤသို့ ဆိတ်ကွယ်ရာကိုရပြီးလျက် မတောင်းဖြစ်သည်မှာ တစ်ဆယ့်နှစ်နှစ် လွန်လေပြီ။ အကျွန်ုပ်သည် အရှင်ဘုရားအား မင်းအဖြစ်ကို အစပြု၍ အလုံးစုံကို ဖိတ်မန်ပါ၏။ တစ်စုံတစ်ရာ ကြောက်ရွံ့တွန့်တိုခြင်းမရှိဘဲ အလိုရှိသမျှကို တောင်းတော်မူပါလော့ဟု ဆို၏။

ထိုအခါမှ ရှင်ရသေ့လည်းအရဲစွန့်လျက် မြတ်သောမင်းကြီး၊ ငါတောင်းသော် ပေးအံ့လောဟု ဆို၍ အရှင်၊ မစိုးရိမ်လင့် ပေးပါအံ့ဟု လျှောက်၏။ မြတ်သောမင်းကြီး၊ ငါခရီးသွားလိုသည်ဖြစ်၍ လွှာချင်းဖိနပ်နှင့် သစ်ရွက်ထီးတို့ကိုလို၏။ အသင်မင်းကြီး၌ ဝန်မလေးလျှင် ငါ့အား ပေးလှူပါလော့ဟုဆိုလေ၏။

ထိုအခါ မင်းကြီးသည်ကြော်–သူတော်ကောင်းတို့ကား အရှက်အကြောက်ကို သိမ်းဆည်းခြင်း၌ အံ့ဖွယ်ကြည်ညိုဖွယ် ရှိပါပေသည်တကား။ လွှာချင်းဖိနပ်နှင့် သစ်ရွက်ထီးမျှကိုပင် မတောင်းဘဲ တစ်ဆယ့်နှစ်နှစ် ကြာရလေသည်ဟု စိတ်တွင်ကြံပြီးမှ အရှင်ဘုရား၊ ဤမျှဥစ္စာကို

တောင်းရန် ဤမျှပင်ခဲယဉ်းရသလော၊ ထီးဖိနပ်မျှသာမဟုတ်။ နွားလား နွားမတစ်ထောင်တို့ကိုလည်း လျှုပါ၏။ ယူတော်မူပါလော့ဟု ဆို၏။

ရသေ့လည်း အသင်မင်းကြီး၊ ငါသည် ဥစ္စာတို့၌ တပ်မက်ခြင်း မရှိ။ ငါတောင်းအပ်သော ထီးဖိနပ်တို့ကိုရလျှင် ငါ့၌ ပြည့်စုံပြီဟု ဆို၍ ထီးနှင့်ဖိနပ်ကိုသာ အလျှုခံတော်မူ၏။ ပြီးမှ အသင်မင်းကြီး၊ မမေ့မလျော့ ဒါနသီလ စသော ကောင်းမှုတို့ကိုပြုလော့ဟု ဆုံးမ၍ မင်းတောင်းပန်စဉ် ဟိမဝန္တာသို့ ပြန်ကြွ၊ အဘိညာဉ်သမာပတ်ကို ဖြစ်စေလျက် အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့လားလေသတည်း။

ဇာတ်ပေါင်းသော်–
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

စတုကနိပါတ်

၁၆၂။ ဓမ္မသာဌကဇာတ် ၂၄
(ဓမ္မ = သားရေ။ သာဌက = ပုဆိုး၊ ထဘီ။)

သားရေဝတ် ပရိဗိုဇ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သားရေအဝတ် ကိုဝတ်သော ပရိဗိုဇ်တစ်ယောက်သည် သိုးတစ်ကောင်က ခတ်လို၍ နောက် သို့ဆုတ်သည်ကို အရိုအသေပြုသည်ထင်၍ မရှောင်ဘဲနေရာ သိုးအခတ်ခံ ရသည်နှင့် စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ သားရေအဝတ်ကိုဝတ်သော ပရိဗိုဇ် တစ်ယောက်သည် ဗာရာဏသီပြည်တွင်းသို့ ဆွမ်းခံဝင်ရာ ခတ်အုံ့ဟု နောက်သို့ဆုတ်သော သိုးကိုမြင်လျှင် ဤသိုးသည် ငါ့ကိုပူဇော်၏ဟု မရှောင်ဘဲ လူတို့သည် ဤသိုးလောက်မျှ ကျေးဇူးမသိတတ်ကြဟု ထိုသိုးအား လက်အုပ်ချီလျက် ရပ်၏။

ထိုခဏ၌ ပညာရှိတစ်ယောက်က အသင်ပရိဗိုဇ် ဤသိုးသည် သင့်အား ပူဇော်သည်မဟုတ် ခတ်ရန်ပြင်ခြင်းဖြစ်၏။ ရှောင်တိမ်းလော့ ဟု ဆို၏။

ဆိုစဉ်ပင် သိုးသည် ပြေးလာ၍ ပေါင်ကိုခတ်လျက် လဲစေ၏။ ထိုအခါ ပရိဗိုဇ်သည် ယနေ့ပညာမရှိသောငါသည် သိုးခတ်၍ သေရသကဲ့သို့ မပူဇော်အပ်သူကို ချီးမွမ်းပူဇော်သောသူသည် သေကျေပျက်စီးရလတ္တံ့သည်သာတည်းဟုဆို၍ အသက်ကုန်ခြင်းသို့ရောက်လေသတည်း။

ဇာတ်ပေါင်းသော်–
ထိုပရိဗိုဇ်သည် ဤပရိဗိုဇ် ဖြစ်လာ၏။
ပညာရှိသည် ဘုရား ဖြစ်လာ၏။

စတုကနိပါတ်

၁၆၃။ ကဏ္ဏာရဇာတ် ၂၆

ကဏ္ဏာရနတ်ပန်းနှင့် မုသားဆိုသော ပုဏ္ဏားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်သည် မုသားဆို၍ ဘုရားမှ သင်းခွဲသည်အဖြစ်ကြောင့် ပျက်စီးရသည့်အကြောင်း

နှင့် ပတ်သက်၍ ရှေးကလည်း မုသားဆိုဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပွဲသဘင်ကြီးစွာဖြစ်ရာ တာဝတိံသာမှ နတ်သားလေးယောက်တို့သည် ကကွာရမည်သော နတ်ပန်းကုံးတို့ကို ပန်ဆင်၍ လာရောက်ကြည့်ကြကုန်၏။ ထိုပန်းတို့အနံ့သည် တစ်တိုင်းပြည်လုံးမွှေးသည်နှင့် လူတို့သည် မည်သူပန်လေသနည်းဟု ကြံတွေး၍ ရှိကြကုန်၏။

ထိုအခါ နတ်သားတို့သိ၍ ပြောပြကြရာ လူတို့ကလည်း မိမိတို့အား ထိုပန်းများကိုပေးရန် တောင်းကြ၏။ထိုအခါ နတ်သားကြီးက ကကွာရပန်းသည် အာနုဘော်ကြီး၏။ သာမည ပုဂ္ဂိုလ်တို့ ပန်ခြင်းငှာ မထိုက်။

သူ့ဥစ္စာကို မခိုး။

မုသားမဆို။

ရသောစည်းစိမ်ကို မမှေ့မလျော့။

ဤအဂ်ါလက္ခဏာတို့နှင့် ပြည့်စုံသောသူတို့သာ ပန်ထိုက်၏ဟု ဆို၏။

ထိုအခါ မင်း၏ဆရာ ပုရောဟိတ်သည် ငါ့၌ အဆိုပါဂုဏ်ကျေးဇူးတို့သည် တစ်ခုမျှမရှိ။ သို့ရာတွင် ရှိသည်ဟုမမှန်ဆို၍ ပန်းကို ပန်ရသည်ရှိသော် လူအပေါင်းတို့က ငါ့အား အထင်ကြီးကြလိမ့်မည်ဟု ကြံ၍ ထိုဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံပါသည်ဆိုပြီးလျှင် ပန်းကို ခံယူပန်ဆင်လေ၏။

ထို့နောက် ဒုတိယနတ်သားထံ၌ တောင်းပြန်၏။ ဒုတိယနတ်သားက

တရားသဖြင့် ဥစ္စာပစ္စည်းရှာ၏။
မတရားသဖြင့် ဥစ္စာမရှာ။
ဥစ္စာတို့ကိုရပြီးနောက် မမေ့မလျော့။
ဤဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံလျှင် ယူတော့ဟု ဆို၏။ ပုဏ္ဏားလည်း မပြည့်စုံဘဲနှင့် ဟန်ဆောင်၍ယူ၏။

တတိယနတ်သားထံ တောင်းပြန်ရာ နတ်သားက ခိုင်မာသော စိတ်ရှိ၏။

ကံ-ကံ၏အကျိုးကို မြဲစွာယုံကြည်၏။
မွန်မြတ်သောအစာကို တစ်ယောက်တည်းမစား။
ဤဂုဏ်တို့နှင့် ပြည့်စုံလျှင် ယူတော့ဟုဆို၏။ ပုဏ္ဏားလည်း မပြည့်စုံဘဲနှင့် ဟန်ဆောင်၍ယူ၏။

စတုတ္ထနတ်သားထံ တောင်းပြန်ရာ-
သူတော်ကောင်းတို့ကို မဆဲရေး။
ဆိုသည့်အတိုင်း ကျင့်၏။
ဤဂုဏ်တို့နှင့် ပြည့်စုံလျှင် ယူတော့ဟုဆို၏။ ပုဏ္ဏားလည်း မရှိဘဲနှင့် ရှိဟန်ဆောင်၍ယူ၏။

ပန်းလေးကုံးကိုပေးပြီး၍ နတ်သားတို့သည် တာဝတိံသာသို့ ပြန်လေသောကာလ၌ ပုဏ္ဏား၏ဦးခေါင်းတွင် ကြီးစွာသောဝေဒနာသည် ဖြစ်၏။ ထက်စွာသော သံချွန်သံဆူးတို့ဖြင့် ထိုးသကဲ့သို့လည်းကောင်း၊ သံပြားဖြင့် နှိပ်သကဲ့သို့လည်းကောင်း ခံရ၍ ထိုမှဤမှ လူးလဲလျက် ကျယ်စွာသောအသံဖြင့် ဟစ်အော်ငိုကြွေးလျက် နေရလေ၏။

အများကမေးကြသော် ငါ့၌ မရှိသော ဂုဏ်ကျေးဇူးကို ရှိ၏ဟု မဟုတ်မမှန်ဆို၍ နတ်သားတို့ထံမှ ပန်းကိုခံယူမိ၏။ ယခု ငါ၏

ဦးခေါင်းဌ် မခံမရပ်နိုင်သော ဝေဒနာသည် ရောက်ပါ၏။ ထိုပန်းတို့ကို ငါ၏ဦးခေါင်းမှ ပယ်ကြပါလော့ဟုဆို၏။ မည်သူမျှပယ်ခြင်းငှာ မတတ်နိုင် သံပြားဖြင့် ဖွဲ့စည်းထားသကဲ့သို့ ရှိလေ၏။

ဤသို့ ခုနစ်ရက်တိုင်တိုင် ဝေဒနာခံစားလျက်ရှိသောအခါ မင်းကြီးသည် ပုဏ္ဏားဧ၏အသက်ကို ကယ်အံ့ဟု မျှားမတ်တို့နှင့် တိုင်ပင်ပြီးလျှင် ပွဲတစ်ကြိမ်ခံရပြန်၏။ ထိုအခါ ရှေးကကဲ့သို့ နတ်သားတို့ လာရောက်ကြပြန်လျှင် ပုဏ္ဏားကို နတ်သားတို့ရှေ့သို့ယူချထားကြ၏။

ပုဏ္ဏားလည်း အရှင်တို့၊ အကျွန်ုပ်ပြုမိသောအပြစ်ကို သည်းခံတော်မူကြ၍ အကျွန်ုပ်အသက်ကို ကယ်တော်မူပါဟု တောင်းပန်လေ၏။ နတ်သားတို့လည်း သင့်ဌ် အကျင့်သီလမရှိ၍ ထိုပန်းနှင့် မထိုက်သည်ကိုလည်းကောင်း၊ သင်မုသားဆိုသည်ကိုလည်းကောင်း မဆွကပင် ငါတို့သိ၏။ ယခု သင်သည် မုသား၏အကျိုးကို ရလေပြီတကားဟု လူများအလယ်ဌ် နှိပ်ရှိဆုံးမပြီးမှ ပန်းတို့ကိုပယ်ပြီး၍ ပြန်ကြလေသတည်း။

ဇာတ်ပေါင်းသော်–
ပုဏ္ဏားသည် ဒေဝဒတ် ဖြစ်လာ၏။
စတုတ္ထနတ်သားသည် ရှင်မဟာကဿပ ဖြစ်လာ၏။
တတိယနတ်သားသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
ဒုတိယနတ်သားသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ပထမနတ်သားသည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၆၄။ ကာဋ္ဌဟာဟုဇာတ် ၂၉

(ကာဋ္ဌ = မည်းနက်သော။ ဟာဟု = လက်ရုံးလက်မောင်း။)

လောကမ်ိတရားရှစ်ပါးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ် နေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား ဆန့်ကျင်ဘက်ပြု၍ သတ်ရန်အားထုတ်သည်နှင့် လူတို့ အကြည်ညိုပျက်လျက် လာဘ်လာဘယုတ်ရသည်ကို စွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဓနုဗွယမင်းသည် ကျေးညီနောင်တို့ကို ရွှေချိုင့်ဌ်ထား၍ သကြားရည်၊ ပျားရည်၊ ပေါက်ပေါက် စသည်ဖြင့် ကောင်းမြတ်သောအစားအစာတို့ကို ကျွေးမွေးလျက်ထား၏။ တစ်ခါသော် မုဆိုးတစ်ယောက်သည် ကာဋ္ဌဟာဟုမည်သော မျောက်ညိုကြီးတစ်ကောင်ကို မင်းအားဆက်လာ၏။ ရောက်သစ်စဖြစ်၍ မျောက်ကြီးသည် အလွန်များမြတ်သော အစားအစာလာဘ်သပ်ပကာတို့ကိုရ၏။ ကျေးသားတို့ဌ် လာဘ်လာဘ ပြတ်လေ၏။

ထိုအခါ ညီကျေးသားက နောင်တော် မျောက်ညိုကြီးရောက်သည်မှစ၍ ငါတို့ဌ် လာဘ်လာဘပြတ်၏။ ဤတွင်နေ၍ အဘယ်အကျိုးရှိအံ့နည်း။ တောသို့ပြန်ကြကုန်အံ့ဟု ဆို၏။

နောင်တော်ကျေးသားကလည်း ညီငယ်၊ လောကဌ်

(၁) လာဘ်ရခြင်း

(၂) လာဘ်မရခြင်း။

(၃) စည်းစိမ်အဆွေအရံရှိခြင်း၊ များခြင်း။
(၄) စည်းစိမ်အဆွေအရံမရှိခြင်း၊ နည်းခြင်း။
(၅) ချီးမွမ်းခြင်း။
(၆) ကဲ့ရဲ့ခြင်း။
(၇) ချမ်းသာခြင်း။
(၈) ဆင်းရဲခြင်း။

ဤလောကခံတရားရှစ်ပါးတို့သည် အမြဲမရှိကုန်။ အဘယ်ကြောင့် စိုးရိမ်သနည်း၊ မစိုးရိမ်လင့်ဟု ဆုံးမ၏။

ထိုအခါ ညီကျေးသားက နောင်တော်၊ နောင်တော်သည် ပညာရှိသည်ဖြစ်၍ နောင်ရေးကို သိနိုင်၏။ ဤမျောက်ကို အဘယ်အခါ အဘယ်အကြောင်းကြောင့် နှင်ထုတ်လတ္တံ့နည်းဟု မေး၏။

ညီငယ်၊ မျောက်ဆိုသည်ကား နားကိုလှုပ်တတ်၏။ မျက်မှောင်ကြုတ်တတ်၏။ မကြာမကြာ မင်းသားငယ်တို့ကို ခြောက်သဖြင့် ငိုကြွေးစေအံ့။ သို့ကြောင့်လည်း မင်းသည် ထိုမျောက်ကို နှင်ထုတ်လတ္တံ့ဟု ဆို၏၊

ဆိုသည့်အတိုင်းလည်း မကြာမီပင် မျောက်ကြီးကို နှင်ထုတ်လေသည်နှင့် ကျေးညီနောင်တို့၌ လာဘ်လာဘသည် ရှေးရင်းအတိုင်း ပေါများပြန်လေသတည်း။

ဖြစ်ပြန်ဖျက်ပြန် လောကံ။

ဇာတ်ပေါင်းသော်-
မျောက်သည် ဒေဝဒတ် ဖြစ်လာ၏။
ညီကျေးသားသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
နောင်တော်ကျေးသည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၆၅။ ကောကာလိကဇာတ် ၃၁

နှုတ်မစောင့်သဖြင့် ပျက်စီးရသော ဥသြဃယ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် နှုတ်မစောင့်သဖြင့် ပျက်စီးရသော ကောကာလိကကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် ကာလ၊ ဌာနမရွေး အလွန်စကားများ၏။ ထိုမင်း၏အမတ်သည် ဆုံးမရန် ဥပမာတစ်စုံတစ်ရာကို ကြည့်လျက်နေ၏။

တစ်နေ့သော် ထိုမင်းနှင့် အမတ်တို့သည် ဥယျာဉ်သို့ထွက်ကြ၍ သရက်ပင်တစ်ပင်အောက်၌ နားနေကြ၏။ ထိုသရက်ပင်ထက်ရှိ ကျီးသိုက်၌ ဥသြမသည် မိမိ၏ဥကို ထား၍သွား၏။ ကျီးမသည် ထိုဥကိုစောင့်ရှောက် ပေါက်လာသောအခါ သားဟူသောအမှတ်ဖြင့် အစာရှာဖွေကျွေးမွေး၍ ထား၏။

ထိုဥသြဃယ်သည် အတောင်အလက်မစုံမီ အခါမဟုတ်မီက လျှင် ဥသြသံကိုမြည်လေသော် ကျီးမသည် ယခုကပင် တစ်ပါးသောအသံကိုမြည်၏။ ကြီးသော်ကား အသို့ပြုအံ့နည်းဟု နှုတ်သီးဖြင့်ထိုးသတ်၍ အသိုက်မှ ချလိုက်၏။ ဥသြဃယ်လည်း မင်း၏ရှေ့တွင် ကျလာ၏။

ထိုအခါ မင်းသည် အမတ်ပညာရှိအား အကြောင်းကိုမေး၏။ အမတ်သည်လည်း ယခု ငါသည် မင်းအား ဆုံးမရန် ဥပမာရချေပြီ

ဟု အရှင်မင်းကြီး၊ ဤဥသြဃယ်သည် ဥသြ၏သားတည်း။ အဘောင်မပေါက်၊ အခါမဟုတ်မီက ဥသြသံကိုမြည်သဖြင့် ကျီးက မိမိသားမဟုတ်ကြောင်း သိရှိ၊ နှုတ်သီးဖြင့် ထိုးသတ်ချလိုက်ခြင်းဖြစ်၏။ ဤဥသြဃယ်ပျက်စီးရသကဲ့သို့ လောကဌ် ကာလ၊ ဌာန၊ ပမာဏ (အချိန်အခါ နေရာ အတိုင် အရှည် အနည်း အများ)ကို မသိဘဲ စကားများခြင်းသည် ပျက်စီးရမြဲတည်း။ အရှင်မင်းကြီး၊ မကောင်းမသင့်လျော်သောစကားသည် ထက်စွာသောဓား ပြင်းစွာသောအဆိပ်တို့ထက် သတ်နိုင်၏။ သို့ကြောင့် ကာလ၊ ဌာန၊ ပမာဏကိုကြည့်၍ အချက်ကျကျ ဆိုခြင်းသည်သာ အောင်ကြောင်းဖြစ်၏ဟု လျှောက်ပေ၏။

မင်းကြီးလည်းထိုအခါကစ၍ စကားပြောဆင်ခြင်လေ၍ ပညာရှိ အမတ်အား ကြီးစွာချီးမြှောက်လေသတည်း။

လက်ကြောင့်ကျေ၊ နှုတ်ကြောင့်သေ။
စကားများလျှင် အမှားပါသည်။
ဟောင်လွန်းသောခွေး လူမလေး။
ဇာတ်ပေါင်းသော်...
ဥသြဃယ်သည် ကောကာလိက ဖြစ်လာ၏။
ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၆၆။ ရာဇောဝါဒဇာတ် ၃၄

(ရာဇ = မင်း။ ဩဝါဒ = ဆုံးမခြင်း။)

ရာဇောဝါဒဇာတ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မင်းတို့ တရားစောင့်အပ်ကြောင်းနှင့် ပတ်သက်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် တရားသဖြင့် မင်းပြုသည်နှင့် လူအပေါင်းတို့သည် မင်း၏ဂုဏ်ကျေးဇူးတို့ကို သာ ဆိုကုန်၏။

မင်းသည်ကား ကျေးဇူးမဲ့ဆိုသူရှိသလောဟု စုံစမ်းရန် ရွာဇနပုဒ်စသည်တို့၌ ရုပ်ဖျောက်၍လှည့်လည်၏။ မတွေ့ရ၍ ဟိမဝန္တာဆီသို့ သွားပြန်ရာ ရသေ့ကျောင်းတစ်ခုကို တွေ့ရှိ ရသေ့ထံသို့ကပ်၏။

ရသေ့သည်လည်း မင်းအား ချိုအေးစွာသော ပညောင်သီးတို့ကို ကျွေး၏။ စားပြီးမှ မင်းကြီးက အရှင်ဘုရား၊ ဤပညောင်သီးတို့သည် အနံ့သြဇာအရသာနှင့် ပြည့်စုံလှပါ၏။ အဘယ်ကြောင့်ပါနည်းဟု မေးလျှောက်၏။

ဒါယကာ၊ မင်းတို့တရားစောင့်သဖြင့် ချိုပေသည်။

အရှင်ဘုရား၊ မင်းတို့တရားမစောင့်သော် မချိုပြီလော။

ဒါယကာ မှန်၏။ မင်းတရားမစောင့်သော် ဆီ၊ ဟူး၊ တင်လဲ၊ သစ်သီးသစ်မြစ် စသည်တို့ သြဇာအရသာမရှိကုန်၊ မချိုကုန်၊ ပေါ့ပျက်ကုန်၏။

အရှင်ဘုရား၊ အမိန့်တော်ရှိတိုင်း ဟုတ်ကောင်းဟုတ်ပါလိမ့်မည်ဟုဆိုရ ပြန်ခဲ့၏။

မင်းကြီးလည်း တိုင်းပြည်သို့ရောက်သော် ရှင်ရသေ့၏စကားမှန်မမှန် စုံစမ်းအံ့ဟု ကာလအတန်ကြာ မတရားမင်းပြု၏။ ပြီးမှ ယခင်ကအတိုင်း ရုပ်ဖျက်၍သွားပြန်၏။ ရသေ့က ပညောင်သီးကို ပေးမြှပေး၍ စားသော် အလွန်ခါးပျက်သောအရသာရှိသည်နှင့် ထွေးပစ်၍ အရှင်ဘုရား၊ ပညောင်သီး ခါးလှ၏ဟု ဆို၏။

ဒါယကာ၊ မင်းတရားမစောင့်သောကြောင့် ဖြစ်လိမ့်မည်။ မင်းတို့ တရားစောင့်သော် သစ်သီးသစ်မြစ်၊ ဆီ၊ ပျား၊ တင်လဲ စသည်တို့ သြဇာရသာ လေးနက်ကောင်းမွန်ကုန်၏။ မင်းတို့ တရားမစောင့်သော် သြဇာရသာမရှိ၊ ခါးစပ် ပေါ့ပျက်ကုန်၏။ ဒါယကာ၊ ငါဆိုဦးအုံ့။ ရှေ့ဆောင်နွားလား ကောက်တကျစ်သွားသည်ရှိသော် နောက်လိုက်နွားတို့သည်လည်း ကောက်တကျစ်လိုက်သကဲ့သို့ လူတို့၏ အထွတ်အထိပ် ရှေ့ဆောင်မင်းတို့သည် တရားမစောင့်အံ့ အခြားသူတို့မှာ အသို့ဆိုဖွယ်ရာရှိအံ့နည်း။ မတရားများစွာ ပြုကြမည်သာတည်း။ ထိုအခါ တိုင်းပြည်ဆင်းရဲလတ္တံ့။ ရှေ့ဆောင်နွားသည် ဖြောင့်ဖြောင့်သွားသည်ရှိသော် နောက်နွားတို့ ဖြောင့်ဖြောင့်လိုက်သကဲ့သို့ မင်းတရားစောင့်သော် တိုင်းပြည်လည်း တရားစောင့်၏။ ပြည်သူပြည်သားတို့ ချမ်းသာကြလတ္တံ့ဟု ဟောတော်မူ၏။

ထိုအခါမှ မင်းသည် မိမိမင်းဖြစ်ကြောင်း၊ စုံစမ်းခြင်းမျှသာဖြစ်ကြောင်း ထုတ်ဖော်လျှောက်ပြီးမှ အရှင်ဘုရား၊ အကျွန်ုပ်သည် ချိုသော ပညောင်သီးကို ခါးအောင်ပြုလေပြီ။ ယခုသော် ချိုအောင်ပြုပါဦးအုံ့ဟု ဆို၍ ဖဲလေ၏။ မကြာမီ ပညောင်သီးတို့သည်လည်း ချိုမြိန်ခြင်းသို့ ရောက်လေသတည်း။

ဇာတ်ပေါင်းသော်–
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၆၇။ ထုသဇာတ် ၃၈
(ထုသ = ဖွဲ့)

အသက်ကိုကယ်သော ဂါထာများအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဗိမ္မိသာရမင်းသည် သားတော် အဇာတသတ်မင်းသားငယ်ကို အလွန်ချစ်ခင်ယုယသဖြင့် မေ့လျော့သည်နှင့် တရားတော်ကို ကောင်းစွာမနာယူနိုင်သည်ကို မြတ်စွာဘုရား သိတော်မူလျှင် မြတ်သောမင်းကြီး၊ ရှေးမင်းတို့သည် သား၌ မယုံမကြည်ရှိလျှင် လုံခြုံရာ၌ထား၍ မိမိသေလွန်မှ မင်းပြုစေသည်ဟု အောက်ပါဇာတ်ကို ဟောတော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏သားတော်တစ်ပါးသည် ဒိသာပါမောက္ခဆရာထံ၌ အတတ်ပညာသင်ပြီး၍ ပြန်ခါနီး၌ ဆရာသည် အင်္ဂါဝိဇ္ဇာဖြင့် ထိုမင်းသား၏နောင်ရေးကိုကြည့်ရာ သားကို မှီ၍ အန္တရာယ်ရောက်မည်ကိုသိ၍ ငါ၏အစွမ်းဖြင့် ကယ်မအံ့ဟု ကြံပြီးသော်။

ဂါထာလေးပုဒ်ကိုပေး၍ အသင်မင်းသား၊ အသင်မင်းဖြစ်၍ သင်၏သားသည် ၁၆ နှစ်အရွယ်သို့ရောက်သောအခါ ပထမဂါထာကို

ရွတ်လေ။ ဒုတိယဂါထာကို ကြီးကျယ်စွာ ခစားသောအခါ၌ ရွတ်လေ။ တတိယဂါထာကို ပြာသာဒ်သို့တက်သောအခါ စောင်းတန်းဦး၌ရပ်၍ ရွတ်လေ။ စတုတ္ထဂါထာကို ကျက်သရေတိုက်အိပ်ရာသို့ ဝင်သော အခါ တံခါးဝ၌ ရပ်၍ရွတ်လေဟု မှာလိုက်၏။

ဗာရာဏသီသို့ရောက်ရှိ မင်းဖြစ် သားတော် ၁၆ နှစ်အရွယ်သို့ ရောက်သော် သားတော်သည် ဖခင်ကိုသတ်ဖြတ်၍ ထီးနန်းကိုယူအံ့ဟု မိမိ၏အခြွေအရံတို့နှင့် တိုင်ပင်ပြီးလျှင် မင်းကြီး၏အစာ၌ အဆိပ် ခပ်ရန် အဆိပ်ကိုကိုင်၍နေ၏။

မင်းကြီးသည် စားတော်ကို စားအံ့ဆဲဆဲ၌ ဆရာမှာလိုက်သည့် အတိုင်း ပထမဂါထာကို အောက်ပါအတိုင်း ရွတ်လေ၏။

(၁) ကြွက်တို့သည် ဖွဲနှင့်ဆန်ကို မှောင်ထဲ၌လည်း ခွဲခြား၍ သိ၏။ ထို့ကြောင့် ဖွဲကိုဖယ်၍ ဆန်ကိုစားကြ၏။

မင်းသားငယ်ကြားသော် ငါ၏အကြံကို သိချေပြီတကားဟု ကြောက်လန့်၍ ပြေးလေ၏။ တစ်ဖန် မိမိ၏အခြွေအရံတို့နှင့် ဥယျာဉ်နားတွင် ကပ်၍တိုင်ပင်ပြီးလျှင် ကြီးကျယ်စွာခစားသောအခါ၌ မင်း၏ အမေ့အလျော့ကိုစောင့်၍ သန်လျက်ဖြင့် သတ်အံ့ဟု စောင့်လျက် နေ၏။

ထိုအခါ မင်းသည် ဒုတိယဂါထာကို ရွတ်သည်ကား

(၂) ဥယျာဉ်၌လည်းကောင်း၊ ရွာ၌လည်းကောင်း နားတွင် ကပ်၍ တိုင်ပင်ကြပြီးလျှင် ငါ့အား သတ်ရန်ကြံလျက်ရှိ သည်ကို ငါသိ၏။

မင်းသားငယ် ကြားသော် သိချေပြီဟု ကြောက်၍ပြေးပြန်၏။ တစ်ဖန် စောင်းတန်းဦး၌ သန်လျက်ကိုကိုင်၍ စောင့်နေပြန်၏။

မင်းကြီးသည် စောင်းတန်းဦးသို့ရောက်သော် တတိယဂါထာ ကို ရွတ်သည်ကား

(၃) အဖြစ်သောမျောက်သည် သားဖြစ်သော မျောက်ငယ်၏ မျိုးစေ့ကို ငယ်စဉ်ကပင် သွားဖြင့်ကိုက်ဖြတ်၍ ယောကျ်ားအဖြစ်ကို ဖျက်ဆီး၏။

မင်းသားကြားသော် ငါ့ကိုဖမ်းတော့လတ္တံ့ဟု ကြောက်၍ ပြေးလေ၏။ လခွဲလွန်သော် အခြွေအရံတို့က တိုက်တွန်းအပ်သည်ဖြစ်၍ ဖခင်အိပ်ရာသို့ဝင်သောအခါ၌ သတ်အံ့ဟု ပလ္လင်အောက်တွင် ပုန်း၍ စောင့်နေ၏။

မင်းကြီးဝင်လာ၍ တံခါးခုံတွင် ရပ်ပြီးသော်

(၄) သင်သည် မုံညင်းခင်းသို့ဝင်သော ဆိတ်ကန်းကဲ့သို့ ကြောက်ရွံ့တုန်လှုပ်၏။ သတ်အံ့ဟု ပလ္လင်အောက်၌ ပုန်းနေသည်ကို ငါသိ၏ဟု ဆိုလေ၏။

ထိုအခါ မင်းသားသည် ငါ၏အကြံကိုသိချေပြီတကားဟု များစွာကြောက်လန့်လျက် ပလ္လင်အောက်မှထွက်ပြီးလျှင် သန်လျက်ကို မင်း၏ခြေရင်းတွင် ချထား၍ ရှိခိုးတောင်းပန်လေ၏။

မင်းသည်လည်း မိမိဆရာ၏ ကျေးဇူးကို အထူးသတိရတော်မူ၏။ ပြီးမှ မင်းသားကို စိတ်ချရအောင် နှောင်အိမ်၌ သွင်းထား၏။ ဖခမည်းတော်လွန်မှ နှောင်အိမ်မှထုတ်၍ မင်းမြှောက်ကြလေသတည်း။

ဇာတ်ပေါင်းသော်–

ဆရာသည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၆၈။ ဗာဝေရုဇာတ် ၃၉

ဒေါင်းမရောက်မီ ကျီးအဖိုးတန်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဘုရားမဖြစ်မီက တိတ္ထိတို့ လာဘ်လာဘရှင်သော်လည်း ဘုရားဖြစ်ပြီးနောက် လာဘ်လာဘတိတ်ကြောင်းနှင့် စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီကုန်သည်တစ်စုတို့သည် ဗာဝေရုတိုင်းသို့ ကုန်သွယ်သွားကြရာ ကျီးတစ်ကောင်ကိုလည်း ယူသွား၏။ ထိုဗာဝေရုတိုင်းအရပ်၌ ၄က်မရှိရကား ထိုအရပ်ရှိလူတို့သည် ကျီးကို မြင်သော် မည်းနက်ပြောင်ချောသော အဇမ္ဗူးအတောင်ရှိ၏ဟူ၍ လည်းကောင်း၊ ပတ္တမြားနားတောင်းနှင့်တူသော မျက်စိတို့ရှိကုန်၏ဟူ၍လည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက် တင့်တယ်၏ဟူ၍လည်းကောင်း အမျိုးမျိုး အံ့သြချီးမွမ်း မြတ်နိုးတနာ ပြောဆိုကြလျက် ထိုကျီးကို ကုန်သည်တို့ထံမှ ဝယ်ကြကုန်၏။ ဝယ်သူတို့က ရှေးဦးစွာ တစ်သပြာသာ ပေး၏။ မရောင်းဟုဆိုသည်နှင့် တက်၍တက်၍ ပေးရာ အသပြာတစ်ရာကျမှ ကျီးကိုရလေ၏။ ကျီးကို ရွှေချိုင့်၌ထည့်၍ အထူးထူး အပြားပြား အမဲ စသော စားဖွယ်သောက်ဖွယ်တို့ဖြင့် ချီးမြှောက်၍ ထား၏။

ကာလအတန်ကြာသော် ထိုကုန်သည်တို့ပင် ဒေါင်းတစ်ကောင်ကို တွန်လျက် က တတ်အောင် သင်ကြားပြီးမှ ထိုဗာဝေရုတိုင်းသို့ ယူသွားကြပြန်၏။ ဗာဝေရုတိုင်းသားတို့လည်း ထိုတွန်၍ ကတတ်သော၊ လှပတင့်တယ်သော ဒေါင်းကိုမြင်သော် အတိုင်းထက်အလွန်

နှစ်သက်မြတ်နိုးကြသည်နှင့် အဖိုးကို တက်၍တက်၍ အသပြာ တစ်ထောင်အထိပေး၍ ဝယ်ယူကြလေ၏။

ထိုဒေါင်းကိုကား ရတနာ ၇ပါးဖြင့်ပြီးသော ချိုင့်ခွံထား၍ ငါး၊ အမဲ၊ သစ်သီးကြီးငယ်၊ ပျား၊ သကြား၊ ပေါက်ပေါက် စသည်ဖြင့် အထူးကောင်းမွန်သော အစားအစာတို့ကို ပေး၍ လာဘ်လာဘအခြွေ အရံနှင့် ကျော်စောလေ၏။

ထိုဒေါင်းရောက်သည့်နေ့ကစ၍ ကျီးကို ကြည့်မည့်သူပင်မရှိ လေ။ လာဘ်လာဘအခြွေအရံမှ ယုတ်လေသော် ကျီးသည် ကား ကားဟု မြည်လျက် ပျံသွား၍ မစင်စွန့်ရာမြေ၌ အစာရှာစားရလေ သတည်း။

ဇာတ်ပေါင်းသော်–
ကျီးသည် (နိဂ္ဂြောဓာဒုပုတ္တ) တိတ္ထိ ဖြစ်လာ၏။
ဥဒေါင်းသည် ဘုရား ဖြစ်လာ၏။

စတုကနိပါတ်

၁၆၉။ ဝိသယှဇာတ် ၄၁

အလျှုသန်သော ဝိသယှသူဌေးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရှေးပညာရှိတို့. အလျှုသန်ပုံကို အနာထပိဏ်သူဌေး တောင်းပန်အပ်သည့် အတိုင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဝိသယှသူဌေးသည် အလှူပေးခြင်း၌ ရောင့်ရဲခြင်းမရှိ။ မြို့တံခါးလေးမျက်နှာ၊ မြို့လယ်၊ မိမိ၏အိမ်တံခါး ဤခြောက်နေရာတို့၌ အလှူတင်းကုပ်ကိုဆောက်၍ တစ်နေ့တစ်နေ့လျှင် ခြောက်သိန်းသောဥစ္စာတို့ကို လှူ၏။ လူတို့သည် အလုပ်အကိုင်ပင်မလုပ်ရဘဲ စားသောက်နေထိုင်ကြလေ၏။

သူဌေး၏ ဒါနအာနုဘော်ကြောင့် သိကြား၏နေရာ ပူပြင်းသဖြင့် စုံစမ်းသိရှိရသော် ထိုသူဌေးသည် ဒါနကြီးစွာပြု၍ သိကြားအဖြစ်ကို လိုယောင်တကား။ ထိုသူဌေး၏ဥစ္စာပစ္စည်း အလုံးစုံကို ကွယ်စေ၍ အလှူမပေးနိုင်အောင် ပြုအံ့ဟု သူဌေး၏ အတွင်းအပ ဥစ္စာအရပ်ရပ်တို့ကို မိမိ၏အစွမ်းဖြင့် ကွယ်စေ၏။

အလှူဧရပ်တို့၌လည်းကောင်း၊ အိမ်၌လည်းကောင်း တစ်စုံတစ်ရာမျှ ရှာဖွေ၍မတွေ့ကြသည်နှင့် များစွာအံ့သြကြလျက် သူဌေးကရှင်မ၊ မည်သို့ပင်ဖြစ်စေ အလှူကိုဖြတ်ခြင်းငှာ မတတ်ကောင်း၊ အိမ်တွင် တစ်စုံတစ်ရာ တွေ့သမျှကို ရှာဦးလော့ဟု ဆို၏။ သူဌေးကတော်ကလည်းရှာဖွေရာ မြက်ရိတ်ယောက်ျား စွန့်ပစ်ခဲ့သော တံစဉ်၊ ထမ်းပိုး၊ မြက်စည်းကြိုးတို့ကိုသာ တွေ့ရှိလေ၏။

သူဌေးလင်မယားလည်း မြက်ရိတ်ရောင်း၍ ရသမျှဖြင့် အလှူပေးကြအံ့ဟု မြက်ရိတ်ရောင်းရာ အသပြာတစ်ပဲရ၏။ ထိုတစ်ပဲကို ခွဲ၍ တစ်ဖို့ကို သူတောင်းစားတို့အား လှူ၏။ ဆောင်းခံသူများသဖြင့် မစေ့ငသောကြောင့် မိမိတို့အဖို့ကိုပါ ထည့်၍လှူရလေ၏။ သူဌေးလင်မယားကား ထိုနေ့၌ တစ်စုံတစ်ရာ မစားမသောက်ရ ရှိလေ၏။ ဤနည်းဖြင့် ထမင်း ၇ ရက် ငတ်လေ၏။

ထို ၇ ရက်မြောက်သောနေ့ကား။ နှုးညံ့သောကိုယ်ရှိသော သူဌေးသည် အားနည်းညှိုးနွမ်း နေပူခတ်သဖြင့် သတိလစ်ကာ မြက်စည်းပုံပေါ်တွင် လဲရှာလေ၏။

ထိုအခါ သိကြားသည် စုံစမ်းအံ့ဟု လာလတ်၍ အသင် ဝိသယှသူဌေး၊ သင်သည် အလျှုပေးသဖြင့် ဥစ္စာတို့ ကုန်ခန်းလေပြီ။ အကယ်၍ အလျှုကိုရပ်အံ့၊ သင် ဥစ္စာတို့ကို တစ်ဖန်ပြန်၍ရစေအံ့ဟု ဆို၏။

သင်အသူနည်း။ ငါ သိကြားတည်း။

အို သိကြား၊ သိကြားမည်သည်ကား ကိုယ်တိုင်အလျှုပေးခြင်း၊ သီလဆောက်တည်ခြင်းတို့ကြောင့် သိကြားအဖြစ်သို့ ရောက်၏။ သင်သည်ကား မိမိ၏ ကြီးပွားရာကြီးပွားကြောင်းဖြစ်သော အလျှုကို တားမြစ်သည်ဖြစ်၍ အလွန်ယုတ်မာသောအမှုကို ပြု၏။ ငါသည် အလျှုကိုရပ်မည်မဟုတ်။ ဥစ္စာရှိလျှင် ရှိသလောက်လျှုအံ့။ မရှိသော် မြက်ရိတ်၍ ရသမျှကိုလျှုအံ့။ ငါ့ကို မတားလေလင့်။

သူဌေးကြီး အဘယ်အလို့ငှာ အလျှုပေးသနည်း။

ငါသည် နတ်သိကြားအဖြစ်၊ ဗြဟ္မာ့အဖြစ်တို့ကိုရည်၍ အလျှုပေးသည်မဟုတ်။ သဗ္ဗညုတဉာဏ်တော်ကို လိုလို၍ အလျှုပေးခြင်းဖြစ်၏။

ထိုအခါမှ သိကြားသည် နှစ်သက်လျက် သူဌေး၏ကိုယ်ကို လက်ဖြင့် သုံးသပ်လေသော် သိကြား၏အာနုဘော်ကြောင့် ကိုယ်သည် ပြည့်ဖြိုးကျန်းမာခြင်းသို့ ရောက်လေ၏။

ပြီးမှ အရှင်သူဌေးမင်း၊ ယခုသော် ရှေးကထက် ၂ ဆပြု၍ တစ်နေ့လျှင် ၁၂ သိန်းသောဥစ္စာတို့ကို လျှုတော်မူပါလော့ဟုဆို၍ သူဌေး၏အိမ်၌ အတိုင်းအရည်မရှိသော ဥစ္စာတို့ကို ဖြစ်စေလေသတည်း။

ဇာတ်ပေါင်းသော်-
သူဌေးကတော်သည် ယသော်ရော ဖြစ်လာ၏။
ဝိသယှသူဌေးသည် ဘုရား ဖြစ်လာ၏။

စတုကနိပါတ်

၁၇၀။ ကာသဝဇာတ် ၄၉

မြိန်ရာဟင်းကောင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကောသလမင်းသည် ရဟန်းငါးရာတို့အား နေ့စဉ် ဆွမ်းလုပ်ကျွေးရာ နန်းတော်၌ မစားဘဲ ဆွမ်းကိုယူလာ၍ မိမိတို့အား လုပ်ကျွေးနေကျအိမ်တို့သို့ သွားပြီး လျှင် စားကြကုန်၏။

ဤအကြောင်းကို မင်းကြီးကြားသိ၍ ဘုရားအားလျှောက်ရာ မြတ်စွာဘုရားက အသင်မင်းကြီး၊ အသင်မင်းကြီး အိမ်တော်၌ အကျွမ်းတဝင် ချစ်ခင်ယုယစွာ လုပ်ကျွေးသူမရှိ ဖြစ်လိမ့်မည်။ အသင်မင်းကြီး အကျွမ်းဝင်သောသူတို့ပေးသော ဘောဇဉ်သည် မြတ်၏။ အကျွမ်းမဝင်သောသူတို့ပေးသော စတုမဓုသည် အကျွမ်းဝင်သောသူတို့ပေးသော ဟင်းရွက်ကိုမျှ မထိုက်လေဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကေသဝမည်သော ရသေ့ကြီးသည် မိမိနှင့် အထူးချစ်ခင် အကျွမ်းဝင်သော တပည့်ကြီး ကပ္ပကို ဟိမဝန္တာ၌ထား၍ မိမိကား ဗာရာဏသီမင်း၏ ဥယျာဉ်၌ မင်းတောင်းပန်ချက်အရ နေရလေ၏။

ထိုကေသဝရသေ့သည် တပည့်ကြီးကပ္ပနှင့် ကွေကွင်းရသည် ဖြစ်၍ လွမ်းနာကျလျက် ဝမ်းသွေးသွန်သောရောဂါသည်ဖြစ်၏။ မင်းသည် တတ်လှစွာသော ဆရာဝါးဦးနှင့် ကုသပါသော်လည်း အနာမည့် ရှိချေ၏။

ထိုရသေ့က မင်းကြီး၊ ငါ့အား အသက်ရှင်စေလိုသော် ဟိမဝန္တာသို့သာ ပို့ပါလော့ဟု ဆိုသဖြင့် ပို့ရလေ၏။ ရောက်၍ ခင်မင်အကျွမ်းဝင်သော တပည့်ကြီးကပ္ပကို တွေ့မြင်ရလျှင်ပင် ရောဂါသက်သာလေ၏။ ဆားမျှမခတ်ရသော သစ်ရွက်ပြုတ်နှင့် မြက်သီးဆန်ကြိတ် ယာဂုတို့ကို တိုက်သော် ပျောက်လေ၏။

မင်းသည် နာရဒမည်သောအမတ်ကို စေ၍ ကေသဝရသေ့၏ ရောဂါမည်သို့ရှိကြောင်းကို ကြည့်စေ၏။ နာရဒ သွားရောက်ကြည့်ရှု၍ ကျန်းမာနေသည်ကိုမြင်မှ။

အရှင်ဘုရား၊ နန်းတော်၌ ဆရာဝါးယောက်နှင့် မြင်သော အစားအစာကိုပေး၍ ကုမသော်လည်း ရောဂါမပျောက် ယခု ပျောက်သည်ကား အသို့ကုစားပါသနည်းဟု မေး၏။

အမတ် ကပ္ပရသေ့နှင့် ငါသည် အကျွမ်းဝင်၏။ ထိုရသေ့နှင့် အတူနေလျှင် ငါ၏စိတ် ချမ်းသာ၏။ ထိုရသေ့သည် ဆားမခတ်ဘဲ ရေဖြင့်ပြုတ် ဖျောအပ်သော သစ်ရွက်နှင့် မြက်ဆန်ကြိတ်ဆန် ယာဂုမျှကို တိုက်၍ ငါ၏ရောဂါ ပျောက်ပေ၏။ အမတ်ကြီး၊ အကျွမ်းတဝင် ချစ်ခင်လေးမြတ်စွာပေးသော အစားအစာသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကောင်းမြတ်တော့သည်သာတည်းဟု ဆိုလေ၏။

အမတ်လည်း ကြားသိသမျှအလုံးစုံကို မင်းအား ကြားလျှောက်လေသတည်း။

ဇာတ်ပေါင်းသော်-
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
နာရဒအမတ်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ကေသဝရသေ့သည် ဗကဗြဟ္မာ ဖြစ်လာ၏။
ကပ္ပရသေ့သည် ဘုရား ဖြစ်လာ၏။

❐

စတုကနိပါတ်

၁၇၁။ သန္ဓိဘောဇဇာတ် ၄၉
(သန္ဓိ = ဆက်စပ်ခြင်း။ ဘောဇ = ခွဲခြင်း။)

ကုန်းတိုက်တတ်သော မြေခွေးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကုန်းတိုက်တတ်သော ဆဗ္ဗဂ္ဂိရဟန်းတို့ကိုစွဲ၍ ပေသုည သိက္ခာပုဒ် (ကုန်းတိုက်ခြင်း သိက္ခာပုဒ်)ကို အကြောင်းပြုကာ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ခြသေ့နှင့် နွားလားတို့သည် အလွန်ချစ်ကြည်သော မိတ်ဆွေခင်ပွန်းဖွဲ့၍ နေကြသည်ကို မုဆိုးမြင်လျှင် အထူးအဆန်းအနေနှင့် မင်းအားလျှောက်၏။

မင်းကလည်း အချင်းမုဆိုး၊ ထိုခြသေ့နှင့် ဥသဘနှစ်ဦးတွင် သုံးယောက်မြောက်သောအဖော် ဖြစ်ပေါ်လာခဲ့။ ထိုအဖော်သည် ကုန်းတိုက်၍ ခြသေ့နှင့်နွားတို့ကို ဘေးဖြစ်စေလိမ်မည်။ သို့ကြောင့် သုံးယောက်မြောက်အဖော်ကိုမြင်လျှင် ငါ့အား လျှောက်လှည့်ဟု ဆို၏။

မုဆိုးလည်း မကြာမီပင် မြေခွေးတစ်ကောင် ရောက်နေသည်ကို မြင်လေလျှင် မင်းအား သွားရောက်လျှောက်၏။

ထိုသို့သွားရောက်လျှောက်နေစဉ်အတွင်း မြေခွေးသည် ငါကား အသားမျိုးစုံစားဖူးပြီ၊ ခြသေ့သားနှင့် နွားလားသားတို့ကို မစားဖူးသေး။ စားရအောင် ကြံဦးအံ့ဟု ခြသေ့အား နွားသည် ဤသို့ဤသို့ ဆိုဏ် ဟူ၍လည်းကောင်း၊ နွားအား ခြသေ့သည် ဤသို့ဤသို့ ဆိုဏ်ဟူ၍ လည်းကောင်း တစ်လှည့်စီ ချောပစ်ကုန်းတိုက်လေရာ မကြာမီပင် အချစ်ပျက်ကြ၍ တိုက်ခိုက်သေဆုံးကြလေ၏။

ထိုအခါ မြေခွေးသည် ရွှင်လန်းဝမ်းမြောက်စွာနှင့် ခြသေ့သား ကို တစ်လှည့် နွားလားသားကို တစ်လှည့် စား၍နေလေ၏။

မုဆိုးလျှောက်သည်ကို မင်းကြားသော် အချင်းမုဆိုး၊ ငါတို့ သည် ခြသေ့နှင့် နွားတို့ ပျက်စီးသည်ကို မြင်ရတော့မည် သွား၍ ကြည့်ကုန်အံ့ဟု ရထားနှင့်လာရောက်ရာ ထင်သည့်အတိုင်းတွေ့ရှိမှ မင်းသည် ရထားထိန်းအား အောက်ပါအတိုင်း ဆိုပေ၏။

ရထားထိန်း၊ သင်ရှုကြည့်ပါလော့။ ခြသေ့နှင့်နွားတို့သည် အလွန်ချစ်ခင်ကြ၏။ သို့လျက် မြေခွေး၏ ကုန်းတိုက်စကားကြောင့် သေကျေပျက်စီးကြရလေပြီ။ ကုန်းစကားသည် သန်လျက်ကဲ့သို့ မိတ် အချင်းအချင်းကို ဖျက်တတ်၏။ ကုန်းစကားကိုယုံသောသူတို့သည် ပျက်စီးရ၏။ မယုံသောသူတို့သည် ချမ်းသာရာရ၏ဟု ဆိုပြီးနောက် ခြသေ့၏ လည်ဆံအရေ၊ ခြေသည်းလက်သည်း၊ အစွယ်တို့ကိုယူ၍ နန်းတော်သို့ ပြန်လေသတည်း။

ဇာတ်ပေါင်းသော်-
မင်းသည် ဘုရား ဖြစ်လာ၏။

❐

ပဏ္ဍကနိပါတ်

၁၇၂။ သုဇာတဇာတ် ၂

ပညာရှိသုဇာတအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အဖသေသဖြင့် အလွန်ပူဆွေးငိုကြွေးနေသော သူကြွယ်တစ်ယောက်ကို ဆုံးမရန် အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ သုဇာတမည်သော သူကြွယ်၏ အဖိုးသည် သေလွန်ရာ သုဇာတ၏အဖသည် သောကကြီးစွာဖြင့် ငိုယိုး၏။ အရိုးတို့ကိုယူ၍ ဥယျာဉ်၌ စေတီတည်ပြီးသော် နေ့တိုင်းလိုပင် သွားရောက်ငိုကြွေး၏။ ရေမချိုး၊ မလိမ်းမကျံ၊ မစားသောက် ဤသို့သာ ပင်ပန်းကြီးစွာဖြစ်၍ နေလေ၏။

ထိုအခါ သုဇာတသည် ငါသည် အဖအား သက်သာရာကို ရစေအံ့ဟု တစ်နေ့၌ ရွာပြင်တွင် နွားသေတစ်ခု၏ရှေ့သို့ မြက်၊ ရေတို့ကို ယူသွား၍ စားလော့၊ သောက်လော့ဟု ကျွေးမွေးနေ၏။

လာတိုင်းလာတိုင်းသောသူတို့သည် မြင်လျှင် အချင်းသုဇာတ အသင်ရူးသလောဟု ဆိုကြ၏။ သုဇာတကား တစ်စုံတစ်ရာ ပြန်၍ မဆိုဘဲနေလေ၏။ ထိုအခါ လူတို့သည် သုဇာတအဖထံသို့ သွားရောက် အလုံးစုံကို ပြောကြားကြလေလျှင် သုဇာတအဖသည် ပြင်းစွာ စိုးရိမ်လျက် အမြန်လာရောက်ပြီးလျှင် ချစ်သားသုဇာတ၊ သင်သည် ပညာရှိမဟုတ်လော။ အဘယ်ကြောင့် နွားသေကို မြက်၊ ရေ ကျွေးမွေးနေသနည်း။ မြက်၊ ရေ ပေးသော်လည်း ထတော့မည်မဟုတ်တကားဟု ဆို၍။ ထိုအခါ သုဇာတက ဖခင်၊ ဤနွားသေသော်လည်း ဦးခေါင်း၊

လက်ခြေ စသည်တို့သည် ရှေးအတိုင်း မပျက်ထင်ရှားရှိသေး၏။ သို့ကြောင့်လည်း ထရာသေး၏ဟု ငါထင်၏။ ငါ၏အဘိုး သေလွန်ခြင်းဌာကား ဦးခေါင်းလက်ခြေမှစ၍ တစ်စုံတစ်ရာ မကျန်တော့ပြီ။ သို့ပါလျက်နှင့် ဖခင်သည် မြေစေတီ၌ သွားရောက်မကြာမကြာငိုယိုခြင်းသည် ပညာမဲ့ခြင်းကြောင့် မဟုတ်လောဟု ဆို၏။

ထိုအခါမှ အဖက ချစ်သား၊ ယခု သင်သည် ငါ့အားဆုံးမအပ်ပြီဖြစ်၍ လောကဌ် မမြဲသောတရားကို ငါမြင်လေပြီ။ သင်သည် ငါ၏ပူဆွေးခြင်းကို ပယ်ဖျောက်လေပြီဟု ဆိုလေသတည်း။

ဇာတ်ပေါင်းသော်–

သုဇာတသည် ဘုရား ဖြစ်လာ၏။

ပဋ္ဌကနိပါတ်

၁၇၃။ ဆေနသာခဇာတ် ၃

ကြမ်းကြုတ်သောမင်းအကြောင်း

မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သံသုမာရဂိရိပြည် ဆောသကဌာတော၌ သီတင်းသုံးနေတော်မူစဉ် ဥတောနမင်း၏သား ဗောဓိမင်းသားသည် အလွန်တတ်မြောက်သော လက်သမားအား ပြိုင်ဖက်ကင်းသော ကောကနဒမည်သော ပြာသာဒ်ကို ဆောက်စေပြီးနောက် အခြားသောမင်းတို့အား ဤသို့သော ပြာသာဒ်မျိုး ဆောက်လုပ်ပေးမည်ကို ဝန်တိုစိုးရိမ်သဖြင့် လက်သမား၏ မျက်စိတို့ကို ထုတ်ပစ်လေ၏။

ထိုအကြောင်းကို ရဟန်းတို့မှတစ်ဆင့် မြတ်စွာဘုရား ကြားတော်မူသော် ရှေးကလည်း ဤသို့ပင် ကြမ်းကြုတ်ဖူး၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် အလွန်ကြမ်းကြုတ်ရက်စက်၏။ မင်းသားဘဝနှင့် အတတ်သင်စဉ်က ဆရာကြီးသည် အင်္ဂဝိဇ္ဇာဖြင့် ထိုမင်းသား၏ ကြမ်းကြုတ်ရက်စက်သောသဘောကို သိ၍ ကြမ်းကြုတ်သောအမှုကို မပြုရန်အကြောင်း၊ မကောင်းမှုသည် မကြာမြင့်မီ မကောင်းကျိုးကို ပေးတတ်ကြောင်းများကို ဆုံးမလိုက်ဖူး၏။

ထိုမင်းဌာခစားသော ပုရောဟိတ်သည်လည်း ကြမ်းကြုတ်ရက်စက် အလိုကြီးသည်ဖြစ်၍ မင်းအား ဇမ္ဗူဒြိပ်ဌ် အလုံးစုံသောမင်းတို့ကို ဖမ်း၍ ဧကရာဇ်ပြုစေရသည်ရှိသော် မိမိကိုယ်တိုင်လည်း မြင့်မြတ်သော ပုရောဟိတ်ကြီးဖြစ်လတ္တံ့ဟု ကြံ၍ မင်းအား မိမိအလိုသို့လိုက်စေ၏။

ဤသို့လျှင် အတိုင်းတိုင်း အပြည်ပြည်တို့ကို တိုက်ခိုက်အောင်မြင်ပြီး၍ မင်းတစ်ထောင်ခြံရံလျက် တက္ကသိုလ်ပြည်သို့ ရောက်လာလေ၏။ တက္ကသိုလ်ပြည်ကိုကား မြို့ခိုင်လုံသည်ဖြစ်၍ မရဘဲ မြစ်အနီးညောင်ပင်ကြီးအောက်ဌ တပ်ချတည်းခိုနေလေ၏။

မင်းကြီးသည် အသိုပြုအံ့နည်းဟု ပုရောဟိတ်နှင့် တိုင်ပင်သော် ပုရောဟိတ်က အရှင်မင်းကြီးရခဲ့သော မင်းတစ်ထောင်တို့၏ မျက်စိတို့ကိုထုတ်၍ သတ်ပြီးလျှင် ဝမ်းကိုခွဲ၍ မြတ်သောအသားဖြင့် ပညောင်နတ်အား ပူဇော်ခြင်းကိုပြုလော့။ အဂုတို့ဖြင့် ပညောင်ပင်ကိုရစ်၍ သွေးလက်ငါးချောင်းရာ ပေးလော့။ ဤသို့ပြုရလျှင် မုချတက္ကသိုလ်ပြည်ကို အောင်ပါလိမ့်မည်ဟု လျှောက်လေ၏။

မင်းကြီးလည်း အကြံပေးချက်အတိုင်း ရက်စက်စွာပြုစေ၏။ ပြီးသည်နှင့် တစ်ပြိုင်နက် ပြစင်ထက်မှ ဘီလူးတစ်ကောင်သည် လာလတ်၍ ထိုမင်း၏လက်ယာမျက်စိကို ထုတ်ယူသွားလေ၏။ ထိုအခါ မင်းသည် ပြင်းစွာနာကျင်သည်နှင့် ညောင်ပင်အောက်တွင် ပက်လက်အိပ်နေရာ ညောင်ပင်ထက်မှ လင်းတသည် အသားကိုစားပြီးသော အစွန်းထက်သော အရိုးကိုချလိုက်ရာ ထိုမင်း၏ လက်ဝဲမျက်စိထက်သို့ ကျ၍ တံကျင်ကဲ့သို့ ဖောက်လေ၏။

ထိုအခါမှ ဆရာ၏စကားကိုသတိရ၍ ငါပြုအပ်သောမကောင်းမှုသည် တူသောအကျိုးကို ပေးလေပြီတကားဟု မြည်တမ်းလျက်သေ၍ ငရဲသို့ စိုက်စိုက်ဆင်းရလေသတည်း။

ဇာတ်ပေါင်းသော်–
မင်းသည် ဗောဓိမင်းသား ဖြစ်လာ၏။
ပုရောဟိတ်သည် ဒေဝဒတ် ဖြစ်လာ၏။
ဆရာကြီးသည် ဘုရား ဖြစ်လာ၏။

ပဋ္ဌကနိပါတ်

၁၇၄။ ဥရုဇာတ် ၄
(ဥရု = မြွေ)

တရားပြည့်သော အိမ်သားတစ်စုတို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သားသေသဖြင့် အလွန်ပူဆွေးနေသော သူကြွယ်တစ်ဦးအား အကြောင်းပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရွာတစ်ရွာ၌ လယ်သမားတစ်ယောက်သည် မိမိ၏မယား၊ သား၊ သမီး၊ ချွေးမ၊ ကျွန်မတို့နှင့် တစ်အိမ်တည်း နေကြ၏။ ထိုလယ်သမား၏အဆုံးအမဖြင့် တစ်အိမ်သားလုံး ဒါန၊ သီလနှင့် ပြည့်စုံ၏။ အထူးကား သတ္တဝါတို့၏ ရှင်ခြင်းကားမမြဲ။ သေခြင်းကား မြဲ၏ဟု သေတတ်သောတရားကို အမြဲနှလုံးသွင်း၏။

တစ်နေ့သော် သားအဖနှစ်ယောက် လယ်ထွန်သွားရာ သားကို မြွေကိုက်၍ သေလေသဖြင့် အဖသည် သား၏အလောင်းကို သစ်ပင်တစ်ပင်အောက်၌ ကောင်းမွန်စွာထားလင့်၏။ တစ်စုံတစ်ရာ ပူဆွေးငိုကြွေးခြင်းမပြု။ သေမျိုးတို့သည် သေရမည်ပင်တည်းဟု တရားယူ၍ လယ်ထွန်လျက်ပင်နေ၏။

ထိုခဏ၌ အိမ်နီးချင်းတစ်ယောက်သည် အနီးတွင်ဖြတ်သွားရာ လယ်သမားက အမောင်၊ ငါ၏အိမ်သို့ ပြောပါလေ။ ယနေ့ နှစ်ယောက်စာ ထမင်းမဟုတ်၊ တစ်ယောက်စာသာလို၏။ နေ့တိုင်းကဲ့သို့ ကျွန်မတစ်ယောက်ကိုသာ ထမင်းပို့မခိုင်းဘဲ အိမ်သားလေးယောက်လုံး စင်ကြယ်သောအဝတ်ကို ဝတ်၍ နံ့သာလက်စွဲလျက် လာကြစေရန် ပြောလိုက်ပါလော့ဟု မှာလိုက်၏။

မှာလိုက်သည့်အတိုင်း ရောက်ကြသော် အဖသည် သား၏အလောင်းအနီး၌ပင် ထမင်းစား၏။ ပြီးသော် ထင်းနံ့သာတို့နှင့် အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ကြ၏။ တရားပြည့်ကြသည်ဖြစ်၍ တစ်ယောက်မျှ မျက်ရည်မကျကြကုန်။ သေတတ်ခြင်းတရားကိုသာ သတိပြု၍ နေကြကုန်၏။

ထိုသူတို့၏ သီလတန်ခိုးကြောင့် သိကြားမင်းနေရာပူ၍ စုံစမ်း၊ အကြောင်းသိရသော် ထိုသူတို့၏ဂုဏ်ကို ပေါ်စေ၍ ချမ်းသာစေအံ့ဟု အနီးသို့လာပြီးလျှင် အမောင်တို့၊ အဘယ်အမှုကိုပြုကုန်သနည်းဟု မေး၏။

လူသေ၏အလောင်းကို သင်ဂြိုဟ်ကြပါသည်။

သင်တို့၏ပုံပန်းကိုထောက်သော်လူသေဟုတ်မည်မထင်၊ သမင်ကိုဖုတ်နေသည်ဟု ထင်မိ၏။

သမင်မဟုတ်ပါ၊ လူဖြစ်ပါသည်။

လူဖြစ်လျှင် သင်တို့၏ရန်သူလော။

ရန်သူမဟုတ်ပါ၊ သားရင်းဖြစ်ပါသည်။

သားဖြစ်လျှင် မချစ်သောသားဖြစ်သလော။

မချစ်သောသားမဟုတ်ပါ၊ အလွန်ချစ်သောသားဖြစ်ပါ၏။

ထိုသို့လျက် အဘယ်ကြောင့် မင်ိသနည်း။

အရှင်၊ မြွေသည် အရေဟောင်းကိုစွန့်၍သွားသကဲ့သို့ ငါတို့၏သားသည် မိမိကိုယ်ကိုစွန့်သွား၏။ ဤကျန်ရစ်သော ကိုယ်သည် သားမဟုတ်၊ သားသည် မိမိလားရာဂတိသို့သွားလေပြီ။ သို့ကြောင့် ငါသည် သားအတွက် မစိုးရိမ်ပါ။

ထိုအခါ သိကြားသည် မိခင်သို့လှည့်၍ အသင်သည် သေသောသူနှင့် အသို့တော်စပ်သနည်း။

အရှင်၊ ဆယ်လပတ်လုံး ဝမ်းဖြင့်လွယ်၍ နို့တိုက်ပြီးလျှင် လက်ခြေတို့ကို ကောင်းစွာပြုပြင်၍ ကြီးစေသောသား ဖြစ်ပါသည်။

ဖခင်သည် ယောကျ်ားဖြစ်၍ မင်ိလျှင် ရှိပါစေဦး၊ အမိကားနှလုံးနူးညံ့၏။ အဘယ်ကြောင့် မင်ိသနည်း။

အရှင်၊ ထိုသားသည် ငါတို့ကမခေါ်ဘဲ ငါတို့အိမ်ဦးဖြစ်လာ၏။ ငါတို့ခွင့်မလွှတ်ဘဲ ဘဝတစ်ပါးသို့ ပြောင်းသွား၏။ ဤသို့အလိုအလျောက်လာ၍ အလိုအလျောက်သွားသော သားအတွက်ကို ငို၍ အဘယ်အကျိုးရှိအံ့နည်း။ မိဘဆွေမျိုးတို့ ငိုကြွေးသည်ကို သိသည်မဟုတ်ဘဲ၊ ဘဝတစ်ပါးသို့ သွားလေပြီတကားဟု ဆို၏။

ထို့နောက် သိကြားသည် နှမကိုမေး၏။ နှမကလည်း အရှင်၊ အကျွန်ပ်ငိုသော် ကြုံလို၍ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ စိတ်မချမ်းသာရုံသာရှိမည်။ အကျွန်ပ်၏မောင်သည် ထိုက်ရာသို့ လားလေပြီ။ အဘယ်မှာ ပူဆွေးရန်ရှိတော့သနည်းဟု ဆို၏။

မယားကိုမေးပြန်သော် အရှင်၊ သေလေပြီးသောသူအတွက် ငိုကြွေးခြင်းသည် သွားလေသောလမင်းကို ပေးပါဟု ငိုရှိတောင်းသောသူငယ်နှင့်တူ၏။ အကျွန်ပ်လင်သည် ထိုက်ရာသို့လားလေပြီ။ အကျွန်ပ်တို့ ငိုကြွေးခြင်းကို သိတော့သည်မဟုတ်တကားဟု ဆို၏။

ကျွန်မကို မေးပြန်ရာ အရှင်၊ သေပြီးသူကို တောင့်တငိုကြွေးသူသည် ကွဲလေပြီးသောအိုးကို ပြန်စေ့စပ်ရန် တောင့်တသည်နှင့်တူ၏။ အကျွန်ပ်၏အရှင်သည် ထိုက်ရာသို့လားလေပြီ။ အကျွန်ပ် ပူတွက်မရှိဟု ဆို၏။

ထိုအခါမှ သိကြားမင်းသည် ထိုသူတို့အား အလွန်ကြည်ညိုလျက် သင်တို့သည် ဤနေ့မှစ၍ အလုပ်မလုပ်ကြနှင့်တော့။ ငါသည် သင်တို့အိမ်၌ ရတနာခုနစ်ပါးကို ပြည့်စေအံ့။ သင်တို့သည် ဒါန၊ သီလ၊ ဘာဝနာတို့ကိုသာ ကြိုးစားပြုကြပါလော့ဟုဆို၍ ပြန်လေသတည်း။

ဇာတ်ပေါင်းသော်–

ကျွန်မသည် ခဇုတ္တရာ ဖြစ်လာ၏။
သမီးသည် ဥပ္ပလဝဏ် ဖြစ်လာ၏။
သားသည် ရာဟုလာ ဖြစ်လာ၏။
အမိသည် ခေမာ ဖြစ်လာ၏။
အဖသည် ဘုရား ဖြစ်လာ၏။

❐

ပဌကနိပါတ်

၁၇၅။ လဋ္ဌကိကဇာတ် ၇

(လဋ္ဌကိကာ = နံစုပ်ငှက်၊ ဘီလုံးငှက်လည်းဆိုသည်။)

ဆင်နှင့် နံစုပ်ငှက်မအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်၏ ကြမ်းကြုတ်ရက်စက်၊ နိုင်ထက်ကလူ ပြုမူတတ်ခြင်းနှင့် ပတ်သက်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသရောအခါ ဟိမဝန္တာ၌ ဆင်မင်းသည် မိမိ၏ ဆင်ရှစ်သောင်းနှင့် လှည့်လည်ရာ လမ်း၌ အသိုက်ပြုလုပ်နေသော နံစုပ်ငှက်မသည် မိမိ၏သားငယ်တို့ကို နင်းသတ်ခြင်းမပြုပါမည့်အကြောင်း ရိုသေစွာ တောင်းပန်လေ၏။

ထိုအခါ ဆင်မင်းသည် အသိုက်ထက်၌ ခွၽတ်ရုပ်ပြီးလျှင် ဆင်ရှစ်သောင်းကို လွန်စေပြီးမှ အချင်းငှက်မ၊ နောက်မှ တစ်စီးတည်းသော ဆင်သည် လာလတ္တံ့။ ထိုဆင်ကား ငါ၏စကားကို နားမထောင်ရက်စက်ကြမ်းကြုတ်၏။ ထိုဆင်လာသောအခါမှ တောင်းပန်ဦးဟု မှာထား၍ သွားလေ၏။

ထိုဆင်ရောက်လာသောအခါ ယခင်နည်းအတိုင်း တောင်းပန်၏။ ထိုဆင်သည်ကား ဟယ်–ငှက်မ၊ သင့်သားတို့ကို ငါသတ်အံ့။ သင်ကဲ့သို့ အားနည်းသောငှက်မသည် ငါကဲ့သို့ အားကြီးသောဆင်ကို အသိုပြုနိုင်အံ့နည်း။ သင်သို့သောငှက်မျိုး တစ်သိန်းမျှသော်လည်း ငါ၏လက်ဝဲခြေတစ်ဖက်ဖြင့်ပင် သတ်နိုင်၏ဟု ကြုံးဝါး၍ ငှက်ငယ်တို့ကို ခြေဖြင့်နင်းနယ် သတ်ဖြတ်၊ ကျင်ငယ်ရေဖြင့် မျောစေပြီးလျှင်

မြည်ဟည်းကာ ထွက်သွားလေ၏။ ၄က်မကလည်း သင်သည် ယခု မြည်ဟည်းလျက် ထွက်သွား၏။ ကိုယ်အားထက် ဉာဏ်အားကြီးသော အဖြစ်ကို နှစ်ရက်သုံးရက်အတွင်း သင် သိလတ္တံ့ဟု ဟစ်အော်ခြိမ်းခြောက်လိုက်၏။

ထို့နောက် နံစုပ်၄က်မသည် ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့နှင့် အဆွေခင်ပွန်းဖွဲ့ပြီးလျှင် အောက်ပါအတိုင်း စီမံဆောင်ရွက်ကြလေ၏။

ကျီးသည် ထိုဆင်၏ မျက်စိနှစ်ဖက်တို့ကို နှုတ်သီးဖြင့် ထိုးဖောက်လေ၏။ ယင်မမဲရိုင်းသည် ထိုပျက်ပြီးသော မျက်စိတို့၌ ပိုးလောက်တို့ကို ဖြစ်စေ၏။ ထိုအခါ ဆင်သည် မျက်စိပျက်သည့်ပြင် ဝေဒနာရောက်လျက် ရေငတ်လှသည်နှင့် ရေရှာလှည့်လည်သည်တွင် ဖားက တောင်ထိပ်မှနေ၍ အသံပြု၏။ ရေရှိလတ္တံ့ဟု တောင်ထိပ်သို့ တက်၍ ရောက်သော် ဖားသည် တောင်ကမ်းပါးမှနေ၍ အသံပြု၏။ ဆင်သည် ထိုဖားသံဆီသို့ လာခဲ့ရာ တောင်ကမ်းပါးပြတ်သို့ လျှောကျ၍ သေလေ၏။

ထိုအခါမှ နံစုပ်၄က်မသည် ဝမ်းမြောက်ဝမ်းသာဖြင့် ဆင်၏ ကျောက်ကုန်းထက်၌ ထိုမှဤမှ လူးလာသွားနေလေသတည်း။

ဇာတ်ပေါင်းသော်...

ထိုဆင်ကြီးသည် ဒေဝဒတ် ဖြစ်လာ၏။
ဆင်မင်းသည် ဘုရား ဖြစ်လာ၏။

❐

ပဋ္ဌကနိပါတ်

၁၇၆။ စူဠဓမ္မပါလ ၈

(စူဠ = ငယ်သော။ ဓမ္မပါလ = တရားစောင့်သော)

ဓမ္မပါလဇာတ်

ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်အံ့သောငှာ လုံ့လပြုသည်နှင့် ပတ်သက်၍ ရှေးကလည်း သတ်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဝေဠုဝန်ကျောင်း၌ ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် မဟာပတာမမင်းနှင့် စန္ဒာဒေဝီမိဖုရားကြီးတို့တွင် ခုနစ်လသားအရွယ် ဓမ္မပါလမည်သော သားတော်တစ်ပါးရှိ၏။

တစ်နေ့သော် စန္ဒာဒေဝီမိဖုရားကြီးသည် သားတော်ကို ရေမိုးချိုး၍ နံ့သာလိမ်းကျံပြီးလျှင် သား၏ချစ်ခြင်းဖြင့် ရွှင်မြူးပျော်ပါးကစားလျက်နေ၏။ ထိုခဏ၌ မဟာပတာမမင်းသည် မိဖုရားနေရာသို့ ဝင်လာလတ်သော် မိဖုရားသည် မင်းကိုမြင်လျက်လည်း သား၌ချစ်ခြင်းစွဲလမ်းနေသည်နှင့် နေရာမှ မထမိရှိသည်ကို ဤမိဖုရားကား ယခုကပင် သား၏မာနဖြင့် ငါ့ကို မထီမဲ့ပြု၏။ သားကြီးသော်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ထိုသားကို ယခုကပင် သတ်ပစ်အံ့ဟု သူသတ်တို့အား ရောက်စေ၏။

သူသတ်တို့ရောက်သော် သားတော်ဓမ္မပါလကို မိဖုရား၏ရင်ခွင်မှလုယက်စေ၍ မင်းရှေ့၌ ပျဉ်ပြားပေါ်တွင် အိပ်စေ၏။ မိဖုရားလည်း ငိုလျက်လိုက်လာ၏။

မင်းသည် သူသတ်တို့အား ဓမ္မပါလလက်တို့ကို ဖြတ်လော့ဟု အမိန့်ပေးလေ၏။ ထိုအခါ မိဖုရားကြီးသည် ပြင်းစွာငိုယိုလျက် အရှင်မင်းကြီး၊ ဤခုနစ်လသားခ္ဍ တစ်စုံတစ်ရာ အပြစ်မရှိပါ။ အပြစ်ရှိသော် အကျွန်ုပ်၏အပြစ်သာ ဖြစ်ပါမည်။ ထို့ကြောင့် သားတော်၏လက်တို့ကို မဖြတ်ပါလင့်။ အကျွန်ုပ်၏လက်တို့ကိုသာ ဖြတ်ပါလော့ဟု သနားစဖွယ် တောင်းပန်လေ၏။

သူသတ်တို့လည်း မင်း၏မျက်နှာကိုကြည့်၏။ ထိုအခါ မင်းက သူသတ်တို့ စောင့်မနေလင့်၊ ယခုပင်ဖြတ်လော့ဟု ဆို၏။ သူသတ်တို့လည်း ထက်စွာသောပုဆိန်ဖြင့် မင်းသား၏လက်နှစ်ဖက်တို့ကို နုစွာသော ဝါးစို့ကို ဖြတ်သကဲ့သို့ ဖြတ်ကြလေ၏။

မင်းသားငယ်လည်း မျက်ရည်မျှမယို မငိုဘဲ၊ ခန္ဓီမေတ္တာကိုသာ ရှေ့ထား၍ သည်းခံတော်မူ၏။ မိဖုရားကား ဖြတ်လိုက်သော လက်ပြတ်တို့ကို ကောက်ယူ၍ ရင်ခွင်ခ္ဍ သွေးအလိမ်းလိမ်းဖြင့် ပိုက်လျက် သွား၏။

တစ်ဖန် မင်းသည် လူသတ်တို့အား ဓမ္မပါလ၏ခြေတို့ကို ဖြတ်ဦးလော့ဟု ဆိုပြန်၏။ မိဖုရားလည်း အရှင်မင်းကြီး၊ အကျွန်ုပ်သာလျှင် အပြစ်ရှိပါသည်။ ထိုသားငယ်ကိုလွှတ်၍ အကျွန်ုပ်၏ခြေတို့ကိုသာ ဖြတ်ပါလော့ဟု ငိုမြည်တောင်းပန်၏။ ထိုသို့တောင်းပန်စဉ်ပင် သူသတ်တို့သည် ခြေကိုဖြတ်ရလေ၏။ မိဖုရားလည်း ဖြတ်ပြီးသောခြေတို့ကို ကောက်ယူပိုက်ထွေး ငိုကြွေးလျက် အရှင်မင်းကြီး၊ လက်ခြေဖြတ်ပြီးသော သားငယ်ကို အမိသည် ကျွေးမွေးပြုစုနိုင်ပါသေး၏။ သားကို ပေးပါလော့ဟု တောင်းလေ၏။

သူသတ်ကြီးကလည်း အရှင်မင်းကြီး၊ အကျွန်ုပ်၏ကိစ္စ ပြီးပါပြီလောဟု မေး၏။ မပြီးသေး ဦးခေါင်းကိုဖြတ်ဦးလော့ဟု မိန့်ပြန်၏။

မိဖုရားလည်း အရှင်မင်းကြီး၊ အကျွန်ုပ်၌သာ အပြစ်ရှိပါသည်။ အကျွန်ုပ်၏ဦးခေါင်းကို ဖြတ်ပါလော့ဟု မိမိ၏ဦးခေါင်းကို စဉ်းတီတုံးတွင် ခံလာ၏။ သူသတ်တို့ကား မင်း၏အလိုအတိုင်း ဓမ္မပါလ၏ဦးခေါင်းကိုသာ ဖြတ်ကြရလေသတည်း။

တစ်ဖန် သူသတ်တို့က အသိုပြုရအံ့နည်းဟုမေးသော် သန်လျက်ပန်း ကစားလော့ဟုဆို၏။ ထိုအခါ သူသတ်တို့သည် ဓမ္မပါလ၏ ကိုယ်ကို ကောင်းကင်သို့ ပစ်၍ ပစ်၍ သန်လျက်သွားဖြင့် ခံလျက် ခံလျက် သန်လျက်ပန်း ပြုကုန်၏။ အသားတို့သည် ပြာသာဒ်အပြင်၌ ဖရိုဖရဲကြဲလျက် ကျကုန်၏။

မိဖုရားကြီးလည်း ထိုသွေးလိမ်းသောအသားတို့ကို ကောက်ယူ ပိုက်ထွေးလျက် မင်းခစားဖြစ်သော မှူးမတ်တို့သည်လည်းကောင်း၊ ဆွေမျိုးဥာတိ အဆွေခင်ပွန်းတို့သည်လည်းကောင်း၊ နှုးညံ့သော နှလုံးရှိသောသူတို့သည်လည်းကောင်း မိမိ၏ရင်မှဖြစ်သော သားကို မသတ်ထိုက်၊ မသတ်ပါလင့်ဟု မည်သူမျှ မလျှောက်ကြပေပြီ။ အကျွန်ုပ်၏ ချစ်လှစွာသောသားငယ်သည် လက် ခြေ ဦးခေါင်းပြတ်လျက် သေရလေပြီတကား။ အသို့လျှင် အကျွန်ုပ်၏ အသက်ရှင်နိုင်တော့အံ့နည်းဟု သက်ကြီးရှိက်ဖိုင်ယိုလျက် ကိုယ်ကိုလဲချလိုက်ပြီးနောက် နှလုံးကွဲ၍ အသက်ပျောက်ရရှာလေသတည်း။

မင်းသည်ကား ပြာသာဒ်အမြင့်မှ မြေသို့လဲကျ၍ ဤနှစ်သိန်းလေးသောင်း အထူရှိသော မဟာပထဝီမြေကြီးသည် ထိုမင်းယုတ်မာ၏ မကောင်းမှုကျေးဇူးမဲ့ကို သည်းခံခြင်းငှာ မတတ်နိုင်ရကား နှစ်ဖြာခွဲ၍ ဟင်းလင်းသောအပြင်ကိုပေး၏။ အဝီစိမှ မီးလျှံသည် တက်လတ်၍ ထိုမင်းဆိုးမင်းယုတ်ကို ခြုံရုံယူသွားလေသတည်း။

ဇာတ်ပေါင်းသော်...
မဟာပတာမမင်းသည် ဒေဝဒတ် ဖြစ်လာ၏။
စန္ဒာဒေဝီသည် မဟာပဇာပတိဂေါတမီ ဖြစ်လာ၏။
ဓမ္မပါလသည် ဘုရား ဖြစ်လာ၏။

ပဌကနိပါတ်

၁၇၇။ ဝဏ္ဏာရောဟဇာတ် ၁၁

ကုန်းတိုက်သော မြေခွေးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် အထူးတရားအားထုတ်ရန် တစ်ခုသော ရွာကျောင်း၌ နေကြကုန်၏။ ထိုအရှင်နှစ်ပါးထံ၌နေသော စားကြွင်းစားသည် မကောင်းသောစိတ်ဖြင့် ကုန်းတိုက်ကြလေ၏။ ထိုအရှင်နှစ်ပါး တွေ့ဆုံ၍ အလုံးစုံ ပြန်ကြားကြပြီးနောက် ထိုစားကြွင်းစားကို နှင်ထုတ်လေ၏။ ထိုအကြောင်းကို မြတ်စွာဘုရားကြားသော် ယခုသာမဟုတ် ရှေးကလည်း ကွဲပြားခြင်းငှာ မတတ်နိုင်သည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးအခါ ခြသေ့နှင့် ကျားတို့သည် ချစ်ခင်သင့်မြတ်စွာ အဆွေခင်ပွန်းဖွဲ့၍ နေကြကုန်၏။ မြေခွေးတစ်ကောင်သည် ထိုခြသေ့နှင့် ကျားတို့ထံ၌ ခစား၍ စားကြွင်းကိုစားကာ ဝဖြိုးသောကိုယ်ရှိ၏။

တစ်နေ့သော် မြေခွေးသည် ငါကား ခြသေ့သားနှင့် ကျားသားကို မစားဖူးသေးချေ။ ကုန်းတိုက်ခြင်းဖြင့် အချစ်ပျက်၍ တိုက်ခိုက်

သေကျေစေခဲ့ဟုကြံလျက် ခြသေ့်မင်းထံသို့ကပ်၍ အရှင်၊ ကျားသည် ခြသေ့်ကား ကိုယ်အဆင်းအလုံးအရပ် အမျိုး လုံ့လဝီရိယ စသည်တို့၌ ငါ၏ ၁၆ စိတ်ကို တစ်စိတ်မျှမမီဟု အရှင့်ကျေးဇူးမဲ့ကို ဆိုပါသည်ဟု ကုန်းတိုက်လေ၏။ ထိုအခါ ခြသေ့်သည် ကျားကား ဤသို့ဆိုမည် မဟုတ် သင်သွားလေဟု ဆိုလိုက်၏။

နောက်တစ်နေ့၌ ကျားထံသို့ကပ်၍ နည်းတူဆိုပြန်သော် ကျားသည် ခြသေ့်ထံသို့လာ၍ မေးမြန်းစုံစမ်းရာ မြေခွေး ချောပစ်ကုန်းတိုက်ကြောင်းကို သိရလေ၏။ ထိုအခါမှ ခြသေ့်က အဆွေကျား၊ မိတ်ဆွေဆိုသည်မှာ တစ်ဦးနှင့်တစ်ဦးကို လုံးဝယုံကြည်စိတ်ချ၍ ပေါင်းသင်းအပ်ကြောင်း။ မလိုသူတို့ ချောပစ်သောစကားကို မယုံကြည်ထိုက်ကြောင်းများကို ပြောပြလေလျှင် ကျားသည် ငါ၌ အပြစ်ရှိပေသည်ဟု ကန်တော့လေ၏။

နှစ်ဦးသားလည်း အချင်းချင်း မေတ္တာမပျက် ဝမ်းမြောက်စွာနေကြလေ၏။ မြေခွေးသည်ကား အရပ်တစ်ပါးသို့ ပြေးရလေသတည်း။

ဇာတ်ပေါင်းသော်...
မြေခွေးသည် စားကြွင်းစား ဖြစ်လာ၏။
ခြသေ့်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ကျားသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
ထိုအခြင်းအရာကို မျက်မှောက်ပြုသော ရက္ခစိုးသည် ဘုရား ဖြစ်လာ၏။

❑

ပဋ္ဌကနိပါတ်

၁၇။ သာဠိယဇာတ် ၁၇
(သာဠိယ = ဆက်ရက်)

လှည့်ဖြားသော ဆရာအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား ထိတ်လန့်ခြင်းကို မဖြစ်စေဟူသော ရဟန်းတို့၏ စကားကို အကြောင်းပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဖျင်းညံ့သော ဆေးသမားတစ်ယောက်သည် ရွာတွင် ဆေးမကုရဘဲ ထွက်လာရာ ရွာတံခါး ပညောင်ပင်ရိပ်တွင် ကလေးသူငယ်တို့ ကစားနေကြသည်ကိုလည်းကောင်း၊ သစ်ခွကြားမှ ခေါင်းထုတ်၍ အိပ်နေသောမြွေကိုလည်းကောင်း မြင်လျှင် ငါသည် ရွာတွင် ဆေးမကုရသဖြင့် တစ်စုံတစ်ရာမရခဲ့။ သူငယ်တစ်ယောက်အား လှည့်စား၍ မြွေကိုက်စေပြီးလျှင် ဆေးကုရသော် တစ်စုံတစ်ရာ ရကောင်း၏ဟု ကြံပြီးမှ-

သူငယ်တစ်ယောက်အား အမောင်၊ ထိုသစ်ခွကြား၌ ခေါင်းထုတ်၍အိပ်နေသော ဆက်ရက်ငယ်တစ်ကောင် ရှိ၏။ တက်၍ယူလောဟုဆို၏။ သူငယ်လည်း အကယ်မှတ်၍ တက်ရောက် လည်ကို ကိုင်မိသော် မြွေဖြစ်ကြောင်းသိသည်နှင့်တစ်ပြိုင်နက် သတိဖြင့် ကျပ်ကျပ်ကိုင်ပြီးလျှင် ပစ်လိုက်ရာ မြွေသည် ဆေးဆရာ၏လည်ထက်သို့ ကျရောက် ရစ်ပတ် ကိုက်ခဲသဖြင့် ဆေးသမားသည် ထိုနေရာတွင်ပင် သေလေ၏။

လူတို့လည်း စုဝေးလာရောက် ကြည့်ရှုကြ၏။ ထိုအခါ ထိုသူငယ်က အို ပရိသတ်တို့၊ ဤဆေးသမားသည် မြွေကို ဆက်ရက်ဟုလည့်ဖြားရ၍ ကျွန်ုပ်ကို ယူစေသည်ဖြစ်၍ မိမိ၏အသက် သေဆုံးရ၏။ မည်ဉ်းဆဲထိုက်၊ မသတ်ထိုက်သောသူတို့ကို ညှဉ်းဆဲ၊ သတ်ဖြတ်လိုသောသူသည် ဤဆေးသမားကဲ့သို့ပင် ပျက်စီးလတ္တံ့။ လေညာသို့ မြေမှုန့်ကိုပစ်သော် ပစ်သူထံသို့သာ မြေမှုန့်ရောက်သကဲ့သို့ မပြစ်မှားသင့်သူအား ပစ်မှားလျှင် ထိုမကောင်းမှုသည် ပြစ်မှားသူထံသို့သာ ရောက်လာမြဲဖြစ်၏ဟု ပြောဟောလေသတည်း။

ဇာတ်ပေါင်းသော်...
ဆေးသမားသည် ဒေဝဒတ် ဖြစ်လာ၏။
ပညာရှိသူငယ်သည် ဘုရား ဖြစ်လာ၏။

ပဌကနိပါတ်

၁၇၉။ စူဠမနုဂ္ဂဟဇာတ် ၂၄

သူခိုးမားရိုးကမ်းဆိုသော စကားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မယားဟောင်းဖြားယောင်းသဖြင့် ငြီးငွေ့နေသော ရဟန်းတစ်ပါးအား ရှေးဘဝက ဤမိန်းမကြောင့် သင်၏ဦးခေါင်း ပြတ်ရဖူးလေပြီ၊ မစွဲလမ်းသင့်ဟု ဆုံးမရန် အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည်မှ သူဌေးသားတစ်ယောက်သည် တက္ကသိုလ်ပြည်၌ ပညာသင်ကြားရာ လေးအတတ်ကို အထူး

တတ်သည်နှင့် စူဠမနုဂ္ဂဟာဟူသော အမည်ကိုရ၏။ ပညာတတ်မြောက်ပြီး၍ ဗာရာဏသီပြည်သို့ ပြန်သောအခါ ဆရာက နှစ်သက်သည်ဖြစ်၍ မိမိ၏သမီးကို ပေးလိုက်၏။

မြားငါးဆယ်နှင့်တကွ သန်လျက်ကိုလွယ်လျက် လာခဲ့ကြရာ တစ်ခုသောတောင်၌ ဆင်ဆိုးတစ်ကောင်ကို မြားဖြင့် ပစ်သတ်ရလေ၏။ တစ်ဖန် ဒုတိယတောသို့ ရောက်သောအခါ ခိုးသားငါးကျိပ်တို့နှင့် တွေ့လေ၏။

ထိုအခါ ခိုးသူကြီးသည် စူဠမနုဂ္ဂဟာ၏ရုပ်ရည် လက္ခဏာကို ကြည့်၍ ယောကျ်ားမြတ်ဖြစ်ကြောင်း သိသည်နှင့် မိမိ၏ငယ်သားများအား တစ်စုံတစ်ရာမပြုရန် တားမြစ်၏။ စူဠမနုဂ္ဂဟာသည်လည်း ထိုခိုးသူတို့ထံ၌ အမဲကင်ဆောင်းချေဟု မိမိမယားအား စေ၏။ ထိုသူတို့ကား ကျက်သောအမဲကင်ကို မပေး။ မကျက်သောအမဲကင်ကိုသာ ပေးလိုက်ရကား စူဠမနုဂ္ဂဟာ အမျက်ထွက်သဖြင့် အချင်းများကြလျှင် ကျန်သောမြား ၄၉ စင်းဖြင့် ခိုးသား ၄၉ ယောက်ကို ပစ်သတ်လေ၏။

ကျန်သော ခိုးသူကြီးကိုကား လဲ၍ ရင်ထက်၌စီးလျက် သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်အံ့ဟု မယားထံမှ သန်လျက်ကိုတောင်း၏။ မယားသည် ထိုခဏ၌မြင်သော ခိုးသူကြီးကို တပ်စွန်းသည်နှင့် ခိုးသူလက်၌ အရိုးကို လင်၏လက်၌ အသွားကိုထား၍ ပေးလေ၏။ ခိုးသူလည်း အဆင်သင့်ကိုင်ကာ လင်၏ဦးခေါင်းကို ဖြတ်လေ၏။

ထို့နောက် ခိုးသူကြီးသည် မယားကိုယူပြီး၍ မေးမြန်းသော် ငါသည် တက္ကသိုလ်ဆရာကြီး၏ သမီးတည်း။ ထိုယောကျ်ားအား နှစ်သက်သည်ဖြစ်၍ ငါ့ကိုပေးလိုက်၏။ သင့်ကိုမြင်လျှင် အလွန်ချစ်သည်ဖြစ်၍ ပေးစားသောလင်ကို သတ်စေ၏ဟု ဆို၏။ ခိုးသူလည်း ဤမိန်းမကား မိဘပေးစားသော လင်ကိုပင်သတ်သေး၏။ တစ်ပါး

သော ယောကျ်ားကိုမြင်သော် ငါ့ကိုလည်း သတ်ဦးအုံ့။ သို့ကြောင့် ထိုမိန်းမကို စွန့်ပစ်အုံ့ဟု ကြံလျက်လာ၏။

ရေပြည့်သော၊ တိမ်သော၊ မြစ်တစ်ခုသို့ရောက်လာသော် ခိုးသူကြီးသည် မြစ်၏သဘောကိုလည်း သိသည်နှင့် ရှင်မ ဤမြစ်၌ မိကျောင်းရဲ၏။ ကြမ်းကြုတ်၏။ အသို့ပြုအုံ့နည်းဟု ဆို၏။ ထိုအခါ မိန်းမက အရှင် အလုံးစုံသော ဥစ္စာတန်ဆာတို့ကို ငါ၏အပေါ်ရုံဖြင့် ထုပ်၍ ကမ်းတစ်ဖက်သို့ ပို့ဆောင်ပြီးမှ တစ်ဖန်လာ၍ ငါ့ကိုယူလော့ဟု ဆို၏။

ခိုးသူကြီးလည်း ဆိုသည့်အတိုင်း ဥစ္စာပစ္စည်းတို့ကိုယူ၍ မြစ်သို့ဆင်းပြီးလျှင် ရေနက်တွင် ကူးသကဲ့သို့ပြု၍သွား၏။ တစ်ဖက်သို့ရောက်သော် ပြန်မလာဘဲ ထိုမိန်းမကို စွန့်၍သွားလေ၏။

ထိုအခါ မိန်းမက အရှင်၊ အဘယ်ကြောင့် ငါ့ကို စွန့်ပစ်သွားသနည်း။ ငါ့ကို ယူပါလော့ဟုဆို၏။ ခိုးသူလည်း မြစ်တစ်ဖက်မှနေ၍ အို–မိန်းမ၊ သင်သည် ကြာမြင့်စွာ ပေါင်းသင်းသော ငယ်လင်နှင့် မပေါင်းသင်းဖူးသေးသော ငါ့ကို လဲလှယ်၍ယူ၏။ မြဿောလင်နှင့် မမြဿောလင်ကို လဲလှယ်၍ ယူ၏။ သို့ဖြစ်၍ သင်သည် အခြားယောကျ်ားကိုမြင်လျှင် ငါ့ကိုလည်း သတ်ဦးမည်မချွတ်ဟုဆို၍ ပြေးလေ၏။

ထိုမိန်းမလည်း ကိုးကွယ်ရာမရှိဘဲ တစ်ခုသောချုံရိပ်တွင် ဝင်လျက်နေလေ၏။

ထိုခဏ၌ သိကြားမင်းသည် လူပြည်သို့ ကြည့်ရှု၊ ထိုအခြင်းအရာတို့ကိုမြင်လျှင် ထိုမိန်းမအား ရှက်စေအုံ့ဟု မာတလိနတ်သား၊ ပဉ္စသီခနတ်သားတို့နှင့် တိုင်ပင်ပြီးလျှင် မာတလိနတ်က ငါးအဟန်၊ ပဉ္စသီခနတ်က ငှက်အဟန်၊ မိမိကိုယ်တိုင်ကား မြွေခွေးအဟန်ဖန်ဆင်းကာ လာကြကုန်၏။

(သိကြား)မြေခွေးသည် အမဲတုံးကိုချီ၍ ထိုမိန်းမရှေ့တွင်ရပ်လာ၏။ ထိုခဏ၌ (မာတလိ)ငါးသည် ရေမှခုန်တက်၍ မြေခွေးရှေ့၌ကျ၏။ ထိုအခါ မြေခွေးသည် အမဲတုံးကိုချ၍ ငါးကိုဖမ်းအံ့ဟုပြေးသည်တွင် ငါးသည် ရေသို့ခုန်ဆင်းလေ၏။ အမဲတုံးကို (ပဠွသီခ)ငှက်သည် ချီယူ၍ ကောင်းကင်သို့ ပျံလေ၏။ ဤသို့လျှင် မြေခွေးသည် ငါး၊ အမဲ နှစ်ခုလုံးမှ ဆုံးရှုံးလေရကား မိုင်လျက် မချမ်းမသာနေ၏။

ထိုမိန်းမသည် မြေခွေး၏အဖြစ်ကိုမြင်သော် ဤမြေခွေးသည် လောဘရမ္မက်ကြီးသည်ဖြစ်၍ ငါး၊ အမဲ နှစ်ခုလုံးမှ ဆုံးရှုံးရလေ၏ဟု ပြင်းစွာရယ်လေ၏။

ရယ်သံကို မြေခွေးကြားသော် ချုံရိပ်၌ ပြင်းစွာရယ်သည်ကား အသူနည်း။ ဤအရပ်၌ ကခြင်း၊သီခြင်း၊ တီးမှုတ်ခြင်း မရှိခဲ့။ ငိုသင့်သောကာလ၌ အဘယ်ကြောင့် ပြင်းစွာရယ်သနည်းဟုမေး၏။

ဟယ်– မိုက်သော၊ ပညာမဲ့သော၊ အစားကြီးသောမြေခွေး၊ သင်သည် အလိုကြီးသည်ဖြစ်၍ ငါးအမဲတို့မှ ဆုံးရှုံးရသည်မဟုတ်လော။ သင့်အဖြစ်ကိုမြင်၍ ငါရယ်၏ဟုဆို၏။

ထိုအခါ မြေခွေးက ဟယ်– ယုတ်မာသော၊ အကျင့်သီလမဲ့သောမိန်းမ သူတစ်ပါးတို့၏ အပြစ်ကိုကား မြင်လွယ်၏။ မိမိ၏အပြစ်ကိုကား မမြင်လေ။ သင်သည် အလိုရမ္မက်ကြီး၍ အဖေပေးစားသော လင်ကြီးကိုလည်းကောင်း၊ လင်ငယ်ကိုလည်းကောင်း နှစ်ဦးလုံးမှ ဆုံးရှုံးရသည်မဟုတ်လော၊ ထိုသို့ဆုံးရှုံးရသည်ဖြစ်၍ သင်သည် ငါ့ထက်ပင် ပိုမို၍ မိုင်နေရသည်မဟုတ်လောဟု ဆိုလေ၏။

ထိုအခါမှ မိန်းမသည် နောင်တရ၍ အသင်မြေခွေး သင်ဆိုတိုင်း မှန်ပါပေသည်။ နောင်တစ်ဖန် လင်ရလျှင် ထိုလင်တစ်ယောက်ကိုသာ မြဲမြဲစွဲစွဲ ပေါင်းသင်းလုပ်ကျွေးပါတော့မည်ဟု ဆိုလေ၏။

ဟယ်– ယုတ်မာသောမိန်းမ၊ သင်အသို့ဆိုသနည်း။ မြေအိုးမြေခွက် ခိုးတတ်သောသူသည် ရွှေအိုးရွှေခွက်ကို ခိုးမည်စင်းစင်းတည်း။ ဤသို့ပင် သင်သည်လည်း မကောင်းသောအမှုတစ်ခုကို ပြုလေပြီ။ နောင်လည်း ပြုဦးမည်သာတည်းဟု နှိပ်၍ဆိုပြီးနောက် ကွယ်လေသတည်း။

ဇာတ်ပေါင်းသော်...
စုဠဒေနဂ္ဂဟသည် ဦးငွေ့သောရဟန်း ဖြစ်လာ၏။
မယားသည် မယားဟောင်း ဖြစ်လာ၏။
သိကြားသည် ဘုရား ဖြစ်လာ၏။

❐

ဆဋ္ဌနိပါတ်

၁၈၀။ အဝါရိယဇာတ် ၁

ဒေါသကြီးသော ကူးတို့သမားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တောရွာမှ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားကို ဖူးမြော်ရန်လာခဲ့ရာ မြစ်ဆိပ်သို့ အတန်မှောင်မှ ရောက်လာ၏။ ထိုမြစ်၌ ကူးတို့သမားသည် ကြမ်းကြုတ်တိုတောင်းအမျက်ဒေါသကြီး၍ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်း မသိတတ်လေ။

ထိုအခါ ရဟန်းက ကူးတို့သမားအား ငါ့ကို တစ်ဖက်ကမ်းသို့ ပို့ပါလောဟု ဆို၏။ ယခုအချိန်မဟုတ်ပြီ၊ မပို့နိုင်၊ ဤအရပ်တွင်ပင် နေဦးလောဟု ဆို၏။ ဒါယကာ၊ ငါ၌ နေရာအရပ်မရှိပါ၊ ပို့သာပို့ပါလောဟု ဆို၏။

ထိုအခါ ကူးတို့သမားသည် အမျက်ထွက်၍ ရဟန်း၊ လာလောဟု လှေတွင် တင်ပြီးလျှင် ဖြောင့်စွာမသွားဘဲ လှေကို ကောက်တကျစ်လှော်လျက် လှေကိုလှုပ်၍ ထိုရဟန်း၏ သပိတ်သင်္ကန်းတို့ကို စွတ်စိုစေပြီးနောက် မှောင်သောအခါမှ လွှတ်လိုက်လေ၏။

ရဟန်းလည်း အနေအစားဆင်းရဲလျက် နောက်တစ်နေ့မှ ဘုရားကို ဖူးမြင်ရ၍ အကြောင်းအလုံးစုံကို လျှောက်ထားရာ ဤကူးတို့သူကြီးသည် ရှေးကလည်း ဤသို့ပင် အမျက်ဒေါသကြီး၍ ပျက်စီးရလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရဏသီမင်း၏ဆရာရသေ့သည် ဓနပုဒ်တို့၌ လှည့်လည်ရာ ဂင်္ဂါမြစ်ကူးတို့ဆိပ်တစ်ခုသို့ ရောက်လာ၏။ ထိုဆိပ်၌ အဝါရိယ အဖမည်သော ကူးတို့သမားသည် မိုက်မဲ အမျက်ဒေါသကြီး၏။ ကူးတို့ခတ်ပို့ပြီးသည့်နောက်မှ အဆမတန်တောင်းလေ့ရှိ၏။ သို့ကြောင့်လည်း မကြာမကြာ ခိုက်ရန်ဖြစ်၏။ ဤသို့အားဖြင့် လာဘ်လာဘလည်း နည်းစွာ၏။

ထိုမင်းဆရာရသေ့သည် ကူးတို့သမားအား ငါ့ကို တစ်ဖက်ကမ်းသို့ ပို့ပါလော့ဟု ဆို၏။

အခပေးမည်လော။

ဒါယကာ၊ စည်းစိမ်ဥစ္စာ ပွားများခြင်းအကြောင်း စကားကို သင့်အား ငါပြောကြားအံ့။

ကူးတို့သမားလည်း တစ်စုံတစ်ရာရလတ္တံ့ဟု တစ်ဖက်ကမ်းသို့ ပို့ပြီးနောက် အခတောင်းလေ၏။

ထိုအခါ ရသေ့က ဒါယကာ၊ စည်းစိမ်ဥစ္စာပွားများကြောင်း စကားကို ငါဆိုအံ့၊ မှတ်လေလော့။ ပထမအချက်ကား သင်သည် ကူးတို့ခကို မပို့မီတောင်းလော့။ အကြောင်းသော်ကား ကူးလိုသောသူ

၏ စိတ်နှင့် ကူးပြီးသောသူတို့၏စိတ်တို့သည် မတူကြသောကြောင့်တည်း။ ဒုတိယအချက်ကား သင်သည် ရွာ၌လည်းကောင်း၊ တော၌လည်းကောင်း၊ ရေ၌လည်းကောင်း၊ ကြည်း၌လည်းကောင်း အလုံးစုံသောအရပ်တို့၌ အမျက်မထွက်လေလင့်ဟု ဆိုလေ၏။

ထိုယောဂျားမိုက်သည်ကား ထိုစကားတို့၏ ဂုဏ်ကျေးဇူးကို မမြင်နိုင်ဘဲ ရဟန်း၊ ဤစကားတို့ကား ကူးတို့ခလောဟု မေး၏။

သြော်–ဒါယကာ၊ ဟုတ်၏။

ဤစကားတို့ကို ငါအလိုမရှိ။ ငါ့အား အခြားသောဝတ္ထုကိုသာ ပေးလော့။

ဒါယကာ၊ ဤစကားတို့ကိုထား၍ အခြားပေးစရာမရှိ။

အို–ရဟန်း၊ မရှိဘဲလျက် အဘယ်ကြောင့် ငါ့လျှောကိုစီးသနည်းဟု ဆိုကာ ရသေ့ကိုလှဲ၍ ရင်ထက်၌ထိုင်ပြီးလျှင် ရသေ့ကို ပုတ်ခတ်လေ၏။

ထိုခဏာ၌ ကူးတို့သမား၏မယားသည် ထမင်းပို့လာ၍ မြင်သော် မင်းဆရာရသေ့ဖြစ်ကြောင်းသိသည်နှင့် မသတ်ပုတ်ရန် တားမြစ်လေ၏။ ကူးတို့သမားသည်ကား တားသူမယားကိုပင် အမျက်ထွက်ပြန်လေသဖြင့် မယားကိုသတ်ပုတ်၍ လဲစေရာ ထမင်းခွက်များကွဲသည့်ပြင် လေးသောကိုယ်ဝန်လည်း ပျက်ကျလေ၏။ ထိုအခါ လူတို့သည် ဝိုင်းရံလာလျက် ဘုရားသူသတ်တည်းဟု ဖမ်းဆီးချည်နှောင်၍ မင်းအားပြကုန်သည်ရှိသော် မင်းဒဏ်သင့်လေ၏။

ကူးတို့သမားမှာ အမျက်ဒေါသကြောင့် သားမယားနှင့်တကွ မိမိပါ ပျက်စီးရလေသတည်း။

ဇာတ်ပေါင်းသော်...
ထိုကူးတို့သမားသည် ဤကူးတို့သမား ဖြစ်လာ၏။
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

ဆက္ကနိပါတ်

၁၈၁။ နေရဇာတ် ၄
(နေရ = မြင်းမိုရ်တောင်၊ နေရတောင်၊)

နေရတောင်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တစ်ခုသော ရွာငယ်၌ မြတ်စွာဘုရား၏ တပည့်ရဟန်းတစ်ပါးကို ကျောင်းဆောက်၍ ကိုးကွယ်ထားကြ၏။ မကြာမီ တိတ္ထိတစ်မျိုး နောက်တစ်မျိုး ရောက်လာကြသည်ကို ထိုရွာသားတို့သည် ပြောင်းပြောင်း၍ ကိုးကွယ်ကြ၏။

ထိုအကြောင်းကို မြတ်စွာဘုရားကြားသော် ဤသို့ ဂုဏ်ကိုခွဲခြား၍ မသိတတ်သော အရပ်မျိုးကို စွန့်အပ်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရွှေဟင်္သာညီနောင်တို့သည် ဟိမဝန္တာအရပ်မှ အစာစားပြီး၍ မိမိတို့နေသော စိတ္တကူဋ်တောင်သို့ ပြန်လာရာ လမ်းအကြား၌ နေရမည်သောတောင်ကိုမြင်၍ ဝင်ရောက်နားကြကုန်၏၊

ထိုနေရတောင်၏ ထွန်းလင်းသောရွှေရောင်ကြောင့် ထိုတောင်သို့ ရောက်လာသောငှက် အစရှိသော အမျိုးမျိုးသော သတ္တဝါတို့သည် အထူးအခြားမရှိ။ ရွှေအဆင်းချည်းသာ ရှိကုန်၏။

ထိုအကြောင်းကို ညီရွှေဟသ်ာမြင်သော် နောင်တော်၊ ဤတောင်သို့ရောက်လျှင် မည်းနက်သောကျီးနှင့် ရွှေရောင်ရှိသော ဟသ်ာတို့သည် လည်းကောင်း၊ ခြသေ့၊ သစ်၊ ကျား၊ မြေခွေးတို့သည်လည်းကောင်း အထူးအခြားမရှိ ရွှေရောင်ချည်းသာဖြစ်ကုန်၏။ အကြောင်းအသို့နည်းဟု မေး၏။

ညီတော်၊ ဤတောင်ကား ရွှေအဆင်းရှိသည်ဖြစ်၍ နေရတောင်ဟု လူတို့ခေါ်ဝေါ်ကြကုန်၏။ ညီတော်၊ အကြင်အရပ်၌ သူတော်ကောင်းနှင့် သူယုတ်မာ၊ လိမ္မာသောသူနှင့် မိုက်သောသူ၊ ရဲရင့်သူနှင့် ကြောက်ရွံ့သူ စသည်တို့ကို အထူးမပြုဘဲ ထပ်တူပြု၍ ချီးမြှောက်အံ့။ ထိုအရပ်မျိုး၌ သူတော်ကောင်း စသူတို့သည် နေခြင်းငှာ မသင့်။ ထို့ကြောင့် နဂိုရွှေအဆင်းရှိသော ငါတို့သည်လည်း နေရတောင်ကို စွန့်ကြကုန်အံ့ဟုဆို၍ စိတ္တကုဋ္ဌတောင်သို့ ပျံသွားကြလေကုန်သတည်း။

ဇာတ်ပေါင်းသော်...
ညီဟသ်ာသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
အစ်ကိုဟသ်ာသည် ဘုရား ဖြစ်လာ၏။

ဆက္ကနိပါတ်

၁၈၂။ မိဂါလောပဇာတ် ၆

အဖစကားကို နားမထောင်၍
ပျက်စီးရသော လင်းတအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဆိုနိုင်ခက်သော ရတန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသရောအခါ ဂိဇ္ဈကူဋ်တောင်ခ္ခေနေသော အပနန္ဒမည်သော လင်းတ၏သား မိဂါလောပလင်းတသည် လင်းတတို့၏ အပိုင်းအခြား ကိုလွန်၍ အလွန်မြင့်စွာပျံ၏။

ထိုအကြောင်းကို အဖကြားသိသော် ချစ်သား၊ အလွန်မြင့်စွာ ပျံခြင်းကို ငါမနှစ်သက်၊ သင်ပျံတက်၍ ဤမြေကြီးကို လေးထောင့်ရှိ သော လယ်ကွက်မျှ မြင်ရသောအခါ တိုး၍မတက်လင့်၊ ပြန်ခဲ့လော။ ထို့ထက်လွန်သော် ဘေးဖြစ်လတ္တံ့ဟု ဆုံးမ၏။

သားလင်းတသည် မနာယူဘဲ အဖဆိုသောအပိုင်းအခြား၏ အထက်သို့ ပျံတက်လေရာ ကာလလေသို့ရောက်၏။ ထိုကတစ်ဖန် လွန်၍ပျံရာတွင် ဝေရမ္ဘလေသို့ရောက်၏။

ထိုအခါ ပြင်းစွာသော ဝေရမ္ဘလေတို့ခတ်လျှင် လင်းတသည် အပိုင်းပိုင်းပြတ်၍ ကောင်းကင်၌ ပျောက်လေသတည်း။

လူကြီးမိဘတို့၏စကားကို မနာခံသော် ပျက်စီးတတ်၏။

ဇာတ်ပေါင်းသော်–

မိဂါလောပလင်းတသည် ဆိုနိုင်ခက်သောရဟန်း ဖြစ်လာ၏။

အပနန္ဒလင်းတသည် ဘုရား ဖြစ်လာ၏။

ဆက္ကနိပါတ်

ဘရဇုပုတ္တဇာတ် ၁၁
(ခရ = မြည်း။ ပုတ္တ = သား။
ခရပုတ္တ = မြည်း၏သားဖြစ်သော(မြင်း))

မိန်းမအလိုသို့ လိုက်မှားမိသောမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မယားဟောင်းကိုစွဲ၍ သာသနာ၌ ဦးဇွေ.သောရဟန်းတစ်ပါးကို အကြောင်းပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် သေနကမင်းသည် မိတ်ဆွေဖြစ်သော နဂါးမင်းတစ်ဦးထံမှ ပိုးမွှားတိရစ္ဆာန်တို့၏ ဘာသာစကားကို နားလည်နိုင်သော (သဗ္ဗရုတညုဇာနုမည်သော) မန္တြားကို ရလေ၏။ ဤမန္တြားကို ရစဉ်က မန္တြားကို သူတစ်ပါးအားမပေးရ။ ပေးသော် မီးသို့ဆင်း၍သေရအံ့ဟု ဝန်ခံကတိပြု၍ ယူရ၏။

သေနကမင်းသည် တစ်နေ့သ၌ ပျားတင်လဲ၊ မုန့်တို့ကို စားစဉ် အစအနများကျရာ တစ်ခုသောပိုးရွှသည် မင်းရင်ပြင်၌ ပျားအိုးကွဲ၏။ တင်လဲလှည်း မုန့်လှည်း မှောက်၏။ စားလှည့်ကြကုန်လော့ဟု မြည်လျက် သွားသည်ကို မင်းကြီးကြားသော် ရယ်၏။ အနီးရှိမိဖုရားသည် အဘယ်ကို ရယ်လေသနည်းဟု မှတ်လိုက်၏။

တစ်ဖန်မင်းသည် ရေချိုးပြီး၍ ပလ္လင်၌နေစဉ် ယင်ဖိုက ယင်မကို ခေါ်ရာ ယင်မက အရှင်၊ နေလင့်ဦး၊ မကြာမီ မင်းသည် နံ့သာမှုန့်တို့ကို လိမ်းလတ္တံ့။ ကျန်သောနံ့သာမှုန့်တွင် လူး၍ ငါလိမ်းဦးအံ့ဟု ဆိုသည်ကို မင်းကြားသော် ရယ်၏။ မိဖုရားလည်း မှတ်လိုက်၏။

တစ်ဖန် မင်း၏စားပွဲမှ ထမင်းလုံးကျရာ ပိုးရွှသည် မင်းအိမ်၌ ထမင်းလှည်းကျိုး၏။ စားလှည့်ကြကုန်ဟု မည်လျက်သွားသည်ကို မင်းကြားသော် ရယ်ပြန်၏။ မိဖုရားလည်း မှတ်လိုက်၏။

ထိုအခါ မိဖုရားသည် မင်းအားကပ်၍ ရယ်ခြင်းအကြောင်းကို မေးလျှင် မင်းလည်းမပြောဘဲနေ၏။ အတန်တန်နှိပ်၍မေးသော် မန္တရားအကြောင်းကို ပြောပြရလေ၏။ ထိုအခါ မိဖုရားက မန္တရားကို တောင်းလေ၏။ အတန်တန်ပယ်၏။ အဖန်ဖန်တောင်း၏။ သင့်အားပေးလျှင် ငါသေရအံ့ဟုဆိုသည်တွင် အရှင်မင်းကြီး သေသော်လည်း အကျွန်ုပ်အား ပေးပါလော့ဟုဆို၏။ အထပ်ထပ်ပူဆာသည်ရှိသော် မိန်းမအလိုသို့လိုက်၍ ပေးတော့အံ့ဟု ဆိုပြီးလျှင် မြင်းရထားဖြင့် ဥယျာဉ်သို့သွားကြလေ၏။

ထိုအခါ သိကြားမင်းသည် လောကကိုကြည့်လတ်သော် ထိုအကြောင်းကိုမြင်၍ မင်းအားဆုံးမအပ်၏ဟု မိမိကား ဆိတ်ဖို၊ မိဖုရားသုဇာတာကား ဆိတ်မအဟန်ဖန်ဆင်းကြလျက် ရထားရှေ့တွင်ရပ်လာပြီးလျှင် မင်းနှင့် မြင်းတို့ကိုသာ မြင်စေ၏။ စကားစရန်အလို့ငှာ ဆိတ်တို့သည် မသင့်လျော်သောအမှုကို ၎င်းတို့ရှေ့တွင်ပြု၏။ မြင်းတို့ မြင်သော် ဆိတ်တို့သည် မိုက်ကုန်၏ဟု ငါတို့ကြားဖူး၏။ ယခုကား ကိုယ်တိုင်မြင်ရ၏ဟု ဆိုလေ၏။

ထိုအခါ ဆိတ်က အို–မြည်း၏သားဖြစ်သော အဆွေသိန္ဓော မြင်း၊ သင်တို့သည် ဧက်ကြိုးအထည့်ခံရ၍ ရထားကိုဆွဲရခြင်း၊ ရထားမှ လွတ်လျှင်လည်း မပြေးခြင်းတို့ကြောင့် သင်တို့သည် ငါ့ထက်မိုက်၏။ ၎င်းပြင် သင်တို့ရထားထက်၌ရှိသော သေနကမင်းက သင်တို့ထက်ပင် မိုက်ချေသေး၏ဟု ဆိုလေ၏။

အဆွေဆိတ်၊ ငါတို့မှာ တိရစ္ဆာန်ဖြစ်၍ အသင်ဆိုသည်အတိုင်း မိုက်သည်ရှိပါစေတော့၊ အဘယ်ကြောင့် လူဖြစ်သော သေနကမင်းကြီး မိုက်သနည်းဟု မေး၏။

အဆွေမြင်း၊ သွေနကမင်းကြီးမိုက်ပုံကား မိန်းမနိုင်ငံသို့လိုက်လျက် မိမိအသက်ကိုပင်စွန့်၍ မန္တရားကို မယားအားပေးမည်ပြု၏။ ထိုမန္တရားကိုပေးပြီးနောက် မင်းကြီးသေရမည် ဖြစ်သဖြင့် ထိုမိဖုရားသည် အဘယ်မှာ မင်းကြီး၏မယား ဖြစ်နိုင်တော့အုံ့နည်းဟု ဆိုလေ၏။

ထိုစကားအလုံးစုံတို့ကို မင်းကြီးကြားရလေသော် သတိရ၍ ဆိတ်မင်း၊ သင်သည် အဆင်အခြင်နှင့် ပြည့်စုံသောစကားကို ဆို၏။ ထပ်၍ဆိုပါဦးလော့ဟု တိုက်တွန်း၏။

ထိုအခါ ဆိတ်သည် အရှင်မင်းကြီး၊ သတ္တဝါတို့သည် မိမိကိုယ်ကို အချစ်မြတ်နိုးဆုံးတည်း။ ကိုယ်ကိုမစွန့်ရာ။ ကိုယ်တည်၍ ဥစ္စာပစ္စည်း၌ ပြည့်စုံသူတို့၌ မယားမရှား အလိုရှိသမျှ ရနိုင်သည်သာတည်းဟု ဆို၏။ မင်းကြီးလည်း နှစ်သက်၍ ဆိတ်မင်း၊ အဘယ်အရပ်မှ လာသနည်း။ ငါသိကြားတည်း၊ သင့်ကိုသနားသဖြင့် သတိပေးရန်လာခဲ့၏။ သိကြားမင်း၊ ငါသည် ပေးမည်ဟုဆိုမိပြီ၊ ယခုသော် အသို့ပြုအုံ့နည်း။ အရှင်မင်းကြီး၊ နှစ်ပါးအကျိုးမပျက်အောင် အတတ်အားပူဇော်ရန်ဟု မိဖုရားအား နှစ်ချက်သုံးချက်ရိုက်လော့၊ ဤမျှဖြင့် အတတ်ကို အလိုရှိတော့မည်မဟုတ်ဟု အကြံပေးလေ၏။

မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံ၏။ ဥယျာဉ်သို့ရောက်သော် အသင်မိဖုရား၊ မန္တရားကိုယူလိုလျှင် မန္တရားကို ပူဇော်ပသရလိမ့်မည်။ ပူဇော်ရန်ကား ကျောက်ကုန်း၌ အချက်တစ်ရာရိုက်သော်လည်း အသံကိုပင် မပြုရဟု ဆိုလေ၏။ မိဖုရားလည်း ဝန်ခံ၏။

ထိုအခါ မင်းသည် သူသတ်တို့အား မိဖုရား၏ဘေးနှစ်ဖက်ကို ကြိမ်ဖြင့် ရိုက်စေ၏။ နှစ်ချက် သုံးချက်မျှ ရိုက်မိလျှင်ပင် မိဖုရားက မန္တရားကို အလိုမရှိတော့ပြီဟု ဆိုလေ၏။

မင်းကြီးသည်ကား သင်သည် ငါ့ကိုသတ်၍ပင် မန္တရားကို ယူလိုဟု ဆို၍ ကျောက်ကုန်း၌ အရေကွာအောင် ရိုက်စေပြီးမှ လွှတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်–
သေနကမင်းသည် ဦးဌေ.သောရဟန်း ဖြစ်လာ၏။
မိဖုရားသည် မယားဟောင်း ဖြစ်လာ၏။
မြင်းသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
သိကြားသည် ဘုရား ဖြစ်လာ၏။

ဆဋ္ဌနိပါတ်

၁၁၄။ သူစီဇာတ် ၁၄
(သူစီ = အပ်။)

ထူးဆန်းအံ့ဖွယ်ကောင်းသော အပ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မြတ်စွာဘုရား၏ ပညာပါရမီကို ရဟန်းတို့ ချီးမွမ်းစကားပြောကြရာ ရှေးကလည်း ပညာရှိကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကာသီတိုင်း ရွာငယ်တစ်ခု၌ ပန်းပဲအတတ်ကို အပြီးတတ်သော ပန်းပဲပျိုတစ်ယောက်သည် ရှိ၏။ ထိုပန်းပဲပျိုကား ဥစ္စာပစ္စည်း ချို့တဲ့ဆင်းရဲ၏။ ထိုရွာငယ်၏အနီး ရွာကြီးတစ်ခု၌လည်း ပန်းပဲတစ်ထောင်တို့၏ အကြီးဖြစ်သော ပန်းပဲသူကြီးသည် နေ၏။

ထိုပန်းပဲသူကြီးမှာ မင်းကျွမ်းဝင်၍ ဥစ္စာပစ္စည်းကြွယ်ဝပြီးလျှင် အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော သမီးပျိုတစ်ယောက်လည်းရှိ၏။

ရှာငယ်မှ ဆင်းရဲသောပန်းပဲပျိုသည် ထိုမိန်းမပျိုု၏သတင်းကို ကြားရုံမျှဖြင့် ချစ်ခင်ထိမ်းမြားလိုသည်နှင့် သံကောင်းကိုရှာယူပြီးလျှင် အလွန်သိမ်မွေ့. သေးငယ်စွာသောအပ်ကို နဖားနှင့်တကွ ရေပေါ်အောင် ပြုလုပ်၏။ ထိုအပ်ကိုထည့်ရန် အပ်အိမ်တစ်ခုကိုလည်း အပ်နှင့်တူစွာ နဖားနှင့်တကွ ပြုလုပ်ပြန်၏။ ဤသို့. အထပ်ထပ်ဖြင့် ခုနစ်ခုသော အပ်အိမ်တို့.ကို ပြုလေ၏။

ထိုသိမ်မွေ့.ထူးဆန်းသောအပ်ကို ယူသွား၍ ပန်းပဲသူကြီး၏ အိမ်ရှေ့.၌ရပ်ပြီးလျှင် နူးညံ့သိမ်မွေ့.သော ကောင်းစွာထွင်းသော၊ နဖားရှိသော၊ ထက်သောအဖျားရှိသော၊ လုံး၍ချောသည်လည်းဖြစ်သော၊ တူဖြင့်ခတ်သော် ပေကိုထုတ်ချင်းထွင်းနိုင်သော ငါ၏အပ်ကို အသုံးဝယ်လိုသနည်းဟု ဟစ်လေ၏။

ထိုဟစ်သံကို အဖအားယပ်ခတ်လျက်နေသော သမီးပျိုသည် ကြား၍ ထွက်လာပြီးလျှင် လုလင်၊ အပ်လုပ်၍ရောင်းသော ပန်းပဲရွာ၊ ပန်းပဲသူကြီး၏အိမ်၌ အပ်ရောင်းလာသည်မှာ မလိမ္မာ၍ဖြစ်လိမ့်မည်။ သင့်အပ်၏ဂုဏ်ကို တစ်နေ့.လုံးချီးကျူး၍ အော်ဟစ်သော်လည်း ဝယ်မည့်သူရှိမည်မဟုတ်၊ အခြားအရပ်၌ ရောင်းလေလော့.ဟု ဆို၏။

ပန်းပဲပျိုကလည်း နမ၊ သင်မသိ၍ဆိုခြင်းဖြစ်၏။ ပန်းပဲရွာ၌ အပ်ရောင်းလာသည်မှာ အလွန်လိမ္မာသောသူဖြစ်သောကြောင့်ဟု သိရာ၏။ ငါ၏အပ် ကောင်းမကောင်းကို ပန်းပဲဆရာတို့.သာ သိလတ္တံ့။ စင်စစ်သော်ကား သင်၏အဖမြင်ရလျှင် သမီးနှင့်တကွ အခြားပစ္စည်းဥစ္စာတို့.ကို ငါ့.အားပေးလတ္တံ့.ဟု ဆို၏။

ထိုသို့.ပြောဆိုနေကြသည်ကို အဖကြားသော် ခေါ်စေ၍ အပ်ကို ပြစေရာ တစ်ယောက်တည်းကြည့်သည်ထက် အများကြည့်မြင်က

သာ၍ကောင်းလိမ့်မည်ဟု ဆိုစ၏။ ထိုအခါ ပန်းပဲသူကြီးသည် ခပ်သိမ်းသော ပန်းပဲတို့ကို စုဝေးစေ၍ အပ်ကို ပြစေ၏။

ပန်းပဲပျိုလည်း အပ်အိမ်ကို ခါးပိုက်မှထုတ်၍ ပေး၏။ အပ်အိမ်သည်ပင်လျှင် အခြားအပ်တို့မျှလောက် ကောင်းမွန်လေသည်ဖြစ်၍ ပန်းပဲသူကြီးက အမောင်၊ ဤကား အပ်လောဟု မေး၏။ အပ်မဟုတ်ပါ။ အပ်အိမ်မျှသာ ဖြစ်ပါသည်ဟုဆို၏။ ပန်းပဲသူကြီးလည်း ဖွင့်ရန်စုံစမ်းရာ အစအဆုံးမရှိသည်ကိုတွေ့၍ မဖွင့်တတ်သည်နှင့် ပန်းပဲပျိုသည် လက်သည်းဖြင့် အပ်အိမ်ကိုပယ်၍ ဤကားအပ်အိမ်တည်းဟု ပြကာ ပန်းပဲသူကြီး၏ခြေရင်းခ္ဍထား၏။

ပန်းပဲသူကြီးလည်းအမောင်၊ ဤကား အပ်မျှဖြစ်ယောင်တကားဟု ဆို၏။ အရှင်၊ ဤလည်း အိမ်မျှသာဖြစ်ပါသည်ဟု အစဉ်အတိုင်းလက်သည်းဖြင့်ခွာလျက် ၇ ထပ်သောအပ်အိမ်တို့ကို ပယ်ပြီးမှ ဤကားအပ်တည်းဟု ပန်းပဲသူကြီး၏လက်ခ္ဍ ထား၏။

ထိုအခါ ပန်းပဲတစ်ထောင်တို့သည် ရင်သပ် ရင်မော အံ့သြချီးမွမ်းကြကုန်၏။

ပန်းပဲသူကြီးက-အမောင်၊ ဤအပ်၏အစွမ်းကား အဘယ်နည်းဟု မေး၏။ အရှင်ပေအောက်ခ္ဍ ရေခွက်ထား၍ ပေပေါ်တွင် ဤအပ်ကို တူဖြင့်ခတ်စေပါလော့ဟုဆို၏။ ဆိုတိုင်းခတ်သော် အပ်သည်ပေကို ထုတ်ချင်းဖောက်၍ ရေအပြင်ခ္ဍ အထက်တစ်ဝက် အောက်တစ်ဝက် တိတိကျကျ ရောခ္ဍ ဖီလာတည်နေလေ၏။

ခပ်သိမ်းသောပန်းပဲတို့သည် ငါတို့သည် ဤအပ်မျိုးကို မြင်ဖူးရန် ထား၍ ကြားမျှမကြားဖူးပေ။ ထူးဆန်းပါပေ၏ဟု လက်ချောင်းဖြင့် ပုဆိုးဦးရစ်ပတ်ခြင်း စသည်တို့ကို ပြုလျက် ကောင်းချီးသြဘာများစွာပေးကြကုန်၏။

ပန်းပဲသူကြီးကလည်း ငါ၏သမီးသည် သင်နှင့်သာ ထိုက်တန်ပေ၏ဟု သမီးကို ပေးလေ၏။ ထိုပန်းပဲပျိုသည် အဖလွန်လျှင် ထိုရှာကြီး၌ ပန်းပဲသူကြီး ဖြစ်လေသတည်း။

ဇာတ်ပေါင်းသော်-
သမီးသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
ပန်းပဲပျိုသည် ဘုရား ဖြစ်လာ၏။

ဆက္ကနိပါတ်

၁၈၅။ သုဝဏ္ဏကက္ကဋဇာတ် ၁၄

(သုဝဏ္ဏ = ရွှေ။ ကက္ကဋ = ပုစွန်လုံး။)

ရှေပုစွန်လုံးအကြောင်း

ရှေးသောအခါ လယ်သမားတစ်ယောက်သည် မိမိထွန်ယက်သော လယ်အနီးရှိ ထုံးအိုင်၌နေသော ပုစွန်တစ်ကောင်နှင့် ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်း ဖြစ်ကြ၏။ ထိုလယ်သမားသည် အိုင်သို့လာ၍ ပုစွန်ကိုယူပြီးလျှင် မိမိ၏အပေါ်ရုံပုဆိုးကြား၌ အိပ်စေလျက် လယ်ထွန်ပြီးသော် ပုစွန်ကို အိုင်တွင်ပြန်ထားပြီးမှ အိမ်သို့ပြန်လေ့ရှိ၏။

ထိုအခါ ထိုလယ်သမား၏ တောက်ပြောင်သော မျက်လုံးတို့ကို ကျီးမတစ်ကောင်သည် စားလိုသည်ဖြစ်သောကြောင့် ကျီးဖိုအားမြွေဟောက်တစ်ကောင်နှင့် အဆွေခင်ပွန်းဖွဲ့ကာ တိုင်ပင်၍ ကိုက်ခဲသေစေလော့ဟု ဆို၏။

ကျီးဖိုသည် ဆိုသည့်အတိုင်း မြွေဟောက်နှင့်တိုင်ပင်၍ လယ်သမား လယ်ထွန်အလာတွင်ကိုက်၍ လဲစေ၏။ လယ်သမားလဲခြင်းသည် လည်းကောင်း၊ ပုစွန်သည် ပုဆိုးကြားမှ ခုန်ချခြင်းသည်လည်းကောင်း ကျီးသည်လာ၍ ထိုယောကျ်ား၏ရင်ထက်၌ နားခြင်းသည်လည်းကောင်း မရှေးမနှောင်း တစ်ပြိုင်နက်ဖြစ်ကုန်၏။

ထို့နောက် ကျီးသည် မျက်စိတို့ကို နှုတ်သီးဖြင့်ထိုး၏။ ထိုခဏ၌ ပုစွန်သည် ဤကျီးကိုမှီ၍ ငါ၏အဆွေ ဘေးဖြစ်၏။ ကျီးကိုဖမ်းရသော် မြွေလည်းလာလတ္တံ့ဟု ကျီး၏လည်ပင်းကို လက်မဖြင့် ပြင်းစွာညှပ်ထားလေ၏။

ထိုအခါ ကျီးသည် အဆွေမြွေ၊ ငါ့အားလာ၍ကယ်ပါလောဟု ဟစ်လိုက်လျှင် မြွေသည် ကယ်ရန်ပြေးလာရာ ပုစွန်သည် မြွေ၏လည်ပင်းကို ဖမ်း၍ညှပ်ထားပြန်လေ၏။

ထိုအခါ မြွေက အဆွေပုစွန်၊ သင်သည် ကျီးသားမြွေသားကို စားသည်မဟုတ်ဘဲလျက် အဘယ်ကြောင့် ငါတို့ကိုဖမ်းသနည်းဟု မေး၏။

ပုစွန်ကလည်း အချင်းမြွေဟောက်၊ ဤယောကျ်ားသည် ငါ၏အဆွေတည်း။ ငါ့အား ကာကွယ်စောင့်ရှောက်၍ များစွာကျေးဇူးတို့ကိုပြု၏။ ဤယောကျ်ားမရှိသော် လူတို့သည်လည်းကောင်း၊ ကျီးတို့သည်လည်းကောင်း ငါ့အား ညှဉ်းဆဲသတ်ဖြတ်ရာ၏။ သို့ကြောင့် ထိုယောကျ်ား၏အသက်ရှင်ခြင်းကို ငါအလိုရှိ၏ဟု ဆိုလေ၏။

ထိုအခါ မြွေဟောက်သည် ဤပုစွန်ကိုလှည့်စား၍ ကျီးကိုလည်းကောင်း၊ ငါ့ကိုလည်းကောင်း လွှတ်စေခဲ့ဟု ကြိုပြီးလျှင် အဆွေပုစွန်၊ ထိုသို့တပြီးကား ငါသည် အဆိပ်ကိုပြန်၍စုပ်ယူရသည်ရှိသော်

ထိုယောက်ျားအသက်ရှင်နိုင်ရာ၏။ သို့ကြောင့် အဆိပ်မလွန်မီ ပြန်၍ စုပ်ရန် ကျီးနှင့်တကွ ငါ့ကို ရှေးဦးစွာလွှတ်လော့ဟု ဆိုလေ၏။

ပုစွန်လည်း မြွေဟောက်၏အကြံကိုရိပ်မိ၍ အဆွေမြွေဟောက်၊ ကျီးကို မလွှတ်နိုင်သေး။ ထိုယောက်ျား အသက်ရှင်လာသောအခါမှ ငါလွှတ်အံ့။ သင့်အားလည်း အဆိပ်ကို ပြန်၍စုပ်နိုင်လောက်အောင် ငါ၏ညှပ်ခြင်းကို လျှော့ပေးအံ့ဟုဆိုပြီးလျှင် အတန်ငယ်လျှော့ပေး၏။

မြွေသည် အဆိပ်ကို စုပ်ယူသဖြင့် ထိုယောက်ျားသည် ပကတိ အတိုင်း ထ၍ရပ်နိုင်လေ၏။ ပုစွန်သည်ကား ဤသတ္တဝါနှစ်ကောင်တို့ကို လွှတ်သော် ငါတို့အား တစ်နေ့နေ့၌ ဖျက်ဆီးလတ္တံ့ဟုကြံပြီးလျှင် နှစ်ကောင်လုံး၏ဦးခေါင်းတို့ကိုဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက် စေလေ၏။

ထိုယောက်ျားနှင့် ပုစွန်တို့သည် အတိုင်းထက်အလွန် ချစ်ကျွမ်းဝင်လျက် ရှင်လန်းဝမ်းမြောက်စွာ နေကြလေသတည်း။

ဇာတ်ပေါင်းသော်–
ကျီးသည် ဒေဝဒတ် ဖြစ်လာ၏။
ကျီးမသည် စိဉ္စမာန ဖြစ်လာ၏။
မြွေဟောက်သည် မာရ်နတ် ဖြစ်လာ၏။
ပုစွန်သည် ရှင်အာနန္ဒာ ဖြစ်လာ၏။
လယ်ထွန်ယောက်ျားသည် ဘုရားဖြစ်လာ၏။

❐

ဆက္ကနိပါတ်

၁၈၆။ သိယ်ပုပ္ပဇာတ် ၁၇

ကြာနုံ့ကိုနမ်းသော ရဟန်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရဟန်းတစ်ပါးသည် ပဒုမ္မာကြာအိုင်မှ ကြာနုံ့ကို လေအောက်မှနေ၍ အနုံ့ခံနေသည်ကို တောစောင့်နတ်သမီးတစ်ယောက်က ရှင်ရဟန်း၊ ဤသို့သောအကျင့်သည် အနုံ့ကို ခိုးသောအကျင့်တည်းဟု ဆိုလေလျှင် ရဟန်းသည် ထိတ်လန့်လျက် မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားကလည်း သင်သာမဟုတ် ရှေးပညာရှိတို့လည်း ထိတ်လန့်၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရသေ့တစ်ပါးသည် ကြာအိုင်မှကြာနုံ့ကိုခံလျက် နေသည်ကို နတ်သမီးတစ်ယောက်က အရှင်၊ ဤအကျင့်ကား အနုံ့ခိုးခြင်းအကျင့်တည်းဟု ဆို၏။

နတ်သမီး၊ ငါသည် ကြာပန်းကို ချိုးယူသည်မဟုတ် အဝေးမှ နမ်းခြင်းမျှ ဖြစ်၏။ ထိုသို့လျက် အဘယ်ကြောင့် အနုံ့ခိုးသည်ဟု ဆိုနိုင်ပါသနည်းဟု ပြန်၍ဆို၏။

ထိုခဏ၌ ယောဂျားတစ်ယောက်သည် ထိုအိုင်မှ ကြာပန်းကြာစွယ်တို့ကို ချိုးယူလေ၏။ ထိုအခါ ရသေ့က အို နတ်သမီး၊ အဝေးမှ အနုံ့ခံသောငါ့အား ခိုးသူဟု သင်ဆို၏။ ကြာပန်း စသည်တို့ကို ချိုးယူသော ထိုယောဂျားကား အဘယ်ကြောင့် မဆိုသနည်းဟု မေး၏။

ရှင်ရဟန်း၊ မကောင်းမှုများစွာရှိသော ယောဂျား၌ကား တစ်စုံတစ်ရာ ဆိုဖွယ်မရှိတော့ချေ။ ရှင်ရသေ့တို့ကဲ့သို့ အပြစ်မရှိ၊ အမြဲ

စင်ကြယ်သော သူတော်ကောင်းတို့ဌာကား သေးငယ်သောအပြစ်မျှပင် အလွန်ကြီးမားသောအပြစ်ဟု ထင်မှတ်အပ်၏ဟု ဆိုလေ၏။

ထိုအခါ ရသေ့သည် ထိတ်လန့်တကားရ၍ နတ်သမီး၊ သင်သည် ငါ၏အကျိုးကို စောင့်ရှောက်ပေ၏။ နောင်အခါ ငါ၌ တစ်စုံတစ်ရာ အပြစ်မြင်သော် ဤသို့ပင် ပြောကြားပါလော့ဟု ဆို၏။

ရှင်ရသေ့၊ ငါသည် သင်၏အခစားအမှုလုပ်မဟုတ်၊ သင့်အား စောင့်၍ပြောကြားမနေနိုင်။ မိမိပြုအပ်သောကောင်းမှုကို မိမိပင်ကြည့်၍ ပြုလေလော့ဟု ဆိုပြီးလျှင် ကွယ်လေသတည်း။

ဇာတ်ပေါင်းသော်–
နတ်သမီးသည် ဥပွလဝဏ် ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

သတ္တကနိပါတ်

၁၈၇။ မနောဇောတ် ၂

အဆွေခင်ပွန်းယုတ်ကြောင့် ပျက်စီးရသော ခြဲသော့်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဆန့်ကျင်ဘက် ဖြစ်သော အဆွေခင်ပွန်းနှင့် ပေါင်းသင်းသောရဟန်းတစ်ပါးကို အစွဲပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဟိမဝန္တာ၌ မနောဇမည်သော ခြဲသော့်သည် မိမိ၏အဖ၊ အမိ၊ နှမ၊ မယားတို့နှင့်နေ၏။ တစ်နေ့သော် လမ်းတွင်

တွေ့၍ မပြေးသာသဖြင့် ခစားသောမြေခွေးတစ်ကောင်ကို မနောဇသည် ဆောင်ယူလာခဲ့သည်ကို အဖမြင်သော် ချစ်သား၊ မြေခွေးတို့သည် ယုတ်မာသောအကျင့်ရှိကုန်၏။ လက်မခံလင့်ဟု တားမြစ်၏။ သို့သော်လည်း မရချေ။

တစ်နေ့၌ မြေခွေးက မြင်းသားကိုမစားဖူးသေး၊ စားလိုပါကြောင်းနှင့် မနောဇအား ကြားပြော၏။ မနောဇလည်း ဗာရာဏသီပြည်ရှိ မြစ်တွင် ရေချိုးသောမြင်းတို့မှ တစ်ကောင်ကို ဖမ်းယူလာခဲ့၏၊

ထိုအခါ အဖခြင်္သေ့က ချစ်သား၊ မြင်းဆိုသည်ကား လူတို့နှင့် စပ်၏။ မင်းတို့၏ယာဉ်တည်း။ မင်းတို့၌ အလွန်စွမ်းသော လေးသမားများ ရှိကုန်၏။ မြင်းသားကိုစားသော ခြင်္သေ့တို့သည် အသက်မရှည်ကုန်။ မြင်းကို မဖမ်းဆီးလင့်ဟု တားမြစ်၏။ သို့သော်လည်း မရချေ။

မြစ်၌ မြင်းတို့ကို ခြင်္သေ့ဖမ်းသည်ဟုကြားသော် မင်းသည် မြို့တွင်း၌ ကန်တူးစေ၍ မြင်းတို့ကို ရေချိုးစေ၏။ ထိုရေကန်၌လည်း လာ၍ဖမ်းယူသည်သာတည်း။ တစ်ဖန် မြင်းတင်းကုပ်၌ မြက်ရေတို့ကို ပေးစေ၏။ ခြင်္သေ့လည်း ထိုတင်းကုပ်၌ ဖမ်းယူသည်သာတည်း။

ထိုအခါ အလွန်စွမ်းသော လေးသမားသည် မင်းမိန့်အတိုင်း ခြင်္သေ့ကိုပစ်ရန် စောင့်လေ၏။

ခြင်္သေ့လည်း မြေခွေးနှင့်အတူလာခဲ့၍ မြေခွေးကို မြို့ပြင်သုသာန်၌ ထားခဲ့ပြီးမှ မြို့တွင်းသို့ ပြေးဝင်လေ၏။ မြင်းကိုယူ၍ ပြန်အထွက် လေးလံသောအခါ၌ လေးသမားက ပစ်လေရာ ခြင်္သေ့ကိုယ်၏နောက် အဖို့မှ ရှေ့အဖို့သို့ မြားထွက်လေ၏။

ခြင်္သေ့လည်း ငါ့အား မြားစူးပြီဟု မြည်၏။ လေးသမားလည်း ပစ်ပြီး၍ လေးညှို့ကိုခတ်ရာ မိုးကြိုးသံကဲ့သို့ မြည်၏။ ထိုအသံနှစ်ခုကို စောင့်နေသော မြေခွေးကြားသော် ငါ၏အဆွေခြင်္သေ့ကို လေးသမား

ပစ်၍ သေသည်ဖြစ်လတ္တံ့။ သေပြီးသောသူတို့နှင့် အကျွမ်းဝင်ခြင်းသည် အကျိုးမရှိဟုဆို၍ တောသို့ဝင်လေ၏။ ခြသေ့သည်ကား တစ်ဟုန်တည်းဖြင့် သွားလျက် မြင်းကို လိုဏ်ဝင်ခိုချ၍ လဲကျသေလေ၏။

ထိုအခါ မနောဇ၏ မိဘသားချင်းတို့သည် ဆန့်ကျင်ဘက်ဖြစ်သော အဆွေခင်ပွန်းယုတ်နှင့် ပေါင်းဖော်ခြင်းသည် ပျက်စီးခြင်းသာလျှင် အဆုံးရှိ၏ဟု ဆိုမြည်ကြလေသတည်း။

ဇာတ်ပေါင်းသော်–
မြေခွေးသည် ဒေဝဒတ် ဖြစ်လာ၏။
မနောဇသည် ရဟန်း ဖြစ်လာ၏။
နှမသည် ဥပ္ပလဝဏ် ဖြစ်လာ၏။
မယား၊သည် ခေမာဘိက္ခုနီမ ဖြစ်လာ၏။
အမိသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
အဖသည် ဘုရား ဖြစ်လာ၏။

သတ္တကနိပါတ်

၁၈၈။ သုတနုဇာတ် ၃
(သုတနု = ကိုယ်ပေါက်ကိုယ်ရောက် လုပသော။)

အမိကိုလုပ်ကျွေးသော သုတနုလုလင်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အမိကို လုပ်ကျွေးသော ရဟန်းတစ်ပါးကိုရည်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းဖြစ်သော သုတနုလုလင်သည် သူရင်းငှားလုပ်၍ ဆင်းရဲငြိုငြင်စွာဖြင့် အမိကို လုပ်ကျွေးမြဲနေ၏။

တစ်နေ့သော် ဗာရာဏသီမင်းသည် သမင်လိုက်ရာမှ မိမိတစ်ယောက်တည်း သမင်အကောင်ကိုထမ်းလျက် ပြန်လာရာ ညောင်ပင်တစ်ပင်အောက်သို့ ဝင်ရောက်မိသဖြင့် ညောင်ပင်စောင့်ဘီလူးက စားမည်ပြုရာ မင်းသည် ကြောက်လန့်လျက် အသင်ဘီလူး၊ ငါကား ဗာရာဏသီမင်းတည်း။ ငါ့ကိုစားသော် တစ်နေ့သာ စားရအံ့။ သို့ကြောင့် ယနေ့ ဤသမင်ကိုစား၍ ငါ့ကိုလွှတ်လိုက်လော့။ နက်ဖြန်မှစ၍ ထမင်းတစ်ခွက်နှင့် လူတစ်ယောက်ကို နေ့စဉ်ပို့စေအံ့။ ဤသို့အားဖြင့် သင်သည် နေ့တိုင်းအစာရလတ္တံ့ဟု ဆိုလေ၏။

ဘီလူးလည်း မင်း၏ဝန်ခံချက်ကိုယူ၍ မင်းကိုလွှတ်လေ၏။ မင်းသည် မြို့သို့ရောက်သော် အမတ်တစ်ယောက်နှင့်တိုင်ပင်၍ နေ့တိုင်းနှောင်အိမ်မှ လူတစ်ယောက်တစ်ယောက်ကို ထုတ်၍ ဘီလူးအထံသို့ ထမင်းပို့စေ၏။ ဘီလူးလည်း ထမင်းနှင့်တကွ လူကိုပါ စားလေ၏။

ဤနည်းဖြင့် နှောင်အိမ်၌ လူကုန်သော် ဘီလူးထံသို့ ထမင်းပို့လျှင် ဥစ္စာတစ်ထောင်ပေးမည်ဟု စည်လည်စေ၏။

သုတနုလုလင်သည် ထိုစည်လည်သံကိုကြားလျှင် ငါသည် ဥစ္စာတစ်ထောင်ကိုယူ၍ အမိအားပေးခဲ့ပြီးလျှင် ဘီလူးထံသို့သွားအံ့။ အကယ်၍ ငါသည် ဘီလူးကို ဆုံးမနိုင်သော် အကျိုးများစွာရှိလတ္တံ့။ မနိုင်၍ ငါသေသော် ငါ့အမိ ချမ်းသာလတ္တံ့ဟု ကြံပြီးလျှင် ထိုအကြံကို အမိအားပြောပြ၏။ အမိကလည်း ဥစ္စာကို အလိုမရှိဟု နှစ်ကြိမ်တိုင်ပယ်၏။ သုံးကြိမ်မြောက်၌ကား အမိကိုမပန်ဘဲ ဥစ္စာတစ်ထောင်ကိုယူ၍ အမိအားပေးပြီးလျှင် မိမိသည် ဘီလူးကိုဆုံးမ၍

လူအများ ချမ်းသာအောင်ပြုပါအုံ့ဟု ပြောကြားလျက် မင်းထံသို့သွား လေ၏။

အရှင်မင်းကြီး၊ အကျွန်ုပ်သည် ထမင်းပို့ရုံမျှမက ဘီလူးကိုဆုံးမ၍ အရှင်မင်းကြီးနှင့်တကွ လူအများတို့ ချမ်းသာအောင် ဆောင်ရွက်ပါအုံ့။ အရှင်မင်းကြီး၏ ခြေနင်း၊ ထီးဖြူ၊ သန်လျက်တို့ကို သနားတော်မူပါ။ ထိုပြင် စားတော်စာကိုလည်း ရွှေခွက်ဖြင့် ယူပါရစေဟု လျှောက်လေ၏။ မင်းကြီးလည်း အလုံးစုံ ခွင့်ပြုလေ၏။

ထိုအခါ သုတနုလုလင်သည် ခြေနင်းကိုစီးလျက်၊ ထီးဖြူကို ဆောင်းလျက်၊ သန်လျက်ကိုစွဲလျက်၊ ထမင်းကိုရွှေခွက်ဖြင့်ယူလျက် ဘီလူးထံသို့ သွားလေ၏။

ဘီလူးသည် သုတနုလုလင်လာသည်ကိုမြင်သော် ဤယောက်ျားကား တစ်ပါးသောသူတို့နှင့်မတူ၊ လာပုံခြားနား၏ဟုကြံလျက်နေ၏။ လုလင်လည်း သန်လျက်နှင့် ထမင်းခွက်ကို ညောင်ရိပ်အတွင်းခ်ထား၍ မိမိကိုယ်တိုင်ကား အရိပ်စွန်းခ်ရပ်လျက် အို–ဘီလူး၊ ဗာရာဏသီမင်းသည် သင့်အား ထမင်းပို့စေ၏။ စားလှည့်လော့ဟုဆို၏။

ထိုအခါ ဘီလူးက အချင်းလူသား၊ ထမင်းခွက်ကို ငါ့ထံသို့ ယူခဲ့လော့၊ သင့်ကိုပါ ငါစားအုံ့ဟု ဆို၏။ လုလင်ကလည်း အချင်းဘီလူး၊ အနည်းငယ်မျှသော အကြောင်းဖြင့် ကြီးစွာသောအကျိုးကို မပျက်စေလင့်။ ဗာရာဏသီပြည်ခ် ငါနှင့်တူသော ပညာရှိသူသည်မရှိ။ ငါ့ကိုစားသော် သုတနုကို စင်လျက် ဘီလူးစား၏။ အခြားသောသူကိုကား အဘယ်ဆိုဖွယ်ရာရှိအုံ့နည်းဟု ထမင်းပို့မည့်သူကိုပင် မရဘဲ ရှိလတ္တံ့။ မရသော် ဤနေ့မှစ၍ သင် ထမင်းစားရတော့မည်မဟုတ်။ အချင်းဘီလူး၊ သင်ကောင်းစွာ နားထောင်လော့။ သင်သည် ငါတို့၏ မင်းကြီးကို ဖမ်းနိုင်မည်မဟုတ်။ အကြောင်းကား သင့်ညောင်ပင်၏ အပခ်ိန်နေသောကြောင့်တည်း။ ငါ့ကိုလည်း သင်မစားနိုင်။ အကြောင်း

ကား သင့်မြေ၌ ငါမရပ် ခြေနင်း၌သာ ငါရပ်၏။ သင့်အရိပ်၌ ငါမရပ် ထီးရိပ်၌သာ ရပ်၏။ သင်သည် အကယ်၍ ငါနှင့်စစ်ထိုးအံ့။ သင့်ကို သန်လျက်ဖြင့် ငါသည် နှစ်ပိုင်းဖြတ်အံ့။ ငါသည် ဤသို့အပြီးစီရင်၍ လာ၏။ သင်သည် အကယ်၍ငါ့ကိုလွှတ်လိုက်အံ့။ ငါသည် မင်းအား ပြောကြား၍ သင့်ထံသို့ ထမင်းအမြိုပို့လာစေအံ့ဟု ဆိုလေ၏။

ဘီလူးလည်း လုလင်၏ ရဲရင့်သော၊ သဘောဟုတ်သောစကား ကို ကြားလျှင် ကြည်ညိုရ၍ လုလင်၊ သင်ဆိုသောစကားတို့သည် မှန်လည်းမှန်၏။ ငါ့အကျိုးအတွက်လည်းဖြစ်၏။ သို့ကြောင့် သင့်အား ငါလွှတ်၏။ ချမ်းသာစွာ သွားလေတော့ဟု ဆို၏။

ထိုအခါ သုတနုသည် ငါ၏အလိုကားပြည့်ပြီ။ ဘီလူးကို ဆုံးမအံ့ဟု အဆွေ၊ သင်သည် ရှေးက မကောင်းမှုကိုပြု၍ ယခုဘဝ၌ ရုန့်ရင်းကြမ်းတမ်းလျက် သူတစ်ပါးတို့၏ အသွေးအသားကို စားရ၏။ ဤနေ့မှစ၍ သူတစ်ပါးတို့၏အသက်ကို မသတ်လင့်။ သင်သည် ဤတောင်၌နေ၍ အဘယ်အကျိုးရှိအံ့နည်း။ ငါနှင့်လိုက်ခဲ့လော့။ မြို့ တံခါး၌နေစေ၍ အစာကိုလည်း ရစေအံ့ဟု ဆိုပြီးလျှင် ဘီလူးကို သန်လျက် စသည်တို့ကိုကိုင်စေလျက် ဘီလူးနှင့်တကွ ပြန်လာလေ၏။

မင်းကြီးလည်း များစွာနှစ်သက်ဝမ်းမြောက်လျက် ခရီးဦးကြိုဆို ပြီးလျှင် ဘီလူးကို မြို့တံခါး၌နေစေ၍ အစားအစာကိုလည်း ရစေ၏။ သုတနုလုလင်ကိုလည်း ကြီးစွာချီးမြှောက်လျက် စစ်သူကြီးအရာကို ပေးလေသတည်း။

ဇာတ်ပေါင်းသော်–
ဘီလူးသည် အဂ္ဂိလိမာလ ဖြစ်လာ၏။
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သုတနုလုလင်သည် ဘုရား ဖြစ်လာ၏။

❐

သတ္တကနိပါတ်

၁၈၉။ ဂိမ္ဗောတ် ၄
(ဂိမ္ဗ = လင်းတ)

မိဘကိုလုပ်ကျွေးသော လင်းတအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အမိကို လုပ်ကျွေးသော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ လင်းတတစ်ကောင်သည် အိုမင်းမစွမ်း မျက်မမြင်ဖြစ်သော အမိအဖတို့ကို လုပ်ကျွေးလျက်နေ၏။

တစ်နေ့သော် မုဆိုးထောင်ထားသောကျော့ကွင်း၌ ထိုလင်းတကို မိလေရာ မိမိအတွက် တစ်စုံတစ်ရာမငိုဘဲ ဂုဏ်ရှိရစ်သော မိဘအိုတို့မည်သို့နေရလိမ့်မည်နည်းဟု မိဘတို့ကိုသာ တမ်းတလျက် ငိုကြွေးလေ၏။

ထိုအခါ မုဆိုးက အချင်းလင်းတင့်၊ လူ့ဘာသာစကားကို ပြောတတ်သော လင်းတင့်ကို ယခုမှ ကြားဖူးမြင်ဖူးရ၏။ အသို့နည်းဟု မေး၏။

အချင်းမုဆိုး၊ ငါသည် အိုမင်းမစွမ်းသော အမိအဖတို့ကို ဂုဏ်ထား၍ ကျွေးမွေးနေပါ၏။ ယခု သင်သည် ငါ့ကိုရချေပြီဖြစ်၍ ငါ့မိဘများအတွက် စိုးရိမ်၍ ငိုပေသည်ဟု ဆို၏။

အချင်းလင်းတ၊ လင်းတတို့သည် ယူဇနာတစ်ရာမျှဝေးသော အသေကောင်တို့ကိုပင် မြင်စွမ်းနိုင်၏ဟု လူတို့ပြောကြ၏။ ထိုသို့လျက် ထောင်ထားသော ပိုက်ကွန်ကျော့ကွင်းတို့ကို အဘယ်ကြောင့် မမြင်သနည်းဟု မေး၏။

အချင်းမုဆိုး၊ သတ္တဝါတို့အား ပျက်စီးအံ့သော ကံကြမ္မာရောက်သည်ရှိသော် ပိုက်ကွန်ကျော့ကွင်းတို့ကို မမြင်တော့သည်သာတည်းဟု ဆိုပေ၏။

မုဆိုးလည်း လင်းတကို နှစ်သက်သည်ဖြစ်၍ ကျော့ကွင်းမှ လွှတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်–
မုဆိုးသည် ဆန္ဒအမတ် ဖြစ်လာ၏။
မိဘတို့သည် မြတ်သောမင်းမျိုးတို့ ဖြစ်လာ၏။
ထိုလင်းတသည် ဘုရား ဖြစ်လာ၏။

❑

သတ္တကနိပါတ်

၁၉၀။ ဒဗ္ဗပုပ္ဖဇာတ် ၅
(ဒဗ္ဗပုပ္ဖ = နေဇာမြက်ပွင့် [အဆင်းရှိသောမြေခွေး])

မြေခွေးနှင့် ဖျံနှစ်ကောင်တို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာကီဝင်မင်းမျိုးဖြစ်သော ဥပနန်မထေရ်သည် လိုချင်လောဘကြီး၏။ ဝါဆိုသောအခါ နှစ်ကျောင်းသုံးကျောင်းတို့ကိုသိမ်းဆည်း၍ တစ်ကျောင်း၌ ဖိနပ်၊ တစ်ကျောင်း၌ ထီး၊ တစ်ကျောင်း၌ ရေဘူး စသည်ဖြင့် ထား၏။ မိမိလည်းတစ်ကျောင်း၌ နေ၏။

ထိုဥပနန်မထေရ်သည် တစ်ခုသောရွာ၌ ဝါကပ်၍ ထိုရဟန်းတို့အား အလိုနည်းအပ်ကြောင်း၊ ပစ္စည်း၌ ရောင့်ရဲအပ်ကြောင်း စသည်တို့ကို ဟော

ပြောတဲ့။ ရဟန်းတို့လည်း ထိုတရားကိုလိုက်၍ ကောင်းသော သပိတ်၊ သင်္ကန်းတို့ကို စွန့်ကာ မြေသပိတ်၊ ပုံ့သကူသင်္ကန်းတို့ကိုသာ သုံးဆောင်ကြတဲ့။ ထိုအခါ ဥပနန်မထေရ်သည် ထိုသို့ စွန့်သော ကောင်းသောပစ္စည်းဝတ္ထုတို့ကို မိမိချည်းသာလျှင်ယူလေတဲ့။

ဝါကျွတ်လျှင် ရရှိသောပစ္စည်းတို့ကို လှည်းဖြင့်တင်၍ မြတ်စွာဘုရား ကျောင်းတော်သို့ လာခဲ့ရာ လမ်း၌ တစ်ခုသောကျောင်း၏နောက်တွင် ခြေထောက်ကို နွယ်ငြိုလေလျှင် ထိုကျောင်း၌ တစ်စုံတစ်ရာရလတ္တံ့ဟု ဝင်လေတဲ့။

ထိုကျောင်း၌ သက်ကြီးရဟန်းနှစ်ပါးတို့သည် ကြမ်းသောသင်္ကန်းလျှာ ပုဆိုး ၂ထည်နှင့် သိမ်မွေ့သော ကမ္မလာတစ်ထည်ကိုရ၍ မခွဲဝေတတ်ကြသည်နှင့် ဝင်လာသော ရှင်ဥပနနန်အား ခွဲဝေပေးရန် ထောင်းပန်ကြလေတဲ့။ ထိုအခါ ရှင်ဥပနန်မထေရ်သည် ပုဆိုးနှစ်ထည်ကို တစ်ပါးလျှင် တစ်ထည်ကျပေးတဲ့။ ကမ္မလာကား ခွဲဝေပေးသော ဝိနည်းဓိရ်၏အဖို့တည်းဟု ဆို၍ ယူသွားလေတဲ့။ ရဟန်းကြီးနှစ်ပါးလည်း မကျေနပ်နိုင်သဖြင့် ရှင်ဥပနန်နှင့် တကွ ကျောင်းတော်သို့လိုက်၍ ရဟန်းတို့အား အရှင်ဘုရားတို့၊ ဝိနည်းကို ဆောင်သော ရဟန်းတို့သည် ဤသို့လုယက်ခြင်းကို ပြုအပ်ပါသလောဟု လျှောက်ကြတဲ့။

ရဟန်းတို့လည်း ဥပနန်မထေရ်၏အကြောင်းကို ကြားသိသော်မျှားစွာကဲ့ရဲ့ကြတဲ့။ ထိုအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူလျှင် ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ မြေခွေးတစ်ကောင်သည် မြေခွေးမကငါးကြင်းသား စားလိုလှသည်ဆို၍ ငါးကြင်းရှာလျက်လာရာ ခြေကို နွယ်ငြိသည်ရှိသော် ငါ– ငါးကြင်းသား မုချစားရလတ္တံ့ဟု နိမိတ်ဖတ်လေတဲ့။ ထိုအခါ ဖျံနှစ်ကောင်သည် မြစ်၌ငါးရှာရာ ကြီးစွာသောငါးကြင်းတစ်ကောင်ကို ရကြ၍ သူဝေလော၊ ငါဝေလော့ဟု ငြင်းခုံလျက်နေကြတဲ့။

မြေခွေးသွားသော် ခွဲဝေပေးရန် ဆီးရှိတောင်းပန်ကြသည်နှင့် မြေခွေးက အဆွေဖျံတို့- ငါသည် ရှေးက တရားသူကြီးဖြစ်သဖြင့် တရားဆုံးဖြတ်ရေးခ္ခ ကျွမ်းကျင်၏။ သင်တို့၏ ငြင်းခုံခြင်းကို ဆုံးဖြတ်၍ ပေးအံ့ဟုဆိုပြီးလျှင်

ငါးကြင်းကို သုံးပိုင်းပိုင်း၍ အမြီးပိုင်းကို ဖျံတစ်ကောင်က ယူလော့၊ ခေါင်းပိုင်းကို အခြားတစ်ကောင်က ယူလော့။ အလယ်ပိုင်းသည်ကား တရားသူကြီး၏ ဥာဏ်ပူဇော်ခဖြစ်၏ဟုဆိုရ၍ အလယ်ပိုင်းကို ယူပြေးလေ၏။

ဖျံနှစ်ကောင်လည်း ယူကျုံးမရ နလုံးမသာ ညှိုးငယ်စွာဖြင့် ကျန်ရစ်ခဲ့ကြလေသတည်း။

ဇာတ်ပေါင်းသော်-
မြေခွေးသည် ဥပနန်မထေရ် ဖြစ်လာ၏။
ဖျံနှစ်ခုသည် ရဟန်းကြီးနှစ်ပါး ဖြစ်လာ၏။
ထိုအခြင်းအရာတို့ကိုမြင်၍ မျက်မှောက်ပြုသော ရက္ခစိုးသည် ဘုရား ဖြစ်လာ၏။

သတ္တကနိပါတ်

၁၉၁။ ပဏ္ဏကဇာတ် ၆
(ပဏ္ဏက = ပဏ္ဏကတိုင်း။)

ခဲခက်ခြင်း သုံးမျိုးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းခ္ခ နေတော်မူစဉ် မယားယောင်းကိုမှီ၍ သာသနာခ္ခ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုလျက်

ရှေးကလည်း ဤမိန်းမကြောင့် ဆင်းရဲရောက်ရချေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ မဒ္ဒဝမည်သော ဗာရာဏသီမင်းတစ်ပါးသည် ပုရောဟိတ်ပုဏ္ဏားဧ၏သားဖြစ်သော မိမိ၏မိဖုရားကို စွဲလမ်းတပ်မက်နေသော ပုဏ္ဏားအား မိဖုရားကို ၇ ရက် ယူလေတော့။ ရှစ်ရက်မြောက်သောနေ့၌ မိဖုရားကို ပြန်၍ပေးလော့ဟုဆိုကာ မိဖုရားကို ပေးလေ၏။

ပုရောဟိတ်၏သားနှင့် မိဖုရားတို့သည် ခုနစ်ရက်အတွင်း၌ တစ်ဦးနှင့်တစ်ဦးကို မေတ္တာသက်ဝင်ချစ်ခင်ကြသည်နှင့် တိတ်တဆိတ် သဘောတူ ထွက်ပြေးကြလေ၏။

ထိုအကြောင်းကို မဒ္ဒဝမင်းကြားသော် ယူကျုံးမရ ပူဆွေးလျက် ပြင်းစွာသော သွေးဝမ်းကျသောဝေဒနာသည် ဖြစ်၍ ဆေးသမားတို့ ကုမသော်လည်း မရနိုင်ရှိလေ၏။

ထိုအခါ သေနကမည်သော ပညာရှိအမတ်သည် မင်းကြီး ထိုစိတ္တဇနာမှ ချမ်းသာစေအံ့ဟု အာယုရအမတ်၊ ပဏ္ဏသအမတ်တို့နှင့် တိုင်ပင်၍ အောက်ပါအတိုင်း စီမံလေ၏။

မင်းရင်ပြင်၌ ပွဲသဘင်ခံ၍ သန်လျက်မျိုသော အတတ်ကို တတ်သူတို့အား ၃၃ လက်သစ်ရှိသော ထက်စွာသောသန်လျက်ကို မျိုရှိပြစေ၏။

မင်းကြီးလည်း ဈေးသာပြတင်းမှမြင်သော် အာယုရအမတ်အား ဤသန်လျက်မျိုသောအတတ်သည် အလွန်ခက်၏။ ထိုထက်ခက်သော အမှုသည် ရှိသလောဟု မေး၏။

အာယုရအမတ်လည်း သေနကသင်ထားသည့်အတိုင်း အရှင်မင်းကြီး၊ သန်လျက်မျိုခြင်းထက် တစ်စုံတစ်ခုကိုပေးအံ့ဟု ဆိုခြင်းသည် သာ၍ခက်သောအမှု ဖြစ်ပါသည်ဟု လျှောက်၏။

မင်းလည်း ငါသည် ပုရောဟိတ်၏သားအား မိဖုရားကိုပေးအံ့ဟုဆို၏။ ဤသို့အားဖြင့် ငါသည် အလွန်ခဲယဉ်းသောအမှုကို ပြုနိုင်လေသည်ဟု ဆင်ခြင်စဉ်းစားလျှင် မင်းသည် အတန်ငယ် သက်သာရာရလေ၏။

တစ်ဖန် ပဏ္ဍုသအမတ်အား၊ ပေးအံ့ဟုဆိုခြင်းထက် ခဲခက်သောအမှုရှိသေးသလောဟု မေးပြန်၏။

အရှင်မင်းကြီး၊ ပေးမည်ဟုဆိုပြီးနောက် အကယ်စင်စစ် မလွဲမလွဲပေးခြင်းသည် သာ၍ခက်ပါသည်ဟု လျှောက်၏။

ထိုအခါ မင်းကြီးသည် ငါသည် ပေးမည်ဆိုသည့်အတိုင်း အကယ်စင်စစ် မိဖုရားကိုပေး၏။ ဤသို့အားဖြင့် ငါသည် အလွန်ခဲယဉ်းသောအမှုကို ပြုပါပေသည်တကားဟု တိုး၍သက်သာရာ ရလေ၏။

တစ်ဖန် သေနကပညာရှိအား ပေးခြင်းထက်ခက်သော အမှုရှိသေးသလောဟု မေးတော်မူပြန်၏။

အရှင်မင်းကြီး၊ ပေးခြင်းထက် ပေးပြီးသည်ကို နောင်တတစ်ဖန် ပူပန်ခြင်းမရှိခြင်းသည်၊ ပိုလွန်၍ ခက်ခဲလှပါသည်ဟု လျှောက်လေ၏။

ထိုအခါမှ မင်းကြီးသည် ငါကား အလိုအလျောက် မိဖုရားကို ပေး၏။ ပေးပြီးသည်ကို နောင်တတစ်ဖန်ပူပန်ခြင်းသည် မသင့်ပါတကား။ ထိုမိဖုရားသည် အကယ်၍ ငါ့အားချစ်ပါမူ ယခုကဲ့သို့ ငါနှင့်တကွ စည်းစိမ်ကိုစွန့်ပစ်၍ ပြေးမည်မဟုတ်။ ထိုသို့ပြေးလေပြီးသော မိဖုရားကို အဘယ်ကြောင့် တွယ်တာရအံ့နည်းဟု သတိရလေ၏။ သတိရလျှင်ပင် စိုးရိမ်ပူပန်ခြင်းပျောက်၏။ သွေးသွန်သောရောဂါလည်း ထိုခဏ၌ ပျောက်လေ၏။

ထိုနောက်မင်းကြီးသည် ပထမအမတ်နှစ်ပါး၏ အဖြေကိုလွှမ်း၍ ဖြေသော သေနကပညာရှိအား ကြီးစွာချီးမြှောက်လေသတည်း။

ဇာတ်ပေါင်းသော်–
မိဖုရားသည် မယားဟောင်း ဖြစ်လာ၏။
မင်းသည် ဦးဇွေ့သောရဟန်း ဖြစ်လာ၏။
အာယုရသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
ပဏ္ဏာသသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
သေနကသည် ဘုရား ဖြစ်လာ၏။

သတ္တကနိပါတ်

၁၉၂။ မဟာကပိဇာတ် ၁၂
(မဟာ = ကြီးမြတ်သော၊ ကပိ = မျောက်)

မိမိငယ်သားတို့၏အကျိုးကိုဆောင်သော မျောက်မင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဆွေတော်မျိုးတော်တို့၏အကျိုးကို ဆောင်တော်မူခြင်းနှင့်စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။ ဒွါဒသနိပါတ်၊ ဘဒ္ဒသာလဇာတ် (ဦးရေနံပါတ် ၂၁၅ ကို ကြည့်လေ။)

ရှေးသောအခါ ဘုရားလောင်းသည် မျောက်ရှစ်သောင်းကို အုပ်ချုပ်လျက် ဟိမဝန္တာ၌နေ၏။ ထိုဟိမဝန္တာတော ဂင်္ဂါမြစ်ကမ်း၌ သရက်တစ်ပင်ရှိရာ အသီးတို့မှာ အနံ့အရသာနှင့် ပြည့်စုံ၏။ မျောက်မင်းနှင့်တကွ မျောက်အပေါင်းတို့သည် ထိုသရက်သီးတို့ကို စားစမှတ် ပြုကြကုန်၏။

သရက်ကိုင်းတစ်ကိုင်းသည် မြစ်ဘက်သို့ ထိုးထွက်နေရာ ထိုအကိုင်းမှကြွေ၍ မြစ်သို့ကျသောအသီးတို့ကိုမှီ၍ ဘေးဖြစ်မည်စိုးသောကြောင့် မျောက်မင်းသည် ထိုအကိုင်းရှိအသီးတို့ကို ပွင့်သောကာလမှ စ၍ ဖျက်လည်းဖျက်စေ၏။ စားလည်းစားစေ၏။

တစ်ခါသော် ပိုးရွတ်ပြုအပ်သော သစ်ရွသစ်အုံတွင်း၌ သရက်သီးတစ်လုံးကို မမြင်၊ ကျန်ရှိ၊ ကြွေကျ မျောလေ၍ ဗာရာဏသီမင်းလက်သို့ ရောက်သွား၏။ ဗာရာဏသီမင်းသည် သရက်သီးကို သုံးဆောင်သည်ရှိသော် အလွန်ထူးမြတ်သော အနံ့အရသာကို တွေ့ရှိတပ်မက်သည်နှင့် မုဆိုးတို့က လမ်းညွှန်ပြ၍ သရက်ပင်သို့အရောက်ဆန်တက်လေ၏။

မင်းသည် သရက်သီးတို့ကို ဗိုလ်ပါနှင့်တကွ စားသောက်၍ ထိုသရက်ပင်အောက်၌ပင် အိပ်ကြလေ၏။ ထိုသို့ လူတို့အိပ်ပျော်၍ မျောက်တို့သည်သရက်ပင်ပေါ်သို့ တက်ရောက်စားနေကြစဉ် မင်းသည် နိုးရ၍ လေးသမားတို့ဖြင့် သရက်ပင်ကို ဝိုင်းရံထားလေ၏။

ထိုအခါ မျောက်တို့သည် အလွန်ကြောက်လန့်ကြလျက် မျောက်မင်းသို့ကပ်ကြကုန်၏။ မျောက်မင်းကလည်း သင်တို့ မစိုးရိမ်ကြလင့်၊ သင်တို့အား ငါ၏အသက်ပေးဆုံဟုဆိုပြီးလျှင် မြစ်ဘက် သရက်ကိုင်းအစွန်းမှ ပြင်းသောအဟုန်ဖြင့် ခုန်လေသော် လေးအပြန်တစ်ရာမျှ ဝေးသော ချုံတစ်ခုအထက်၌ ကျလေ၏။ ထိုချုံမှသက်၍ ကြိမ်နွယ်တစ်ခုကို ဖြတ်ပြီးလျှင် တစ်စကို သစ်ပင်တစ်ပင်၌ချည်၍ တစ်စကို မိမိခါး၌ချည်လျက် သရက်ပင်သို့ ပြန်၍ခုန်လေ၏။ သစ်ပင်နှင့် သရက်ပင်၏အကွာကိုမှန်း၍ နွယ်ဖြတ်စဉ်က အမှန်းလိုသဖြင့် အတန်ငယ်တိုလေသည်ဖြစ်သောကြောင့် ထိုသို့ခုန်ရာ၌ သရက်ပင်ပေါ်သို့ မရောက်ဘဲ လက်နှစ်ဖက်ဖြင့် သရက်ခက်အစွန်းကို ကိုင်ဆွဲမိရုံမျှ ရှိနေလေသည်နှင့် တန်းလန်းဖြစ်၍နေလေ၏။

မျောက်မင်းလည်း အချင်းတို့၊ ငါ၏ကျောက်ကုန်းကိုနင်းလျက် ကြိမ်နွယ်ဖြင့်လျှောက်၍ ချမ်းသာရာအရပ်သို့ သွားကြကုန်လော့ဟု ဆိုလေ၏။ ထိုအခါ ရှစ်သောင်းသောမျောက်တို့သည် မျောက်မင်းအား အရိုအသေ ရှိခိုးကန်တော့၍ ဆိုတိုင်းသွားကြကုန်၏။

ထိုမျောက်တို့တွင် ဒေဝဒတ်အလောင်း မျောက်တစ်ကောင်ပါ သည်ဖြစ်ရာ ငါ၏ရန်သူပျက်စီးခြင်းကို ယခု မြင်ရတော့အုံ့ဟု ရိုးရိုး မနင်းဘဲ မြင့်သောအကိုင်းသို့တက်၍ အဟုန်ဖြင့် မျောက်မင်းကျောက် ကုန်းထက်သို့ ခုန်ချကူးသွားလေ၏။

မျောက်မင်းသည် ထိုခုန်ချသောအဟုန်ကြောင့် နှလုံးကွဲ၍ ပြင်းစွာသောဝေဒနာဖြစ်လျက် တစ်ကောင်တည်း တန်းလန်းကျန်ရစ်ခဲ့ လေ၏။

မင်းသည် ထိုအဖြစ်အပျက် အလုံးစုံတို့ကိုမြင်သော် ဤမျောက် ကြီးသည် တိရစ္ဆာန်ဖြစ်လျက် မိမိ၏အသက်ကိုပေးပေ၏ဟု နှစ်သက် ဝမ်းမြောက်ကြည်ညိုလျက် မျောက်ကြီးကို အသာအယာချစေ၏။

မျောက်မင်းကို ရေချိုး၊ အစာရေစာတိုက်ကျွေး၊ ကိုယ်ကို ဆီဖြင့် နယ်၍ နူးညံ့သောအိပ်ရာ၌ အိပ်စေပြီးမှ မင်းကြီးက အဆွေမျောက် ကြီး၊ သင်သည် မိမိကိုယ်ကိုတံတားပြု၍ မျောက်အပေါင်းကို ချမ်းသာ ရာသို့ ကူးစေ၏။ သင်သည် ထိုမျောက်တို့နှင့် အသို့တော်သနည်းဟု မေးလေ၏။

မြတ်သောမင်းကြီး၊ ငါသည် ထိုမျောက်ရှစ်သောင်းတို့၏အကြီး အမှူးမင်းဖြစ်၏။ မင်းဖြစ်သည်အားလျှော်စွာ ထိုမျောက်တို့၏ချမ်းသာ ကို ငါဆောင်၏။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ယခုသေရတော့မည်ကို လည်း ငါသည် ပူပန်စိုးရိမ်ခြင်းမရှိ။ သင်မင်းကြီးသည်လည်း ငါ၏ပုံစံ ကို ယူ၍ သတ္တဝါတို့၏အကျိုးကို ဆောင်ပါလော့ဟု ဆုံးမစကား ပြောတောလျက် သေရှာလေ၏။

မင်းလည်း မျောက်၏အလောင်းကို ကောင်းစွာသင်ကြားစေ၍ သချိုင်းရာ၌ စေတီတည်ပြီးလျှင် ဦးခေါင်းခွံကို မြို့သို့ယူ၍ စေတီတည် ထားလေသတည်း။

ဇာတ်ပေါင်းသော်–
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
မျောက်မင်း၏ပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
မျောက်မင်းသည် ဘုရား ဖြစ်လာ၏။

သတ္တကနိပါတ်

၁၉၃။ ဏာဋ္ဌသိမ္မလိဇာတ် ၁၇

(ကောဋ္ဌ = ခံတပ်ရဲတိုက်။ သိမ္မလိ = လက်ပံပင်။)
ကြီးစွာသောလက်ပံပင်ကို စောင့်သောနတ်။

နောင်ရေးကိုမြင်သော လက်ပံပင်စောင့်နတ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် လောကီ စည်းစိမ်ကို စိတ်စွဲလမ်းနေကြသော ရဟန်းငါးရာတို့အား ရောင်အပ် ကြောက်အပ်သည်တို့ကို ရောင်အပ်ကြောက်အပ်ကြောင်း အောက်ပါဇာတ် ကို ဟောတော်မူသည်။

ရေးသောအခါ ဂဠုန်တစ်ကောင်သည် နဂါးတစ်ကောင်ကို အမြီးဖြင့် ဖမ်းယူ၍ပျံသွားရာ နဂါးသည် လွတ်ရန်ဟုလမ်း၌ ညောင်ပင် တစ်ပင်ကို ရစ်၍ဆွဲ၏။ ဂဠုန်၏အဟုန် ပြင်းသည်ဖြစ်သောကြောင့် ညောင်ပင်ကျွတ်၍ ပါလာ၏။ နဂါးကား မလွတ်လေ။ ဂဠုန်သည်

နဂါးနှင့်တကွ ညောင်ပင်ကိုပါ ကြီးစွာသောလက်ပံပင်ထက်သို့ ချီယူသွား၍ နဂါး၏ဝမ်းကိုခွဲပြီးလျှင် အဆီကိုစား၍ အကောင်ကို သမုဒ္ဒရာ၌ ပစ်ချလေ၏။

ထိုညောင်ပင်၌ကား ၄က်မင်ယ်တစ်ကောင်ပါလာရာ ညောင်ပင်မှ လွတ်လျှင် လက်ပံပင်သို့တက်၍ အခွကြား၌နေ၏။ ထိုအခါ လက်ပံပင်စောင့်နတ်သည် ထို၄က်မကိုမြင်သော် ဤ၄က်မကား သစ်ခွကြား၌ ကျင်ကြီးစွန့်လတ္တံ့။ ထိုကျင်ကြီးမှ ညောင်ပင်တို့ပေါက်၍ လက်ပံပင်ကို မကြာမီ လွှမ်းမိုးဖျက်ဆီးသဖြင့် ငါ၏ဗိမာန်ပျက်လတ္တံ့ ဟု ပြင်းစွာ ကြောက်လန့်တုန်လှုပ်သည်နှင့် လက်ပံပင်ပါ အမြစ်တိုင်အောင် လှုပ်လေ၏။

ထိုအခါ ဂဠုန်မင်းက အဆွေနတ်၊သင်သည် အလံတစ်ထောင်ရှည်သော နဂါးကိုလည်းကောင်း ထိုနဂါးကိုဆောင်ခဲ့သော ငါ့ကို လည်းကောင်း မြင်လျက် မတုန်လှုပ်လေ။ ထိုသေးငယ်အားနည်းသော ၄က်မကိုမြင်လျှင်ကား အဘယ်ကြောင့် ဤမျှလောက် တုန်လှုပ်ရလေသနည်းဟု မေး၏။

နဂါမင်းလည်း မိမိကြောက်ပုံကို ပြန်ပြောလေ၏။

ထိုအခါ ဂဠုန်မင်းက ရွံရှာရောင်ကြဉ်အပ်သည်တို့ကို ရွံရှာရောင်ကြဉ်အပ်၏။ လောကီလောကုတ္တရာအကျိုးနှစ်ပါးကို ရှုလေ့ရှိသော သူတော်ကောင်းတို့သည် လာလတ္တံ့သော ဘေးကို မြင်သိကာကွယ် ရောင်ရှားကြသည်သာတည်းဟု ဆို၍ မိမိ၏တန်ခိုးဖြင့် ၄က်မကို လက်ပံပင်မှ ပြေးစေလေသတည်း။

ဇာတ်ပေါင်းသော်–
ဂဠုန်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ရက္ခစိုးသည် ဘုရား ဖြစ်လာ၏။

❐

အဌကနိပါတ်။

၁၉၄။ ကစ္စာနိဇာတ် ၁

ချေးမနှင့် ယောကျ္မမအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သီတင်းသည်တစ်ယောက်သည် အမိအား ကောင်းစွာလုပ်ကျွေးနေလေ၏။ တစ်ခါသော် အမိသဘောအရ မိန်းမတစ်ယောက်နှင့် လက်ထပ်ပြီးလျှင် နှစ်ဦးလုံး အမိကို ရိုသေစွာလုပ်ကျွေးနေကြလေ၏။ သားသည် ငါ၏မယားကား ငါ၏အမိကို ရိုသေစွာ လုပ်ကျွေးပေသည်ဟု ထိုကာလမှစ၍ ရတိုင်းသော စားဖွယ်ကောင်း၊ သောက်ဖွယ်ကောင်းတို့ကို မယားအား သာလျှင် ပေး၏။ မယားသော်ကား မိမိအားနှစ်သက်၍ အမိကိုနှင်ထုတ်စေလိုသောကြောင့် ထိုသို့ပေးသည်ဖြစ်လတ္တံ့ဟု အထင်လွဲလျက် အောက်ပါအတိုင်း မသင့်သည်ကို ပြုလေ၏။

တစ်နေ့သော် အရှင်၊ သင်ထွက်သွားနေစဉ် သင့်အမိသည် ငါ့အား ဆဲရေး၏ဟုဆို၏။ သီတင်းသည်လည်း ဆိတ်ဆိတ်နေ၏။ နောက်နေ့တို့၌ ယာဂုကိုပေးသောအခါ ပူလွန်းသည်ကိုလည်းကောင်း၊ အေးလွန်းသည်ကိုလည်းကောင်း၊ ဆားငန်လွန်းသည်ကိုလည်းကောင်း၊ ဆားပေါ့လွန်းသည်ကိုလည်းကောင်း ပြု၍ပေး၏။

အမိက ချစ်သမီး၊ ပူလွန်း ငန်လွန်းသည်ဟုဆိုသော် များစွာသော ရေတို့ကိုထည့်ပေးလေ၏။ ထိုအခါ အေးလွန်းပေါ့လွန်းသည်ဟု ဆိုပြန်လျှင် ချေးမက ဤအမယ်အိုသည် ယခုပင် ပူလွန်း ငန်လွန်းသည်။ ယခုပင် အေးလွန်း ပေါ့လွန်းသည်ဟု ဆို၏။ အဘယ်သူသည် သင့်အလိုသို့ လိုက်နိုင်အံ့နည်းဟု ကျယ်လောင်သောအသံဖြင့် ဆိုလေ၏။

တစ်ဖန် ချိုးရေကိုလည်း ပူလွန်း အေးလွန်းပြုပြီးလျှင်၊ ရေးနည်းတူဆို၍ အိမ်နီးချင်းတို့ကို တိုင်၏။

တစ်ဖန်လည်း ချစ်သမီး၊ ငါ၏ခုတင်၌ ကြမ်းပိုးတို့သည် များကုန်၏ဟုဆိုသော် ချွေးမသည် ခုတင်ကိုထုတ်၍ ထိုခုတင်ထက်၌ မိမိ၏ခုတင်ကို ခါချပြီးလျှင် ထိုခုတင်ကို ပြန်ထားပေ၏။ ထိုညဉ့်၌ ကြမ်းပိုးနှစ်ဆတိုးရ၍ကိုက်၏ဆိုသော် ချွေးမက ဤအမယ်အို၏အလိုကို အဘယ်သူဖြည့်နိုင်အံ့နည်းဟု ဆို၍ တစ်အိမ်လုံး၌ တံတွေး၊ နှပ်၊ အမှိုက်တို့ဖြင့် လိမ်းကျံရွပ်ထွေး၍ ထားလေ၏။

လင်ပြန်လာ၍မေးသော် မယားက သင့်အမေ၏အလိုကိုဖြည့် ရန်ငါမတတ်နိုင်။ ဤညစ်ညမ်းထွေးရွပ်သောအမှုတို့ကို သင့်အမိသည် ပြု၏။ ငါက မပြုပါနှင့်ဆိုရာ ငါ့ကို ဆဲရေး၏။ သင့်အမိနှင့် ငါ အတူမနေနိုင်ပြီ။ သို့ကြောင့် သင့်အမိကိုဖြစ်စေ၊ ငါ့ကိုဖြစ်စေ နှင်ထုတ်လော့ဟု ဆိုလေ၏။

သီတင်းသည်လည်း ရှင်မ၊ သင်သည် ငယ်ရွယ်သေးသဖြင့် အဘယ်အရပ်၌မဆို အသက်မွေးနိုင်၏။ ငါ့အမိကား အိုမင်းမစွမ်းရှိပြီ။ ငါ့အားသာလျှင် ကိုးကွယ်ရာရှိ၏။ သို့ကြောင့် သင်ပင်ထွက်သွား၍ သင့်မိဘအိမ်သို့ ပြန်လေတော့ဟု ဆိုလေ၏။

ထိုအခါ မယားသည် ငါကား အမိကိုနှင်ထုတ်စေခြင်းငှာ မတတ်နိုင်။ ငါသွားလျှင်လည်း ငါ မုဆိုးမဖြစ်လတ္တံ့။ သို့ကြောင့် ငါ့လင်၏အလိုသို့လိုက်၍ ရှေးကကဲ့သို့ပင် အမိအား လုပ်ကျွေးတော့အံ့ဟု ဝန်ချ၍ ရှေးကအတိုင်း လုပ်ကျွေးနေလေ၏။

သီတင်းသည်သည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက ချစ်သား၊ သင်သည် ယခုမိန်းမ၏စကားကို မလိုက်နာလေ။ ရှေးဦးကား လိုက်နာ၍ အမိကို

နှင်ယုတ်ရာ ငါ့စကားကြောင့် တစ်ဖန်ပြန်၍ အမိကို အိမ်သို့ဆောင်ပြီး လျှင် လုပ်ကျွေးဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသရောအခါ ယောကျ်ားတစ်ယောက်သည် အမိကို လုပ်ကျွေးလျက်နေ၏။ ပစ္စုပ္ပန်ဝတ္ထုတွင်ပါသည့်အတိုင်း ဖြစ်ပျက်ကြလျက် မယားက မိမိကိုဖြစ်စေ၊ အမိကိုဖြစ်စေ စွန့်ပစ်ပါလော့ဟု ဆိုရာတွင် လင်သည် မယားစကားကိုယူ၍ အမိကို နှင်ထုတ်လေ၏။ အမိလည်း ငိုယိုထွက်သွား၍ သူကြွယ်တစ်ဦး၏အိမ်၌ အစေခံအဖြစ်ဖြင့် ငြိုငြင်စွာ အသက်မွေးရလေ၏။

ထိုယောကျ္ဍမထွက်သွားပြီးနောက် ချွေးမတွင် သားရလေရာ ချွေးမက မိမိလင်နှင့် အိမ်နီးချင်းတို့အား သူယုတ်မာ သက်ကြီးအိုမသည် အိမ်မှထွက်သွားသည်ဖြစ်၍ သားရကြောင်းများကို လိုက်၍ ပြောနေလေ၏။

ထိုအကြောင်းကို ယောကျ္ဍမကြားသော် ဤလောက၌ တရားသည် သေပြီဖြစ်လတ္တံ့။ တရားမသေသော် အမိကို ရိုက်ပုတ်နှင်ထုတ်ခြင်းဖြင့် သားမရရာ။ ချမ်းသာ၍လည်း အသက်မရှည်ရာ။ စင်စစ် တရားသေသောကြောင့်သာ ဤသို့သော မတရားမှုတို့သည် ဖြစ်ကုန်၏ဟု တရားသေဆွမ်းလှူအုံ့သောဌာ သုသာန်သို့သွားရောက်၍ စားဖွယ်သောက်ဖွယ်တို့ကို လူဦးခေါင်း ၃ခုကို ခုံလောက်ပြုလျက် ချက်ပြုတ်နေလေ၏။ ထိုအကြောင်းကို သိကြားမြင်၍ ပုဏ္ဏားအသွင်ဖြင့် လာရောက်မေးမြန်းအကြောင်းကြားရသော် အမိအို၊ ငါသည်သိကြားမင်းဖြစ်၏။ ငါမသေသေးပါ။ တရားသဖြင့် ဖြစ်ပါစေမည်။ ယခုပင် သားနှင့်တကွ ချွေးမတို့ကို ဖွဲ့ပြောကဲ့သို့ ပျက်စီးပျောက်လွင့်စေအုံ့ဟု စမ်း၍ဆိုလေ၏။

အရှင်သိကြားမင်း၊ ဤကဲ့သို့လည်း မဖြစ်စေလိုပါ။ သိကြားမင်း အလိုတော်ရှိပါလျှင် သား၊ချွေးမ၊ မြေးတို့နှင့် အတူတကွ ချမ်းသာစွာ နေလိုပါသည်ဟု ဆို၏။

ထိုအခါ သိကြားမင်းက အမိ ကောင်းပြီ၊ သင့်အလိုပြည့်စုံ စေအံ့ဟု ကတိပြု၍ ဖဲလေ၏။

မကြာမီပင် သိကြား၏အာနုဘော်ဖြင့် သားနှင့်ရွေးမတို့သည် လိုက်လာတောင်းပန်လျက် အမိကိုဆောင်ယူသွားပြီးလျှင် သိုက်သိုက် ဝန်းဝန်း ရှင်လန်းချမ်းသာစွာ နေကြလေသတည်း။

ဇာတ်ပေါင်းသော်...
ထိုယောကျ်ားသည် သီတင်းသည် ဖြစ်လာ၏။
ထိုမယားသည် ဤမယား ဖြစ်လာ၏။
သိကြားသည် ဘုရား ဖြစ်လာ၏။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူသော

ဇာတ်တော် ငါးရာ့ငါးဆယ်ထဲမှ

သိမှတ်ဖွယ်ရာ

လိုက်နာဖွယ်ရာ

သတိသံဝေဂရယူဖွယ်ရာ

ဇာတ်တော်များကို

ရွေးချယ်ကောက်နုတ်တင်ပြထားသည်။